
www.burmeseclassic.com

တက္ကသိုလ်

# နေဝင်းမြင့်

ဝမ်အင်း၏ဝုလင်းရှ

## ဝံပုလွေနက်ဇါလျှို့ဝှက်ချက်




www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

## ဝံပုလွေနက်၏လျှို့ဝှက်ချက်

ပထမပိုင်း

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်
ပထမအကြိမ်၊ အုပ်ရေ–၄၀၀
တန်ဖိုး ၁၀၀/–ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာရီ၊ (ဝန်းဝေဝေ စာပေ)
အမှတ် (၃၆၀)၊ မိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်း နှင့် မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅– လမ်း၊
မိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးမှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ☆ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အသစ်တရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ [illegible]မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ☆ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- ☆ တစ်မျိုးသား[illegible]ကြံ့ခိုင်ရေးနှင့် [illegible]

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

ညသည် မှောင်မည်းနေ၏။

ချမ်းအန်းမြို့တစ်မြို့လုံး အိပ်မောကျနေကြလေပြီ။

လမ်းမများပေါ်တွင် လူသွားလူလာမဆိုထားနှင့် ခွေးလေခွေးလွင့်များပင် သွားလာခြင်း မရှိတော့ချေ။

အိမ်များမှ မီးများလည်း ငြိမ်းသွားပြီး အိပ်မောကျနေကြလေပြီ။

လခြမ်းကွေးလေးသည် ကောင်းကင်၏အလယ်ဗဟိုသို့ တဖြည်းဖြည်း မြင့်တက်လာ၏။

ထို့ပြင် ခုနစ်စင်ကြယ်ကလည်း အမြီးထောင်နေရာ ညဉ့်နက်လှပြီဖြစ်ကြောင်း သိသာနိုင်သည်။

ရုတ်တရက် ... တိတ်ဆိတ်၍ မှောင်မည်းနေသော ချမ်းအန်းလမ်းမကြီးပေါ်တွင် ခြေသံများ ထွက်ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤမှတ်တိတ်ဆိတ်၍ မှောင်မည်းလှသော ညဥ့်သန်းခေါင်ယံ အချိန်တွင် မည်သို့သောလူများသည် လမ်းလျှောက်နေကြပါသနည်း။

ထိုစဉ် ... မှောင်ရိပ်ကျသော လမ်းချိုးကလေးတစ်ခုအတွင်းမှ လူလေးယောက် ထွက်ပေါ်လာသည်။

ထိုလူလေးယောက်သည် လူတစ်ယောက် ဦးဆောင်ပြီး နောက်မှ လူသုံးယောက် လိုက်ပါလာခြင်းဖြစ်၏။

နောက်မှလိုက်ပါလာသူ သုံးယောက်၏လက်ထဲတွင် မီးပုံးကိုယ်စီ ကိုင်ဆောင်ထားကြပြီး ခါးများတွင် ဓားကိုယ်စီ ချိတ်ဆွဲထားကြသည်။

သူတို့လေးယောက်သည် ညဥ့်နက်သန်းခေါင်ယံအချိန်တွင် အိပ်စက်အနားယူခြင်းမရှိဘဲ မည်သည့်အကြံအစည်ဖြင့် ယခုကဲ့သို့ လမ်းလျှောက်နေကြပါသနည်း။

အမှန်မှာ ...ထိုလူလေးယောက်သည် ချန်အန်းမြို့မှ တာဝန်ရှိသော လုံခြုံရေးဝန်ထမ်းများ ဖြစ်ကြပါသည်။

ရှေ့မှ ဦးဆောင်လာသူမှာ တာဝန်ခံ ယန့်ထိုက် ဖြစ်သည်။

သူတို့သည် မိမိတို့၏တာဝန်ဝတ္တရားအရ ချန်အန်းမြို့တော် အေးချမ်းသာယာရေးနှင့် ဒုစရိုက်မှုကင်းဝေစေရန် အိပ်စက်အနားယူ



ခြင်း မရှိဘဲ ချန်အန်းမြို့တွင်းသို့ ကင်းလှည့်စောင့်ကြည့်နေကြခြင်း ဖြစ်သည်။

မကြာမီ သူတို့သည် မင်းလမ်းမလယ်ရှိ ဝမ်းကြည်စိန်ရွှေရတနာရောင်းဝယ်ရေးဆိုင်ရှေ့သို့ ရောက်ရှိလာကြလေတော့သည်။

ထိုစဉ် ...

သူတို့၏ခြေလှမ်းများမှာ တုံ့ခနဲ ရပ်တန့်သွားကြ၏။

အဘယ်ကြောင့်ဆိုသော် ဝမ်းကြည်စိန်ရွှေရတနာရောင်းဝယ်ရေးဆိုင်ရှေ့မှ အစောင့်များ လဲကျသေဆုံးနေခြင်းကို မီးပုံးအိမ်မှ ထွက်ပေါ်နေသောအလင်းရောင်ဖြင့် တွေ့မြင်လိုက်ရသောကြောင့်တည်း။

ထို့ပြင် ... စိန်ရွှေရတနာဆိုင်၏တံခါးမှာလည်း ဟင်းလင်းပွင့်နေ၏။ ယန့်ထိုက်သည် အတွေ့အကြုံရင့်ကျက်သော လုံခြုံရေးတာဝန်ခံတစ်ယောက်ဖြစ်သည်။

ထို့ကြောင့် ...သူသည် စိန်ရွှေရတနာဆိုင်၏အခြေအနေကို ကောင်းစွာသဘောပေါက်လိုက်၏။

"အရေးကြီးတယ် အမြန်ဆုံးဝင်ရှာကြ"

သူက လက်တစ်ဖက်ကို မြှောက်ယမ်းကာ စိန်ရွှေရတနာဆိုင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ထဲသို့ ပြေးလွှားဝင်ရောက်သွားလေတော့သည်။

ထိုအခါ နောက်မှလိုက်ပါလာသော လုံခြုံရေးတပ်သား သုံးယောက်ကလည်း ဓားကိုယ်စီဆွဲထုတ်ကာ နောက်မှပြေးလွှားလိုက်ပါသွားကြလေတော့သည်။ ညသည် မှောင်မည်းနေ၏။

ပြင်ပလောကတွင်လည်း မှောင်မည်းနေ၏။

လုံခြုံရေးအစောင့်များ၏မီးပုံးများကြောင့်သာ တော်ရုံတန်ရုံ အမှောင်ကို ဖောက်ထွင်းပြီး အရာဝတ္ထုများကို မြင်တွေ့နိုင်ခြင်းဖြစ်သည်။

စိန်ရွှေရတနာရောင်းဝယ်ရေးဆိုင်ခန်းမတွင် အလင်းရောင်များ လုံလောက်စွာ ရှိနေပါသည်။

ထို့ကြောင့် ...ကြမ်းပြင်ပေါ်တွင် လဲကျနေသောသွေးသံရဲရဲနှင့်အလောင်းများကို ကောင်းစွာတွေ့မြင်နိုင်သည်။

ထို့ပြင် အနက်ရောင်ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားပြီး အနက်ရောင် ခေါင်းစွပ်စွပ်ထားသော လူတစ်ယောက်က အထုပ်အပိုးတစ်ခုကိုထမ်းလျက် ပြေးလွှားထွက်ခွာလာခြင်းကိုလည်း မြင်တွေ့လိုက်ရသည်။

"ဟေ့ ... မပြေးနဲ့"



ယန့်ထိုက်သည် ရှေ့မှ တားဆီးဟန့်တားလိုက်သည်။

"ဖယ်စမ်း"

ခေါင်းစွပ်နက်သည် အော်လိုက်၏။

"မင်း လက်နက်ချစမ်း"

"ဟောဒီမှာ ငါ့ဓား"

ခေါင်းစွပ်နက်သည် ကိုင်ထားသောဓားနှင့် စလွယ်သိုင်းခုတ်ချလိုက်၏။

'ဝှီး'

ယန့်ထိုက် အသေအလဲရှောင်လိုက်ရ၏။

'ဝှီး ဝှီး ဝှစ်'

ခေါင်းစွပ်နက်၏ဓားချက်သုံးချက်ဆက် ထွက်လာသည်။

ယန့်ထိုက်ကလည်း မိမိ၏လက်ထဲမှဓားဖြင့် ပြန်လည်ခုခံလိုက်သည်။

'ချွမ်း'

ဓားနှစ်လက် ပြင်းထန်စွာ ထိတွေ့မှုကြောင့် မီးပွင့်များ ဖြာထွက်လာ၏။

ခေါင်းစွပ်နက်သည် ယန့်ထိုက်၏ ခုခံသောဓားအရှိန်ကိုယူ

www.burmeseclassic.com

www.burmeseclassic.com



ထော ကြမ်းပြင်ပေါ်သို့ ခြေထောက်တစ်ချက် ဆောင့်လိုက်သည်။

ထိုအခါ သူ၏ခန္ဓာကိုယ်မှာ လေ၏အရှိန်အဟုန်ဖြင့် စိန်ရွှေရေ့ဘာနာရှောင်းဝယ်ရေးခန်းမ၏ဝင်ပေါက်တံခါးသို့ လွင့်မြောက်တက်သွား၏။

တစ်ချိန်တည်းမှာပင် ... သူ၏ဓားသည် ပြေးလွှားဝင်ရောက်လာသော လုံခြုံရေးတပ်သားသုံးယောက်၏ရင်ဘတ်များအား ကောက်ပင်များ ရိတ်သိမ်းလိုက်သည့်အလား လှီးဖြတ်သွားသည်။

"အား"

"အီး"

"အွန့်"

ရှုးရှုးနာကျင်စွာ အော်ဟစ်သံများနှင့် လုံခြုံရေးတပ်သားသုံးယောက်မှာ ကြမ်းပြင်ပေါ်သို့ လဲကျသေဆုံးသွားကြ၏။

ဓား၏လှီးဖြတ်ပုံမှာ တိကျလှသည်။

တပ်သားသုံးယောက်မှာ လဲကျသည်နှင့် အသက်ထွက်သွား၏။ သူသည် ဤလုံခြုံရေးတာဝန်ခံဘဝ၌ ကျင်လည်ခဲ့သည်မှာ ငါးနှစ်ကျော်ခဲ့ပြီဖြစ်သည်။

အသက်အရွယ်မှာ ၂၅-နှစ်မျှသာ ရှိသေးသော်လည်း သူ၏



သိုင်းပညာမှာ ထိပ်တန်းအဆင့်ရှိ၏။

သိုင်းလောက၌ ကျင်လည်ခဲ့လျှင် အတော် နာမည်ကြီးလောက်နေပေပြီ။

အလွန် လျင်မြန်ဖျတ်လတ်မှုကြောင့် ဒုစရိုက်သမားများစွာအား နှိမ်နင်းနိုင်ခဲ့သည်။

ယခုတွင်မူ ...ယနေ့ထိုက်သည် သူ၏ဘဝတစ်လျှောက်လုံးတွင် မတွေ့ဖူးခဲ့သော ကြောက်မက်ဖွယ်ရာအကောင်းဆုံး ဓားသမားတစ်ယောက်နှင့် ရင်ဆိုင်ကြုံတွေ့နေရပြီဖြစ်ကြောင်း ကောင်းစွာသဘောပေါက်လိုက်၏။

သူ၏ငယ်သားများ တံခါးအဝင်ဝ၌ နာကျင်စွာအော်ဟစ်ပြီးလဲကျသွားသည်ကိုလည်း မြင်လိုက်သည်။

သူ ရင်နာသည်။ သူနှင့် သူ့တပ်သားများသည် ရန်သူများကို အမြဲတမ်း အသက်စွန့်ပြီး တိုက်ခိုက်ခဲ့ကြသည်။

တစ်ခါတစ်ရံ ဒဏ်ရာရခြင်းမှတစ်ပါး သူတို့ မသေခဲ့ကြပါ။

သို့သော် ယခု သူတို့ သေကြလေပြီ။

သူသည် အံတစ်ချက် ကြိတ်လိုက်၏။

"မင်း မလွတ်စေရဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူသည် အခန်းအပြင်သို့ ခုန်ရန် ဟန်ပြင်လိုက်၏။ ထိုစဉ် ခေါင်းစွပ်နက်က လက်တစ်ချက်ဝှေ့ယမ်းလိုက်သည်။

ထိုအခါ ... ကြက်ဥလုံးခန့်ရှိသော အနီရောင် အလုံးတစ်လုံးသည် ကြမ်းပြင်ပေါ်သို့ အရှိန်ဖြင့် ကျရောက်သွားသည်။

ယင်းအနီရောင်အလုံးသည် ကြမ်းပြင်နှင့် ထိလိုက်သည်နှင့် ပေါက်ကွဲမှုတစ်ခု ဖြစ်ပေါ်လာ၏။

'ဝုန်း'

တစ်ဆက်တည်းမှာပင် ... မီးခိုးလုံးများ ထွက်ပေါ်လာပြီး အခန်းတစ်ခုလုံး မီးခိုးများ ဖုံးလွှမ်းသွားလေတော့သည်။

ယန့်ထိုက်မှာ ထိတ်လန့်သွား၏။

သူက နောက်သို့ ကမန်းကတန်း ခုန်ဆုတ်လိုက်ရသည်။

ခုန်ဆုတ်ရခြင်းမှာ ခေါင်းစွပ်နက်ပစ်သည့် လက်နက်မှာ ယမ်းထုပ်ဖြစ်နေမည်ကို စိုးရိမ်၍ဖြစ်သည်။

ယမ်းထုပ်ဖြစ်နေက တစ်ကိုယ်လုံး စုတ်ပြတ်ပြီး သေရပေလိမ့်မည်။ သို့သော် အနီရောင်အလုံးမှာ ယမ်းထုပ်ဖြစ်ပုံမရပါ။

မီးခိုးများသာ အဆက်မပြတ် ထွက်နေပါသည်။

ထိုမီးခိုးများထဲမှ ခေါင်းစွပ်နက်လူ ထွက်လာပြီး တိုက်ခိုက်



ခြင်း မရှိပါချေ။ မကြာမီ မီးခိုးများ တဖြည်းဖြည်း လွင့်ပြယ်သွားပြီး အခန်းတစ်ခုလုံး ကြည်ကြည်လင်လင်ဖြစ်လာသည်။

ထိုအခါ ခေါင်းစွပ်နက်လူအား မတွေ့ရတော့ချေ။

ယန့်ထိုက်က တောက်တစ်ချက်ကို ပြင်းစွာခေါက်လိုက်၏။

"တောက်"

သူသည် လွန်စွာဒေါသထွက်သွား၏။

ဤအရေးအခင်းအတွက် သူ စိတ်မပြေနိုင်အောင် ဖြစ်ရသည်။ မိမိ၏ငယ်သားသုံးယောက် ဆုံးရှုံးရပြီး ရန်သူလည်း လွတ်မြောက်သွားခဲ့သည်။

ယင်းတဒင်္ဂအချိန်လေး၌ ညည်းညူသံသဲ့သဲ့ကို ကြားလိုက်ရလေ၏။

ယန့်ထိုက်က ညည်းညူသံထွက်ပေါ်လာရာသို့ လှည့်ကြည့်လိုက်၏။ ထိုအခါ အသက် ၅၀–နှစ်ကျော်ခန့်ရှိသော လူတစ်ယောက်သည် ကြမ်းပြင်ပေါ်တွင် လူးလွန့်၍ ညည်းညူနေသည်ကို မြင်တွေ့လိုက်ရသည်။

သူသည် ထိုလူထံသို့ ပြေးသွားကာ ပွေ့ထူလိုက်၏။

လဲကျနေသူ၏မျက်နှာကို မြင်တွေ့လိုက်ရသောအခါ ယန့်

www.burmeseclassic.com

www.burmeseclassic.com



[illegible] ထိတ်လန့်တုန်လှုပ်သွားလေသည်။

"ဟင် ... သူဌေးကြီး ဝမ်လုံကျူး"

ဝမ်လုံကျူးက သူ့အား ဝေဒနာပြင်းထန်စွာ ခံစားနေရသောမျက်လုံးများဖြင့် ကြည့်ကာ ...

"ဝံ ပု လွေ နက်"

သူသည် မသဲမကွဲ ရေရွတ်လိုက်ပြီး ခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားတော့၏။ ယန့်ထိုက်၏ခန္ဓာကိုယ်မှာ အေးစက်တောင့်တင်းသွားသည်။

ဝမ်လုံကျူးကဲ့သို့သော လူမျိုးအား အနိုင်ယူတိုက်ခိုက်နိုင်သော ဝံပုလွေနက်ဆိုသူ၏ သိုင်းပညာမှာ မှန်းဆ၍ မရလောက်အောင် မြင့်မားနေကြောင်း သူက ကောင်းစွာသဘောပေါက်လိုက်သည်။

ထို့ပြင် မိမိအား တိုက်ခိုက်သည့်ဓားချက်ကို ကြည့်ခြင်းဖြင့်လည်းကောင်း၊ မိမိငယ်သားသုံးယောက်ကို ဓားချက်တစ်ချက်တည်းဆွဲ၍ သတ်သွားပုံကိုလည်းကောင်း၊ မိမိအား မီးခိုးငွေ့လက်နက်ပုန်းဖြင့် ပစ်ခတ်ပြီး အလွတ်ပြေးသွားနိုင်ပုံကိုလည်းကောင်း ကြည့်ပါက ထိုသူသည် သိုင်းပညာထိပ်တန်းအဆင့်ကို တတ်မြောက်နေပြီး ယခု



ကဲ့သို့ တိုက်ခိုက်ရာ၌လည်း အတွေ့အကြုံရှိကြောင်း သူသိရှိလိုက်၏။

မည်သို့ဆိုစေ ဝံပုလွေနက်၏ခန္ဓာကိုယ်၊ အချိုးအဆစ်နှင့် သိုင်းပညာကို မိမိ ကောင်းစွာမြင်တွေ့လိုက်ခြင်းမှာ သူ့ကို ခြေရာခံလိုက်ရန် သဲလွန်စရခြင်းပင် ဖြစ်တော့သည်။

သူက ဝံပုလွေနက်အား မရမကလိုက်၍ ဖော်ထုတ်ဖမ်းဆီးမည်ဟု သန္နိဋ္ဌာန်ချလိုက်လေတော့သည်။

သူသည် ညအမှောင်တွင်း၌ ခေါင်းငိုက်စိုက်ချကာ သူ၏ဌာနချုပ်သို့ ပြန်လာခဲ့သည်။

အချိန်သည် တစ်စတစ်စ ကုန်ဆုံးလာ၏။

အမှောင်ထုမှာလည်း တဖြည်းဖြည်း အင်အားပျော့လာကာ ကောင်းကင်တစ်ခုလုံး ကြည်ပြာရောင်သမ်းလာသည်။

ရွှေလိမ္မော်ရောင် နေခြည်များသည် ကမ္ဘာမြေပြင်ပေါ်သို့ လှပစွာ ဖြာကျလာ၏။

သာယာလှပသော နံနက်ခင်းပင် ဖြစ်ပါသည်။

သို့သော် ... အလွန်ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းသော သတင်းဆိုးတစ်ခုက မင်္ဂလာနံနက်ခင်းကို ချေဖျက်ကာ ချန်အန်းမြို့တစ်မြို့လုံးအား ပျံ့နှံ့သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသတင်းဆိုးကား ... မန္တလေးတုန်းက မြို့လယ်မင်းလမ်းမရှိ ဝမ်ကြည်စိန်ရွှေ ရတနာရောင်းဝယ်ရေးဆိုင်ပိုင်ရှင် ဝမ်လုံကျူးနှင့် ဝန်ထမ်းများအား ဝံပုလွေနက်ဆိုသည့် လူ့ို့ဂုတ်လူက သတ်ဖြတ်ကာ လုံခြုံငွေငါးသိန်းဖိုးရှိ ရတနာပစ္စည်းများနှင့် ငွေများကို လုသွားသည် ဆိုသည့် သတင်းဆိုးပင် ဖြစ်တော့သည်။

ထိုမှုခင်းအား မျက်မြင်သက်သေဖြစ်သော လုံခြုံရေးတာဝန်ခံ ယန့်ထိုက်နှင့် ဥပဒေဘက်တော်သားများက လိုက်လံစုံစမ်းရှာဖွေ ဖော်ထုတ်ရန် ကြိုးစားခဲ့ကြ၏။

သို့သော် ... သုံးနှစ်ခန့် အချိန်များ ကုန်ဆုံးသွားခဲ့ရသော်လည်း ဝံပုလွေနက်ဆိုသည့်လူ၏ သတင်းအစအနကိုပင် မရခဲ့ပါချေ။

ထို့ကြောင့် ဝမ်ကြည်စိန်ရွှေရတနာရောင်းဝယ်ရေး လုပ်ငန်းပိုင်ရှင် ဝမ်လုံကျူး အသတ်ခံရသည့် အမှုကိစ္စသည် ချမ်းအန်းမြို့သူမြို့သားများ၏အသိဉာဏ်တွင် တဖြည်းဖြည်း မေးမှိန်ကာ ပျောက်ကွယ်လုနီးပါး ဖြစ်လာခဲ့လေတော့သည်။

❋❋❋



## အခန်း (၂)

ယင်စန်းတောင်။

ယင်စန်းတောင်သည် သာယာလှပသော တောင်တစ်လုံးဖြစ်သည်။

အဝေးမှကြည့်ရှုမည်ဆိုလျှင် ယင်စန်းတောင်အား အစိမ်းရောင်တောင်တစ်ခုအဖြစ် တွေ့မြင်ရပါလိမ့်မည်။

ယင်စန်းတောင်ပေါ်တွင် ... စိမ်းလန်းစိုပြည်သော သစ်ပင်ကြီးငယ်များ ပေါက်ရောက်လျက် ရှိနေသည် မဟုတ်ပါလော။

ထို့ကြောင့် အစိမ်းရောင်တောင်ကြီးဟု ထင်မှတ်ရသည်။

ဆောင်းရာသီဖြစ်သောကြောင့် ချိုးငှက်တစ်ကောင်၏သာယာသော ဘာသာဘာဝအော်မြည်သံကို အဆက်မပြတ် ကြားနေရသည်။

'ကူကူး ကူကူး'

www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်ငြိမ်သက်သော ယင်စန်းတောင်ပေါ်တွင် ချိုးကူသံကို ကြားနေရသည်မှာ လွှမ်းမောဖွယ် ကောင်းလှပေသည်။

ယင်စန်းတောင်ပေါ်ရှိ သစ်ပင်ကြီးတစ်ပင်အောက်တွင် လူတစ်ယောက် ရပ်နေ၏။

ထိုလူသည် အသက် ၅၀ ကျော်ခန့်ရှိပြီး စိမ်းနိုးရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

သူ၏ခန္ဓာကိုယ်မှာ ပိန်ပိန်ပါးပါးပင် ဖြစ်သော်လည်း ကျစ်လျစ်သန်မာပုံရ၏။

အထူးသဖြင့် ... တလက်လက်တောက်ပနေသော မျက်လုံးအစုံက သိုင်းပညာအဆင့်မြင့်မားမှုကို ဖော်ပြနေသည်။

နားထင်များ ချိုင့်ဝင်နေခြင်းက သူ၏အတွင်းအားကောင်းပုံကို ဖော်ပြနေသည်။

ထိုလူသည် သဘာဝ၏သာယာလှပပုံကိုလည်းကောင်း၊ လွှမ်းမောဖွယ်ရာကောင်းလှသည့် ချိုးကူသံကိုလည်းကောင်း မမြင်မကြားရသကဲ့သို့ပင် သူ၏မျက်နှာမှာ ဟန်မူရာကင်းမဲ့နေ၏။

သူသည် သဘာဝအလှအပကို ဥပေက္ခာပြုနိုင်လှသည်။

သို့သော် ... သူသည် ဆတ်ခနဲဖြစ်သွား၏။



တစ်ချိန်လုံး ကျောက်ရုပ်သဖွယ် ငြိမ်သက်နေသောလူသည် အဘယ်ကြောင့် လှုပ်ရှားသွားရသနည်း။

အကြောင်းရှိပါသည်။

လူသာမန်တို့အနေဖြင့် ဤအကြောင်းကို သိရှိမည် မဟုတ်သော်လည်း သူတို့လို သိုင်းသမားများအဖို့ လေတိုက်သံ၊ သစ်ရွက်လှုပ်သံ၊ ငှက်အော်သံ၊ လှုပ်ရှားသံ တစ်ခုခု ကြားလိုက်ရသည်နှင့် တစ်ခုခုထူးခြားပြီကို သိတတ်ကြသည်။

အဘယ်ကြောင့် သူ ဆတ်ခနဲ လှုပ်ရှားသနည်းဆိုသော် ...

အဝေးဆီမှ အချက်ကျကျအော်မြည်နေသော ချိုးကူးသံများ ရုတ်တရက် တိတ်ဆိတ်သွားသည်ကို သတိပြုမိလိုက်သောကြောင့် ဖြစ်သည်။

ဤသို့ဆိုလျှင် ... ချိုးကူသံများ အဘယ်ကြောင့် ရပ်တန့်သွားပါသနည်း။

ချိုးကူးသံ ရပ်ဆိုင်းခြင်းကိစ္စတွင် တစ်ခုခု ကိစ္စထူးမည်မှာ သေချာပါသည်။ သို့သော် ဘာကိစ္စမှန်း မသိသေးပါ။ ချိုးကူသံ တိတ်ဆိတ်သွားသောအခါ ယင်စန်းတောင်တစ်ခုလုံး ပြန်လည်တိတ်ဆိတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ... ယင်စနှံးတောင်ပေါ်သို့ တက်လာသည့် တောင်တက်လမ်းကလေးတွင် ခြေသံများ ထွက်ပေါ်လာလေတော့သည်။

'ဖျပ် ဖျပ် ဖျပ်'

မကြာမြင့်မီ ... လူသုံးယောက် တောင်ပေါ်သို့ တက်လာသည်ကို မြင်တွေ့လိုက်ရသည်။

ထိုလူသုံးယောက်ကို ကျောက်ရုပ်သဖွယ် ရပ်နေသူက သေချာစွာ လှမ်းတွေ့မြင်လိုက်ရပါသည်။

သူရပ်နေသည့်နေရာမှာ ထိုလူသုံးယောက်ကို အသေအချာ မြင်နိုင်သောနေရာ ဖြစ်သောကြောင့်တည်း။

ထိုတောင်တက်လမ်းသည် လူလေးယောက်မျှ ရင်ပေါင်တန်း လမ်းလျှောက်နိုင်သည်။ ယခု သုံးယောက်ဆိုတော့ သူတို့ ကောင်းကောင်းရင်ပေါင်တန်း လမ်းလျှောက်လာနိုင်ကြသည်။

ထိုလူများသည် မြွေတစ်ကောင် တွန့်လိမ်နေသည့်အလား ကွေ့ကောက်သော တောင်တက်လမ်းကလေးအတိုင်း လျှောက်လှမ်းလာကြခြင်း ဖြစ်၏။

ထိုလူသုံးယောက်၏ခန္ဓာကိုယ်အရွယ်အစားမှာ တစ်ဦးနှင့် တစ်ဦး မတူညီကြချေ။



ညာဘက်မှလူသည် လေတိုက်လျှင်ပင် လဲကျလုမတတ် ပိန်လွန်းလှသည်။

မျက်နှာမှာ သွေးရောင်ကင်းမဲ့ကာ ဖြူဖပ်ဖြူရော်ဖြစ်နေ၏။ ထိုလူအား ကြည့်ရသည်မှာ လူမမာတစ်ယောက်နှင့်ပင် တူသေးလှသည်။ ဘယ်ဘက်ကလူသည် လူဝကြီးတစ်ယောက် ဖြစ်၏။

သူ၏ခန္ဓာကိုယ်မှာ ဝလွန်းသောကြောင့် သူ၏ခြေလှမ်းကိုပင် မနည်းလှမ်းနေရလိမ့်မည်ဟု ထင်မှတ်ရမည်ဖြစ်သည်။

လူဝကြီးမှာ လမ်းလျှောက်သောအခါ စည်ပိုင်းကို လှိမ့်သလိုမျိုး ဖြစ်နေသည်။ သို့သော် ... သူ၏လှုပ်ရှားပုံမှာ သွက်လက်ဖျက်လတ်လွန်းလှသည်။

သူတို့နှစ်ဦး၏အလယ်မှ လိုက်ပါလာသူမှာ လူပုလေးတစ်ယောက်ဖြစ်သည်။

ယင်းကြောင့် ထိုလူသုံးယောက်၏ခန္ဓာကိုယ်အရွယ်အစားမှာ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ဆက်စပ်၍မရလောက်အောင်ပင် ကွဲပြားနေ၏။

မည်မျှပုသနည်းဆိုသော် ကလေးငယ်တစ်ယောက်၏ အရပ်အမောင်းမျှသာ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ... သူတို့သုံးဦးတွင် တူညီသောအချက်တစ်ခု ရှိနေပါသည်။ ထိုအချက်မှာ ... သူတို့သုံးယောက်လုံးသည် ရက်စက်သော အဆင့်မြင့်သိုင်းပညာရှင်များ ဖြစ်နေကြခြင်းပင်တည်း။

ထူးဆန်းသည်မှာ ... သူတို့လျှောက်လှမ်းလာရာ လမ်းတစ်လျှောက်တွင် သွေးများ တစ်စက်စက် ကျနေခဲ့ခြင်းပင် ဖြစ်သည်။

မည်သည့်အရာမှ သွေးစက်များပေနည်း။

ယင်းသွေးစက်များသည် ထိုလူသုံးဦး၏ကိုယ်မှ စီးကျလာသော သွေးစက်များ မဟုတ်ပါချေ။

ချိုးငှက်တစ်ကောင်၏ခန္ဓာကိုယ်မှ စီးဆင်းလာသော သွေးများပင် ဖြစ်သည်။

ယင်းချိုးငှက်ငယ်သည် ညာမှ ပိန်လွန်းသောလူ၏လက်ထဲတွင် ရှိနေသည်။

ချိုးငှက်၏ကိုယ်မှ သွေးများသည် လမ်းကလေးပေါ်သို့ တစ်စက်စက် ကျရောက်နေခြင်း ဖြစ်ပါသည်။

ပို၍ထူးဆန်းသည်မှာ ... သွေးစက်ထိတွေ့ရာ တောလမ်းတစ်လျှောက်ရှိ မြက်ပင်များသည် ညှိုးနွမ်းကာ ခြောက်သွေ့သွားခြင်းပင် ဖြစ်၏။



တောက်တော်ကြီးသော သစ်ပင်တစ်ပင်၏အရွက်များသည် ပင်လျှင် အုံ့ညှိုဖွယ်ရာ ညှိုးနွမ်းသွား၏။

ချိုးငှက်ငယ်၏သွေးထဲ၌ မည်ကဲ့သို့သော ထူးဆန်းထက်မြက်သည့် အာနိသင်များ ရှိနေပါသနည်း။

မည်သည့်အဆိပ်များ ရှိနေပါသနည်း။ ဤသည်ကို ခွဲခြမ်းစိတ်ဖြာ ကြည့်ကြရပါမည်။ တောင်ပေါ်လေသည် တဟူးဟူးတိုက်ခတ်နေသည်။

တိုက်ခတ်နေသောလေသည် တဖြည်းဖြည်းနှင့် အေးစိမ့်လာသည်ဟု သစ်ပင်အောက်မှလူက သိလိုက်သည်။

ထိုအေးစိမ့်မှုဒဏ်ကို ထိုလူခံနိုင်ပါသည်။ အတွင်းအားပြည့်ဝသည့် သိုင်းသမားတစ်ယောက်ပေပဲ။ ဤရာသီဥတုဒဏ်ကတော့ အသေးအဖွဲ့ပင်။

ထိုဒဏ်ကလေးကို ထူးထူးခြားခြား ခံစားနေရသည်ဆိုလျှင် သာမန် အရပ်သူအရပ်သားများနှင့် ဘာပို၍ ထူးခြားတော့မည်နည်း။

ထို့ပြင် ယင်းလေထဲတွင် ကြောက်မက်ဖွယ်ကောင်းသော အန္တရာယ်၏အငွေ့အသက်များ ပါလာနေသည်ဟုလည်း သူက

www.burmeseclassic.com

www.burmeseclassic.com



ကောင်းစွာ သဘောပေါက်လိုက်ပြီး ဖြစ်ပါသည်။

သို့သော် သူ၏ဟန်မူရာမှာ ထိတ်လန့်တုန်လှုပ်ခြင်း အလျဉ်း မရှိချေ။ ပကတိတည်ငြိမ်နေသည်။

သူသည် သိုင်းလောက၌ အလွန်ကျော်ကြားသည့် လူသုံးယောက်နှင့် ရင်ဆိုင်ရပေတော့သည်။

မကြာမီ ထိုလူသုံးယောက်၏လမ်းလျှောက်ပုံမှာ လျင်မြန်လွန်းလှသည်။

ကိုယ်ဖော့ပညာ လွန်စွာကောင်းကြောင်း သိသာသည်။

သူတို့သည် မကြာခင်ပင် သစ်ပင်အောက်မှ လူအနီးသို့ ရောက်ရှိလာကြလေ၏။

အနီးသို့ရောက်လာသောအခါ သူတို့က သစ်ပင်အောက်မှ လူ၏ရှေ့မလှမ်းမကမ်းတွင် ရပ်တန့်လိုက်ကြသည်။

ထို့နောက် သူတို့၏အေးစက်စူးရှသော မျက်လုံးသုံးစုံဖြင့် သစ်ပင်အောက်မှလူအား စိုက်ကြည့်နေကြ၏။

သူတို့၏အကြည့်မှာ စူးစမ်းသော အကြည့်ပင်။ ဤလူသည် မည်သို့သောလူနည်း။ သိုင်းပညာကောင်းသလား။ အတွင်းအားပညာ ကောင်းသလား။



ထူးခြားချက် မည်သို့ရှိသနည်း။

သိုင်းပညာ တစ်ဖက်ကမ်းခတ် တတ်မြောက်သူများတွင် ထူးခြားချက် တစ်ခုခုတော့ ရှိကြသည်။

အတန်ကြာမှ ... ပိန်လွန်းသောလူက စကားစလိုက်သည်။

"စောင့်နေရတာ ကြာပြီလား"

သစ်ပင်အောက်မှလူက မည်သို့မျှ တုံ့ပြန်ခြင်းမရှိချေ။

ထိုအခါ ... ပိန်လွန်းသောလူက တစ်ချက်ရယ်မောလိုက်၏။

"ဟဲ ဟဲ ဟဲ"

သူ၏ရယ်မောသံမှာ ကောက်ကျစ်စဉ်းလဲပုံများ ရောယှက်ပါဝင်နေလေသည်။

တစ်ဆက်တည်းပင် ... သူက သစ်ပင်အောက်မှလူအား လှမ်းပြောလိုက်၏။

"အခုလို စောင့်နေတဲ့အတွက် အားနာလှပါတယ်ဗျာ၊ ဒါကြောင့် ဒီလက်ဆောင်ကလေးကို လက်ခံပါ"

ပြောပြောဆိုဆိုဖြင့်ပင် ဝဲဘက်လက်ကို ဖျတ်ခနဲ လှုပ်ရှားလိုက်သည်။

'ဝိုး'

www.burmeseclassic.com

www.burmeseclassic.com



အသံနှင့်အတူ ချိုးငှက်အသေကောင်သည် သစ်ပင်အောက်မှလူထံသို့ လွင့်ပျံလာ၏။

သစ်ပင်အောက်ကလူက ခန္ဓာကိုယ်ကို အနည်းငယ်မျှ လှုပ်ရှားလိုက်သည်။ ချိုးအသေကောင်သည် ထိုလူကို လွဲချော်သွား၏။

ချိုးငှက်အသေကောင်သည် ထိုလူ၏နောက်ဘက်ရှိ မြက်ပင်များကြားထဲ ကျရောက်သွားသည်။

"ဖုတ်"

ချိုးငှက်ကျသွားသံ ပေါ်လာသည်။ ချိုးငှက်အသေကောင်ကိုကြည့်၍ သစ်ပင်အောက်မှလူမှာ မျက်နှာ ကွက်ခနဲပျက်သွား၏။

အဘယ်ကြောင့်ဆိုသော် ချိုးငှက်က ရောက်သွားသောနေရာရှိ မြက်ပင်များသည် ချက်ချင်းပင် ညှိုးနွမ်း၍ ခြောက်သွေ့သွားသည်ကို တွေ့မြင်လိုက်ရသောကြောင့်တည်း။

ဝိန်လွှန်းသောလူက ရှုံ့မဲ့ပြီး ပြောသည်။

"ခင်ဗျား ဘယ်လိုလုပ်တာလဲ"

ထိုလူက ပြန်မပြောပါ။

"ခင်ဗျား လောကဝတ်ကို မသိတဲ့လူပဲ၊ လူသားအချင်းချင်း လက်ဆောင်ပေးတာဟာ ကောင်းတဲ့ဓလေ့ပဲဗျ၊ ခင်ဗျားကျတော့မှ



လက်ဆောင်ကို ရှောင်သွားသတဲ့၊ မပြုသင့် မပြုထိုက်တဲ့အလုပ်ပဲ၊ လက်ဆောင်ကို ငြင်းပယ်တာဟာ ရိုင်းစိုင်းရာကျသဗျာ"

သစ်ပင်အောက်မှလူသည် နှုတ်ဆိတ်၍သာ နေပါသည်။

ဝိန်လွှန်းသောသူပြောသည်မှာ မှန်ကန်ပါသည်။ လက်ဆောင်ပစ္စည်းဆိုသည်မှာ လက်ခံကောင်းသည့်အရာပင် ဖြစ်၏။

သို့သော် အကယ်၍ လူတစ်ယောက်က သင့်အား အဆိပ်ပျံ့နှံ့၍ သေဆုံးစေသောလက်ဆောင်ပစ္စည်းတစ်ခု ပေးခဲ့သည်ဆိုပါစို့။

ထိုအခါ သင်သည် လက်ဆောင်ပစ္စည်းဆိုသည်မှာ လက်ခံကောင်းသည့်အရာဟူ၍ လက်ခံထားမည်လော။

ကောင်းသည့်လက်ဆောင်လည်း ရှိသည်။ ဆိုးသည့်လက်ဆောင်လည်း ရှိသည်။ လက်ဆောင်ဆိုတိုင်း မစူးစမ်းမဆင်ခြင်ဘဲ လက်ခံ၍ မဖြစ်ပါ။

ချိုးငှက်။

ချိုးငှက်သည် အဆိပ်ရှိသောသတ္တဝါ မဟုတ်ပါ။ ထို့ကြောင့် ... ချိုးငှက်၏ကိုယ်ထဲရှိသွေးများသည်လည်း အဆိပ်ရှိမည် မဟုတ်ပါ ချေ။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဆိုလျှင် ... ချိုးငှက်၏ကိုယ်ထဲသို့ အဆိပ်မည်သို့ ရောက်ရှိလာရပါသနည်း။

ထူးဆန်းသည်မှာ အဆိပ်သင့်စေသော ချိုးငှက်အား ကိုင်ဆောင်လာသောလူမှာ အဆိပ်သင့်ခြင်း မရှိပါချေ။

ယင်းကြောင့် ... ဝိန်လွှန်းသောလူမှာ အဆိပ်ကို ကျွမ်းကျင်သူတစ်ယောက်ဖြစ်ကြောင်း သစ်ပင်အောက်မှလူက ရိပ်မိလိုက်၏။

အဆိပ်မရှိသော ချိုးငှက်၏သွေးထဲသို့ အဆိပ်များရောက်နေခြင်းမှာ ဝိန်လွှန်းသူ၏လက်ချက်သာ ဖြစ်ပါလိမ့်မည်။

ဤသည်မှာ မခက်ပါ။ တစ်နှင့်တစ်ပေါင်းက နှစ်ရမည်သာ ဖြစ်ပါသည်။ ဝိန်လွှန်းသောလူမှာ အဆိပ်ကျွမ်းကျင်သူ တစ်ယောက် ဖြစ်သည်။

ယခု သူသည် အထူးစီမံထားသော လက်အိတ်တစ်မျိုးကို ဝတ်ဆင်ထားသည်။ ယင်းလက်အိတ်ပေါ်တွင် ပြင်းထန်သောအဆိပ်များ ဖုံးထားခဲ့သည် မဟုတ်ပါလော။

သူက ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းရင်း ပြောလိုက်၏။

"ခင်ဗျား အတော် လူစိတ်ခတ်ကင်းမဲ့တာပဲ၊ မိတ်ဖြစ်ဆွေ ဖြစ်ပေးတဲ့ ကျုပ်ရဲ့လက်ဆောင်ကို လက်ခံသင့်တယ်"



သစ်ပင်အောက်မှလူက အေးတိအေးစက် ပြောလိုက်သည်။

"လက်ဆောင်၊ ဘယ်လိုလက်ဆောင်လဲ၊ ဘယ်လိုပေးတာလဲ"

"ကျုပ် အခုပစ်ပေးလိုက်တာပေါ့"

"လက်ဆောင်ရဲ့တန်ဖိုးကလည်း ရှိသေးတယ်၊ လက်ဆောင် ပေးပုံပေးနည်းကလည်း ရှိသေးတယ်"

"ဘာ ဘယ်လို"

"ဟုတ်တယ်၊ ခင်ဗျားရဲ့လက်ဆောင်က လူကို ဒုက္ခပေးတဲ့ လက်ဆောင်လား၊ သုခပေးတဲ့ လက်ဆောင်လားဆိုတာ မသိသရွေ့ လက်ဆောင်ကို လက်ခံခြင်းမပြုနိုင်ဘူး"

"ပေးပုံပေးနည်းဆိုတာက ဘာလဲ"

"ခင်ဗျားပေးတာကို ကြည့်ပါလား၊ မြားတစ်စင်း ပစ်လိုက်သလို ချိုးငှက်ကိုပစ်ပေးတာဟာ မိတ်ဆွေကို လက်ဆောင်ပေးတယ်လို့ ခေါ်မှာလား"

ဝိန်လွှန်းသောလူက သက်ပြင်းချလိုက်၏။

"ခက်တာပဲဗျာ၊ ကျုပ်ကလည်း ခင်ဗျားကို သိပ်ပြီး လက်ဆောင်ပေးချင်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်အောက်မှလူက ထိုလူအား စိုက်ကြည့်ကာ မေးလိုက်သည်။

“ဒီသုံးနှစ်အတွင်းမှာ ခင်ဗျားလက်ဆောင်ပေးခဲ့တာ လူငါးရာလောက် ရှိပြီထင်တယ်”

ဝိန်လွှန်းသောလူက ခေါင်းခါယမ်းလိုက်သည်။

“ဟင့်အင်း ... ငါးရာမပြည့်သေးပါဘူး၊ ကျုပ်ပေးတဲ့လက်ဆောင်ကို ခင်ဗျားက ငြင်းလိုက်တဲ့အတွက် လေးရာကိုးဆယ့်ကိုးယောက်ပဲ ရှိသေးတယ်”

သစ်ပင်အောက်မှလူက သူတို့သုံးယောက်အား သေချာစွာ စိုက်ကြည့်လိုက်သည်။

“ဒါနဲ့ ခင်ဗျားတို့သုံးယောက်က”

သူ၏စကားမဆုံးမီ ဝိန်လွှန်းသောလူက ကြားဖြတ်ပြောလိုက်၏။

“မေးဂူ ... ခင်ဗျား မေ့နေပြီထင်တယ်၊ ကျုပ်တို့က ခင်ဗျားတွေ့ချင်လှချည်ရဲ့ဆိုတဲ့ လူတွေပါပဲ၊ ကျုပ်နာမည်က စုမင်း”

အလွန်ဝသောလူကလည်း ဦးညွှတ်ကာ ပြောလိုက်သည်။

“ကျုပ်နာမည်က စုအင်း”



လူပုလေးကလည်း ဝင်ရောက်ကာ မိတ်ဆက်လိုက်၏။

“ကျုပ်နာမည်က စုကျွင်း”

မေးဂူဆိုသော သစ်ပင်အောက်မှလူက ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်သည်။

“ကျုပ်တွေ့ချင်နေတဲ့လူတွေဆိုတာကတော့ ဟုတ်ပါပြီ၊ ဒါပေမဲ့”

“ဒါပေမဲ့ ဘာဖြစ်သလဲ၊ စကားကို တဲ့တိုးပြောစမ်းပါဗျ၊ ဇွဲပိုက်မနေစမ်းပါနဲ့”

မေးဂူက ပြုံးလိုက်သည်။

“သြော် ... ကျုပ်ယူလာတဲ့ ခေါင်းသုံးလုံးက ရှယ်တူဖြစ်နေတယ်ဆိုတော့ ဒီပြင်လူတွေအတွက်တော့ အကြောင်းမဟုတ်ပေမယ့် စုအင်းအတွက်ကတော့ နည်းနည်းများ သေးနေမလားလို့ပါ၊ ဒါပေမဲ့ ရတော့ ရပါတယ်၊ နည်းနည်းတော့ သည်းခံပါ”

မေးဂူစကားက အသည်းခိုက်လောက်သည်။

သူနှင့်တွေ့သူ သုံးယောက်စလုံးကို သေလူအဖြစ် သဘောထားကြောင်း သူ့စကားက ဖော်ပြနေသည်။

မည်သူ့ကိုမျှ အထင်မကြီးဆိုသည့်သဘောကို ပြနေသည်။

www.burmeseclassic.com

www.burmeseclassic.com



စုအင်း၏မျက်နှာမှာ မည်းမှောင်သွားသည်။

သူ့လျှာ၌လည်း ဆူးကလေးရှိသည်။

"ကျုပ်နဲ့မဆန့်ရင် ခင်ဗျားအတွက်ပေါ့"

မေးဂူက ပြုံးလိုက်သည်။

"ကျုပ်က ခင်ဗျားကို လက်ဆောင်ပေးမယ့်လူပါ။ ဒါကြောင့် ကျုပ်အတွက် ဖြစ်မယ်မထင်ဘူး"

သူ့အတွက်ကျတော့ သူက ငြင်းပယ်လိုက်လေတော့၏။

❋❋❋



## အခန်း (၃)

မေးဂူက အေးတိအေးစက် ပြောလိုက်သည်။

"ကျုပ်က ခင်ဗျားတို့ကို အကူအညီတစ်ခု တောင်းချင်တယ်ဗျာ"

မေးဂူထံမှ အကူအညီတောင်းချင်လို့ဟု ပြောသံကြားလိုက်ရသောအခါ သူတို့မှာ အကူအညီပေးရမည့်လူများဟု အထက်စီးသို့ ရောက်ရှိသွားပြန်သည်။

အကူအညီပေးရမည့်လူများဖြစ်သွားသဖြင့် ခပ်ငေါ့ငေါ့ ရယ်လိုက်သည်။ စုမင်းက ရယ်ရင်း မေးလိုက်သည်။

"ဘာလဲ ... ကျုပ်တို့က ခင်ဗျားကို ရေပြည်ပို့ပေးရမှာလား"

မေးဂူက လက်ကာပြလိုက်သည်။

သူ့မျက်နှာ၌ ပြုံးယောင်ယောင်ဖြစ်သွားသည်။

"ဖြည်းဖြည်းပေါ့ဗျာ၊ ဘာဖြစ်လို့ ခင်ဗျားတို့ ဒေါသနေရတာ

www.burmeseclassic.com

www.burmeseclassic.com



လဲ၊ စားလည်း ဖြည်းဖြည်း၊ သောက်လည်း ဖြည်းဖြည်းပေါ့ဗျာ၊ သေတဲ့အခါမှာ စောနေရင်လည်း ဘယ်ကောင်းမလဲ၊ ဒီတော့ နည်းနည်းလောက် ကျုပ်ပြောပါရစေ"

စုမင်းက ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်၏။

"စိတ်ချ၊ အခု ကျုပ်ပြောမယ့်စကားဟာ ခင်ဗျားဘဝရဲ့ နောက်ဆုံးစကားပဲ ဖြစ်ရမယ်၊ ဒီတော့ ကျုပ်တို့ကလည်း ဖြည်းဖြည်းပါပဲ"

မေးဂူက ပြုံးလိုက်၏။

"ကျုပ် သိုင်းလောကက အနားယူခဲ့တာ ဆယ်နှစ်နီးပါးရှိပါပြီ၊ ဒါကြောင့် သိုင်းလောကအကြောင်းတွေကို သိပ်ပြီး မသိတော့ဘူး၊ လွန်ခဲ့တဲ့ တစ်လလောက်တုန်းကတော့ ကျုပ် မိတ်ဆွေတစ်ယောက်နဲ့ တွေ့လို့ သိုင်းလောကအကြောင်းတွေကို သူ့ကို မေးခဲ့မိတယ်၊ သူက သိုင်းလောကထဲမှာ အဆိုးဝါးဆုံးနဲ့အရက်စက်ဆုံး သိုင်းသမားသုံးယောက်အကြောင်း ပြောပြခဲ့တယ်"

စုမင်းက ဂုဏ်ယူစွာ ကြားဖြတ်ပြောလိုက်သည်။

"ဒီလူသုံးယောက်ဟာ ကျုပ်တို့ပဲ မဟုတ်လား"

မေးဂူက ခေါင်းညိတ်လိုက်၏။



"ဒါပေမဲ့ ကျုပ်က သေချာအောင် ကျုပ်ကိုယ်တိုင် တစ်လလောက် စုံစမ်းခဲ့သေးတယ်၊ ကျုပ်မိတ်ဆွေရဲ့စကား မှန်မမှန်ဆိုတာပေါ့ဗျာ"

စုမင်းက ဝင်မေးလိုက်သည်။

"ဟား ဟား ဟား ... ခင်ဗျားဟာ တယ်ပြီး စေ့စပ်သေချာတဲ့လူပါလား၊ သူများပြောတာကို မယုံ၊ ကိုယ်တွေ့မှ ယုံတဲ့လူစားမျိုးပဲ၊ ခင်ဗျား သိုင်းလောကထဲ လိုက်စုံစမ်းတော့ ကျုပ်တို့ရဲ့ သိုင်းပညာကျော်ကြားမှု ရက်စက်မှုတွေကို သိသွားတယ် မဟုတ်လား၊ ဒီတော့မှ ပိုပြီး ယုံကြည်သွားမှာပေါ့ ဟုတ်လား"

မေးဂူက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

စုမင်းက မဲ့ပြုံး ပြုံးလိုက်သည်။

"ဒါကြောင့် ခင်ဗျားက ကျုပ်တို့သုံးယောက်ကို ယှဉ်ပြိုင်ဖို့ ဖိတ်ခေါ်ခဲ့တယ်ဆိုပါတော့၊ ခင်ဗျားရဲ့ သိုင်းပညာနဲ့ ကျုပ်တို့ကို စမ်းသပ်ချင်တဲ့သဘောပေါ့"

"အင်း ... ဆိုးတော့ မဆိုးပါဘူး"

မေးဂူက လက်ကာပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

"အို အို ... ယှဉ်ပြိုင်ဖို့ မဟုတ်ပါဘူး"

စုမင်းမှာ နားမလည်နိုင်အောင် ဖြစ်သွားရသည်။

"ဒါဖြင့် ကျုပ်တို့ကို ဘာကြောင့် ဖိတ်ခေါ်ခဲ့ရတာလဲ"

မေးဂူက သက်ပြင်းတစ်ချက်ချကာ ပြောလိုက်၏။

"အကူအညီတောင်းချင်လို့ပါ"

ထိုအခါ စုကျင်းက စိတ်မရှည်သလို ဝင်ပြောသည်။

"ခင်ဗျားက လိုရင်းကို မပြောဘူး၊ စကားကို ဝေ့ဝိုက်နေတာပဲ၊ အကူအညီတောင်းချင်လို့၊ အကူအညီ တောင်းချင်လို့ ဒီစကားပဲ ပြောနေတယ်၊ ကျုပ်တို့ စိတ်မရှည်တော့ဘူးဗျာ"

စုအင်းက စုကျင်းကို ခဏနေရန် လက်ကာပြပြီး ပြောသည်။

"ကဲ ... ပြောစမ်းပါ ဘာအကူအညီလဲ"

မေးဂူက သက်ပြင်းချပြန်သည်။ ပြီးမှ ...

"ကျုပ်ရဲ့သမက်ဟာ ဆေးဆရာတစ်ယောက်ပါ၊ အခု သူဟာ အလွန်ထူးဆန်းပြီး ထက်မြက်တဲ့ ဆေးပညာတစ်ရပ်ကို စမ်းသပ်ဖို့အတွက် အကူအညီလိုလို့ပါ"

စုမင်းမှာ စိတ်ဝင်စားသွား၏။ ထို့ကြောင့် သူက မျက်ခုံးပင့်ကာ မေးလိုက်သည်။



"ဘယ်လိုဆေးပညာရပ်မျိုးလဲ"

မေးဂူ၏မျက်နှာမှာ တည်ကြည်လေးနက်သွားလေသည်။

အတန်ကြာမှ ...

သူက အလွန်လေးနက်သောလေသံဖြင့် ပြောလိုက်၏။

"တခြားတော့ မဟုတ်ပါဘူး၊ သေပြီးတဲ့လူကို အသက်ရှင်စေတဲ့ ဆေးပညာရပ်ပါ"

သူသည် သူ့သမက်၏ဆေးပညာကို လွန်စွာယုံကြည်ဟန်တူသည်။ သူပြောလိုက်ပုံ လေယူလေသိမ်းမှာ လွန်စွာလေးနက်နေသည်။

ထိုအခါ စုမင်းတို့သုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။

ထို့နောက် တိုင်ပင်ထားသည့်အလား သုံးယောက်သား ရယ်မောလိုက်ကြတော့သည်။

"ဟား ဟား ဟား"

"ဟား ဟား ဟား"

"ဟား ဟား ဟား"

ပြီးမှ စုမင်းက လှောင်ပြောင်ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... လောကမှာ ပုထုဇဉ်ကို အရူးလို့ ပြောကြတယ်၊ ခင်ဗျားသမက်က ပိုရူးတယ်၊ လူအားလုံးထက် ရူးနေတာပေါ့"

မေးဂူသည် သူအလေးအနက်ထားသည့် သူ့သမက်ကို အရူးဟု ပြောသဖြင့် စိတ်ဆိုးရန်အကြောင်းရှိသည်။

ယခုတော့ သူက စိတ်မဆိုးချေ။

ခပ်အေးအေးပင် ပြန်ပြောသည်။

"ကျုပ်ရဲ့သမက်ဟာ အလွန်တော်တဲ့ ဆေးဆရာတစ်ယောက်ပါ"

စုကျင်းက ဝင်ပြောလိုက်၏။

"ဒါဖြင့် ခင်ဗျားသမက် ဆေးပညာ စမ်းသပ်ဖို့အတွက် အလောင်းသုံးလောင်း လိုချင်တယ်ပေါ့၊ အလောင်းသုံးလောင်း ရှာပေးရမယ် ဆိုပါတော့၊ ဒါ လိုရင်းပဲ မဟုတ်လား"

မေးဂူ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒါပေမဲ့ ..."

"ဘာဖြစ်သလဲ"

"ကျုပ်လိုချင်တဲ့ အလောင်းက သာမန်လူရဲ့အလောင်း မဟုတ်ဘူး"



"ဘယ်လိုအလောင်းမျိုးကို လိုချင်လို့လဲ"

"အလွန်ထက်မြက်ပြီး အတွင်းအား အလွန်ကောင်းတဲ့ လူစားမျိုး၊ ပြီးတော့ သိုင်းလောကမှာ အဆိုးဆုံး ဖြစ်ရမယ်"

စုမင်းက အနည်းငယ် စဉ်းစားကာ ပြောလိုက်၏။

"ဒီလိုလူစားမျိုးက ကျုပ်တို့သုံးယောက်ပဲ ရှိမယ်ထင်တယ်"

မေးဂူက ပြုံးလိုက်သည်။

"ဒါဆို ဟန်ကျတာပေါ့ဗျာ၊ ကျုပ်သမက် လိုချင်တာက လည်း ..."

စုအင်းက ဖြတ်မေးလိုက်၏။

"ဘာကို ဟန်ကျတာလဲ"

မေးဂူက တည်ကြည်လေးနက်သောလေသံဖြင့် ပြောလိုက်၏။

"အဲဒါကို ပြောတာပေါ့ဗျာ၊ ကျုပ်မှာ အလုပ်ပိုတစ်ခု မလုပ်ရတော့ဘူးပေါ့၊ ဆိုလိုတာက အလောင်းသုံးလောင်းကို အပြင်ထွက်မရှာရတော့ဘူးပေါ့ဗျာ၊ အလောင်းသုံးလောင်းကို အပြင်ထွက်ရှာမယ်ဆိုရင် လွယ်ပါတယ်၊ လူဆိုးလူသွမ်းသုံးယောက်လောက် ရိုက်သတ်လိုက်ရင် ပြီးတာပဲပေါ့ဗျာ၊ ကျုပ်သမက်လိုချင်တဲ့ အရည်အချင်း

www.burmeseclassic.com

www.burmeseclassic.com



တွေ ပြည့်စုံရမယ့် အလောင်းဆိုတော့ သာမန်အလောင်းကို ယူသွားလို့ မဖြစ်သေးဘူး၊ ဒီတော့ ခင်ဗျားတို့သုံးယောက်ရဲ့အလောင်းကို ယူသွားဖို့ အကိုက်နေတာပေါ့ဗျာ”

စုမင်းမှာ အလွန်အံ့သြသွား၏။

“ဘာပြောတယ်”

မေးဂူက ထပ်ပြောလိုက်သည်။

“သြော် ... ကျုပ်လိုချင်တဲ့ အလောင်းမျိုးကို တွေ့နေရမှတော့ တခြားမှာ သွားရှာဖို့မလိုတော့ဘူးလေ၊ ခင်ဗျားတို့ အလောင်းကို ရရင်ပဲ ဖြစ်ပါတယ်လို့ ပြောတာပါ”

ထိုစကားကို ကြားလိုက်ရသည်နှင့် စုကျင်း၏မျက်နှာမှာ မည်းမှောင်သွား၏။

လွန်စွာ ဒေါသထွက်လာသည်။

သူက ခံပြင်းစွာ ပြောလိုက်သည်။

“ခင်ဗျားရဲ့သမက် ဆေးပညာ စမ်းသပ်ဖို့အတွက် ကျုပ်တို့က သေပေးရမယ်ပေါ့ ဟုတ်လား၊ ခင်ဗျား တော်တော်လူစိတ်မရှိတဲ့လူပဲ၊ လူတစ်ယောက် စမ်းသပ်ဖို့အတွက် ကျုပ်တို့က သေပေးရမယ်ဆိုတာ သဘာဝကျရဲ့လားဆိုတာ ပြောပါဦး”



ဤသည်မှာ သဘာဝပဲဖြစ်သည်။

ကိုယ်သေရမယ်ဆိုတော့ သဘာဝကျရဲ့လား။ စဉ်းစားပါဦး ဟု ဆိုသည်။

အခြားသူများ၏အသက်ကိုတော့ ပုရွက်ဆိတ်တစ်ကောင် သတ်သလို သတ်ပစ်ကြသည်။ မည်သူ့ကိုမှ လူမထင်။

သူတို့သည်လည်း ကိုယ့်ထိတော့ သိလာကြသည်။

မေးဂူက ကြားဖြတ်မေးလိုက်သည်။

“အကယ်လို့ ကျုပ်တို့က အလောင်းကောင်တွေ ဖြစ်မသွားဘူးဆိုရင်ကော”

မေးဂူ ခေါင်းညိတ်လိုက်၏။

“ဒါဆိုရင်တော့ ကျုပ်က သေလိုက်ရုံပေါ့ဗျာ”

စုမင်းက သဘောကျစွာ ရယ်မောလိုက်သည်။

“ခင်ဗျား သေရမှာ မကြောက်ဘူးလား။ ပြောသာပြောရတယ်၊ တကယ်သေရမယ်ဆိုရင် ကျုပ်တို့က ကြောက်မှာပါ”

ဤသည်မှာ အမှန်စကားဖြစ်သည်။

သေတစ်နေ့ မွေးတစ်နေ့ဟု ပြောကြသော်လည်း လူအားလုံးလိုလို သေမှာကို ကြောက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တရားပြည့်နေသူများနှင့် အလွန်ရဲရင့်သောလူများသာ သေမည်ကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်နိုင်ကြသည်။

မေးဝူက မှဲ့ပြုံးပြုံးလိုက်၏။

"ကျုပ်က ဘာဖြစ်လို့ ကြောက်ရမှာလဲ"

သူ၏ဟန်မူရာမှာ အမှန်ပင် ကြောက်ရွံ့တုန်လှုပ်မှု ကင်းမဲ့နေသယောင်ပင်။

ရုတ်တရက် စုအင်းက တစ်စုံတစ်ခုကို သတိရလိုက်၏။

ချက်ချင်းပင် သူက မေးဝူဘက်လှည့်ကာ မေးလိုက်သည်။

"ခင်ဗျားကိုကြည့်ရတာ ခင်ဗျားသမက်ရဲ့ ဆေးပညာကို တော်တော်ယုံကြည်ပုံရတယ် ဟုတ်လား"

မေးဝူက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ကျုပ် တကယ်ယုံကြည်တယ်၊ ယုံကြည်လို့လည်း ဒီအလုပ်ကို ကျုပ်လုပ်ပေးနေတာပေါ့၊ မယုံရင် ဘယ်သူက အချိန်ကုန်ခံပြီး လုပ်ပေးမှာလဲဗျာ"

စုအင်းက သူ့အား စိုက်ကြည့်ကာ မေးလိုက်သည်။

"သူက သေသွားတဲ့လူကို ပြန်ပြီး အသက်ရှင်လာအောင် လုပ်ပေးနိုင်တယ် ဟုတ်လား"



မေးဝူက ခေါင်းညိတ်လိုက်ပြန်၏။

"ဟုတ်တယ်၊ သေချာတယ်"

စုမင်းက ထပ်မေးလိုက်သည်။

"ဒါဖြင့် ခင်ဗျားသေသွားရင် သူက ပြန်ရှင်အောင် လုပ်ပေးနိုင်မှာပေါ့"

"ဟုတ်တယ်၊ ဒါလည်း သေချာတယ်"

"ဟဲ ဟဲ ဟဲ ... ဒါဆိုလည်း ရှင်းနေတာပဲဗျာ၊ ခင်ဗျား အလုပ်ရှုပ်ခံပြီး ဘာတွေလျှောက်လုပ်နေတာလဲ"

"ကျုပ် ဘာတွေလုပ်နေလို့လဲ"။

"ခင်ဗျား အလောင်းရှာနေတာတွေဟာ အလုပ်ပိုတွေ လျှောက်လုပ်နေတာပေါ့ဗျာ၊ ခင်ဗျား ဘာမှလုပ်ဖို့ မလိုတော့ဘူး ခင်ဗျား သေပေးလိုက်၊ ဒါဆိုလည်း ခင်ဗျားသမက်ဟာ အလောင်း တစ်လောင်း ရသွားပြီး စမ်းသပ်နိုင်ပြီပေါ့၊ ခင်ဗျားလည်း ခင်ဗျား သမက်ကို ကိုယ်ထိလက်ရောက် ကူညီလိုက်ရတာပေါ့ဗျာ"

စကားဆုံးသည်နှင့် သူက မေးဝူအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။ မေးဝူ ကမန်းကတန်း လက်ကာပြလိုက်သည်။

"နေဦး ... ခင်ဗျား ဘာလုပ်မလို့လဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



စုအင်းက မျက်မှောင်ကုတ်လိုက်သည်။

"ဘာလဲ ... ခင်ဗျားက မသေချင်သေးဘူးလား"

မေးဂူက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး"

စုအင်းက မျက်ခုံးပင့်ကြည့်ကာ မေးလိုက်၏။

"ဒါဖြင့် ဘာပြောချင်လို့လဲ"

မေးဂူက စုထင်းအား စိုက်ကြည့်လိုက်သည်။

"ခင်ဗျားတို့သာ အလွန်ကောက်ကျစ် ရက်စက်တတ်တဲ့ သူတွေဖြစ်ပေမယ့် ကတိသစ္စာတော့ တည်တယ်လို့ ကျုပ် ကြားသိခဲ့ရတယ်"

စုထင်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လဲ"

မေးဂူက တည်ငြိမ်သောလေသံဖြင့် ပြောလိုက်သည်။

"ဒါဖြင့် ခင်ဗျားတို့ဆီက ကတိတစ်ခု တောင်းပါရစေ"

စုထင်းက မျက်ခုံးပင့်ကာ မေးလိုက်၏။

"ဘယ်လိုကတိမျိုးလဲ၊ ကျုပ်တို့ ကူညီနိုင်တာရှိရင်တော့ ကူညီလိုက်ပါ့မယ်"



မေးဂူက တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ပြောလိုက်သည်။

"ကျုပ် သေဆုံးသွားခဲ့ရင် ကျုပ်ရဲ့အလောင်းကို ကျုပ်ရဲ့ အိမ်ကိုရောက်အောင် ပြန်ပို့ပေးမယ်ဆိုတဲ့ ကတိပါ"

စုအင်းက ခေါင်းညိတ်လိုက်၏။

"ကောင်းပြီလေ၊ ကျုပ်တို့ ကတိပေးပါတယ်၊ ခင်ဗျားရဲ့အိမ် ဘယ်မှာရှိတယ်ဆိုတာကိုသာ ပြောခဲ့ပါ၊ ဒါဟာ ခက်ခဲတဲ့ကိစ္စ မဟုတ်ပါဘူး"

မေးဂူက သူ့အား စိုက်ကြည့်ကာ မေးလိုက်သည်။

"တစ်ခုတော့ ပြန်မေးချင်တယ်"

"ဘာမေးချင်လို့လဲ"

"အခုပြောခဲ့တာက ကျုပ်သေရင် လုပ်ရမယ့် အစီအစဉ်ပါ။ ခင်ဗျားတို့ သေရင်ကော ဘယ်လိုအစီအစဉ် လုပ်ရမှာလဲ"

စုအင်းက ခေါင်းခါယမ်းလိုက်၏။

"ကျုပ်တို့အတွက် မလိုပါဘူးဗျာ"

စုအင်းက ဝင်ရောက်မေးမြန်းလိုက်သည်။

"ကျုပ်တို့ ရှုံးနိမ့်လို့ သေဆုံးသွားပြီး ခင်ဗျားသမက်ရဲ့ဓားး

www.burmeseclassic.com

www.burmeseclassic.com



စွမ်းကြောင့် အသက်ပြန်ရှင်လာခဲ့ရင်ကော"

မေးဂူက အေးစက်စက်လေသံဖြင့် ပြောလိုက်၏။

"ကျုပ် ထပ်ပြီးသတ်ပစ်မှာပေါ့"

စုကျင်းက သဘောကျစွာ ရယ်မောလိုက်သည်။

"ကောင်းပါပြီဗျာ၊ နောက်တစ်ကြိမ် အသက်ပြန်ရှင်လာဦးမယ်ဆိုရင်တော့ ကျုပ်တို့ စကားနည်းနည်းတော့ ပြောခွင့်ပေးပါဗျာ"

မေးဂူက ခေါင်းညိတ်လိုက်၏။

"ကောင်းပါပြီ"

ထို့နောက် သူက စုမင်းဘက်လှည့်ကာ မေးလိုက်သည်။

"ခင်ဗျားကကော ဘာမှာခဲ့ချင်သေးသလဲ"

စုမင်းက မဲ့ပြုံးပြုံးလိုက်၏။

"တစ်ဘဝမှာ နှစ်ခါသေရတယ်ဆိုတော့ မဆိုးပါဘူးဗျာ၊ ရှင်ပြီးတော့သေ၊ သေပြီးတော့ရှင် ... နောက်ပြီးတော့ ပြန်သေရမယ်ဆိုတော့ ကျုပ်အတွက် ဘာမှမလိုတော့ပါဘူး၊ လုံလောက်ပါပြီ"

စုအင်းမှာ စိတ်မရှည်နိုင်တော့ချေ။

ထို့ကြောင့် သူက မေးဂူအား စိုက်ကြည့်ကာ ပြောလိုက်သည်။



"ကျုပ်တို့ကိုချည်းပဲ မေးမနေနဲ့ဦး၊ ခင်ဗျား သေသွားရင် ဘယ်ကိုပို့ရမလဲဆိုတာ ခုထိ မပြောရသေးဘူးနော်၊ ခင်ဗျားရဲ့လိပ်စာက အရေးကြီးတယ်"

မေးဂူက ခေါင်းညိတ်လိုက်၏။

ထို့နောက် တောင်ကုန်းဆင်ခြေလျှောကလေးသို့ လက်ညှိုးထိုးပြလိုက်သည်။

စုအင်းက သူညွှန်ပြရာသို့ လှည့်ကြည့်လိုက်၏။

ထိုအခါ တောင်ကုန်းဆင်ခြေလျှောရှိ သစ်ပင်အောက်တွင် မြင်းလှည်းတစ်စီး ရပ်တန့်ထားသည်ကို တွေ့လိုက်ရလေတော့သည်။

လေက အရှိန်ပြင်းစွာ ဝှေ့ယမ်းတိုက်ခတ်နေသည်။

ရှည်လျားသော မြင်းဟီသံသည် လေနှင့်အတူ ကျယ်လောင်စွာ ပျံ့လွင့်လာသည်။

"ဟီး ဟီး"

မြင်းဟီသံမှာ လွမ်းဆွတ်ကြေကွဲဖွယ်ရာကောင်းလှသည်ဟု ခံစားလိုက်ရ၏။

တကယ်တော့ ထိုတောင်ကုန်းတွင် တိတ်ဆိတ်နေ၍သာ ဖြစ်ပါသည်။ အရာရာသည် လွမ်းစရာဖြစ်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုလူလေးဦးအဖြစ်ကတော့ လွမ်းစရာမဟုတ်ပါချေ။ မြင်းလှည်းပေါ်တွင် လူနှစ်ယောက် ရှိနေသည်။

ထိုလူနှစ်ယောက်သည် မလှုပ်မယှက် ထိုင်နေကြပါသည်။ စုအင်းက မေးဂူအား စိုက်ကြည့်လိုက်သည်။

"အဲဒါ ခင်ဗျားရဲ့အိမ်လား"

မေးဂူက ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ဘူး"

စုအင်းမှာ မျက်မှောင်ကုတ်သွားသည်။

"ဒါဖြင့်"

သူ၏စကားမဆုံးမီ မေးဂူက ကြားဖြတ်ပြောလိုက်၏။

"ကျုပ်အိမ် မဟုတ်ပေမယ့် သူတို့က ကျုပ်ရဲ့အိမ်ကို သိပါတယ်၊ ကျုပ်သေသွားရင် ကျုပ်ရဲ့အလောင်းကို အဲဒီမြင်းလှည်းပေါ်ကိုသာ တင်ပေးလိုက်ပါ"

စုကျင်းက ထိုလူနှစ်ယောက်ဆီသို့ မသက်သာသော မျက်လုံးအစုံဖြင့် လှမ်းကြည့်လိုက်သည်။ သူ၏အကြည့်ကား မေးဂူက ကောင်းစွာနားလည်သဘော ပေါက်လိုက်သည်။ ဤလူများသည် အားလုံးကို မသက်သာသောအကြည့်ဖြင့်သာ ကြည့်ကြသည်။



ထို့ကြောင့် သူက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းကာ ပြောလိုက်သည်။

"ဟင်း ဟင်း ဟင်း ... ခင်ဗျားတို့က သူတို့ကို ဂူနေသလား"

စုအင်းက အေးစက်စွာ ကြည့်နေသည်။

ဘာမှမတော့ မပြောပေ။

မေးဂူက ဆက်ပြောလေ၏။

"သူတို့ဟာ သိုင်းပညာ လုံးဝမတတ်ကြပါဘူး၊ ကျေးရွာကနိုင်းသမျှ အခကြေးငွေယူပြီး လိုက်လုပ်ပေးနေတဲ့ လုပ်သားနှစ်ဦးပါ၊ သူတို့အတွက်ကတော့ ဘာမှမပူပါနဲ့"

စုကျင်းမှာ စိတ်အေးသွားဟန်ဖြင့် သက်ပြင်းရှည်တစ်ချက်ကို ရှည်လျားစွာ ချလိုက်လေတော့သည်။

❋❋❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

လေက ပို၍ပြင်းထန်စွာ တိုက်ခတ်လာ၏။

အချို့သစ်ပင်များမှ ရော်ရွက်ဝါများသည် လေနှင့်အတူ လွင့်ပျံ့နေသည်။

စုအင်း၏လက်ထဲတွင် မြင်းမွေးတံတစ်ချောင်း ရောက်ရှိလာသည်။ မည်သည့်အချိန်က ရောက်ရှိလာမှန်းမသိပေ။

မျက်လှည့်ပြလိုက်သည့်အလား ဖြစ်သည်။

ဖြစ်နိုင်သည်ကတော့ ဖုံးကွယ်ယူလာခြင်း ဖြစ်နိုင်သည်။ ဤသည်မှာ သူ၏လက်နက်ဖြစ်ပုံရသည်။

သိုင်းသမားများသည် မည်သည့်အခါမျှ အဆင်တန်ဆာကို မကိုင်ကြချေ။ လက်နက်ကိုသာ ကိုင်ကြသည်။

လေတိုက်ခတ်မှုကြောင့် မြင်းမွေးတံမှ တဖျတ်ဖျတ် အသံများ ထွက်ပေါ်နေသည်။



စုအင်းက မြင်းမွေးတံကို လက်ဖြင့် အသာအယာ သပ်ရင်း မေးဝူအား စိုက်ကြည့်နေ၏။

စုကျင်းကမူ နောက်သို့ ခြေတစ်လှမ်းဆုတ်ကာ ခါးမှဓားကို ဆွဲထုတ်လိုက်သည်။

ဓားကို ဆွဲထုတ်လိုက်သည်နှင့်တစ်ပြိုင်နက် ...

အေးစိမ့်သော အငွေ့အသက်များသည် ဝန်းကျင်တစ်ဝိုက်ဆီသို့ လွင့်ပျံလာသည်ဟု ခံစားလိုက်ရ၏။

ဓားကောင်းတစ်လက်သာတည်း။

သုံးပေခန့်မျှသာ အရှည်ရှိသော ဓားတစ်လက်ဖြစ်သည်။

သို့သော် ဓားသည် တစ်လက်မပို၍တိုလျှင် တစ်လက်မပို၍ ဒုက္ခပေးတတ်သည် မဟုတ်ပါလော။

သူ့ဓားကို သေးသည် တိုသည်ဟု အထင်သေး၍ မရပါချေ။ စုမင်းမှာမူ လက်နက်ဆွဲထုတ်ခြင်း မရှိပါချေ။

အဘယ်ကြောင့်ဆိုသော် အဆိပ်နှင့်လက်နက်ပုန်းများသည် သူ၏လက်နက်များ ဖြစ်ကြသောကြောင့်တည်း။

သူသည် မည်သည့်အခါမျှ လက်နက်ဆောင်လေ့ မရှိချေ။ လက်နက်ဆောင်ထားရန်လည်း မလိုအပ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကိုင်ဆောင်ထားရသော လက်နက်များထက် ကြောက်လန့်တုန်လှုပ်ဖွယ်ကောင်းသော လက်နက်များသည် သူ၏လက်ဖဝါးနှစ်ဖက်တွင် စွပ်ထားသော လက်အိတ်အတွင်း၌ ရှိနေသည် မဟုတ်ပါလော။

မကြာမီ မေးဂူမှာ မြေပေါ်သို့ လဲကျသေဆုံးသွားမည်ဟု သူက တစ်ထစ်ချ မှတ်ယူထား၏။

မှန်စေသည် ...။

သိုင်းလောကသားတိုင်း ကြောက်ရွံ့တုန်လှုပ်နေကြရသော မိစ္ဆာသုံးဖော်အမည်တွင်သည့် စုမင်းတို့သုံးယောက်နှင့် ရင်ဆိုင်မိလျှင် မည်သူမဆို မြေပေါ်သို့ လဲကျသေဆုံးသွားကြသည်သာ ဖြစ်၏။

သိုင်းလောကတွင် မိစ္ဆာသုံးဖော်ဟူသော အမည်မှာ သိမ့်သိမ့်တုန်ကျော်ကြားသည်။

သူတို့သည် ရန်သူ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ၊ မည်သည့်အခါမျှ တစ်ယောက်ချင်း ရင်မဆိုင်ကြချေ။

သူတို့ တစ်ယောက်ချင်းလည်း အလွန်စဉ်းလဲကောက်ကျစ်ကြသည်။ သုံးယောက်ပေါင်းလျှင်လည်း အလွန်စဉ်းလဲကောက်ကျစ်ကြသည်။



ထို့ကြောင့် သူတို့သုံးယောက် ပေါင်းတိုက်သောအခါ မည်သူမျှ မခံနိုင်ကြတော့ချေ။

သိုင်းသမားတို့တွင် နှစ်ယောက်သား တပူးတတွဲတွဲနေသည်မှာ မရှိကြပါ။ အလွန်ရှားသည်။

သုံးယောက် တပူးတွဲတွဲနေပြီး စားလျှင်လည်း အတူတူ၊ အိပ်လျှင်လည်း တူတူနေကြသောအခါ သူတို့သည် တစ်ယောက်၏အထာကို တစ်ယောက် အလွန်သိကြသည်။

တစ်ယောက်၏အလိုကို တစ်ယောက် သိကြသည်။

ပူးပေါင်းတိုက်ကွက်တွင်လည်း သူတို့ကို မည်သူမျှ မမီတော့ချေ။

ထို့ကြောင့် စုမင်းတို့ စတင်တိုက်ခိုက်ကြသည်နှင့် မေးဂူမှာ မြေပေါ်သို့ လဲကျသေဆုံးသွားရမည် မဟုတ်ပါလား။

မေးဂူသည် မြေပေါ်တွင် မတ်တတ်ရပ်နေ၏။

သူသည် အသက်သေဆုံးသွားခြင်း မရှိသေးပါချေ။

အလားတူပင် စုမင်းတို့သုံးယောက်သည်လည်း မြေပေါ်သို့ လဲကျသေဆုံးသွားကြခြင်း မရှိကြသေးပေ။

အဘယ်ကြောင့်ဆိုသော် ...

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ယခုထက်တိုင် ရင်ဆိုင်တိုက်ခိုက်ကြခြင်း မရှိသေးသောကြောင့်ပင် ဖြစ်ပါသည်။

မေးဂူ၏မျက်နှာမှာ တည်ကြည်လေးနက်လာ၏။

မိစ္ဆာသုံးဖော်ကို ယှဉ်ပြိုင်အနိုင်ယူရန်အတွက် လွယ်ကူသော အလုပ်တစ်ခုမဟုတ်ကြောင်း သူသိရှိထားသည်။

သို့သော် သူသည် ထိုသုံးယောက်နှင့် သူသေကိုယ်သေ တိုက်ခိုက်ရမည်သာဖြစ်၏။

အကယ်၍ ထိုလူသုံးယောက် သေဆုံးခြင်းမရှိလျှင် ...

သေဆုံးရမည့်လူမှာ မိမိကိုယ်တိုင်ပင်ဖြစ်မည် မဟုတ်ပါလော။

ရုတ်တရက် သူက လက်တစ်ဖက်ကို လှုပ်ရှားလိုက်သည်။

ထိုအခါ ခါးတွင် ချိတ်ဆွဲထားသော ဓားအိမ်တွင်းမှ ဓားသည် သူ၏လက်သို့ ရောက်ရှိလာ၏။ အရောင်တစ်ချက် ဝင်းလက်သွားသည်။

မေးဂူက ဓားကို ဆွဲထုတ်လိုက်သည်နှင့် ...

စုအင်း၏မြင်းမွေးတံက မေးဂူ၏မျက်နှာဆီသို့ အရှိန်အဟုန်ပြင်းစွာ တိုးဝင်လာ၏။



တစ်ချိန်တည်းမှာပင် စုကျင်း၏ဓားသည် မေးဂူ၏ရင်ဝသို့ တိုးဝင်လာသည်။

ထို့ပြင် စုမင်းကလည်း မေးဂူ၏ခေါင်း, ရင်ဝ, ခြေထောက်ဆီသို့ လက်နက်ပုန်းများ ပစ်လွှင့်လိုက်၏။

သူတို့သုံးယောက်သည် ယခုမှ လက်တွဲ၍ တိုက်ပွဲဝင်ခြင်း မဟုတ်ပါ။ တိုက်ပွဲပေါင်း မရေမတွက်နိုင်အောင်ပင် လက်တွဲတိုက်ခိုက်လာခဲ့ဖူးသည်သာ ဖြစ်သည်။

စုအင်း၏မြင်းမွေးတံက အားမာန်အပြည့်ဖြင့် ရန်သူ၏ အဓိကကျသော မျက်နှာဆီသို့ တိုက်ခိုက်လိုက်သည်။

စုကျင်း၏ဓားက ရန်သူ၏ရင်ဝသို့ ထိုးသွင်းလိုက်ပြီး ဖြစ်၏။

ထိုတဒင်္ဂအချိန်အတွင်းမှာပင် စုမင်းက လက်နက်ပုန်းများဖြင့် ရန်သူ၏ခန္ဓာကိုယ်အနှံ့သို့ ပစ်သွင်းလိုက်လေသည်။

မြင်းမွေးတံဖြင့် မျက်နှာကို တိုက်ခိုက်ခြင်းမှာ လူတစ်ယောက်၏အရေးကြီးဆုံး အစိတ်အပိုင်းမှာ မျက်စိဖြစ်သောကြောင့်ပင်။

မျက်စိရှိနေလျှင် ရန်သူလှုပ်ရှားသမျှကို တွေ့မြင်နေရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမျက်စိကို အရင်ဆုံး ပိတ်ပစ်ရမည်။

မျက်စိပိတ်သွားလျှင် ရန်သူ၏လှုပ်ရှားမှုကို မမြင်ရတော့ချေ။ ရန်သူကို စိတ်ကြိုက် တိုက်ခိုက်နိုင်လေပြီ။

ရန်သူက သူ့မျက်စိကို ကာကွယ်နေစဉ် ကျန်လူနှစ်ဦးက ရန်သူ၏စိတ်ကြိုက် သေကွင်းသေကွက်များကို တိုက်ခိုက်နိုင်ပေပြီ။

ယခု သူတို့သည် ထိုဖြစ်စဉ်အတိုင်း တိုက်ခိုက်ကြခြင်း ဖြစ်သည်။

အကယ်၍ ရန်သူသည် မြင်းမွေးတံ၏တိုက်ခိုက်မှုကို လွတ်မြောက်အောင် ရှောင်တိမ်းနိုင်ခဲ့လျှင် ...

ထိုးသွင်းလာမည့်ဓားကိုမူ ရှောင်တိမ်းနိုင်စွမ်း ရှိမည်မဟုတ်ပါ။

ရှောင်တိမ်းနိုင်ခဲ့မည်ဆိုလျှင်လည်း စုမင်း၏လက်နက်ပုန်းများက ရန်သူအား လဲကျသွားစေမည်သာ ဖြစ်၏။

သို့သော် မေးဂူသည် သိုင်းပညာအလွန်ထက်မြက်သော ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်သည်။

ထို့ပြင် တိုက်ပွဲပေါင်းများစွာနှင့် ရင်ဆိုင်တွေ့ကြုံခဲ့ရဖူးသည့်အတွက် အတွေ့အကြုံရင့်ကျက်သော လူတစ်ယောက် ဖြစ်၏။



ယင်းကြောင့် သူသည် စုမင်းတို့၏တိုက်ခိုက်ခြင်းမှ လွတ်အောင်ရှောင်တိမ်းနိုင်ခဲ့လေသည်။

ပထမဆုံး သူက သူ၏မျက်နှာဆီသို့ တိုးဝင်လာသော မြင်းမွေးတံအား ဓားဖြင့် ရိုက်ချလိုက်၏။

ထို့နောက် ခန္ဓာကိုယ်ကို တစ်ခြမ်းစောင်းပြီးသည်နှင့် လေထဲတွင် ကျွမ်းပစ်ရှောင်တိမ်းလိုက်သည်။

ဤသည်မှာ ရင်ဝကို ထိုးသွင်းလာသောဓားနှင့် လက်နက်ပုန်းများကို ရှောင်တိမ်းလိုက်ခြင်းပင် ဖြစ်ပါသည်။

ထိုအခါ စုကျင်း၏ဓားနှင့်စုမင်း ပစ်လွှတ်လိုက်သော လက်နက်ပုန်းများ၏ရန်မှ လွတ်မြောက်သွားသည်။

အဖြစ်အပျက်မှာ လျှင်မြန်လွန်းလှ၏။ စုမင်းမှာ အလွန်အံ့ဩသွားသည်။ မေးဂူသည် ခေသူတစ်ယောက် မဟုတ်ကြောင်းသူက ကောင်းစွာနားလည်သဘောပေါက်သွားသည်။

ထို့ကြောင့် ... သူက စူးရှစွာ အသံတစ်ချက် ပြုလိုက်ပြီးနောက်သို့ ခြေလှမ်း ၂၀ မျှ ဆုတ်ခွာသွားသည်။

သူသည် ဆုတ်လည်း ဆုတ်၊ လှုပ်ရှားမှုတစ်ခုကိုလည်း ပြုလုပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူက ကြာဇွေသဏ္ဍာန် လက်နက်ပုန်းများဖြင့် မေးဂူထံသို့ ပစ်လွှတ်လိုက်သည်။

'ဝှစ် ဝှစ်'

စုမင်း၏စူးရှသော အော်သံကိုကြားသည်နှင့် ချက်ချင်းပင် စုအင်းနှင့် စုကျင်းတို့မှာ နောက်သို့ ကပျာကယာ ခုန်ဆုတ်သွားကြသည်။ မေးဂူမှာ အံ့အားသင့်သွား၏။

စုအင်းတို့သည် အဘယ်ကြောင့် တိုက်ခိုက်မှုကို ရပ်တန့်ကာ နောက်သို့ ခုန်ဆုတ်သွားကြပါသနည်း။

တစ်ယောက်တည်း ခုန်ဆုတ်သည်မဟုတ်။ နှစ်ယောက် ခုန်ဆုတ်လိုက်ကြသည်။

ထိုစဉ်မှာပင် ကြာဇွေသဏ္ဍာန် လက်နက်ပုန်းသုံးခုက သူ့ထံသို့ တိုးဝင်လာသည်ကို တွေ့လိုက်ရလေတော့သည်။ မေးဂူမှာ ရင်ထိတ်သွား၏။

သူက ကမန်းကတန်း ရှောင်တိမ်းရန် ကြိုးစားလိုက်သည်။

သို့သော် လက်နက်ပုန်းများ ပစ်လွှင့်လာသည့်အရှိန်မှာ ပြင်းထန်လှသဖြင့် ရှောင်တိမ်းရန် မဖြစ်နိုင်တော့ပါချေ။ ယင်းကြောင့် သူက လက်ထဲမှဓားဖြင့် လက်နက်ပုန်းများအား ရိုက်ချလိုက်၏။



သူ၏ဓားသည် လက်နက်ပုန်းကလေးနှစ်ခုကို ရိုက်ချလိုက်သည်နှင့် ထိုလက်နက်ပုန်းကလေးနှစ်ခုသည် စုကျင်းထံသို့ လွင့်စဉ်သွားလေသည်။

တတိယလက်နက်ပုန်းမှာမူ ...

ဓားဦးနှင့် ထိတွေ့မိလိုက်သည်နှင့် ပေါက်ကွဲသွား၏။

'ဝုန်း'

ပေါက်ကွဲသံနှင့်အတူ အနီရောင်အမှုန့်များက ဝန်းကျင်တစ်ဝိုက်သို့ ပျံ့လွင့်သွားလေတော့သည်။

မေးဂူမှာ အလွန်ထိတ်လန့်သွား၏။ သူက ထိုအနီရောင် အမှုန့်များအား ဓားဦးဖြင့် ဇွေယမ်းလိုက်သည်။

တစ်ဆက်တည်းပင် နောက်သို့ ကျွမ်းသုံးလေးပတ်မျှပစ်၍ ရှောင်တိမ်းလိုက်လေတော့သည်။

အနီရောင်မှုန့်များ လေထဲသို့ ပျံ့လွင့်စဉ် သူ့ကဲ့သို့ နောက်ကျွမ်းပစ်ပြီး ရှောင်တိမ်းနိုင်မည့်လူမှာ နည်းပါးလှသည်။

မေးဂူ၏နဖူးပေါ်တွင် ချွေးများ တသွင်သွင်စီးကျနေ၏။

ထိုအနီရောင်မှုန့်များကို လူက ကောင်းစွာသိရှိထားသည် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



ထိုအနီရောင်အမှုန့်များသည် အသားစားအဆိပ်မှုန့်များပင် ဖြစ်သည်။

ယင်းအဆိပ်မှုန့်များသည် လူနှင့် ထိတွေ့မိလိုက်ပါက လူ၏ အသားများကို စားပစ်လိုက်ပြီး အရိုးစုအဖြစ်သို့ ပြောင်းလဲသွားစေနိုင်သော အဆိပ်မှုန့်များ ဖြစ်ကြ၏။

ယခု သူသည် ရှောင်တိမ်းရန် ခက်ခဲသော အသားစား အဆိပ်မှုန့်ကို ရှောင်တိမ်းနိုင်ခဲ့ပြီဖြစ်သည်။

ရုတ်တရက် မေးဂူ၏မျက်လုံးအစုံမှာ ပြူးကျယ်သွား၏။

'ဖုန်း ဖုန်း'

အသံနှစ်ချက် မြည်ဟီးသွားသည်။

သူသည် မယုံကြည်နိုင်စွာဖြင့် စုအင်းနှင့် စုကျင်းတို့ထံသို့ လှမ်းကြည့်လိုက်မိတော့သည်။

အဘယ်ကြောင့် သူ၏ဓားဖြင့် ရိုက်ထုတ်လိုက်သော အသားစားအဆိပ်မှုန့် လက်နက်ပုန်းနှစ်ခုသည် စုအင်းနှင့်စုကျင်းတို့၏အနီးတွင် ပေါက်ကွဲသွားသည်ကို တွေ့လိုက်ရသောကြောင့်ပေတည်း။

ထိုအခါ ...



အနီရောင်အဆိပ်မှုန့်များသည် စုအင်းနှင့်စုကျင်းတို့၏ ခန္ဓာကိုယ်ပေါ်သို့ ကျရောက်သွားသည်။

အမှန်တွင် သူတို့နှစ်ယောက်သည် စုအင်းက လက်နက်ပုန်းဖြင့် ပစ်ခတ်လိုက်သောအခါ ထွက်ပေါ်လာမည့် အနီရောင်အသားစား အဆိပ်မှုန့်များကို ရှောင်တိမ်းနိုင်ရန် နောက်သို့ ဆုတ်သွားခြင်းဖြစ်၏။

ဤအသားစားအဆိပ်မှုန့်သည် သိုင်းလောက၌ နာမည်ဆိုးဖြင့် ကျော်ကြား၏။ ထိုအဆိပ်ကို လူတိုင်း ကြောက်ကြသည်။

ထိုအဆိပ်မျိုးကို အထက်လမ်း သိုင်းလောကသားတို့က မည်သူမျှ မကိုင်ကြချေ။ ယခု သူတို့ထဲမှ တစ်ယောက်က ပစ်ခတ်လိုက်သောအခါ ကျန်နှစ်ယောက်က ခုန်ဆုတ်သွားသည်။ သို့သော် ဝေးဝေးတော့ ဆုတ်ကြသည် မဟုတ်ပေ။

ထို့ကြောင့်လည်း မေးဂူ ရိုက်ထုတ်လိုက်သောအခါ လက်နက်ပုန်းနှစ်ခုသည် ထိုနှစ်ယောက်ထံသို့ လွင့်စဉ်သွားပြီး ထိုနှစ်ယောက်အနီးတွင် ပေါက်ကွဲသွားခဲ့ရခြင်းဖြစ်သည်။

စုမင်းသည် ထိတ်လန့်စွာအော်ဟစ်လိုက်ပြီး မြေပေါ်သို့ လဲကျသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မြေပြင်ပေါ်တွင် လူးလိမ့်ကာ အော်လိုက်သည်။

အလားတူပင် စုကျင်းသည်လည်း နာကျင်စွာအော်ဟစ်ကာ မြေပေါ်သို့ လဲကျသွားလေသည်။ သူတို့နှစ်ယောက်သည် ရေတော်သူများပမာ မိမိ၏အင်္ကျီများကို ဆွဲဆုတ်၍ လူးလိမ့်အော်ဟစ်နေကြ၏။

အတန်ကြာသောအခါ စုအင်းနှင့်စုကျင်းတို့၏ခန္ဓာကိုယ်များမှာ ငြိမ်သက်သွားကြလေတော့သည်။

စုမင်းက အံကို တင်းတင်းကြိတ်လိုက်၏။

သူ၏လက်နက်ပုန်းသည် မေးဂူအား ထိခိုက်ခြင်းမရှိဘဲ မိမိ၏လူနှစ်ယောက်ကို ပြန်ထိကာ သေဆုံးသွားခဲ့ရသည်။

ဤအတွက် သူ လွန်စွာဒေါသထွက်သည်။

မေးဂူက သက်ပြင်းတစ်ချက် ချလိုက်သည်။

သူက စုမင်းအား စေ့စေ့ကြည့်လိုက်၏။

"မင်းရဲ့အသားစားအဆိပ် လက်နက်ပုန်းကို ရှောင်တိမ်းနိုင်သူ မရှိသေးဘူး မဟုတ်လား"

စုမင်းက ခြောက်သွေ့အက်ကွဲသော လေသံဖြင့် ပြောလိုက်သည်။

"ခင်ဗျားက လွဲရင်ပေါ့"



မေးဂူက သူ့အားကြည့်ကာ မေးလိုက်၏။

"မင်းက ဘယ်နှစ်ကြိမ် အသုံးပြုခဲ့ပြီးပြီလဲ"

စုမင်းက အနည်းငယ်စဉ်းစားကာ ဖြေလိုက်သည်။

"ဆယ့်နှစ်ကြိမ်"

မေးဂူက ထပ်မေးလိုက်၏။

"တစ်ခါမှ မလွဲချော်ခဲ့သေးဘူး မဟုတ်လား"

စုမင်းက သက်ပြင်းချလိုက်သည်။

"အင်း ... ဒီတစ်ကြိမ်ကလွဲလို့ ကျန်တဲ့ ဆယ့်တစ်ကြိမ်မှာ တစ်ခါမှ မလွဲချော်ခဲ့သေးဘူး။ ပစ်တိုင်းပစ်တိုင်း အောင်မြင်ခဲ့တာချည်းပဲ၊ ဒီတစ်ကြိမ်မှာ နှစ်လုံးကို ခင်ဗျား ရိုက်ထုတ်နိုင်ခဲ့ပေမယ့် တစ်လုံးကတော့ ခင်ဗျားအနီးမှာ ပေါက်သွားတာပဲ၊ ခင်ဗျားက အမြန်ဆုံး ရှောင်နိုင်ခဲ့တယ်"

မေးဂူက မြေပေါ်တွင် လဲကျနေသော စုအင်းနှင့်စုကျင်းတို့ကို တစ်ချက်ကြည့်လိုက်၏။

"သူတို့က ကျုပ်ရှောင်တိမ်းနိုင်မှာ မဟုတ်ဘူးလို့ ထင်နေကြတယ် မဟုတ်လား"

စုမင်းက ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ဒါကြောင့်လည်း သူတို့က နောက်ကို နည်းနည်းပဲဆုတ်တာပေါ့။ တကယ်လို့ သူတို့က နောက်ထပ် ငါးကိုက်လောက် ထပ်ပြီးဆုတ်သွားမယ်ဆိုရင် သူတို့ ခုလိုသေမှာမဟုတ်ဘူး"

မေးဂူက ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

"မင်းရဲ့လက်နက်ပုန်းကို ကျုပ်က ရှောင်နိုင်မှာ၊ မဟုတ်ဘူးလို့ ယူဆတဲ့လူနှစ်ယောက်ကတော့ သေဆုံးသွားပြီ၊ မင်းကကော ဘယ်လိုဆုံးဖြတ်သလဲ"

စုမင်းမှာ နောက်သို့ မသိမသာ ဆုတ်သွားသည်။

"ခင်ဗျားက လူသေအလောင်းနှစ်ခုတောင် ရထားပြီးမှ နောက်ထပ် အလောင်းတစ်ခု လိုနေသေးသလားဗျ။ ဒီအလောင်းဆိုလုံလောက်ပါပြီ"

မေးဂူက ...

"ခက်တယ်ဗျာ၊ ကျုပ်က ခေါင်းတလား သုံးလုံးကို သယ်ခဲ့တာဗျ။ တို့နှစ်ယောက်က ခေါင်းသုံးလုံးနဲ့ စောင့်နေတာဗျ။ မယုံရင် ခင်ဗျား သွားကြည့်ပါလား"

"ဘာဖြစ်သလဲဗျာ၊ ခေါင်းနှစ်လုံးပဲ အသုံးပြုပေါ့"

မေးဂူက သက်ပြင်းချလိုက်၏။



"ကျုပ်က ကျုပ်သမက်ကို လူသေအလောင်းသုံးလောင်း ပေးမယ်လို့ ကတိပေးခဲ့တာဗျ၊ ကျုပ်ကတိကို မဖျက်ချင်ဘူး"

သူ၏အသံမှာ ရေခဲတမျှ အေးစက်နေသည်။

သူက စုမင်းအား တစ်ချက်ကြည့်ကာ စကားဆက်လိုက်၏။

"မင်းရဲ့လက်နက်ပုန်းကို ရှောင်တိမ်းနိုင်တဲ့လူ ရှိနေပြီမဟုတ်လား"

စုမင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

သူက မဲ့ပြုံးပြုံးလိုက်၏။

"ဒီလိုဆိုရင် မင်းက ဘာလုပ်နေတာလဲ၊ မင်းအဖော်တွေနဲ့ အတူတူရောပြီး သေလိုက်ပေါ့"

စုမင်းက ခေါင်းညိတ်လိုက်သည်။

"ကောင်းပါပြီဗျာ"

ပြောပြီးသည်နှင့် သူက လက်နှစ်ဖက်ကို အဆက်မပြတ် ဝှေ့ယမ်းလိုက်သည်။ ထိုအခါ များပြားလှစွာသော အနီသီအပ်ကလေးများသည် မေးဂူထံသို့ လွင့်ပျံလာလေတော့၏။

❊❊❊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

အသားစား အဆိပ်လက်နက်ပုန်း။

သိုင်းလောကတွင် ရှောင်တိမ်းနိုင်သူမရှိသော လက်နက်ပုန်း ဖြစ်၏။

သို့သော် မေးဝှက ကောင်းစွာ ရှောင်တိမ်းနိုင်ခဲ့သည်။

ထို့ကြောင့် နောက်ထပ် ပစ်လွှတ်လိုက်သော အဆိပ်အပ်များအား သူက အလွယ်တကူပင် ရှောင်တိမ်းနိုင်လိမ့်မည်ဟု စုမင်းက ကောင်းစွာ သဘောပေါက်ထား၏။

စုမင်း ပစ်လွှတ်လိုက်ခြင်းမှာ သူ့အား လုပ်ကြံရန် မဟုတ်ပေ။ သူ ရှောင်တိမ်းနေစဉ်အတွင်း ထွက်ပြေးခွင့်ရရန် ဖြစ်သည်။

'ဗိုး ... ဗိုး'

သူသည် လက်နက်ပုန်းများကို ပစ်လွှတ်သည်။ မေးဝှ မည်သို့ဖြစ်နေသည်ကို သူ မကြည့်တော့ပေ။



သူသည် လက်နက်ပုန်းများအား တရကြမ်း ပစ်လွှတ်ပြီးသည်နှင့် တစ်ပြိုင်နက် နောက်သို့ ချာခနဲလှည့်ကာ ထိုနေရာမှ ပြေးထွက်သွားလေတော့သည်။

ရုတ်တရက် ...

"ရပ်လိုက်"

အသံနှင့်အတူ လူရိပ်တစ်ခုက သူ၏ပြေးလမ်းအား ပိတ်ဆို့ထားသည်ကို မြင်တွေ့လိုက်ရ၏။ သူသည် ပထမဦး မေးဝှသည် သူ့အား လျှင်မြန်ဖျတ်လတ်စွာ တားဆီးလာသည်ဟု ထင်လိုက်မိ၏။

တကယ်ကြည့်လိုက်သောအခါ မေးဝှမဟုတ်ပေ။

ထိုလူသည် အသက် ၂၈ နှစ်ခန့်ရှိသော လူရွယ်တစ်ယောက်ဖြစ်သည်။ အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး ယောကျ်ားပီသစွာ ချောမောခန့်ညားသူတစ်ယောက်ဖြစ်၏။

ထိုလူရွယ်အား မြင်တွေ့လိုက်ရသောအခါ ...

စုမင်းမှာ ထိတ်လန့်သွားသည်။

သူက အထစ်ထစ်အငေါ့ငေါ့ဖြင့် မေးလိုက်သည်။

"မင်း မင်း ဘယ်သူလဲ"

လူရွယ်က အဖြေမပေးပါချေ။

www.burmeseclassic.com

www.burmeseclassic.com



စမင်းက မေးဂူဘက်သို့လှည့်ကာ ပြောလိုက်သည်။

"ခင်ဗျားက အဖော်ခေါ်လာတယ်ပေါ့ ဟုတ်လား"

မေးဂူ ခေါင်းခါလိုက်လေသည်။

"မဟုတ်ဘူး"

စမင်းက လူရွယ်အားကြည့်ကာ မေးလိုက်သည်။

"ခင်ဗျားက မေးဂူရဲ့မိတ်ဆွေလား"

လူရွယ်က ပြုံးလိုက်၏။

"ဒါကတော့ ခင်ဗျားထင်ချင်သလို ထင်နိုင်ပါတယ်"

စမင်းမှာ ရင်ထိတ်သွားသည်။ ယခု သူ့အနေဖြင့် ထွက်ပြေးတိမ်းရှောင်သွားရန် မဖြစ်နိုင်တော့ပါချေ။

ယင်းကြောင့် အံကို တင်းတင်းကြိတ်ကာ ကျောတွင် လွယ်ထိုးထားသော လှံတံကို ဆွဲထုတ်လိုက်၏။ ထိုလှံတံမှာ အသွားနှစ်ခုရှိသော လှံတစ်မျိုး ဖြစ်လေသည်။

ထိုကဲ့သို့သောလှံမျိုးသည် ရန်သူကို များစွာ ဒုက္ခပေးနိုင်၏။ စမင်းက လှံတံကို တင်းကျပ်စွာ ဆုပ်ကိုင်ကာ လူရွယ်အား တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

မေးဂူက ကမန်းကတန်း ဟန့်တားလိုက်၏။



"နေဦး"

စမင်းက မျက်မှောင်ကြုတ်လိုက်သည်။

"ဘာဖြစ်လို့လဲ"

မေးဂူက တည်ကြည်သောမျက်နှာထားဖြင့် ပြောလိုက်လေ၏။

"သူက မင်းရဲ့ရန်သူမှမဟုတ်ဘဲ၊ မင်းနဲ့ တိုက်ခိုက်နေတာက ကျုပ်ဆိုတာ မမေ့နဲ့ဦးလေ၊ ဘယ်နှယ် ရန်သူနဲ့ မတိုက်ဘဲ ရန်သူမဟုတ်တဲ့လူကို သွားတိုက်တယ်လို့ သိုင်းလောကမှာ ရယ်စရာဖြစ်နေဦးမယ်"

စမင်း ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်သည်။

"ကောင်းပါပြီဗျာ၊ ဒါဖြင့် ကျုပ်က ခင်ဗျားကိုပဲ သတ်ရမှာပေါ့"

စကားဆုံးသည်နှင့် သူက မေးဂူအား တစ်ဟုန်ထိုး တိုက်ခိုက်လိုက်လေတော့သည်။ လှံတံသည် မြွေဟောက်တစ်ကောင်ပမာ မေးဂူထံသို့ တိုးဝင်လာ၏။

တစ်ခဏအတွင်းမှာပင် လှံတံ၏အရိပ်များက မေးဂူ၏ခန္ဓာကိုယ်အား လွှမ်းခြုံသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



စုမင်းသည် မိစ္ဆာသုံးဖော်အနက် သိုင်းပညာအဆင့်အမြင့်ဆုံးလူတစ်ယောက် ဖြစ်သည်။

သူ၏တိုက်ကွက်များမှာ အားမာန်အပြည့်ရှိပြီး ရန်သူ၏အဓိကကျသော နေရာများသို့သာ တိုက်ခိုက်တတ်သည်။

သို့သော် မေးဂူက မမှုပါချေ။

သူက ဓားကို စက်ဝိုင်းသဏ္ဍာန် ဝှေ့ယမ်းလိုက်သည်။

ထိုအခါ သူ၏ခန္ဓာကိုယ်ပေါ်တွင် လွှမ်းမိုးနေသော လုံရိပ်များမှာ ရုတ်ခြည်းပင် ပျောက်ကွယ်သွား၏။ စုမင်းက ထိတ်လန့်စွာဖြင့် နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်သည်။

ထို့နောက် အံကို တင်းတင်းကြိတ်ကာ မေးဂူအား ခုန်အုပ်လိုက်လေ၏။

တစ်ဆက်တည်းမှာပင် လက်ထဲမှ လှံတံဖြင့် မေးဂူအားအားကုန်ထိုးသွင်းလိုက်သည်။

သူသည် ထွက်ပြေးရန် မဖြစ်နိုင်တော့ကြောင်း ရိပ်မိလိုက်သဖြင့် ယခုကဲ့သို့ သူသေကိုယ်သေ အသက်စွန့် တိုက်ခိုက်လိုက်ခြင်းဖြစ်၏။

သူသေကိုယ်သေတိုက်ကွက်ကို သုံးလိုက်ခြင်းဖြစ်သည်။



တစ်ခါတစ်ရံ အသက်စွန့်တိုက်ခိုက်ခြင်းသည် အသက်ဘေးမှ လွတ်မြောက်တတ်သည် မဟုတ်ပါလော။

❋

'ချွမ်း'

သံသံချင်းထိခိုက်မိသံတစ်ချက် ထွက်ပေါ်လာ၏။

စုမင်း၏နှစ်ဖက်သွားလှံတံသည် မြေပေါ်သို့ လွင့်စဉ်ကျသွားသည်။

ထို့ပြင် စုမင်းမှာလည်း နောက်သို့ ခြေလှမ်းသုံးလှမ်းမျှဆုတ်လိုက်ရ၏။

ယခု သူသည် လုံးဝရှုံးနိမ့်သွားပြီဖြစ်၏။ လက်နက်လက်လွှတ်ဆုံးရှုံးခြင်းသည် လူဆုံးရှုံးခြင်းပင် မဟုတ်ပါလော။

သူ၏ခန္ဓာကိုယ်မှာ တုန်တုန်ယင်ယင်ဖြစ်လာ၏။

သေခြင်းတရားသည် သူနှင့်အနီးဆုံးသို့ ရောက်လာပြီဟု သူက ခံစားလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မေးဂုကမူ မလှုပ်မယှက် ရပ်တန့်နေ၏။ သူက လက်ထဲမှဓားအား အောက်သို့ တွဲလောင်းချထားသည်။

မြေပြင်ပေါ်သို့ ဓားဦးမှသွေးများ တစ်စက်စက်ကျနေလေသည်။ ယခု ဓားဦး၌ ကပ်ငြိနေသော အနီရောင်အသားစားအဆိပ်မှုန့်များသည် မည်သည့်နေရာသို့ ရောက်ရှိသွားကြပါသနည်း။

ရုတ်တရက် စုမင်းမှာ သူ၏ရင်ဝတွင် အနည်းငယ် နာကျင်လာသည်ဟု ခံစားလိုက်ရ၏။

သူက သူ၏ရင်ဘတ်ကိုကြည့်လိုက်သည်။ ထိုအခါ သူ၏ မျက်လုံးအစုံမှာ ပြူးကျယ်သွား၏။

အဘယ်ကြောင့်ဆိုသော် သူ၏ရင်ဝတွင် တစ်ထွာခန့်ရှိ အနီရောင်အစင်းကြောင်းတစ်ခုကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်သည်။ စုမင်း၏မျက်နှာမှာ ကွက်ခနဲပျက်သွား၏။

သူက မေးဂုအားကြည့်ကာ မေးလိုက်သည်။

"ခင်ဗျားက ကျုပ် ဒဏ်ရာရသွားလို့ ဆက်ပြီးမတိုက်တော့တာလား"

သူက ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်တယ်"



စုမင်းက မျက်မှောင်ကုတ်လိုက်သည်။

"ဒါဖြင့် ခင်ဗျားက ကျုပ်ကို မသတ်တော့ဘူးပေါ့"

သူက သက်ပြင်းချလိုက်၏။

"ကျုပ်က ခင်ဗျားကို တစ်ခါတည်း သတ်ပစ်မလို့ပဲ၊ ဒါပေမဲ့"

စုမင်းက သူ့အား စိုက်ကြည့်ကာ မေးလိုက်သည်။

"ဒါပေမဲ့ ဘာဖြစ်သလဲ"

သူက တည်ငြိမ်သောလေသံဖြင့် ပြောလိုက်၏။

"ဒါပေမဲ့ ခင်ဗျားကို ကျုပ်သတ်စရာ မလိုတော့ပါဘူး"

စုမင်းမှာ ကြောင်အမ်းအမ်းဖြစ်သွားသည်။

ရုတ်တရက် စုမင်း၏ခန္ဓာကိုယ်မှာ တုန်ခါသွား၏။

ထို့နောက် သူသည် နာကျင်စွာ အော်ဟစ်ကာ မြေပေါ်သို့ လဲကျသွားလေတော့သည်။

စုမင်းသည် သူ၏အသားစားအဆိပ်မှုန့်ဖြင့် သိုင်းလောက တစ်ခုလုံးအား ချောက်ချားစေခဲ့သည်။

သူ၏အဆိပ်မှုန့်ဖြင့် ပြိုင်ဘက်ရန်သူများကို ချေမှုန်းခဲ့သည်။ နွားခြေရာနောက်သို့ လှည်းဘီးသည် ထက်ကြပ်လိုက်သကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



သူမှားယွင်းစွာ လုပ်ဆောင်ခဲ့သည့် အဖြစ်သည်လည်း သူ့နောက်သို့ မခွဲမခွာ လိုက်ပါလာခဲ့သည်။

သူသည် အခြားသူများအား အဆိပ်မှုန့်ဖြင့် သတ်ဖြတ်ခဲ့သည်။ ယခု သူလည်း သူ၏အဆိပ်မှုန့်ဖြင့် သေဆုံးသွားခဲ့ရလေပြီ။

လေတိုက်ခတ်မှုမှာ အနည်းငယ် လျော့ပါးသွားပြီဖြစ်၏။ မေးဂူက ဓားကို ဓားအိမ်ထဲသို့ ထိုးသွင်းလိုက်သည်။

ထို့နောက် တောင်ခြေတစ်နေရာသို့ လှမ်းမျှော်ကြည့်လိုက်၏။ အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသောလူရွယ်က သူ့အား ကြည့်ကာ ရှိုးကျိုးလိုက်သည်။

"အင်း ... ခင်ဗျားရဲ့သိုင်းပညာဟာ အတော်ကို ထက်မြက်ပါပေတယ်"

မေးဂူက လူရွယ်အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်၏။ လူရွယ်၏ခန္ဓာကိုယ်မှာ ယောကျ်ားပီသစွာ ကျစ်လျစ်တောင့်တင်းလှသည်။

သူ၏မျက်နှာမှာမူ တည်ကြည်လေးနက်သော အသွင်ကိုဆောင်နေ၏။ မေးဂူသည် ဤလူငယ်အား သိုင်းလောကတွင် မတွေ့ခဲ့ဖူးပေ။



ခက်ဘည်မှာ သိုင်းလောကသားတိုင်းအား သိရှိမှတ်မိနေရန်မှာလည်း မဖြစ်နိုင်ချေ။ အဘယ်ကြောင့်ဆိုသော် သိုင်းလောကသားများမှာ အဆက်မပြတ် တိုးပွားနေသောကြောင့်ပေတည်း။

မေးဂူက လူရွယ်အား မေးလိုက်သည်။

"မင်း ဘယ်သူလဲ"

လူရွယ်က ပြုံးလိုက်သည်။

"ကျုပ်က အညတရသိုင်းသမားတစ်ယောက်ပါ။ ခင်ဗျားက ကျုပ်ကို မသိပေမယ့် ကျုပ်က ခင်ဗျားကို သိထားပါတယ်"

သူက အံ့သြသွားသည်။

"မင်းက ကျုပ်ကိုသိတယ် ဟုတ်လား"

လူရွယ်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ ကျုပ် သိုင်းလောကထဲကို ဝင်ရောက်လာကတည်းက လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်က နာမည်ကြီးခဲ့တဲ့ သိုင်းသမားတွေကို လေ့လာထားခဲ့ပါတယ်၊ ခင်ဗျားလို သိုင်းသမားမျိုးပေါ့ဗျာ"

သူက မျက်မှောင်ကုတ်သွားသည်။

"မင်းက ဘာကိုဆိုလိုတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



လူရွယ်က တည်ကြည်သောလေသံဖြင့် ပြောလိုက်၏။

"ကျုပ်က နာမည်ကြီးခဲ့တဲ့ သိုင်းသမားတွေကို ယှဉ်ပြိုင်ဖို့ ပါ"

သူက အခုံးတွန့်လိုက်သည်။

"မင်းက ကျုပ်နဲ့ ယှဉ်ပြိုင်တိုက်ခိုက်ချင်တယ်ဆိုပါတော့"

လူရွယ်က ခေါင်းညိတ်လိုက်၏။

"အရင်ကတော့ ဟုတ်ပါတယ်ဗျာ၊ ဒါပေမဲ့ အခုတော့ ကျုပ်ရဲ့စိတ်ထား ပြောင်းသွားပါပြီ၊ အခု ခင်ဗျားတို့ တိုက်ပွဲကိုကြည့်ပြီး သဘောထားပြောင်းသွားပြီ"

သူက အံ့အားသင့်သွားသည်။

"ဘာ မင်းက စိတ်ထားပြောင်းသွားပြီ ဟုတ်လား"

လူရွယ်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ ဒီမိစ္ဆာသုံးဖော် သေဆုံးသွားတဲ့အတွက် ကျုပ်က စိတ်ထားပြောင်းလိုက်တာပါ၊ ဒါပေမဲ့ ရွှေယပ်တောင် ရင်လူ ကတော့ ကံမကောင်းရှာဘူး"

သူက အံ့ဩသွားသည်။

"ရွှေယပ်တောင်ရင်လူ ဟုတ်လား၊ သူ ဘာဖြစ်လို့လဲ"



လူရွယ်က ပြုံးလိုက်၏။

"သူက ကျုပ်ရဲ့လက်ဝါးတစ်ချက်မိသွားတယ်ဗျ"

သူ၏မျက်လုံးအစုံမှာ ပြူးကျယ်သွားသည်။

"ဘာပြောတယ်"

လူရွယ်က သက်ပြင်းချလိုက်၏။

"ခင်ဗျား ကျုပ်ပြောတာ သဘောမပေါက်ဘူးနဲ့ တူတယ်"

"ကျုပ် ကျုပ်"

"ခင်ဗျား ပြန်မေးနေတာပဲ၊ ကိစ္စက ရှင်းရှင်းလေးပါ၊ သူနဲ့ ကျုပ် ယှဉ်ပြိုင်တိုက်ကြတယ်၊ သူက ကျုပ်ရဲ့လက်ဝါးတစ်ချက် ထိသွားတယ်၊ ဒီလက်ဝါးရိုက်ချက်နဲ့ သူသေသွားတာပဲဗျ"

ထိုစကားကြောင့် မေးဂူ၏ခန္ဓာကိုယ်တစ်ခုလုံး အေးစက်တောင့်တင်းသွားလေသည်။

သူသည် ရွှေယပ်တောင်ရင်လူကို ကောင်းစွာသိရှိထားခဲ့၏။ ရင်လူ၏ရွှေယပ်တောင်သိုင်းကွက် သုံးဆယ့်နှစ်ကွက်မှာ အငြိမ် နှစ်ဆယ်တိုင် ပြိုင်စံမဲ့ဖြစ်ခဲ့သည်။

သိုင်းလောက၌ သူ့အား ယှဉ်ပြိုင်တိုက်ခိုက်ပွဲတိုင်းကို သိုင်းကွက် သုံးဆယ့်နှစ်ကွက်အထိပင် မသုံးခဲ့ရချေ။

www.burmeseclassic.com



တော်တော်စွမ်းအားကြီးသူများကိုသာ သုံးဆယ့်နှစ်ကွက်အထိ သုံးခဲ့ရသည်။ သူနှင့် ယှဉ်ပြိုင်သူတိုင်း အရှုံးပေးလျှင်ပေး၊ မပေးလျှင် သေဆုံးရသည်သာ ဖြစ်သည်။

ယခုတော့ ရွှေယပ်တောင် သိုင်းကွက်မှ သုံးဆယ့်နှစ်ကွက်ကို တတ်မြောက်သူ မရှိတော့ပေ။

ယခု ရင်လူမှာ သေဆုံးသွားခဲ့ရပြီ ဖြစ်၏။ အမည်မသိလူရွယ်၏လက်ချက်ဖြင့် သေဆုံးသွားခဲ့ရခြင်း ဖြစ်သည်။

ရင်လူ၏သိုင်းပညာနှင့် မိမိ၏သိုင်းပညာမှာ အနည်းငယ်ကွာခြားမှုမျှသာရှိကြောင်း မေးဝူက နားလည်ထား၏။

သူ့အနေဖြင့် ထိုလူရွယ်နှင့် ရင်ဆိုင်တိုက်ခိုက်ရပါက ရင်လူကဲ့သို့ သေဆုံးသွားရမည်လေး။

မေးဝူ ခေါင်းခါယမ်းလိုက်သည်။ ရင်လူသေသကဲ့သို့ မိမိသေမည်ဟု ပြောမရချေ။ သိုင်းပြိုင်ရာတွင် သတိအရေးကြီးသည်။

ရင်လူသည် မည်သည့်အမှား ပြုလုပ်ခဲ့သည် မဆိုနိုင်ချေ။

မိမိသည် ယခုအထိ အသက်ရှင်နေခြင်းမှာ သတိကြီးစွာထား၍ ဖြစ်သည်။ သိုင်းသမား၏အသက်သည် သတိပေါ်တွင် တည်သည်။



သိုင်းပညာ ကွာခြားနေလျှင်တော့ သတိသည် အရေးမပါတော့ပါ။ သူသည် အမည်မသိလူရွယ်အား အရှုံးပေးရမည်ကို လုံးဝလက်မခံနိုင်ပါချေ။

သို့သော် သူသည် မိစ္ဆာသုံးဖော်နှင့် တိုက်ခိုက်ခဲ့ရခြင်းကြောင့် အတွင်းအားများ ကုန်ဆုံးနေပြီဖြစ်၍ မိစ္ဆာသုံးဖော်၏ တိုက်အားကို အထင်သေး၍မရပါ။

သူတို့နှင့် ရင်ဆိုင်နေရိုန်အတွင်း၌ အတွင်းအားများ သုံးခဲ့ရသည်။ အကယ်၍သာ သူ့အနေဖြင့် အဖြူရောင်ဝတ်ထားသောလူရွယ်နှင့် ရင်ဆိုင်ပါက မလွဲမသွေ ရှုံးနိမ့်သွားရမည်သာ ဖြစ်သည်။

ထိုသို့တွေးမိသည်နှင့် မေးဝူ၏နဖူးပေါ်မှ ချွေးများစီးဆင်းကျလာလေတော့သည်။ မေးဝူက လူရွယ်အား စိုက်ကြည့်ကာ မေးလိုက်၏။

"မင်းက ကျုပ်နဲ့ ယှဉ်ပြိုင်ချင်တဲ့စိတ်မရှိဘူး မဟုတ်လား"

သူ၏အသံမှာ ခြောက်ကပ်ကပ်နိုင်လွန်းလှသည်။

မတိုက်ဘူးဟူသောစကားကို သူကြားလိုလှသည်။

လူရွယ်က ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



မေးဂူသည် လွန်စွာဝမ်းသာသွားသည်။ အံ့အားလည်း သင့်သွား၏။

"ဘာဖြစ်လို့လဲ"

လူရွယ်က အေးတိအေးစက်လေသံဖြင့် ပြောလိုက်၏။

"ကျုပ်က ခင်ဗျားကို စိတ်ဝင်စားနေလို့ပါ"

မေးဂူမှာ နားမလည်နိုင်ဘဲ ဖြစ်သွားသည်။

"မင်း ဘာကိုဆိုလိုတာလဲ"

လူရွယ်က ပြုံးလိုက်၏။ မေးဂူက မျက်မှောင်ကြုတ်လိုက်၏။ လူရွယ်က တည်ကြည်သောမျက်နှာထားဖြင့် ပြောလိုက်လေ၏။

"ကျုပ်က သူတို့ရဲ့ သိုင်းပညာရပ်တွေကို ဖျက်ဆီးပစ်မလို့ပါ"

မေးဂူမှာ အံ့ဩသွားသည်။

"သူတို့နဲ့ ရန်ငြိုးရှိလို့လား"

လူရွယ်က ခေါင်းခါယမ်းလိုက်၏။

"မရှိပါဘူး၊ ဒါပေမဲ့ သူတို့က သိပ်ပြီး ဆိုးသွမ်းလွန်းလို့ ကျုပ်က သူတို့ကို သိုင်းလောကထဲက မောင်းထုတ်မလို့ပါ၊ သတ်တော့ မသတ်ချင်ဘူးဗျာ"



မေးဂူက မျက်ခုံးပင့်ကြည့်လိုက်၏။

"ဒါဖြင့် သူတို့သေဆုံးသွားတာ မင်းအတွက် ဘာမှမထိခိုက်ဘူးပေါ့"

လူရွယ်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ ခင်ဗျားက သူတို့ကို သုတ်သင်လိုက်ပြီဆိုတော့ ကျုပ် သက်သာသွားတာပေါ့၊ ကျုပ်ကတော့ သတ်ဖို့ မရည်ရွယ်ပါဘူး၊ သေသွားတော့လည်း အေးတာပေါ့ဗျာ"

မေးဂူမှာ ထိုအခါမှ ပြုံးနိုင်တော့သည်။

"ဒါဆိုရင် မင်းက ကျုပ်ကို ကျေးဇူးတင်သင့်တာပေါ့"

လူရွယ်က သက်ပြင်းချလိုက်၏။

"ကျုပ် ဒီနေ့ သူတို့သုံးယောက်ကို သုတ်သင်ပစ်ဖို့ အားခဲလာတာ သူတို့မရှိတော့ဘူးဆိုတော့ ... ခင်ဗျားနဲ့ ရင်ဆိုင်မိလာတယ်"

ထိုအခါ မေးဂူ၏မျက်ခုံးများသည် မြင့်တက်သွားလေ၏။

သူနှင့်ငြိမ်းချမ်းရေးရပြီဟု ထင်မှတ်နေရာမှ ယခု စစ်ပွဲအခြေအနေသို့ စကားဦးသမ်းလာပြီ မဟုတ်ပါလား။

မေးဂူက မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဆက်ပြောပါဦးကွာ"

လူရွယ်က သူ့အား စိုက်ကြည့်လိုက်၏။

"ဒါပေမဲ့ ကျုပ်က ခင်ဗျားကို မသတ်ချင်ဘူးဗျ"

မေးဂူမှာ အံ့ဩသွားသည်။

"ဘာဖြစ်လို့လဲ"

လူရွယ်က ပြုံးလိုက်၏။

"ကျုပ်က ဆေးမကုတတ်ပေမယ့် ဆေးကုသတာတွေ စမ်းသပ်တာတွေတော့ ဝါသနာပါတယ်ဗျ၊ ခင်ဗျားသမက်ရဲ့ဆေးပညာအကြောင်းကြားတော့ ကျုပ် တော်တော်စိတ်ဝင်စားသွားတယ်၊ ကျုပ် ခင်ဗျားသမက်ရဲ့ဆေးပညာကို လေ့လာချင်တယ်ဗျာ"

ထိုစကားကြောင့် မေးဂူ၏ခန္ဓာကိုယ်မှာ ဆတ်ခနဲ တုန်ခါသွားလေသည်။

"မင်းက ကျုပ်တို့ပြောတဲ့စကားကို ကြားပြီပြီပေါ့ ... ဟုတ်လား"

လူရွယ်က သူ့အား လက်နှစ်ဖက်ဆုပ်၍ ဦးညွှတ်လိုက်လေ၏။

"ကျုပ်နာမည်က ချန်စွန်ပါ၊ ကျုပ်က ခင်ဗျားသမက်ရဲ့



ဆေးပညာကို လေ့လာချင်တယ်၊ ဒါကြောင့် ခင်ဗျားနဲ့ လိုက်ခဲ့ချင်ပါတယ်၊ ခင်ဗျားက ကျုပ်ကို မိတ်ဆွေတစ်ယောက်အဖြစ် အသိအမှတ်ပြုနိုင်ရင်ပေါ့လေ"

မေးဂူမှာ အံ့ဩလွန်းသဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ သို့သော် ချက်ချင်းပင် သတိဝင်လာပြီး ဝမ်းသာအားရဖြင့် ပြောလိုက်၏။

"ဟာ ... ငါက မင်းကို ဘာဖြစ်လို့ မိတ်ဆွေလို့မဆက်ဆံနိုင်ရမှာလဲ၊ မင်းကလည်း သိုင်းလောကထဲက လူဆိုးလူယုတ်သိုင်းသမားတွေကို ရှင်းထုတ်နေတဲ့သူ၊ ဒါကလည်း ရှင်းထုတ်ချင်တဲ့လူ၊ ရည်ရွယ်ချက်တူသူချင်း မိတ်ဆွေဖြစ်နိုင်ရမှာပေါ့ကွာ"

ချန်စွန်ဆိုသောလူရွယ်က သူ့အား စိုက်ကြည့်၍ မေးလိုက်သည်။

"ခင်ဗျားသမက်က လူသေအလောင်းကို အသက်သွင်းနိုင်တယ်ဆိုတာ ဟုတ်သလားဗျာ"

မေးဂူ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ဘာလဲ မင်းက မယုံလို့လား"

ချန်စွန် ခေါင်းခါယမ်းလိုက်၏။

www.burmeseclassic.com



"မဟုတ်ပါဘူး၊ သူက လူသေအလောင်းမဟုတ်တဲ့ အရိုးစုတွေကို အသက်သွင်းနိုင်ပုံမလား"

မေးဂူမှာ တွေဝေသွား၏။

"ရနိုင်တယ်ထင်တယ်"

ချန်စွန်က သက်ပြင်းချလိုက်၏။

"ဒါဆို တော်သေးတာပေါ့ဗျာ"

မေးဂူမှာ နားမလည်နိုင်ဘဲ ဖြစ်လေသည်။

"မင်း ဘာဖြစ်လို့ ဒီစကားကို ပြောတာလဲ"

ချန်စွန်က စုမင်းတို့လူစု လဲကျသေဆုံးနေသည့်နေရာသို့ လက်ညှိုးညွှန်ပြလိုက်၏။

"ခင်ဗျား မမြင်ဘူးဆိုတာ ကျုပ်သိတယ်၊ ဟိုမှာကြည့်လေ"

သူက ချန်စွန်ညွှန်ပြရာသို့ ကြည့်လိုက်သည်။

ထိုအခါ စုမင်း၊ စုအင်းနှင့် စုကျင်းတို့၏ အလောင်းကောင်များမှာ အရိုးစုများအဖြစ်သို့ ပြောင်းလဲသွားသည်ကို တွေ့မြင်လိုက်ရလေ၏။ အရိုးစုများမှာ ဖြူဖွေးနေသည်။

အသားဟူ၍ လုံးဝမရှိတော့ချေ။ မေးဂူမှာ အလွန်ထိတ်လန့်တုန်လှုပ် ဖြစ်နေ၏။



သူသည် အံ့ဩလွန်းသောကြောင့် မည်သို့မျှ စကားမဆိုနိုင်ပါချေ။ အတန်ကြာမှ သူက တုန်ခါသောလေသံဖြင့် ပြောလိုက်သည်။

"အသားစားအဆိပ်မှုန့်က ဒီလောက်တောင် အစွမ်းထက်လှချည်လား"

ချန်စွန်နီ ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ဒါပေမဲ့ စုမင်းက ဘယ်လိုကြောင့် ဒီအဆိပ်မိသွားရတာလဲ၊ ကျုပ်တော့ နားမလည်ဘူးဗျာ၊ အဆိပ်တွေ လွှင့်တုန်းက သူ့ကို မထိပါဘူး"

မေးဂူက သက်ပြင်းချလိုက်၏။

"သူက ကျုပ်ကို အဆိပ်လက်နက်ပုန်းသုံးခုနဲ့ ပစ်တဲ့အခါ နှစ်ခုက ကျုပ်ရိုက်ထုတ်ပစ်လိုက်လို့ စုအင်းနဲ့ စုကျင်းကို ထိမှန်သွားတယ်လေ၊ ကျန်တစ်ခုကတော့ ကျုပ်ဓားနဲ့ ထိပြီး ပေါက်ကွဲပြီး ကျုပ်ဓားနဲ့ ဝှေ့ယမ်းပစ်လိုက်ရတယ်၊ ဒါကြောင့် အဲဒီအဆိပ်မှုန့်တွေ ကျုပ်ရဲ့ဓားဖျားမှာ ကပ်နေခဲ့တယ်"

သူက စကားကိုရပ်ကာ ချန်စွန်အား အကဲခတ်ကြည့်လိုက်၏။

ပြီးမှ စကားဆက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"စုမင်းနဲ့ တိုက်ခိုက်တဲ့အခါမှာ ကျုပ်ရဲ့ဓားဖျားက သူ့ရဲ့ရင်ဝကို ဒဏ်ရာရသွားစေတော့ အဲဒီဒဏ်ရာကနေတစ်ဆင့် အဆိပ်တွေ ဝင်ရောက်သွားတော့တာပါပဲ"

ချန်စွန်က ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

"အင်း ... ယုတ်မာကောက်ကျစ်တဲ့လူဟာ နောက်ဆုံးတော့ သူ့ရဲ့အဆိပ်နဲ့ပဲ ပြန်ပြီး သေဆုံးသွားရတာပါပဲလား"

မေးဝူက တောင်ကုန်းဆင်ခြေလျှောသို့ လှမ်းကြည့်လိုက်ကာ လက်တစ်ချက် ဝှေ့ယမ်းပြလိုက်သည်။

ထိုအခါ သစ်ပင်တစ်ပင်အောက်တွင် ရပ်တန့်ထားသော မြင်းလှည်းသည် သူတို့ထံသို့ ဦးတည်မောင်းနှင်လာ၏။

မကြာပါချေ ...။

မြင်းလှည်းသည် သူတို့အနီးသို့ရောက်ရှိလာပြီး ရပ်တန့်သွားလေသည်။ မြင်းလှည်းပေါ်တွင် ခေါင်းသုံးလုံးပါရှိလာ၏။

မြင်းလှည်းကို မောင်းနှင်လာသူမှာ အနက်ရောင်ဝတ်ဆင်ထားသော လူနှစ်ယောက်ဖြစ်သည်။

မေးဝူက မြင်းလှည်းမောင်းနှင်လာသူအား ကြည့်ကာ မေးလိုက်၏။



"မင်းတို့က ကျုပ်ပြောပြထားတာတွေကို အကုန်လုံး မှတ်မိတယ်မဟုတ်လား"

ထိုလူနှစ်ယောက်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ မှတ်မိပါတယ်"

မေးဝူက ကျေနပ်စွာ ပြုံးလိုက်၏။

"ဒီအလောင်းတွေကို ချမ်းမြကျေးရွာကို ပြန်ယူသွားပြီး ထန်စန်းရဲ့လက်ထဲကို သေသေချာချာအပ်လိုက် ကြားလား"

အနက်ရောင်ဝတ်ဆင်ထားသော လူနှစ်ယောက်က ခေါင်းညိတ်လိုက်ပြန်သည်။

"ကောင်းပါပြီခင်ဗျာ၊ သခင်ကြီးမှာတဲ့အတိုင်း ဆောင်ရွက်ပါ့မယ် ခင်ဗျာ"

စကားဆုံးသည်နှင့် သူတို့သည် အရိုးစုများကို အခေါင်းများအတွင်းထည့်ရန် ပြင်ဆင်ကြ၏။

"တိုး ရပ်"

မေးဝူက တားလိုက်၏။

အနက်ရောင်ဝတ်ဆင်ထားသော အလုပ်သမားနှစ်ယောက်မှာ ကုန်းကုန်းကွကွကြီး ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ အဲဒီအရိုးစုတွေကို လက်နဲ့ မထိစေနဲ့"

"ဘာ ဘာဖြစ်လို့လဲ ခင်ဗျ"

"ဒီအရိုးစုတွေက ရိုးရိုးသေတဲ့ အရိုးစုတွေ မဟုတ်ဘူးကွ၊ တော်ကြာ မင်းတို့ပါ အဲဒီအဆိပ်မှုန့်တွေထဲ ပါသွားမယ်၊ ဂရုစိုက်ကြ"

ထို့ကြောင့် အလုပ်သမားနှစ်ယောက်သည် အရိုးများကို သူတို့၏လက်ဖြင့် မထိကြဘဲ အရိုးစုများကို ခေါင်းထဲသို့ ထည့်လိုက်ကြ၏။

ထို့နောက် အခေါင်းများအား မြင်းလှည်းပေါ်တွင်စီ၍ တင်ဆောင်လိုက်ကြပြန်သည်။

မေးဝူက အခေါင်းများအား တစ်ချက်ကြည့်ကာ ပြောလိုက်၏။

"ထန်စန်းကို ပြောလိုက်၊ ကျုပ်က မိတ်ဆွေတစ်ယောက်နဲ့ တွေ့နေလို့ တစ်ရက်လောက် နောက်ကျပြီးမှ ရွာကို ပြန်ရောက်မယ်လို့"

မြင်းလှည်းမောင်းသမားက ခေါင်းညိတ်လိုက်သည်။

ထို့နောက် ... မြင်းဇက်ကြိုးကို ဆောင့်ဆွဲလိုက်၏။

မြင်းနှစ်ကောင်သည် ကျယ်လောင်စွာ တစ်ချက်ဟီလိုက်ပြီး



ထိုနေရာမှ တစ်ဟုန်ထိုး ပြေးလွှားထွက်ခွာသွားလေတော့သည်။

မြင်းလှည်း အတော်ဝေးဝေးသို့ရောက်သွားမှ မေးဝူက ချန်စွန်ဘက်သို့လှည့်ကာ မေးလိုက်၏။

"မင်း ပန်းပေါင်းတစ်ရာအရက်ကို စိတ်ဝင်စားရဲ့လား"

ချန်စွန်က ပြုံးလိုက်သည်။

"ဒီနယ်တစ်ဝိုက်မှာ နာမည်ကြီးလှတဲ့ ပန်းပေါင်းတစ်ရာကို စိတ်မဝင်စားတဲ့လူ ရှိပါ့မလားဗျာ"

မေးဝူက သဘောကျကျေနပ်စွာ ပြောလိုက်၏။

"ဒီလိုဆိုရင် ဟန်တာပဲ၊ ကျုပ်ကလည်း အရက်သောက်မလို့၊ မင်း ငါ့ရဲ့မိတ်ဆွေဆိုတော့ မင်းကိုပါ ဖိတ်ခေါ်ရတော့မှာပေါ့ဗျာ"

စကားဆုံးသည်နှင့် သဘောကျစွာ ရယ်မောလိုက်သည်။

ထို့နောက် ...

ချန်စွန်နှင့်အတူ ထိုနေရာမှ ထွက်ခွာသွားလေတော့သည်။ မြင်းလှည်းသည် အရှိန်ပြင်းစွာ ပြေးလွှားနေ၏။

မြင်းလှည်းအား လူနှစ်ယောက်က မောင်းနှင်လာခြင်း ဖြစ်သည်။ မြင်းလှည်းပေါ်တွင် ခေါင်းသုံးလုံးပါရှိလာ၏။

www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းသည် ချမ်းမြကျေးရွာသို့ ဦးတည်ပြေးလွှားနေသည်။ ချမ်းမြကျေးရွာရှိ ဆေးဆရာထန်စန်းသည် လူသေကို အမှန်တကယ်ပင် အသက်သွင်းနိုင်ပါမည်လော။

အရိုးစုများသည်-ပြန်လည်၍ အသက်ရှင်လာနိုင်ပါမည်လော။ ဤမျှ ထူးဆန်းအံ့သြဖွယ်ကောင်းအောင် ထက်မြက်သော ဆေးပညာမျိုး ဤလောကၗ ရှိပါမည်လော။

တကယ်တော့ ဒဏ္ဍာရီပုံပြင်မျိုး၌သာ ဤဆေးပညာမျိုး ရှိနိုင်ပါသည်။

မည်သို့ဆိုစေ အရိုးစုများ တင်ဆောင်လာသည့် မြင်းလှည်းသည် ချမ်းမြကျေးရွာသို့ ဦးတည်ကာ အရှိန်ပြင်းစွာဖြင့် မောင်းနှင်နေလေတော့သည်။

❋❋❋



## အခန်း (၆)

နေမင်းကြီးသည် အနောက်ဘက် မိုးကုပ်စက်ဝိုင်းထဲသို့ ငုပ်လျှိုးပျောက်ကွယ်သွားပြီ ဖြစ်၏။

ယခု သူ၏အလင်းရောင် ကတ္တီပါစကြီးကို ဖြန့်ကျက်ထားသော်လည်း မကြာမီ ရုပ်သိမ်းတော့မည် ဖြစ်သည်။

ထိုသို့ ကြည့်ရှင်းကြည့်ရှင်းပင် ...

အလင်းရောင်မှာ တဖြည်းဖြည်း နောက်ဆုတ်လာလေသည်။ မကြာမီ အမှောင်ထုက လွှမ်းမိုးလာသည်။

ကူမင်းမြို့သည် မြို့လုံးတိတ်ဆိတ်နေသည်။

အချို့အိမ်များတွင် မီးအိမ်များပင် ထွန်းညှိထားကြပြီ ဖြစ်၏။ ချမ်းအေးလှသော ရာသီဥတု အခြေအနေကြောင့် ကူမင်းမြို့မှ လူများသည် မိမိတို့၏အိမ်ထဲ၌သာ နွေးထွေးစွာ ခိုလှုံနေကြသည်။

ထို့ကြောင့် ...

www.burmeseclassic.com

www.burmeseclassic.com



ကူမင်းမြို့ကလေးသည် မြူနှိုးများအောက်တွင် ပျင်းရိဖွယ် ကောင်းအောင်ပင် တိတ်ဆိတ်ငြိမ်သက်နေလေတော့သည်။

ရုတ်တရက် တိတ်ဆိတ်နေသော ပတ်ဝန်းကျင်တစ်ခုလုံးတွင် မြင်းလှည်းမောင်းနှင်လာသောအသံများ ဆူညံစွာထွက်ပေါ်လာ၏။

အသံနှင့်အတူ ရှည်လျားသော မြင်းလှည်းတန်းတစ်စုသည် ကူမင်းမြို့သို့ တဖြည်းဖြည်း ဝင်ရောက်လာတော့သည်။

မညသည့် မြင်းလှည်းတန်းကြီးနည်း။ ကုန်သည်များ ရောင်းဝယ်ရန် ချီတက်လာခြင်းလော။ မြင်းလှည်းတန်းသည် ကူမင်းမြို့တွင်းသို့ တဖြည်းဖြည်း ဝင်ရောက်လာလေ၏။

မြင်းလှည်းတန်း၏ရှေ့ဆုံးမှ မြင်းလှည်းပေါ်တွင် အနီရောင်ဖိတ်သားပေါ်တွင် ရွှေချည်ထိုးရုပ်ပုံဖြင့် တောင်ပံဖြန့်ထား၍ ကောင်းကင်ပေါ်သို့ ပျံတက်နေသည့် ကျားတစ်ကောင်ရုပ်ပုံပါသော အလံတစ်ခု စိုက်ထူထားသည်။

ရွှေကျားပျံအာမခံဌာန၏အမှတ်အသားပေတည်း။

ရွှေကျားပျံဌာန၏ ဟိတ်ဟန်သည် အလွန်ကြီးမား၏။ သူ၏မြင်းလှည်းတန်း တန်းစီချီတက်လာပုံက လုယက်မည့်သူများကို



ချောက်ချားစေသည်။ အဘယ်ကြောင့်ဆိုသော် သူ ပစ္စည်းသယ်ယူလာသည့်ပုံစံမှာ ပစ္စည်းသယ်ယူသည့်ပုံစံနှင့်မတူ စစ်တပ်တစ်တပ်ချီတက်လာသည်နှင့် တူသောကြောင့်ပေတည်း။

ကြည့်ပါ ရှေ့ဆုံးမှာ ရွှေကျားပျံ၏အလံကြီးသည် တလူလူလွင့်နေ၏။ ဘေးတစ်ဖက်တစ်ချက်တွင်လည်း မြင်းစီးသမားများက ရောင်စုံတံခွန်အလံများကို ကိုင်ဆောင်ထားကြသည်။

အစောင့်သိုင်းသမားအင်အားကလည်း ပြည့်စုံလှသည်။

ထို့ကြောင့် အလွန်ဟိတ်ဟန်ကြီးမားလှသော ရွှေကျားပျံအာမခံ ပို့ဆောင်ရေးဌာနကြီးကို မတိုက်ခိုက်ရဲခြင်းပင် ဖြစ်ပေတော့သည်။

ဤနယ်တစ်ဝိုက်တွင် ရွှေကျားပျံအာမခံဌာနနှင့် ပြိုင်ဘက်ဖြစ်မည့် ကိစ္စမှန်သမျှကို ဝေးဝေးမှ ရှောင်ရှားကြလေသည်။

ရွှေကျားပျံအာမခံဌာနသည် ကူမင်းမြို့တစ်ဝိုက်တွင် အလွန်သြဇာကြီးမားသော အာမခံဌာနတစ်ခုပင် ဖြစ်၏။

ရွှေကျားပျံအာမခံဌာန ယင်းသို့ သြဇာအာဏာကြီးမားရခြင်း၏အကြောင်းရင်း ခိုင်လုံစွာ ရှိနေသည်။

အကြောင်းရင်းမှာ ...

www.burmeseclassic.com

www.burmeseclassic.com



ရွှေကျားပျံအာမခံဌာန၏ပိုင်ရှင်မှာ ဓားနှစ်လက်ဝမ်ကျင်း ဖြစ်သောကြောင့် ဖြစ်၏။

ဝမ်ကျင်း၏ကြီးမားသော ဓားနှစ်လက်သည် ရွှေကျားပျံအာမခံဌာနမှ ပစ္စည်းများကို လာရောက်လုယူသူများအား ဆယ့်သုံးနှစ်တိုင်တိုင် ဆုံးမပေးခဲ့သည် မဟုတ်ပါလား။

သူသည် ယခင်က သိုင်းလောကသားတစ်ယောက်ဖြစ်သည်။ နာမည်အသင့်အတင့်ရှိသော သိုင်းသမားများလည်း ဖြစ်သည်။

သူ၏ဓားနှစ်လက်သည် အလွန်ကြီးမားသော ဓားမကြီးများ ဖြစ်ကြသည်။ ဓားမကြီးနှစ်လက်ကို ပေါ့ပေါ့ပါးပါး ကိုင်ဆောင်၍ ကစားနိုင်သည့်သူမှာ ရှားပါးသည်။

ယင်းကြောင့် မည်သူကမျှ ရွှေကျားပျံအာမခံဌာနမှ ပစ္စည်းများကို စောင်းငဲ့၍ပင် မကြည့်ရဲကြပါချေ။

သူတို့သည် ဝမ်ကျင်း၏ဓားနှစ်လက်ကို မည်သို့မျှရင်ဆိုင်ဝံ့ကြမည် မဟုတ်ချေ။ ထို့ပြင် ဝမ်ကျင်းသည် နန်းတွင်းအရာရှိကြီးများနှင့် အလွန်ပင် ခင်မင်ရင်းနှီးနေသည် မဟုတ်ပါလော။

ယခုလည်း ...



ရွှေကျားပျံအာမခံဌာနသည် အာမခံပစ္စည်းများအား ခရီးလမ်းတွင် အနှောင့်အယှက်ကင်းမဲ့စွာဖြင့် သယ်ယူလာနိုင်ခဲ့ကြပြီ ဖြစ်သည်။

မကြာမီ မြင်းလှည်းများသည် တိတ်စိန်ငွေတိုက်ရှေ့သို့ ရောက်ရှိတော့မည်ဖြစ်သည်။

တိတ်စိန်ငွေတိုက်သို့ရောက်သောအခါ ရွှေကျားပျံအာမခံဌာန၏သယ်ယူပို့ဆောင်ရေးတာဝန်မှာ ပြီးဆုံးတော့မည် မဟုတ်ပါလား။ ဝမ်ကျင်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

မကြာမီ ချောချောမောမောဖြင့် တာဝန်ပြီးဆုံးတော့မည် ဖြစ်၍ သူက ဝမ်းသာနေသည်။

ဤတာဝန်ကြီးမှာ ဤသို့ပင်တည်း။

သယ်ယူပို့ဆောင်ပေးရမည့်လူ၏လက်သို့ အရောက်ပေးပို့နိုင်ခြင်းမရှိသေးသည့်ကာလပတ်လုံး စိတ်တထင့်ထင့်ဖြင့် ဝန်ထုပ်ဝန်ပိုးကြီး လေးလံဖိစီးနေသလို ခံစားနေရသနည်း။ ပိုင်ရှင်၏လက်သို့ အရောက်ပေးပို့ပြီးလျှင်တော့ စိတ်နှလုံး ဒုံးဒုံးချ ပေါ့ပါးသွားသည်။

ဝမ်ကျင်းက ထိုသို့တွေးတောနေစဉ်မှာပင် ထင်ရှူးသည် ဒုတိယမြင်းလှည်းပေါ်မှ ခုန်ဆင်းလာသည်ကို တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထင်ချူသည် အသက်သုံးဆယ်ကျော်မျှသာ ရှိသေးသော လူရွယ်တစ်ယောက်ဖြစ်သည်။ ယောကျ်ားပီသသော ရုပ်ရည်ရှိပြီး အမြဲတစေ သန့်ရှင်းသပ်ရပ်စွာ နေထိုင်တတ်သည်။

သူသည် သယ်ယူပို့ဆောင်ရေးတာဝန်ကိုလည်း မညည်း မညူ ထမ်းဆောင်တတ်သူဖြစ်သည်။

သို့သော် ယခုတစ်ကြိမ် သယ်ယူပို့ဆောင်ရေးခရီးစဉ်ကို လူများစွာ စိတ်ပျက်မိသည်။

အဘယ်ကြောင့်ဆိုသော် သူသည် ဤသယ်ယူပို့ဆောင်ရေး ခရီးစဉ်၏တာဝန်ကို ယူဆောင်ထားရသည်မဟုတ်ပါလော။ အမိက ဝမ်ကျင်းက ပိုင်ရှင်သာ ဖြစ်သည်။

တာဝန်ခံကတော့ သူဖြစ်နေသည်။ ဤသို့ဆိုလျှင် ထင်ချူ သည် မည်သို့သောတာဝန်ကို ယူဆောင်ထားရပါသနည်း။

ဤရွှေကျားပျံအာမခံဌာနမှ သယ်ယူပို့ဆောင်ရေးမြင်း လှည်းတန်းသည် နန်းတွင်းအရာရှိကြီးတစ်ဦးကို လိုက်ပါပို့ဆောင်ခြင်း ဖြစ်သည်ဟု လူများက သိရှိထားသည် မဟုတ်ပါလော။

အာမခံပို့ဆောင်ရေးဌာနများ၏တာဝန်များတွင် မဟုတ် မမှန် သတင်းလွှင့်မှုသည်လည်း တစ်ခုအပါအဝင် ဖြစ်လေသည်။



အာမခံပို့ဆောင်သည့်အခေါက်တစ်ခုတွင် နန်းတွင်းမှ အရာရှိတစ်ဦး သို့မဟုတ် စစ်တပ်မှ ဗိုလ်ချုပ်ကြီးတစ်ယောက် လိုက် ပါပို့ဆောင်သည်ဟု သတင်းလွှင့်လထားလျှင် ထိုအခေါက်၌ လုယက် မှုကင်းဝေရန် စိတ်ချနိုင်သည်။

ဟုတ်သည်မဟုတ်သည်ကို မည်သူကမျှ စစ်ဆေးနေသည် မဟုတ်ပေ။

ထင်ချူသည် ဒုတိယမြင်းလှည်းပေါ်မှ မြေပေါ်သို့ ခုန်ဆင်း လိုက်၏။

မြေပေါ်သို့ရောက်သည်နှင့် ... သူက စိတ်လက်ပေါ့ပါးစွာ ဖြင့် ရယ်မောလိုက်သည်။ ထို့နောက် သူ၏ခန္ဓာကိုယ်ပေါ်တွင် ဝတ် ဆင်ထားသော နန်းတွင်းအရာရှိ အဝတ်အစားများအား ချွတ်ကာ အဝေးသို့ လွှင့်ပစ်လိုက်၏။

သူ၏အပြုအမူကိုကြည့်ကာ ...

မြင်းလှည်းနံဘေးမှ စောင့်ကြပ်၍ လိုက်ပါလာကြသော သိုင်းသမားများမှာ အံ့အားသင့်သွားကြသည်။

အဘယ်ကြောင့်ဆိုသော် သူတို့၏ပစ္စည်းများကို အက်ဆိုင် ရာပိုင်ရှင်၏လက်ထဲသို့ ထည့်မပေးသေးနိုင်သောကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com



သက်ဆိုင်ရာပိုင်ရှင်၏လက်ထဲသို့ လက်ရောက်ပေးနိုင်မှသာ သူတို့၏တာဝန် ပြီးမြောက်သည်ဟု ခေါ်ဆိုနိုင်သည် မဟုတ်ပါလော။

ထင်ချူးက ပြုံးပြလိုက်ပြီး ဝမ်ကျင်းထံသို့ လျှောက်သွား၏။ ဝမ်ကျင်းက သူ့အား ပြုံးကြည့်ကာ မေးလိုက်သည်။

"ဘာလဲ ... မင်းက နန်းတွင်းအရာရှိလုပ်ရတာ စိတ်ပျက်နေပြီလား"

ထင်ချူးက မျက်နှာကို ရှုံ့မဲ့ကာ ပြောလိုက်၏။

"နန်းတွင်းအရာရှိအဖြစ် ကျွန်တော် ဟန်ဆောင်ရတာ သုံးခါရှိပြီ၊ ဒီတစ်ခါ စိတ်အညစ်ဆုံးပဲ"

ဝမ်ကျင်းက သဘောကျစွာ ပြုံးလိုက်သည်။

"မင်းက နန်းတွင်းအရာရှိဟန်ဆောင်၊ ကျုပ်တို့က အဲဒီ နန်းတွင်းအရာရှိကို လိုက်ပို့တဲ့ဟန်ဆောင်ထားတော့ ကျုပ်တို့လုပ်ငန်းမှာ ဘယ်လိုအနှောင့်အယှက်မှ မတွေ့ရဘူး မဟုတ်လား၊ ဘယ်သူက တိုက်ခိုက်ရဲသလဲ၊ ဒီပရိယာယ်ဟာ တော်တော်အောင်မြင်တဲ့ ပရိယာယ်ဟာ တော်တော်အောင်မြင်တဲ့ ပရိယာယ်ကွ၊ ငါတို့ကို တော်ရုံတန်ရုံ ဓားပြဂိုဏ်းတွေ မတိုက်ရဲတာဟာ ဒီပရိယာယ်ကြောင့်ကွ"



မှန်ပါသည် ...။

ရွှေကျားပျံအာမခံဌာနသည် နန်းတွင်းအရာရှိတစ်ဦးကို လိုက်ပါပို့ဆောင်သည့် ဟန်ဆောင်ကာ အဖိုးတန်ကျောက်မျက်ရတနာများကို သယ်ယူလာနိုင်ခဲ့ပြီ မဟုတ်ပါလော။ ထင်ချူးက ပခုံးတွန့်လိုက်၏။

"အနှောင့်အယှက် မတွေ့ရတာတော့ ဟုတ်ပါတယ်၊ ကျုပ်က မြင်းလှည်းထဲထိုင်ပြီး လိုက်လာရလို့ စိတ်ပျက်နေတာဗျ၊ အပြင်က မြင်းစီးလိုက်ရင် ဒီလောက်မညည်းငွေ့ဘူး"

အခုတော့ သူ၏စကားကြောင့် လက်ထောက်တာဝန်ခံ သိုင်းဆရာတစ်ဦးက ဝင်ရောက်ပြောဆိုလိုက်သည်။

"အိုဗျာ ... ခင်ဗျားက ကျုပ်တို့ထက်စာရင် တော်သေးတာပေါ့၊ မြင်းလှည်းထဲမှာထိုင်ပြီး လိုက်လာရတာဆိုတော့ ညောင်းညာရင် အိပ်လို့ရသေးတယ် မဟုတ်လား၊ ကျုပ်တို့မှာတော့ ဘယ်ဘက်ကများ လာတိုက်မလဲဆိုပြီး တကြောင့်ကြကြနဲ့ လိုက်နေရတာ"

ထင်ချူးက ခေါင်းခါယမ်းလိုက်၏။

"ကျုပ်က အိပ်ရလွန်းလို့ ခေါင်းကိုက်နေပြီဗျ၊ ခင်ဗျားတို့က ဘယ်ကတိုက်မှာကို စိုးရိမ်တယ်၊ ကျုပ်က မစိုးရိမ်ဘူး၊ လာတိုက်

www.burmeseclassic.com



ကြစမ်း၊ ခုခံမယ်ဆိုပြီး သွားနေတော့ ဘယ်ဖျင်းတော့မလဲ"

သိုင်းဆရာကြီးက ပြုံးလိုက်သည်။

"အိမ်တာဟာ အနည်းဆုံးတော့ ဖျင်းရိမှုကို ပြေပျောက်နိုင်တယ် မဟုတ်လား"

ဝမ်ကျင်းက ထင်ချူကိုကြည့်ကာ ပြောလိုက်၏။

"မင်း ဆတ်ပြီးခေါင်းကိုက်စရာ မလိုတော့ပါဘူးကွာ၊ တို့တွေ မကြာခင် တိတ်စိန်ငွေတိုက်ကို ရောက်တော့မှာပါ၊ ဒီငွေတိုက်ရောက်ရင် တို့တာဝန်လည်း ပြီးဆုံးပါပြီ၊ အခု မြို့ပြင်မှာသာ စိုးရိမ်ရတာကွ"

လက်ထောက်တာဝန်ခံ သိုင်းဆရာနှင့် ကျန်သိုင်းသမားများက သဘောကျစွာ ရယ်မောလိုက်ကြသည်။ အားလုံး စိတ်လက်ပေါ့ပါးနေကြသည်။ တာဝန်ပြီးဆုံးလျှင် သူတို့အားလုံး ဆုကြေးငွေများ ရရှိကြသည် မဟုတ်ပါလား။ ထင်ချူလည်း မနေနိုင်တော့ပါချေ။

"ဟား ဟား ဟား"

သူလည်း အားရပါးရ ရယ်မောလိုက်လေ၏။ သို့သော် သူ၏ရယ်မောသံမှာ တစ်ဝက်တစ်ပျက်နှင့် ရပ်တန့်သွားသည်။

အဘယ်ကြောင့်ဆိုသော် မြင်းလှည်းတစ်စီးသည် လမ်းချိုး



တစ်ခုမှ ထွက်လာပြီး ရွှေကျားပျံသယ်ယူပို့ဆောင်ရေး မြင်းလှည်းတန်းကို ကြားဖြတ်ရန် အရှိန်ပြင်းစွာဖြင့် မောင်းဝင်လာသည်ကို တွေ့လိုက်ရသောကြောင့်ပေတည်း။

ထင်ချူ၊ လက်ထောက်တာဝန်ခံနှင့် သိုင်းသမားများမှာ ကြောင်အမ်းအမ်းဖြစ်သွားကြသည်။

သူတို့သည် ပြောဆိုရင်း သွားနေကြသောကြောင့် ပထမဆုံး မြင်းလှည်းနှင့် အနည်းငယ်မျှ အဆက်ဖြတ်ကာ ကွာဟသွား၏။

ပထမဆုံး မြင်းလှည်းမှ မြင်းလှည်းမောင်းသမားသည် ရပ်တန့်ရန် အမိန့်မရရှိသဖြင့် ထင်ချူတို့၏မြင်းလှည်းများနှင့် အနည်းငယ် အဆက်ဖြတ် ကွာဟသွားသော်လည်း ရပ်တန့်ခြင်းမရှိဘဲ ဆက်လက်မောင်းနှင်သွားလေသည်။

ထိုစဉ်မှာပင် မြင်းလှည်းတစ်စီးသည် လမ်းချိုးတစ်ခုအတွင်းမှ အရှိန်ဖြင့် မောင်းနှင်လာပြီး ပထမမြင်းလှည်းနှင့်ဒုတိယမြင်းလှည်း အကြားသို့ ကန့်လန့်ဖြတ် ဝင်ရောက်ရပ်တန့် ပိတ်ဆို့လိုက်တော့သည်။

တစ်ဆက်တည်းမှာပင် ...

မြင်းလှည်းမောင်းနှင်လာသောလူသည် ပထမမြင်းလှည်း

www.burmeseclassic.com

www.burmeseclassic.com



ဆီသို့ လျင်မြန်စွာ ခုန်ကူးသွားလေတော့သည်။

ဝမ်ကျင်း၏မျက်နှာမှာ ကွက်ခနဲပျက်သွား၏။

လမ်းချိုးထဲမှ မြင်းလှည်းတစ်စီး ထွက်ပေါ်လာပြီး မြင်းလှည်းတန်းအကြားသို့ ကန့်လန့်ဖြတ် ပိတ်လိုက်သည်နှင့် သူသည် ဖြစ်ပေါ်လာမည့်အခြေအနေကို ကောင်းစွာ သဘောပေါက်လိုက်ပြီး ဖြစ်သည်။

"ရန်သူ ရန်သူ … အသင့်ပြင်ကြဟေ့"

သူသည် ယင်းသို့ ကန့်လန့်ဖြတ်ပိတ်ဆို့ထားသော မြင်းလှည်းဆီသို့ လျင်မြန်စွာ ပြေးလွှားသွားလေတော့၏။

ထိုအခါမှ ကြောင်အမ်းအမ်းဖြစ်နေကြသော သိုင်းသမားများမှာ သတိဝင်လာကြပြီး ပိတ်ဆို့ထားသော မြင်းလှည်းဆီသို့ ပြေးလွှားသွားကြတော့သည်။

သူတို့အနေဖြင့် ဤပိတ်ဆို့ထားသော မြင်းလှည်းကို ကျော်ဖြတ်နိုင်မှသာလျှင် ကျောက်မျက်ရတနာများ တင်ဆောင်ထားသော ပထမမြင်းလှည်းကို အကူအညီပေးနိုင်မည် မဟုတ်ပါလား။

ဝမ်ကျင်းက အံကို တင်းတင်းကြိတ်လိုက်၏။

ထို့နောက် ပိတ်ဆို့ထားသော မြင်းလှည်းပေါ်သို့ ခုန်တက်



လိုက်သည်။ ယင်းတခဏ်အချိန်မှာပင် ပိတ်ဆို့ထားသော မြင်းလှည်းမှာ …

'ဝုန်း'

ပြင်းထန်စွာ ပေါက်ကွဲသွားလေသည်။

မီးတောက်မီးလျှံများ၊ မြင်းလှည်းမှ အပိုင်းအစများ၊ မြင်းကြီးများ၏နာကျင်စွာ ဟီသံများသည် လွင့်စဉ်မြည်ဟီးသွားသည်။ မြင်းလှည်းထဲ၌ များပြားလှသော ယမ်းထုပ်များ ယမ်းမီးများ ထည့်သွင်းဆောင်းနှင်လာသည်ကို ဗေဒင်မေးရန်မလိုတော့ချေ။

မီးတောက်မီးလျှံများသည် တစ်ဟုန်းဟုန်းနှင့် အရှိန်ပြင်းစွာ တောက်လောင်နေသည်။

မြင်းလှည်းဆိုသည်မှာ သစ်သားဖြင့် ပြုလုပ်ထားခြင်းဖြစ်၍ ချက်ချင်းပင် မီးလောင်တော့သည်။

ပိတ်ဆို့ရပ်တန့်ထားသော မြင်းလှည်းသည် ရုတ်တရက် ပေါက်ကွဲသွားသောအခါ မီးတောက်မီးလျှံများနှင့်အတူ မြင်းလှည်းမှ အပိုင်းအစများက ရှေ့ကျားပျံအာမခံဌာနမှ သိုင်းသမားများဆီသို့ လွင့်စဉ်လာ၏။

အချို့ဆိုလျှင် အပိုင်းအစများ ထိမှန်ပြီး လဲကျသွားလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်ချိန်တည်းမှာပင် မြင်းလှည်းကိုဆွဲလာကြသည့် မြင်းနှစ်ကောင်မှာ ဒဏ်ရာ ရပြီး ပေါက်ကွဲမှုကြောင့် အထိတ်တလန့်ဖြစ်ကာ ခြေဦးတည့်ရာ ပြေးလွှားကြလေ၏။

ထိုမြင်းနှစ်ကောင်သည် မီးလောင်နေသော မြင်းလှည်း အပိုင်းအစများကို သယ်ဆောင်သွားလေ၏။

သို့သော် ကံကောင်းထောက်မစွာပင် မြင်းများသည် ရွှေကျားပုံအာမခံဌာနမှ လူများဆီသို့ ဦးတည်ပြေးလွှားသွားကြခြင်း ဖြစ်၏။

ထိုအခါ မြင်းများဆွဲလာသည့် မီးတောက်လောင်နေသော လှည်းနှင့် ထိခိုက်မိသဖြင့် အာမခံဌာနမှ လူအများအပြားမှာ ဒဏ်ရာ ရရှိကြလေသည်။

အချို့သူများမှာ မရှောင်နိုင်ဘဲ လွင့်စဉ်သွားကြလေသည်။ ထင်ချူမှာ ထိတ်လန့်တုန်လှုပ်သွား၏။

စိတ်ဆိုးထားသော မြင်းလှည်းပေါ်သို့ ခုန်တက်သွားသော ဝမ်ကျင်းသည် ဝုန်းဟူသော ပေါက်ကွဲသံနှင့်အတူ မြင်းလှည်းပေါ်မှ လွင့်စဉ်ကျလာသည်။

ထင်ချူက တပျာကယာပြေးကာ ဝမ်ကျင်း၏ခန္ဓာကိုယ်



အား ဆီးပွေ့ထားလိုက်၏။

သို့သော် အပြင်းထန်ဆုံးပေါက်ကွဲမှုကို ဝမ်ကျင်း ရင်ဆိုင် လိုက်ရသည်။ ဝမ်ကျင်းမှာ ဒဏ်ရာပြင်းထန်စွာ ရရှိလေပြီ။

သူသည် မျက်လုံးဖွင့်ကြည့်လိုက်၏။ ထင်ချူအား တွေ့ သောအခါ သူက အားယူကာ မှာကြားလိုက်သည်။

“ရ ... ရတနာတွေကို လုယူသွားတဲ့လူကို မိ မိအောင် ဖမ်း ဖမ်း”

သူသည် စကားဆုံးအောင်ပင် မပြောနိုင်တော့ချေ။ ထင်ချူ၏လက်ထဲမှာပင် ခေါင်းငိုက်စိုက်ချကာ သေဆုံးသွားတော့သည်။

မြင်းနှစ်ကောင်သည် ဆက်၍ ပြေးလွှားခြင်း မပြုနိုင်ပါ တော့ချေ။ ရွှေကျားပုံအာမခံဌာနမှ သိုင်းသမားများ၏လက်ချက်ဖြင့် သေဆုံးသွားပြီဖြစ်သည်။

ယင်းကြောင့် မီးလောင်နေသောမြင်းလှည်းသည် သိုင်း သမားများကို ဆက်၍ ဒုက္ခမပေးနိုင်တော့ချေ။ မြင်းသေနှစ်ကောင် အနီး၌ လဲကျလောင်ကျွမ်းလျက် ရှိသည်။

သိုင်းသမားများသည် မြင်းလှည်းတန်းအား ပိတ်ဆို့ထားမှု ကို ရှင်းလင်းပစ်လိုက်နိုင်ကြလေပြီ။ သို့သော် ပျောက်ဆုံးသွားသော ရတနာ

www.burmeseclassic.com

www.burmeseclassic.com



များ တင်ဆောင်လာသော ပထမမြင်းလှည်း၏အရိပ်အယောင်မျှပင် မတွေ့ရတော့ချေ။

သူတို့ဝုန်းဒိုင်းကြဲ ယောက်ယက်ခတ်နေစဉ်အတွင်း ရန်သူသည် ကျောက်မျက်ရတနာမြင်းလှည်းကို မောင်းနှင်သွားခဲ့လေပြီ။

ထင်ချူသည် တက်တစ်ချက် ခေါက်လိုက်သည်။ သူက ဝမ်ကျင်း၏အလောင်းအား မြေပေါ်သို့ ချလိုက်သည်။

ထို့နောက် ပြေးလွှားလှုပ်ရှားနေကြသော သိုင်းသမားအား အော်ဟစ်အမိန့်ပေးလိုက်သည်။

"ဟေ့ ... ငါနဲ့ လူဆယ့်သုံးယောက်လိုက်ခဲ့၊ ကျန်တဲ့လူက မြင်းလှည်းကို စောင့်ပြီး ကျန်ရစ်ခဲ့ကြ"

တစ်ဆက်တည်းပင် သူက အနီးရှိ မြင်းတစ်ကောင်ပေါ်သို့ လွှားခနဲ ခုန်တက်လိုက်ပြီး ထိုနေရာမှ ထွက်ခွာသွားတော့သည်။

ထိုအခါ သိုင်းသမား ဆယ့်သုံးယောက်မှာလည်း သူ၏နောက်သို့ ထက်ကြပ်မကွာ လိုက်ပါသွားတော့သည်။ သူတို့သည် ရန်သူကို အမိဖမ်းကြတော့မည်။

❋



မြင်းလှည်းသည် အရှိန်ပြင်းစွာဖြင့် မောင်းနှင်နေလေသည်။ မြင်းလှည်းသည် ကူမင်းမြို့တွင်းရှိ ဖောက်ထုပ်ထားသော လမ်းချိုးကလေးမှတစ်ဆင့် မြို့၏အရှေ့ပိုင်းသို့ ရောက်ရှိလာသည်။

မြင်းလှည်းမောင်းသူသည် ဤလမ်းများကို ကျွမ်းကျင်ဟန်ရှိသည်။ ထို့နောက် ဟောင်းနွမ်းဆွေးမြည့်နေသောအဆောက်အအုံတစ်ခု တည်ရှိနေသည့် ခြံဝင်းတစ်ခုအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။

ဝန်းကျင်တစ်ခုလုံး အမှောင်ထုများ ဖုံးလွှမ်းလာသောကြောင့် မည်သည့်အရာကိုမျှ သဲသဲကွဲကွဲ မြင်တွေ့ရခြင်း မရှိချေ။

မပီဝိုးတဝါးသာ တွေ့မြင်ရသည်။ သို့သော် မြင်းလှည်းမောင်းသူကတော့ အားလုံးကို မြင်တွေ့ရသည်။

ဤသို့ အမှောင်တစ်ဝက် အလင်းတစ်ဝက် ဖြစ်နေသည့် အချိန်မျိုးမပြောနှင့် အမှောင်ထု လုံးဝဖုံးလွှမ်းနေလျှင် သူသည် ဤခြံဝင်းထဲမှ အနေအထားကို နေ့ခင်းအဖြစ် မြင်ရသကဲ့သို့ မြင်တွေ့နိုင်လောက်အောင် ရင်းနှီးကျွမ်းဝင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခြံဝင်းထဲ၌ လူတစ်ရပ်ခန့်မြင့်သော မြက်ပင်ရှည်ကြီးများ ပေါက်ရောက်နေပြီး ခြံဝင်းအလယ်တွင် အဆောက်အအုံဟောင်းကြီး တစ်ခု ရှိနေသည်။

ထိုအဆောက်အအုံဟောင်းကြီးရှေ့၌ မြင်းလှည်းရပ်တန့်လိုက်ပြီး အဆောက်အအုံဟောင်းကြီးကို လှမ်းကြည့်လိုက်သည်။

ထိုအဆောက်အအုံကြီးအထဲတွင် အနက်ရောင်ခေါင်းတလားတစ်လုံး ရှိနေလေသတည်း။

အဘယ်သို့နည်း။ လူလည်း မရှိပါပဲလျက် ခေါင်းက ရှိနေသည်။ ဤခေါင်းသည် မည်သူ့အတွက်ပေနည်း။ ခေါင်းကို အသုံးပြုရမည်သူကော။ မည်သည့်နေရာတွင် ရှိနေပါသနည်း။

တကယ်တော့ ယခု ရောက်ရှိလာသူသည် ခေါင်းကို အသုံးပြုမည့်သူပေတည်း။ မြင်းလှည်းမောင်းသူက မြင်းလှည်းပေါ်မှ ခုန်ဆင်းလိုက်၏။ မြင်းလှည်းမှာ ရွှေကျားပုံအာမခံဌာနမှ မြင်းလှည်း ဖြစ်သည်။

သို့သော် မြင်းလှည်းမောင်းသူမှာ ရွှေကျားပုံအာမခံဌာနမှ လူ မဟုတ်ပါ။ အနက်ရောင် ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားသော လူတစ်ယောက် ဖြစ်ပါသည်။



မြင်းလှည်းအောက်သို့ ရောက်ရှိသွားသည်နှင့် သူက မြင်းလှည်းတံခါးကို ခြေထောက်ဖြင့် တစ်ချက်ကန်လိုက်သည်။

'ဝုန်း'

အသံနှင့်အတူ မြင်းလှည်းတံခါးမှာ ကျိုးပဲ့သွား၏။

သာမန်လူတစ်ယောက်သည် မြင်းလှည်းတံခါးကို ဤသို့ မကန်နိုင်ပါ။ မြင်းလှည်းတံခါးမှာ သစ်သားနှင့်ပတ္တာနှင့် ပြုလုပ်ထားသော်လည်း ခိုင်ခန့်လှပါသည်။ တော်ရုံတန်ရုံ အင်အားရှိသူ အရပ်သားတစ်ယောက် ကန်လျှင်ပင် ဤသို့ မကျိုးပဲ့နိုင်ပါ။

တံခါးကျိုးပဲ့ပျက်စီးသည်ကိုကြည့်ပါက ထိုလူသည် ထိပ်တန်းသိုင်းပညာတတ်မြောက်ထားသူတစ်ဦးဖြစ်ကြောင်း သိနိုင်ပါ၏။

မြင်းလှည်းပေါ်တွင် ကြီးမားသော သေတ္တာကြီးတစ်လုံး ရှိနေသည်။ သေတ္တာအား ကြက်ခြေခတ်တံဆိပ် ရိုက်နှိပ်ထားပြီး ကြီးမားသော သော့ခလောက်ကြီးတစ်လုံးဖြင့် ခတ်ထား၏။

အနက်ရောင် ဝတ်ဆင်ထားသူက သေတ္တာအား မ,ယူလိုက်ပြီး အနက်ရောင် ခေါင်းနံဘေးတွင် ယှဉ်၍ ချထားလိုက်သည်။ ထို့နောက် အင်္ကျီအိတ်အတွင်းမှ သံချောင်းလေးတစ်ချောင်းကို ထုတ်ယူလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူက ယင်းသံချောင်းကလေးဖြင့် သော့ခလောက်အား လေးငါးချက်မျှ ကလော်လိုက်သည်။

'ချောက်'

အသံတစ်ချက် ထွက်ပေါ်လာပြီး သော့ခလောက်မှာ ပွင့်သွား၏။ အနက်ရောင်ဝတ်ဆင်ထားသူက သေတ္တာကို ဖွင့်လိုက်သည်။

"ဟာ"

အနက်ရောင်ဝတ်ဆင်ထားသူသည် မှင်တက်အံ့ဩသွားလေတော့၏။

သေတ္တာထဲ၌ ပြိုးပြိုးပြက်ပြက် အရောင်ဝင်းလက်သော ရတနာများသည် စိမ်းနီပြာ အရောင်မျိုးစုံဖြင့် ဝင်းပနေသည်။

သူ့တစ်သက်တာတွင် ဤကဲ့သို့ များပြားလှစွာသော ရတနာများကို မကိုင်ခဲ့ဖူးပေ။ အတန်ကြာမှ သူ သတိဝင်လာသည်။

ထိုရတနာများကို ကတ္တီပါအိတ်ဆယ်လုံးထဲသို့ ခွဲထည့်လေတော့၏။

ခေါင်းထဲတွင် ကတ္တီပါအိတ်ကလေး ဆယ်လုံးခန့် ရှိသွားသည်။ သေတ္တာထဲတွင်မှ မည်သည့်အရာမျှ မရှိတော့ပါချေ။



သေတ္တာထဲမှ ရတနာများသည် ခေါင်းအတွင်းသို့ ပြောင်းလဲရောက်ရှိသွားပြီ ဖြစ်ပါသည်။

အနက်ရောင်ဝတ်ဆင်ထားသူက ခေါင်းအတွင်းရှိ အိတ်ကလေးများကို တစ်ချက်ကြည့်လိုက်၏။

ထို့နောက် ခေါင်းအဖုံးကို ဝိတ်ကာ သံဖြင့် လေးငါးချက်ခန့် ရိုက်ချလိုက်သည်။

ယခု အနက်ရောင်ခေါင်းသည် အဖုံးဝိတ်ပြီးဖြစ်သွား၏။ အနက်ရောင်ဝတ်ဆင်ထားသူက ခေါင်းကို ခေါင်းပေါ်တွင် ရွက်လိုက်သည်။

ခေါင်းတလားကြီးသည် အလွန်ကြီးမားသဖြင့် ထမ်း၍မရချေ။ ရွက်မှသာ ရသည်။

ထိုနေရာမှ ခြေလှမ်းကြဲကြဲဖြင့် ထွက်ခွာသွားတော့၏။

မကြာမီ သူသည် အမှောင်ထုထဲသို့ တိုးဝင်ပျောက်ကွယ်သွားလေတော့သည်။

***

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

မြင်းလှည်းတစ်စီး။

လမ်းမနံဘေးရှိ အရိပ်ကောင်းသော သစ်ပင်တစ်ပင်အောက်တွင် ရပ်တန့်ထား၏။

မြင်းလှည်းပေါ်တွင် လူနှစ်ယောက်ရှိနေသည်။

ထိုလူနှစ်ယောက်သည် တစ်စုံတစ်ခုကို စောင့်မျှော်နေသည့် အလား အဝေးသို့ မကြာခဏ လှမ်းမျှော်ကြည့်နေ၏။

အတန်ကြာသောအခါ ... မြင်းဇက်ကြိုးကိုင်ထားသူက နံဘေးမှလူကိုကြည့်ကာ မေးလိုက်သည်။

"ဟေ့ လောက်ကင်း ... ငါတို့စောင့်ရတဲ့အချိန်ကို ကြည့်ပါဦး၊ ဒီလောက်စောင့်ရရင် ဘယ်လိုအလုပ်လုပ်မလဲကွာ၊ မင်းလူ မလာတော့ဘူးနဲ့တူတယ်"

လောက်ကင်းဆိုသူက ခေါင်းညိတ်လိုက်၏။



"လာမှာပါကွ အိလောက်ရ၊ သူ သေသေချာချာ မှာထားတာပဲ"

အိလောက်ဆိုသူက မျက်မှောင်ကုတ်လိုက်သည်။

"သူက ဘာကြောင့် ဒီလောက်အရေးကြီးနေရတာလဲ"

လောက်ကင်းက ခေါင်းခါယမ်းလိုက်၏။

"ဒါတော့ ငါလည်း မသိဘူး၊ သူ့မှာ အရေးတကြီးကိစ္စတစ်ခုရှိလို့ ငါတို့နဲ့ လိုက်မယ်လို့ ပြောတာပေါ့၊ စောင့်စမ်းပါကွာ"

ထိုစကားကြောင့် အိလောက် ပြန်မေးသည်။

"သေချာရဲ့လား၊ ဝိုက်ဆံ မြိုးမြိုးမြက်မြက် ပေးမယ်ဆိုတာ"

လောက်ကင်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ သေချာပါတယ်"

အိလောက်က မျက်မှောင်ကုတ်ကာ မေးလိုက်သည်။

"ဒါဖြင့် ... သူက ဘာဖြစ်လို့ ငွေနည်းနည်းပါးပါး ကြိုတင်မပေးရတာလဲ"

လောက်ကင်းက ပြန်ဖြေလိုက်၏။

"ပေးမှာပေါ့ကွာ၊ နောက်ပြီး သူနဲ့အတူ ဖျည်းတစ်ခုလည်း

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်လို့ ပြောထားတယ်၊ ဘာပဲဖြစ်ဖြစ် အဲဒီပစ္စည်းက ခပ်ကြီးကြီး ဖြစ်ဖို့လိုတယ်၊ ဒါမှ တို့အတွက် ပိုက်ဆံပိုရမှာ"

အိလောက်မှာ အံ့ဩသွားပြန်သည်။

"မင်းလူက လိုက်ချင်မှလိုက်မှာ၊ သူမလိုက်တော့ဘူးဆိုပြီး ပစ္စည်းပဲ ထည့်ပေးချင်လိုက်မှာ"

လောက်ကင်းက ခေါင်းညိတ်လိုက်သည်။

"ဘာဖြစ်လဲ ... ဒါလည်း တို့ပိုက်ဆံရတာပဲ၊ ပိုက်ဆံရဖို့လို ရင်းပါကွ၊ သူလိုက်တာ မလိုက်တာ အကြောင်းမဟုတ်ပါဘူး"

အိလောက်က ထပ်မေးလိုက်သည်။

"သူနဲ့ပါလာမှာ ဘယ်လိုပစ္စည်းမျိုးလဲကွ"

လောက်ကင်းက သက်ပြင်းတစ်ချက် ချလိုက်၏။

"တစ်ခုက ငါတို့က သခင်ကြီးမေးဂူရဲ့ ချမ်းမြကျေးရွာကို သွားပြီး ခေါင်းသုံးလုံးပို့ပေးရမယ် မဟုတ်လား"

အိလောက်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်လေ၊ တို့သခင်ကြီးမေးဂူဆီက ငွေယူပြီး အခေါင်းတွေ ပို့ပေးဖို့ တာဝန်ယူထားတာပဲ၊ အခုလည်း သူပြောတဲ့ အတိုင်း အရိုးစုတွေထည့်ပြီး ယူလာတာပဲ၊ ကိစ္စက ပြီးနေပါပြီ"



လောက်ကင်းက ပြုံးလိုက်၏။

"အေး ... တို့က အခေါင်းပို့ပေးရင် ငွေရတယ် မဟုတ်လား"

အိလောက်က မျက်ခုံးပင့်၍ မေးလိုက်၏။

"တို့ အခု နောက်ထပ် အခေါင်းပို့ပေးရဦးမယ်လို့ မင်းက ဆိုလိုတာလား"

လောက်ကင်းက မည်သို့မျှ ပြန်မပြောချေ။

သူ၏မျက်လုံးများက လမ်းမတစ်ဖက်သို့ ရောက်နေလေသည်။

အိလောက်က သူကြည့်နေရာသို့ လှည့်လိုက်၏။

ထိုအခါ ခေါင်းပေါ်တွင် ခေါင်းတစ်လုံးကို ရွက်ထားသော လူတစ်ယောက်အား မဝိုးတဝါး မြင်တွေ့လိုက်ရလေတော့သည်။

❋

ခေါင်းတစ်လုံးကို ရွက်ထားသော လူတစ်ယောက်သည်

www.burmeseclassic.com

www.burmeseclassic.com



အမှောင်ထဲမှ သူတို့ရှိရာသို့ ချဉ်းကပ်ရောက်ရှိလာလေတော့လေသည်။

တော်ရုံတန်ရုံလူများသည် ထိုမြင်ကွင်းကို တွေ့မိပါက လန့်ဖျပ်သွားမည်ဖြစ်သည်။

ထိုလူမှာ လောက်ကင်းနှင့် စကားပြောထားသူ ဖြစ်လေသည်။ လောက်ကင်း၏မျက်နှာတွင် ပြုံးယောင်သမ်းလာသည်။

"ငါ့မိတ်ဆွေက အချိန်ကို လေးစားပါတယ်ကွ"

အိလောက်သည် စိတ်ပေါ့ပါးသွားသည်။

သူတို့စောင့်နေခြင်းများ ရပ်ဆိုင်းသွားပြီ မဟုတ်ပါလား။

မကြာမီ အနက်ရောင်ဝတ်ဆင်ထားသူသည် မြင်းလှည်းအနီးသို့ ရောက်ရှိလာ၏။

သူက လောက်ကင်းအားကြည့်ကာ အက်ကွဲသောလေသံဖြင့် မေးလိုက်သည်။

"ခင်ဗျားတို့ စောင့်နေရတာ ကြာပြီလား"

လောက်ကင်းက ပြုံးလိုက်၏။

"လျှံ့ငွေငါးဆယ်က အချိန်ကို ကြာတယ်လို့ မထင်ရပါဘူးဗျာ"



အနက်ရောင်ဝတ်ဆင်ထားသူက သဘောကျစွာဖြင့် ပြုံးလိုက်သည်။

"ကျုပ်ကို စောင့်နေရတဲ့အတွက် ငွေဆယ်လျှံ့လောက် တန်သွားတယ်လို့ မထင်ဘူးလား၊ ကျုပ်ကလည်း အချိန်ကို တန်ဖိုးထားပါတယ်ဗျာ၊ ကျုပ်ဆို စောင့်နေရတဲ့အတွက် ခင်ဗျားတို့ မနစ်နာစေရပါဘူး"

ထိုစကားကြောင့် လောက်ကင်း၏မျက်နှာမှာ ဝင်းလက်သွား၏။

"အိုဗျာ … ငွေဆယ်လျှံ့ ပိုရမယ်ဆိုရင် နောက်ထပ် တစ်နာရီလောက် စောင့်ရလည်း ကျုပ်က မမှုပါဘူး၊ ကျုပ်တို့က လက်လုပ်လက်စားတွေပါဗျာ၊ ငွေဆိုတာ သည်းခြေကြိုက်ပဲဗျာ"

အိလောက်မှာလည်း ပျာပျာသလဲဖြစ်သွားသည်။

ဆယ်လျှံ့ဆိုသည့်ငွေမှာ ဆယ်ရက်ခန့် အရက်ကို အဝသောက်နိုင်သည် မဟုတ်ပါလား။

သူတို့လို လက်လုပ်လက်စားများအတွက် ငွေသည်တန်ဖိုးရှိလှပါသည်။

လောက်ကင်းက မြင်းလှည်းတံခါးအား ဖွင့်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် အိလောက်က တအံ့တသြဖြင့် ပြောလိုက်သည်။

"ဟင် ... ခေါင်းတွေက တစ်ပုံစံတည်းပါလား"

အနက်ရောင်ဝတ်ဆင်ထားသူက လှည်းပေါ်ရှိ အခေါင်းသုံးလုံးကို ကြည့်လိုက်သည်။

မှန်ပေသည်။

ယင်းခေါင်းသုံးလုံးမှာ ခေါင်းပေါ်တွင် ရှိနေသော အခေါင်းနှင့် တစ်ပုံစံတည်းပင် ဖြစ်နေ၏။

အမှန်ကတော့ တိုက်ဆိုင်မှုသာ ဖြစ်ပါသည်။

ခေါင်း၏ဖျက်နှင့်အရှည် တစ်ပုံစံတည်း ဖြစ်ဖို့ရန်မှာ မလွယ်ပါ။ အနက်ရောင်ဝတ်ဆင်ထားသူက ခေါင်းကို ခါယမ်းလိုက်သည်။

"ကိစ္စမရှိပါဘူးဗျာ၊ အခေါင်းတွေ တစ်ပုံစံတည်းပေမယ့် မှားစရာ မရှိပါဘူး"

ပြောပြောဆိုဆိုဖြင့် ခေါင်းပေါ်မှ အခေါင်းအား မြေပေါ်သို့ ချလိုက်သည်။

ထို့နောက် ကြောင်ရိုင်းတစ်ကောင်ကဲ့သို့ ပေါ့ပါးသွက်လက်စွာဖြင့် မြင်းလှည်းပေါ်သို့ ခုန်တက်သွားသည်။



တစ်ဆက်တည်းမှာပင် လှည်းပေါ်မှ အခေါင်းသုံးလုံးအား တစ်ခုပြီးတစ်ခု မ,ကာ ဖယ်ရှားလိုက်သည်။ လောက်ကင်းမှာ သူ၏ အပြုအမူအား နားမလည်နိုင်ဘဲ ဖြစ်သွားသည်။

"မိတ်ဆွေကြီး ... ဒါ ဘာလုပ်တာလဲဗျ"

အနက်ရောင်ဝတ်ထားသူက ပြုံးလိုက်သည်။

"ခင်ဗျားတို့က ဒီအခေါင်းသုံးလုံးကို ချမ်းမြကျေးရွာကို သွားပို့မလို့ မဟုတ်လား"

လောက်ကင်းက ခေါင်းညိတ်သည်။

"ဟုတ်ပါတယ်"

အနက်ရောင်ဝတ်သူက သူ့အား စိုက်ကြည့်ကာ ပြောလိုက်သည်။

"ကျုပ်ရဲ့အခေါင်းက ချမ်းမြကျေးရွာနဲ့ ဆယ်မိုင်လောက်ဝေးတဲ့ မြစိမ်းကျေးရွာကို သွားပို့ပေးရမှာဗျ၊ မြစိမ်းကျေးရွာကိုရော သိရဲ့လား"

အိလောက်က ဝင်ပြောလိုက်သည်။

"ဒါတွေကို ကျုပ်တို့ သိပါတယ်ဗျ၊ ပို့လည်း ပို့ပေးနိုင်ပါတယ်"

www.burmeseclassic.com



အနက်ရောင်ဝတ်ဆင်ထားသူက ခေါင်းတစ်ချက် ညိတ်လိုက်သည်။

"ဒါကြောင့် ကျုပ်ရဲ့အခေါင်းကို အောက်ဆုံးက ထားတာပေါ့၊ ဒါမှ ချမ်းမြကျေးရွာကိုရောက်တဲ့အခါ အပေါ်က အခေါင်းတွေကို ချရမှာ လွယ်ကူမယ်မဟုတ်လား"

"ကျုပ်ဟာ ဒါကိုသိလို့ ခေါင်းတွေကို အစဉ်လိုက်လုပ်လိုက်တာ"

အိလောက်က လက်ဖျောက်တစ်ချက်တီးလိုက်သည်။

"ခင်ဗျားစီစဉ်တာ ကောင်းပါတယ်၊ ကျုပ်တို့ကတော့ ခပ်ပေါ့ပေါ့ကလေးပဲ တွေးတာပေါ့ဗျာ၊ ဟိုကျရင် ခင်ဗျားရဲ့ခေါင်းကိုဖယ်ဆို ခေါင်းသုံးလုံးကိုချပေး၊ ခင်ဗျားရဲ့ခေါင်းကို ပြန်တပ်ရင်ရတယ်ဆိုပြီး ဒီအတိုင်း တင်မလို့ပေါ့ဗျာ၊ ခင်ဗျားက ခုလိုလုပ်လိုက်တော့ ချမ်းမြကျေးရွာမှာ အချိန်မကုန်တော့ဘူးပေါ့"

အနက်ရောင်ဝတ်ဆင်ထားသူက မည်သို့မျှ ပြန်မပြောဘဲ အင်္ကျီအိတ်အတွင်းမှ စာရွက်တစ်ရွက်ကို ထုတ်ယူလိုက်လေသည်။

ထို့နောက် သူယူဆောင်လာသော အခေါင်းပေါ်တွင် ကပ်လိုက်လေသည်။



စာရွက်ပေါ်တွင် ...

"ချစ်ဇနီး စန်ကွမ်ရှီ"

ဝမ်းနည်းဖွယ်ရာ ဖြစ်ရပ်ပင်။

အိလောက် အံ့အားသင့်သွားသည်။

"ဟင် ... ဒါက ခင်ဗျားဇနီးရဲ့အလောင်း ဟုတ်လား၊ ဖြစ်မှဖြစ်ရလေဗျာ"

အနက်ရောင်ဝတ်ဆင်ထားသူ၏မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲသည့်အရိပ်အယောင်များ ပေါ်လာသည်။

"ကျုပ်ဇနီးက ကျုပ်အပေါ်ကို တော်တော်သံယောဇဉ်ကြီးမားတယ်ဗျ၊ သူက ကျုပ်သွားလေရာကို တကောက်ကောက် လိုက်ပါခဲ့တယ်၊ ဒါပေမဲ့ ဒီတစ်ကြိမ်မှာတော့ သူဟာ ရောဂါဝေဒနာတစ်ခုခံစားလိုက်ရပြီး ရုတ်တရက် ကွယ်လွန်သွားတယ်ဗျ"

"သူ့ရောဂါကလည်း ကူးစက်တတ်တဲ့ရောဂါဆိုတော့ ခင်ဗျားတို့ကိုလည်း အားနာပါတယ်ဗျာ"

သူက စကားကို ခဏနားပြီး ဆက်ပြောလိုက်သည်။

"ကျုပ်က သူ့ရဲ့အလောင်းကို ကျုပ်ရဲ့ကျေးရွာမှာပဲ သင်္ဂြိုဟ်ချင်တယ်၊ ဒါပေမဲ့ ကျုပ်ကလည်း အလုပ်တစ်ခု ရှိသေးတယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ခင်ဗျားတို့ကိုပဲ အကူအညီတောင်းရတာပါ။ ကျုပ်ဇနီးရဲ့ အလောင်းသာ ကျုပ်ရဲ့ကျေးရွာကို ပြန်ရောက်သွားမယ်ဆိုရင် ကျုပ်ရဲ့အိမ်သားတွေက ဂရုတစိုက် သဂြိုဟ်ပေးကြမှာ အမှန်ပဲ၊ ကျုပ်အနေနဲ့ကတော့ သဂြိုဟ်တဲ့အချိန်ကိုမီအောင် ပြန်သွားနိုင်ပါလိမ့်မယ်"

အိလောက်က ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

"စိတ်ချပါဗျာ၊ ခင်ဗျား ဇနီးရဲ့အလောင်းကို ကျုပ်တို့က အမြန်ဆုံးရောက်အောင် သွားပို့ပေးပါ့မယ်"

အနက်ရောင်ဝတ်ထားသူက ခေါင်းငိုက်စိုက်ချကာ ပြောလိုက်သည်။

"ခင်ဗျားတို့ ဂရုတစိုက်နဲ့ အမြန်ဆုံး ပို့ပေးမယ်ဆိုတာ ကျုပ်ယုံကြည်ပါတယ်ဗျာ"

သူ့စကားဆုံးသွားသည်နှင့် လောက်ကင်းနှင့်အိလောက်တို့က မြင်းပေါ်သို့ လွှားခနဲခုန်တက်လိုက်သည်။

အနက်ရောင်ဝတ်စုံနှင့်လူသည် လှံခြောက်ဆယ် ပေးလိုက်လေသည်။ အိလောက်တို့သည် ထိုနေရာမှ တစ်ဟုန်ထိုး မောင်းနှင်ထွက်ခွာသွားတော့သည်။



မြင်းလှည်းမှာ တဖြည်းဖြည်းဝေးသွားပြီး အမှောင်ထဲ ပျောက်ကွယ်သွားသည်။

အိလောက်တို့သည် အနက်ရောင်ဝတ်စုံနှင့်လူကို ကြာမြင့်စွာ စောင့်ခဲ့ကြရသည်။

စောင့်ခဲ့ရသည့်အချိန်နှင့်ထေမိအောင် ချမ်းမြကျေးရွာသို့ သွားရန် လိုအပ်သည်။

ထို့ကြောင့် မြင်းလှည်းကို အပြင်းမောင်းနှင်သွားခြင်း ဖြစ်သည်။ သူတို့၏မြင်းလှည်း ခိုင်ခန့်ခြင်းမှာလည်း ဤသို့ အပြင်းမောင်းနှင်သွားနိုင်ခြင်း ဖြစ်သည်။

နောက်ဆုံးလှည်းသည် မြင်ကွင်းမှ လုံးဝပျောက်ကွယ်သွားသည်။ အနက်ရောင်ဝတ်ဆင်ထားသူသည် မြင်းလှည်းထွက်ခွာသွားရာအထိ ငေးကြည့်နေ၏။

မြင်းလှည်းပျောက်ကွယ်သွားသည်နှင့် ...

သူ၏မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲသော အရိပ်အယောင်များက အစားထိုးဝင်ရောက်လာသည်။

သူသည် ထိုနေရာတွင် မလှုပ်မယှက် ရပ်တန့်နေသည်။

အတန်ကြာမှ သဘောကျစွာ ရယ်မောလိုက်သည်။

www.burmeseclassic.com



"ဟား ဟား ဟား"

ထို့နောက် သူ၏ရယ်မောသံသည် ဝန်းကျင်တစ်ခုလုံးအား ပဲ့တင်ထပ်သွားလေတော့သည်။

အိပ်တန်းတက်မည့် ငှက်အချို့ပင် လန့်ဖျပ်၍ ပျံသွားကြလေတော့သည်။

❋

သိမ်းငှက် ...။

သိမ်းငှက်သည် လျင်မြန်ပြီး ပါးနပ်လှသော သတ္တဝါမျိုး ဖြစ်သည်။

များသောအားဖြင့် သိမ်းငှက်များသည် လူကို ဒုက္ခမပေးကြချေ။

ထို့ကြောင့် လောကပေါ်တွင် သိမ်းငှက်အား ကြောက်လန့်သောလူဟူ၍ မရှိပါချေ။

သို့သော် ...



ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ပေးနေသော အာမခံဌာနမှလူများသည် သိမ်းငှက်အား ကြောက်လန့်လျက် ရှိကြသည်။

အဘယ်ကြောင့်ဆိုသော် ...

သိမ်းငှက်သည် မထင်မှတ်သောနေရာမျိုးမှ ထွက်ပေါ်လာပြီး သယ်ယူလာသော အာမခံပစ္စည်းများအား အလစ်သုတ် လုယက်တတ်ခြင်းကြောင့် ဖြစ်သည်။

ထို့ပြင် သိမ်းငှက်၏သိုင်းပညာမှာ အလွန်ထူးဆန်း၍ ကြောက်မက်ဖွယ်ရာကောင်းသည်ကို နားလည်ထားကြသည်။

ယခုဖော်ပြသော သိမ်းငှက်မှာ ကောင်းကင်တွင် တောင်ပံနှစ်ဖက်ကိုဖြန့်ကား၍ ပျံဝဲနေသော သိမ်းငှက်သတ္တဝါကို ဆိုလိုခြင်း မဟုတ်ပါချေ။

အလွန်လျင်မြန်ထက်မြက်စေ၍ အများက သိမ်းငှက်ဟု အမည်ပေးထားကြသော ဓားပြကျော်သမားတစ်ယောက်ကို ဆိုလိုခြင်း ဖြစ်သည်။

ထိုဓားပြကျော်သမား၌ ထူးဆန်းသောအကျင့်ရှိသည်။ ထို အကျင့်မှာ သူသည် သိမ်းငှက်များအား အလွန်ချစ်တတ်ပြီး မွေးမြူတတ်သောအကျင့်ပေတည်း။

www.burmeseclassic.com

www.burmeseclassic.com

သူသည် သိန်းငှက်တို့၏သဘာဝကို လေ့လာသည်။ သိန်းငှက်တို့၏အကျင့်ကို လေ့လာသည်။ သူသည် သိန်းငှက်အချို့ကို ဖမ်းဆီးပြီး မွေးမြူတတ်လေ၏။ ထိုသိန်းငှက်များကို လေ့ကျင့်ပေးသည်။

သူလေ့ကျင့်ပေးထားသော သိန်းငှက်များကို လူအများက အံ့ဩစိတ်ဝင်စားကြသည်။

❋

အနက်ရောင်ဝတ်ဆင်ထားသူသည် အမှောင်ထဲ၌ လမ်းလျှောက်ပြန်လာခဲ့သည်။

သူလမ်းလျှောက်ပြန်လာခဲ့သည့်နေရာမှာ ကူမင်းမြို့တွင်းမှ သူခေါင်းကြီးကို ထမ်းလာခဲ့သည့် မြက်ပင်ရှည်ကြီးများနှင့် ခြံဝင်းကြီးသို့ပင်။

သူ ပြန်လည်ရောက်ရှိလာသောအခါ၌လည်း မြက်ပင်ရှည်ကြီးများ ဝိုင်းနေသော အဆောက်အအုံပျက်ကြီးမှာ ငြိမ်သက်လျက်ပင် ရှိနေပါသည်။



'ကျွီ'

ပျက်စီးစပြုနေသည့် ခြံတံခါးကို သူ ဆွဲဖွင့်လိုက်တော့သည်။

တံခါးမှာ မပွင့်ချင်ပွင့်ချင်နှင့် ပွင့်သွားသည်။

သူသည် ခြံဝင်းအတွင်းသို့ ဝင်လိုက်ပြီး မြက်ပင်ရှည်ကြီးများကို ဖြတ်ကျော်လိုက်သည်။

ထိုအခါ သူသည် အဆောက်အအုံပျက်ကြီးဆီသို့ ပြန်လည်ရောက်ရှိလာသည်။

'ရှီ'

သူသည် မီးညှိလိုက်ပြီး မှန်အိမ်တစ်လုံးကို ထွန်းညှိလိုက်သည်။ ထိုမှန်အိမ်မှအလင်းရောင်ဖြင့် မြင်းလှည်းတစ်စီးကို မြင်တွေ့လိုက်ရသည်။

ထိုမြင်းလှည်းကား ...

သူအပိုင်စီးလာသည့် ရွှေကျားပျံအာမခံဌာနမှ မြင်းလှည်းသာတည်း။ မြင်းလှည်းတွင် စိုက်ထူထားသော ရွှေကျားပျံအာမခံဌာန၏အလံမှာ တွဲလောင်းကျနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသေတ္တာတစ်လုံးမှာ အဖုံးပွင့်လျက် ရှိနေလေသည်။

ထိုအထဲ၌ မည်သည့်အရာမျှ ရှိမနေတော့ပါချေ။

လွန်ခဲ့သော အချိန်အနည်းငယ်ခန့်က ဤအထဲတွင် အဖိုးတန် ကျောက်မျက်ရတနာများ ရှိနေခဲ့သည်ဟုဆိုလျှင် မည်သူမျှ ယုံကြည်နိုင်မည် မဟုတ်ချေ။

အနက်ရောင်ဝတ်လူက တစ်ချက်ပြုံးလိုက်၏။

သူသည် လမ်းချိုးကလေးမှ ရှေးကျားပုံအာမခံဌာန၏ မြင်းလှည်းတန်းကို ဝိတ်ဆို့လိုက်သောအခါ ရှေးကျားပုံအာမခံဌာနမှ သိုင်းသမားများ ဖရိုဖရဲဖြစ်သွားကြပုံကို ပြန်လည်မြင်ယောင်လာ၏။

ထို့ပြင် ရတနာသေတ္တာတင်ဆောင်ထားသော မြင်းလှည်းပေါ်မှ မြင်းလှည်းသမားက သူ့အား အသက်စွန့်၍ ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့ပုံကိုလည်း မြင်ယောင်လာမိသည်။

"အင်း … ရှေးကျားပုံအာမခံဌာနက သိုင်းသမားတွေဟာ သိုင်းပညာ တော်တော်ထက်မြက်ကြပါလား"

သူက ယင်းသို့တွေးတောရင်း အာမခံပစ္စည်းများကို လုယက်ရသည်မှာ တစ်နေ့တခြား ခက်ခဲလာကြောင်း သဘောပေါက်နားလည်လိုက်သည်။



ယခုတစ်ကြိမ်တွင် …

သူသည် ချောမောစွာဖြင့် လုယက်နိုင်လိုက်ပြီ ဖြစ်လေသည်။

သို့သော် နောက်တစ်ကြိမ်တွင် ယခုကဲ့သို့ ချောမောပြေပြစ်နိုင်ပါမည်လော။ သူ သက်ပြင်းချလိုက်သည်။

"ဒီတစ်ခါရတဲ့ ပစ္စည်းကတော့ တော်တော်များတယ်၊ ငါ တစ်သက်လုံး အေးအေးဆေးဆေး နေသွားနိုင်ပြီ၊ နောက်ထပ် လုစရာမလိုတော့ဘူး၊ ငါ လောဘသတ်နိုင်မှ အသက်ရှည်ရှည် အေးအေးဆေးဆေး နေနိုင်မယ်"

သူက ယင်းသို့စဉ်းစားပြီးနောက် …

အဆောက်အအုံ၏အတွင်းခန်းသို့ လှမ်းဝင်သွားလေသည်။

မကြာမီ သူသည် ထိုအခန်းတွင်းမှ ပြန်ထွက်လာသည်။

ယခု … သူသည် အဖိုးတန် ပိုးအင်္ကျီဝတ်စုံရှည်ကို ဝတ်ဆင်ထားပြီး ဖြစ်သည်။

သူ၏ညာဘက်ပခုံးထက်တွင် သိန်းငှက်တစ်ကောင် ပါလာသည်။ သူသည် မီးအိမ်ကို ငြိမ်းလိုက်သည်။

ထိုနောက် အဆောက်အအုံတွင်းမှ ထွက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြက်ပင်ရှည်များကို ဖြတ်ကျော်ပြီး ခြံဝင်းတံခါးဝသို့ ရောက်ရှိလာသည်။

သူသည် ခြံဝင်းတံခါးကို ပြန်ပိတ်လိုက်သည်။

"ကျွီ"

ထို့နောက် ခြံဝင်းအတွင်း လမ်းမကြီးပေါ်သို့ ရောက်ရှိသွားပြီး လမ်းမကြီးအတိုင်း အရှေ့ဘက်သို့ ဦးတည်လျှောက်လှမ်းသွားလေတော့သည်။

❋❋❋



## အခန်း (၈)

အအေးဓာတ်က သိသိသာသာ ဝင်ရောက်လာ၏။

ဝန်းကျင်တစ်ဝိုက်တွင် အမှောင်ထုကြီးဆိုးလာပြီ ဖြစ်သည်။

ကူမင်းမြို့တွင်းရှိအိမ်များတွင် အိမ်တိုင်း မီးရောင်များထွက်ပေါ်နေကြလေပြီ။

ဤမျှ အေးချမ်း၍တိတ်ဆိတ်သော အချိန်ကာလမျိုး၌ လူအများတို့သည် အိပ်ရာဝင်ရန် ပြင်ဆင်ကြမည်သာ ဖြစ်လေသည်။

သို့သော် ရွှေကျားပုံအာမခံဌာနမှုး ထင်ချူမှာ အနားမယူနိုင်သေးချေ။

ချမ်းအေးနေသည့်အချိန်ဖြစ်သော်လည်း သူ၏တစ်ကိုယ်လုံး၌ ချွေးများဖြင့် စိုနေလေသည်။

သူ့ကို ရွှေကျားပုံအာမခံဌာနမှ တစ်ကိုယ်တော်လုယက်သူ ဒုစရိုက်သမားတစ်ဦး၏လုယက်မှုကို ခံလိုက်ရသည် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



အာမခံဌာနမှူး ဝမ်ကျင်းသေဆုံးသွားပြီး သယ်ဆောင်လာသော အဖိုးတန်ကျောက်မျက်ရတနာများကို လုယက်ခြင်းခံလိုက်ရသည် မဟုတ်ပါလော။

ရတနာများ သယ်ဆောင်လာသည့်မြင်းလှည်းကို ဒုစရိုက်သမားက လုယူမောင်းနှင်သွားခဲ့သည်။

ယခုလည်း … အာမခံဌာနမှူးဝမ်ကျင်း၏တာဝန်အရပ်သည် သူ၏ပခုံးပေါ်သို့ လွှဲပြောင်းကျရောက်လာခဲ့ပြီဖြစ်သည်။

ထိုတာဝန်မှာ ကြီးလေးလှသည့်တာဝန်ကြီး ဖြစ်လေသည်။

ထို့ကြောင့် ထင်ချူအနေဖြင့် အေးအေးဆေးဆေး မနေနိုင်တော့ချေ။

ဝမ်ကျင်းကို အသက်သေဆုံးအောင်ပြုခဲ့ပြီး အဖိုးတန်ရတနာများကို လုယူသွားသော အနက်ရောင်ကိုယ်ကြပ်အကျႌနှင့်လူ၏နောက်သို့ လိုက်လံရှာဖွေရမည်ဖြစ်သည်။

ဤသို့ဆိုလျှင် အနက်ရောင်အကျႌနှင့်လူသည် မည်သူနည်း။

သူသည် အဘယ်ကြောင့် အဖိုးတန်ရတနာများ သယ်ဆောင်လာသည်ကို သိရှိနေပါသနည်း။

အမှန်တွင် …



အနက်ရောင်အကျႌနှင့်လူသည် အာမခံဌာနသားများကြောက်လန့်နေကြသည့် သိန်းငှက်ဆိုသည့် ဓားပြတစ်ယောက်ပင် မဟုတ်ပါလား။

ထို့ကြောင့် …

ထင်ချူက သိန်းငှက်အား မရမနေ ရှာဖွေသုတ်သင်ရန် ဆုံးဖြတ်ချက် ချလိုက်တော့သည်။

ရုတ်တရက် ထင်ချူက တစ်စုံတစ်ခုကို သတိရလိုက်၏။

ထိုအခါ သူ၏မည်းမှောင်နေသောမျက်နှာမှာ ဝင်းလက်သွားလေသည်။

သူသည် စိတ်ကူးပေါ်သွားသည်နှင့် တစ်ပြိုင်နက် …

နောက်မှမြင်းကို ဒုန်းစိုင်း၍ လိုက်လာကြသော သိုင်းသမားများကို လက်တစ်ချက်ယမ်းပြလိုက်သည်။

"ဟေ့ … အားလုံး အရှေ့ဘက်မြို့တံခါးကို အမြန်ဆုံးသွားကြ၊ ကူမင်းမြို့က ဒီအချိန်မှာ အရှေ့ဘက်တံခါးကလွဲလို့ ကျန်တဲ့တံခါးတွေ အကုန်ပိတ်ပြီ၊ ဒီတော့ ဒီဓားပြဟာ အရှေ့ဘက်တံခါးကနေပြီးတော့မှ မြို့ပြင်ကို ထွက်မှာပဲ"

ယင်းသို့ပြောပြီးသည်နှင့် …

www.burmeseclassic.com

www.burmeseclassic.com



သူက မြင်းကို အပြင်းနှင်ကာ မြို့၏အရှေ့ဘက်တံခါးဆီသို့ ဦးတည်သွားလေသည်။

ကျန်ဆယ့်သုံးယောက်မှာ တာဝန်ခံမဟုတ်ပေ။

တာဝန်ခံပြောကြားသည့် လမ်းကြောင်းအတိုင်း လိုက်ကြရုံပင်။ ပြောသည့်အတိုင်း တားဆီးရုံပင်။

သူတို့သည် တစ်ကြိမ်မှ လုယက်မခံဘူးသော အာမခံဌာနမှ သိုင်းသမားများဖြစ်နေကြ၍ ဤသို့ အလုခံလိုက်ရသောအခါ အားလုံးလိုလို ဒေါသထွက်နေကြသည်။

ရန်သူကိုဖမ်းမည်၊ ဥပဒေအရ အပြစ်ပေးမည်။ သူတို့၏ ဆုံးဖြတ်ချက်များသည် သူတို့၏ရင်တွင်း၌ အလျှံတငြီးငြီး တောက်လောင်နေသည်။

ထင်ချူသည် သိုင်းပညာ အဆင့်မြင့်မားသည်နှင့်အမျှ ဉာဏ်ပညာထက်မြက်သူတစ်ဦး ဖြစ်သည်။

လုယက်သွားသော သိန်းငှက်သည် ဤရတနာပစ္စည်းများ ကိုယူပြီး မြို့တွင်း၌ ရှိနေမည် မဟုတ်ချေ။

ကူမင်းမြို့တွင်း၌ရှိနေလျှင် မြို့စောင့်တပ်များ ပိုက်စိပ်တိုက်ရှာလျှင် ကျိန်းသေမိမည်ဖြစ်သည်။



မည်သည့်အိမ် မည်သည့်ခြံထဲ၌ ခိုလှုံနေမည်နည်း။

သူသည် မြို့ထဲ၌ ဤပစ္စည်းများနှင့် မနေဝံ့ပေ။

မြို့ပြင်သို့ ထွက်ကိုထွက်မည်။

ထွက်ပုံထွက်နည်းကတော့ ပညာပါလိမ့်မည်။

သူတစ်ဦးတည်း သေတ္တာကထမ်းပြီး မြို့ပြင်သို့ ထွက်မည် မဟုတ်ချေ။ မည်သည့်ပရိယာယ်နှင့်ထွက်မည်နည်း။

ထိုပရိယာယ်ကို အုပ်မိနိုင်ရန် အရေးကြီးသည်။

ဤသို့ဆိုလျှင် သူ့အနေဖြင့် အရှေ့ဘက်တံခါးမှလွဲ၍ မည်သည့်နေရာကမျှ ထွက်ယူရန် မဖြစ်နိုင်ပါချေ။

ယင်းသို့တွေးတောမိလိုက်သောကြောင့် ...

ထင်ချူက သူ၏လူများကို ခေါ်ဆောင်ကာ အရှေ့ဘက်တံခါးဆီသို့ ဦးတည်သွားခြင်းသာ ဖြစ်လေတော့သည်။

❋

ကူမင်းမြို့တွင် မြို့တံခါးလေးခုရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်မှောင်လာသည်နှင့် အရှေ့ဘက်မြို့တံခါးမှ လွဲ၍ ကျန်တံခါးပေါက်သုံးခုမှ တံခါးများ ပိတ်လိုက်ကြသည်။

အရှေ့ဘက်တံခါးမှာမူ ...

ကူမင်းမြို့တွင်းသို့ အရေးတကြီးကိစ္စဖြင့် ဝင်ရောက်လိုသူများ ထွက်ခွာသွားလိုသူများအတွက် အချိန်အနည်းမျှ ပို၍ ဖွင့်ပေးထားခြင်းဖြစ်သည်။

ထင်ချူတို့လူစု အရှေ့ဘက်သို့ ရောက်ရှိလာကြသောအခါ မြို့စောင့်ရဲမက်များသည် တံခါးကိုပိတ်ရန် ဟန်ပြင်နေကြပြီ ဖြစ်သည်။ ထင်ချူမှာ ရင်ထိတ်သွား၏။

သူက ကပျာကယာ အော်ဟစ်၍ ဟန့်တားလိုက်လေသည်။

"မိတ်ဆွေတို့ နေကြပါဦး"

ထိုအခါ မြို့ရိုးတံခါးစောင့်အဖွဲ့မှ ခေါင်းဆောင်ဖြစ်ဟန်ရှိသူက မျက်မှောင်ကြုတ်လိုက်ပြီး ကြိမ်းမောင်းလိုက်သည်။

အာဏာအပြည့်သုံးမည့် ခေါင်းဆောင်ပင် ...

"ဒီအချိန်ဟာ မြို့တံခါးပိတ်ချိန်ဆိုတာ မသိကြဘူးလား"

ထင်ချူက ထိုလူအနီးသို့ ချဉ်းကပ်သွားကာ တောင်းပန်လိုက်သည်။



"မိတ်ဆွေကြီးတို့ကို အနှောင့်အယှက်ပေးရတာ တောင်းပန်ပါတယ်၊ ကျုပ်တို့မှာ အရေးကြီးတဲ့ကိစ္စ ရှိနေလို့ပါဗျာ၊ ကျုပ်တို့ကို ကူညီပါဦး"

ခေါင်းဆောင်လုပ်သူက မျက်မှောင်ကြုတ်လိုက်ပြန်လေသည်။

"ဘာကိစ္စလဲ အခု တံခါးပိတ်ချိန်ရောက်နေပြီဗျ"

ထင်ချူက သက်ပြင်းချလိုက်သည်။

"ကျုပ်တို့က ရွှေကျားပွဲအာမခံဌာနကပါ၊ ကျုပ်တို့ သယ်ဆောင်လာတဲ့ အဖိုးတန်ပစ္စည်းတွေ အလုခံလိုက်ရလို့ပါ၊ အဲဒီဓားပြဟာ ကူမင်းမြို့ထဲမှာပဲ ပုန်းအောင်နေမှာ မဟုတ်ပါဘူး၊ မြို့ပြင်ကိုပဲ ထွက်ပြေးသွားမှာပါ၊ ဒီလောက်ဆိုရင် မိတ်ဆွေ နားလည်မှာပါဗျာ"

ထိုစကားကြောင့် မြို့တံခါးစောင့်ခေါင်းဆောင်၏မျက်နှာမှာ ကွက်ခနဲပျက်သွားသည်။

သူက ထင်ချူအား ကပျာကယာ ဦးညွတ်လိုက်သည်။

"မိတ်ဆွေတို့ကို ရွှေကျားပွဲအာမခံဌာနကမှန်း မသိလို့ပါ"

ထင်ချူက ခေါင်းညိတ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် မည်သို့ဆက်ဆံရမည်ကို သိသည်။

"ကိစ္စမရှိပါဘူးဗျာ၊ ဒါထက် မြို့ပြင်ကို ကျုပ်တို့မလာခင် ဘယ်သူများ ထွက်သွားသေးသလဲဗျ။ ဒီကောင် မြို့ပြင်ကို ကျိန်းသေ ထွက်ရမယ်၊ ထွက်မသွားသေးရင်လည်း နောက်ထွက်ရမှာပဲ"

တံခါးစောင့်ခေါင်းဆောင်က အနည်းငယ် စဉ်းစားကာ ပြောလိုက်သည်။

"အခေါင်းတွေ တင်ဆောင်ထားတဲ့ မြင်းလှည်းတစ်စီးက လွဲ၍ ဘယ်သူမှ ထွက်မသွားကြသေးပါဘူး"

ထင်ချူ၏မျက်လုံးအစုံမှာ ဝင်းလက်သွားသည်။ ထူးခြားချက်ကို တွေ့လိုက်ရလေပြီ။

ခေါင်းတလားများ သယ်ဆောင်လျှင် လင်းလင်းရှင်းရှင်း နေ့လယ်ခင်း သယ်ပါတော့လား။

ယခုတော့ ညကြီးမင်းကြီးသယ်သတဲ့။

ရတနာသေတ္တာမှာ အတော်ကြီးမားသည်။

ကြီးမားရမည်ပေါ့။ ရတနာများကလည်း အတော်များပေသကိုး။ ရတနာများကို တစ်ဦးချင်း သယ်မည်ဆိုလျှင်လည်း မလွယ်ချေ။



ကင်းသမားက စစ်နိုင်သည်။ ထို့မှ့ များပြားသော ရတနာများကို မြင်းလှည်း မြင်းရထားနှင့်သာ သယ်ဆောင်နိုင်သည်။

ယခု ထူးထူးခြားခြား ခေါင်းတလား သယ်သွားသော မြင်းလှည်းဟု ပြောလိုက်သည်နှင့် ထင်ချူသည် ချက်ချင်း အတွေးပေါက်သွားတော့သည်။

"အဲဒီမြင်းလှည်း ထွက်သွားတာကြာပြီလား"

တံခါးစောင့်ခေါင်းဆောင်က ခေါင်းခါယမ်းလိုက်လေသည်။

"မကြာသေးပါဘူး"

"ဒါဖြင့် ကျုပ်တို့ ဒီမြင်းလှည်းနောက်လိုက်မယ်"

သူ၏စကားဆုံးသည်နှင့် ...

ထင်ချူက မည်သည့်စကားမျှ မပြောတော့ဘဲ မြို့ပြင်သို့ မြင်းကို တစ်ဟုန်ထိုးမောင်းနှင်သွား၏။

ကျန်လူများကလည်း သူ၏နောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားကြသည်။

တံခါးစောင့်ခေါင်းဆောင်က ခေါင်းကို ဖြည်းညင်းစွာ ခါလိုက်၏။

"ရွှေကျားပျံအာမခံဌာနက ပစ္စည်းကို လုယူဝံ့တဲ့လူဟာ

www.burmeseclassic.com

www.burmeseclassic.com



အတော်ကို ကြောက်စရာကောင်းမှာ သေချာတယ်၊ သူတို့ ဒီလိုလုပ်သွားလို့ မိပါ့မလား”

ယင်းသို့ရေရွတ်ရင်း သူ၏တပည့်များဘက်သို့လှည့်ကာ အမိန့်ပေးလိုက်လေသည်။

“ကဲ ... တံခါးပိတ်လိုက်ကြတော့ဟေ့”

❋

ကောင်းကင်၌ လခြမ်းကွေးကလေးထွက်ပေါ်လာပြီ ဖြစ်သည်။ လဆန်းရက်ဖြစ်သောကြောင့် လရောင်မှာ မပီပိုးတဝါးသာ ရှိနေသည်။ ထင်ချူမှာ အနည်းငယ်မောဟိုက်လာ၏။

သူ၏မြင်းမှာလည်း မောဟိုက်နေပြီ ဖြစ်သောကြောင့် သူက နားလည်လိုက်သည်။

သူ၏နောက်လိုက် ဆယ့်သုံးယောက်၏မြင်းများလည်း မောဟိုက်နေလောက်ပြီ။

သို့သော် သူ့အနေဖြင့် ရပ်တန့်ရန် မဖြစ်နိုင်သေးချေ။



ခေါင်းသယ်သွားသည့် မြင်းလှည်းကို မမီမချင်း သူ၏မြင်းကို ရပ်တန့်ရန် မဖြစ်နိုင်ချေ။

သူ၏နောက်မှ လိုက်ပါလာကြသူများအားလည်း ရပ်တန့်ခွင့်မပေးနိုင်ပါ။

အကယ်၍ သူတို့ ရပ်တန့်၍အမောဖြေလိုက်ပါက အဖိုးတန်ရတနာများ လုယက်သွားသူအား လက်လွှတ်သွားမည် မဟုတ်ပါလား။

ယင်းကြောင့် ထင်ချူက မြင်းကို ပို၍အရှိန်မြှင့်စွာ မောင်းနှင်လိုက်သည်။

ထိုစဉ်မှာပင် ...

သူတို့၏ရှေ့မှ အပြင်းမောင်းနှင်သွားနေသော မြင်းလှည်းတစ်စီးကို မသဲမကွဲ လရောင်အောက်တွင် တွေ့မြင်လိုက်ရလေသည်။

သူတို့သည် ထိုမြင်းလှည်းကို အမီလိုက်ရန် မြင်းကို အပြင်းအထန် စိုင်းနှင်ကြလေ၏။

မကြာမီ မြင်းလှည်းကိုမီသွား၏။

ထင်ချူက မြင်းကို ရပ်တန့်လိုက်ပြီးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အလားတူပင် သူ၏နောက်မှ သိုင်းသမားများကလည်း မြင်းကိုယ်စီကို ရပ်တန့်လိုက်ကြသည်။

သူတို့မြင်းများသည် နှာမှုတ်နေကြ၏။

မြင်းဆယ့်လေးကောင်စလုံး ပင်ပန်းနေကြလေပြီ။

အကယ်၍ သူတို့ မိုင်ဝက်ခန့်မှ ဆက်၍မောင်းနှင်လျှင် မြင်းများ လဲကျသေဆုံးကုန်တော့မည်။

ယခုတော့ ကံကောင်းပါ၏။ ရှေ့မှမြင်းလှည်းကို မီကြလေပြီ။

သို့သော် ငြိမ်သက်စွာ ရပ်တန့်နေကြခြင်းမျိုး မဟုတ်ချေ။

မြင်းလှည်းတစ်စီးကို ဝိုင်းရံ၍ ရပ်တန့်နေခြင်းသာ ဖြစ်သည်။

မြင်းလှည်းမှာလည်း ဝိုင်းထားသူများကို ဖောက်ထွက်နိုင်ခြင်းမရှိ၍ မြင်းလှည်းကို ရပ်တန့်လိုက်ရသည်။

ထိုမြင်းလှည်းမှာ အရှေ့ဘက်တံခါးမှ ထွက်လာသည့် အခေါင်းများ တင်ဆောင်ထားသော မြင်းလှည်းပင် ဖြစ်သည်။

ထင်ချူးက အံကိုကြိတ်လိုက်ပြီး မြင်းလှည်းမောင်းနှင်လာသူအား ကြည့်လိုက်သည်။



မြင်းလှည်းမောင်းနှင်လာသူမှာလည်း နားမလည်နိုင်စွာဖြင့် ထင်ချူးအား ပြန်ကြည့်လိုက်၏။

မြင်းလှည်းမောင်းသူနံဘေးမှ အဖော်ဖြစ်သူကလည်း ထင်ချူးတို့လူစုအား ကြောင်အမ်းအမ်းဖြင့် ကြည့်နေလိုက်သည်။

"ခင်ဗျားတို့က ကျုပ်တို့ကို ဓားပြတိုက်မလို့လား"

ထိုစကားကြောင့် ထင်ချူးတို့လူစု သုန်မှုန်သွားကြလေသည်။ ဓားပြကို လိုက်ဖမ်းသူက ဓားပြဖြစ်ရသည်ကို ဒီလူပြောမှ ပြောတတ်ပလေ။

"မင်းတို့ ဘာတွေပြောနေတာလဲ"

မြင်းလှည်းပေါ်၌ ပါလာသူနှစ်ယောက်မှာ ပို၍ ထိတ်လန့်သွားကြသည်။

"ကျုပ်တို့က ဆင်းရဲသားတွေပါဗျာ၊ ကျုပ်တို့ မြင်းလှည်းမှာ အဖိုးတန်ပစ္စည်း ဘာမှပါမလာပါဘူး၊ လူသေအလောင်းတွေ ထည့်ထားတဲ့ ခေါင်းတွေပဲ ပါလာပါတယ်"

ထင်ချူး ခေါင်းညိတ်လိုက်၏။

"ကျုပ်တို့က ခေါင်းတွေပဲ လိုချင်တာပါ"

ထိုစကားကြောင့် ...

www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းမောင်းသူမှာ ပါးစပ်အဟောင်းသား ဖြစ်သွား၏။ နံဘေးမှ အဖော်ဖြစ်သူက ကပျာကယာ တောင်းပန်လိုက်၏။

"ဒီခေါင်းတွေကိုတော့ မယူကြပါနဲ့ဗျာ၊ ဒီခေါင်းတွေကို ခင်ဗျားတို့ယူသွားမယ်ဆိုရင် သခင်ကြီးက ကျုပ်တို့ကို ချမ်းသာပေးမှာ မဟုတ်ဘူး၊ ကျုပ်တို့ကို သတ်လိမ့်မယ်"

သူက မျက်မှောင်ကြုတ်လိုက်သည်။

"မင်းတို့သခင်ကြီးက ဘယ်သူလဲ"

မြင်းလှည်းမောင်းသူက ထိတ်လန့်သောလေသံဖြင့် ဖြေလိုက်၏။

"မေးဂူပါ"

သူ မျက်လုံးပြူးသွားသည်။

သူသည် မေးဂူအကြောင်း ကြားဖူးထားသည်။

"ဘာ ... မေးဂူ ဟုတ်လား"

သူသည် ရုတ်တရက်ဖြစ်၍ ဤသို့ပင် မေးမိသည်။

မေးဂူသည် ချမ်းမြကျေးရွာမှ သခင်ကြီးဖြစ်ပြီး သိုင်းလောကမှ အနားယူသွားသည်မှာ မကြာသေးပေ။

မြင်းလှည်းမောင်းသူက ခေါင်းညိတ်လိုက်၏။



"ဟုတ်ပါတယ်"

ထင်ချူ၏ခန္ဓာကိုယ်တစ်ခုလုံးမှာ တုန်တုန်ယင်ယင် ဖြစ်သွားသည်။

အဖိုးတန်ရတနာများကို လုယူသွားမှာ မေးဂူဖြစ်ပါက ပြန်လည်ရယူရန် သူ့အနေဖြင့် မည်သို့မျှ တတ်နိုင်မည် မဟုတ်ချေ။

မေးဂူ၏သိုင်းပညာနှင့် သူ့သိုင်းပညာမှာ မိုးနှင့်မြေလောက် ကွာခြားနေသည်။

ရုတ်တရက် သူက ဆုံးဖြတ်ချက်တစ်ခုကိုချလိုက်ပြီး ခါးမှ ဓားကို လျှပ်တစ်ပြက် ဆွဲထုတ်လိုက်၏။

အသက်နှင့်ရင်းပြီး လုယက်သူကို ဖော်ထုတ်နိုင်လျှင် အမြတ်ပဲ ဖြစ်ပါသည်။

"မင်းတို့ ညာပြောနေတာ၊ မေးဂူက သူများပစ္စည်းကို ဘယ်တော့မှ လုယက်မှာမဟုတ်ဘူးကွ"

မြင်းလှည်းမောင်းသူမှာ နားမလည်နိုင်ဘဲ ဖြစ်သွားလေသည်။

"ဗျာ ... ခင်ဗျား ဘာပြောတာလဲ၊ ကျုပ်တို့ နားမလည်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူက အံကိုတင်းတင်းကြိတ်လိုက်၏။

"မင်းတို့ ရှေကျားအာမခံဌာနက ပစ္စည်းတွေကို လုယက်လာကြတယ် မဟုတ်လား"

ထိုစကားကြောင့် မြင်းလှည်းမောင်းသူမှာ ပါးစပ်အဟောင်းသား ဖြစ်သွား၏။

"မဟုတ်ရပါဗျာ၊ ကျုပ်က လောက်ကင်းပါ၊ သူကတော့ အိလောက်ပါ၊ ကျုပ်တို့က သခင်ကြီးမေးဝှရဲ့ အလုပ်သမားတွေပါ"

သူက မျက်နှာခက်ထန်စွာဖြင့် ပြောလိုက်၏။

"မင်းတို့က ကျုပ်တို့ရဲ့ ပစ္စည်းကိုလုပြီး အခေါင်းတွေထဲမှာ ထည့်ဖွက်ခဲ့တာ မဟုတ်လား"

လောက်ကင်းက ခေါင်းကို တွင်တွင်ခါယမ်းလိုက်၏။

"မဟုတ်ပါဘူး၊ ဒီအခေါင်းတွေက သခင်ကြီးမေးဝှနဲ့ ယှဉ်ပြိုင်တိုက်ခိုက်ပြီး သေဆုံးသွားတဲ့လူတွေရဲ့ အလောင်းတွေပါ၊ ဒီအလောင်းကောင်တွေကို သခင်ကြီးက ချမ်းမြကျေးရွာမှာရှိတဲ့ သူ့ရဲ့ သမက်ကို ပေးခိုင်းလိုက်တာပါ"

သူက မဲ့ပြုံး ပြုံးလိုက်၏။

"ကျုပ်မယုံဘူး"



စကားဆုံးသည်နှင့် သူက လက်တစ်ချက် ဝှေ့ယမ်းပြလိုက်သည်။ ထိုအခါ သူ၏နောက်မှ လိုက်လာကြသော သိုင်းသမားများက မြင်းလှည်းပေါ်သို့ ခုန်တက်သွားကြ၏။

မြင်းလှည်းပေါ်၌ ခေါင်းနှစ်လုံးပေါ် ရှစ်လုံးဆင့်တင်ထားလေရာ သူတို့သည် ပထမခေါင်းနှစ်လုံး၏အဖုံးများကို ဖွင့်လိုက်ကြသည်။

သူက မျက်တောင်မခတ်ဘဲ ခေါင်းများကို စိုက်ကြည့်နေလေ၏။ အပေါ်မှ ခေါင်းနှစ်လုံးမှအဖုံးများ ပွင့်သွားပြီ ဖြစ်သည်။

အဖုံးများ ပွင့်သွားသည်နှင့် ခေါင်းအတွင်းမှ ဖြူဖွေးသော အရိုးစုများကို မြင်လိုက်ရ၏။

"ဟင်"

သူသည် ထိတ်လန့်တကြား ဖြစ်သွားသည်။

မြင်းလှည်းမောင်းသမား လောက်ကင်း ပြောသော စကားမှာ မှန်ကန်နေသည် မဟုတ်ပါလော။

ထင်ချူက လောက်ကင်းဘက်သို့ လှည့်ကာ မေးလိုက်လေသည်။

"မင်းပြောတာတွေ အမှန်ပဲလား"

www.burmeseclassic.com

www.burmeseclassic.com



လောက်ကင်းက ခေါင်းညိတ်ပြလိုက်၏။

"အမှန်ပါပဲဗျာ၊ ကျုပ်တို့က ဆရာလေးကို ဘာညာစရာ ရှိသလဲ၊ ကျုပ်တို့က အလုပ်သမားတွေပဲ၊ ခိုင်းတာလုပ်ရတာပါ"

သူက မျက်မှောင်ကြုတ်လိုက်၏။

"ဒါဖြင့် မေးဝှူနဲ့ တိုက်ခိုက်ယှဉ်ပြိုင်ကြတဲ့သူတွေက ဘယ်သူတွေလဲ၊ ဘာကြောင့် တိုက်ခိုက်ကြတာလဲ"

အိလောက်က ဝင်ပြောလိုက်၏။

"ဘာဖြစ်လို့ တိုက်ခိုက်ကြသလဲတော့ မသိပါဘူး၊ ဒါပေမဲ့ သေဆုံးသွားကြတဲ့ သိုင်းသမားတွေကတော့ မိစ္ဆာသုံးဖော်လို့ ပြောသံကြားတယ်ဗျ"

ထိုစကားကြောင့် ထင်ချူ၏မျက်လုံးအစုံမှာ ပြူးကျယ်သွား၏။

"ဟင် ... မိစ္ဆာသုံးဖော်ကို မေးဝှူက ယှဉ်ပြိုင်ပြီး အနိုင်ယူလိုက်တယ် ... ဟုတ်လား"

လောက်ကင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

သူက မျက်မှောင်ကြုတ်လိုက်၏။



"မေးဝှူဟာ ဓားသမားတစ်ယောက်ပဲ၊ ဘာကြောင့် မိစ္ဆာသုံးဖော်က အရိုးစုတွေ ဖြစ်နေရတာလဲ"

လောက်ကင်း ပြုံးလိုက်သည်။

"အသားစာအဆိပ်မှုန့်ဆိုတာ ခင်ဗျား ကြားဖူးတယ် မဟုတ်လား"

သူက ခေါင်းညိတ်လိုက်သည်။

"ကြားဖူးတယ်၊ ဒီအဆိပ်က မိစ္ဆာသုံးဖော်ရဲ့ လက်နက်ပုန်း မဟုတ်လား"

လောက်ကင်းက ခေါင်းညိတ်ပြလိုက်၏။

သူက ဂုဏ်ယူပြီး ပြောကြားသည်။

"ဟုတ်တယ်ဗျ၊ ကျုပ်တို့သခင်ကြီးက မိစ္ဆာသုံးဖော်ကို သူတို့ အသုံးပြုတဲ့လက်နက်နဲ့ပဲ ပြန်ပြီးသုတ်သင်ပစ်လိုက်လို့ ခုလို အရိုးတွေ ဖြစ်သွားကြတာပေါ့"

လောက်ကင်းက စကားကို မရပ်သေးချေ။

သူ့သခင်ကြီး၏ အနိုင်ယူပုံကို အရသာခံပြီး ပြန်ပြောနေချင်သေးသည်။

သူက ဆက်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအရိုးစုတွေကို ကျုပ်တို့က ကိုင်ပြီး ခေါင်းထဲထည့်မယ် လုပ်တော့ သခင်ကြီးက လှမ်းတားတယ်၊ မင်းတို့ အဲဒီအရိုးစုတွေကို မထိနဲ့တဲ့၊ အရိုးစုတွေဟာ အသားစားအဆိပ်မှုန့်နဲ့ တွေ့ထိထားတဲ့ အရိုးစုတွေတဲ့၊ မင်းတို့သွားထိရင် အဆိပ်မှုန့်တွေ ထိနိုင်တယ်တဲ့၊ အဲဒါနဲ့ ကျုပ်တို့လည်း အရိုးစုတွေကို မထိမကိုင်ရဲဘဲ ခေါင်းထဲရောက် အောင် လုပ်ရတော့တာပဲ၊ အဲဒါတွေကတော့ အဖြစ်မှန်တွေပါပဲဗျာ"

ထင်ချူ၏မျက်လုံးအစုံမှာ ပို၍ ပြူးကျယ်သွား၏။

သူက မြင်းလှည်းပေါ်တွင်ရှိနေကြသော သိုင်းသမားများ အား အမိန့်ပေးလိုက်သည်။

"ဟေ့ ... ခေါင်းတွေကို မြန်မြန်ပိတ်လိုက်ကြတော့"

အခြေအနေကို နားလည်သဘောပေါက်ကြသော သိုင်းသ မားများက ခေါင်းများကို လျင်မြန်စွာ ပြန်ပိတ်လိုက်ကြသည်။

သူတို့သည် အသားစားအဆိပ်မှုန့်များ အထိမခံရဲကြပါချေ။

ထို့ပြင် မေးဝူသည် အလွန်ကြောက်မက်ဖွယ်ကောင်းသော သိုင်းသမားတစ်ယောက် မဟုတ်ပါလော။

ရတနာပစ္စည်းများ ပျောက်ဆုံးသွားခြင်းကြောင့် သူတို့၏ ရာထူးနှင့်အလုပ်အကိုင်ကို စွန့်လွှတ်ရမည်ဖြစ်သည်။



သို့သော် မေးဝူနှင့်အဆင်မပြေဖြစ်ခဲ့ပါမှ သူတို့၏အသက် များကို စွန့်လွှတ်လိုက်ကြရမည် မဟုတ်ပါလား။

ထင်ချူ အမိန့်ပေးလိုက်သည်နှင့် ...

သိုင်းသမားများ အခေါင်းများ၊ အဖုံးများကို ပိတ်လိုက်ကြ ပြီး မြင်းလှည်းပေါ်မှ လျင်မြန်စွာ ခုန်ဆင်းလိုက်ကြလေသည်။

သူတို့သည် မြင်းလှည်းကို မစင်ကဲ့သို့ ရွံရှာပြီး အဆိပ်လက် နက်တစ်ခုကဲ့သို့ ကြောက်လန့်ခဲ့ကြသည်။

ထိုအခိုက် သိုင်းသမားတစ်ယောက်၏မတော်တဆ ထိခိုက် မှုကြောင့် ခေါင်းတစ်လုံး၌ ကပ်ထားသော ချစ်ဖနီးစနက္ခမ်ရှိပူသော စာရွက် ကွာကျသွား၏။

ထိုသူမှာ ထိတ်လန့်တကြား ဖြစ်လေ၏။

သူက စာရွက်ကို လျင်မြန်စွာ ကောက်ယူ၍ ခေါင်းပေါ်၌ ပြန်ကပ်ပေးရန် ဟန်ပြင်လိုက်၏။

သို့သော် ထိုစာရွက်မှာ မည်သည့်အခေါင်းမှ ကွာကျလာ သည်ကို သူ မသိချေ။

ယင်းကြောင့် သူက တွေ့ရာခေါင်းတွင် ပြန်ကပ်ပေးလိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်တွင် စာရွက်ပြုတ်ကျလာသောအခေါင်းမှာ အောက်ဘက်ရှိ ညာဘက်အခေါင်းမှ ဖြစ်၏။

သို့သော် ... ထိုလူက ဘယ်ဘက်ရှိ အခေါင်းအား ပြန်ကပ်ပေးလိုက်မိသည်။ ထင်ချူ၏မျက်နှာပေါ်၌ ချွေးများဖြင့် စိုလာ၏။

သူက လောက်ကင်းအား ပြုံးပြလိုက်သည်။

"ကျုပ်တို့ အထင်လွဲမိတာကို မိတ်ဆွေတို့က ဘယ်လိုမှ သဘောမထားဘူး မဟုတ်လား"

လောက်ကင်းတို့သည် ရိုးသားသော ကျေးတောသားအလုပ်သမားသာ ဖြစ်သည်။

သူတို့သည် အင်အားရှိသလောက် လုပ်မည်၊ ရသည့်အခငွေဖြင့် စားမည်၊ အရက်သောက်မည်။

ထိုမျှသာ စိတ်ကူးရှိကြသည်။

သိန်းငှက်က သူ့ခေါင်းကို လာရောက်ပေးအပ်သည်ကိုသည်းခံစောင့်ဆိုင်းနေပုံကိုကြည့်ပါက သူတို့၏ရိုးသားမှုကို သိနိုင်သည်။

သူတို့သည် အာမခံဌာနမှ သိုင်းသမားများကို မည်သို့မျှစိတ်ကွက်ခြင်းမရှိပါ။



သူတို့တာဝန်ကို သူတို့ထမ်းဆောင်ခြင်းသာဟု သဘောထားကြပါသည်။

လောက်ကင်း ခေါင်းယမ်းလိုက်၏။

"ကိစ္စမရှိပါဘူးဗျာ၊ ကျုပ်တို့ ဘယ်လိုမှ သဘောမထားပါဘူး၊ ခင်ဗျားတို့ကလည်း ခင်ဗျားတို့တာဝန်ကို ထမ်းဆောင်ကြတာပဲဟာ"

ထင်ချူ ကပျာကယာ လက်ကာပြလိုက်သည်။

"မဟုတ်သေးဘူးလေ၊ ဒီကိစ္စကို ခင်ဗျားတို့အနေနဲ့ သခင်ကြီးမေးဂူကို ပြန်ပြောပြဖို့ မလိုဘူး မဟုတ်လားဗျ"

ထင်ချူတို့လူစုသည် မေးဂူနှင့် အချင်းမများလိုကြောင်းလောက်ကင်းက နားလည်သဘောပေါက်သွား၏။

"ကျုပ်က သခင်ကြီးကို ပြန်မပြောပါဘူးဗျာ၊ အခု နည်းနည်းကလေး ကြန့်ကြာသွားတာကလွဲလို့ ဘာမှ ကျုပ်တို့ကို မထိခိုက်တာပဲ၊ ကြန့်ကြာတာလည်း သူတို့ ခွင့်လွှတ်ကြမှာပါ"

ထင်ချူက ဝမ်းသာအားရဖြင့် ပြောလိုက်သည်။

"ကျေးဇူးတင်လိုက်တာဗျာ၊ ကျုပ်တို့ကို သွားခွင့်ပြုပါဦးလေ"

www.burmeseclassic.com

www.burmeseclassic.com



လောက်ကင်းက ခေါင်းညိတ်လိုက်၏။

"ကောင်းပါပြီ"

သူ၏စကားဆုံးသည်နှင့် ထင်ချူက သူ၏လူများဘက် လှည့်ကာ ပြောလိုက်တော့သည်။

"ကဲ ... ကျုပ်တို့ ကူမင်းမြို့ထဲကို ပြန်သွားပြီး ရန်သူကို ရှာကြမယ်"

ယင်းသို့ပြောရင်း မြင်းကို ကူမင်းမြို့သို့ ပြန်လည်မောင်းနှင် သွားလေတော့သည်။

မကြာမီ ထင်ချူတို့လူစုသည် ထိုနေရာမှ လုံးဝပျောက်ကွယ် သွားလေတော့သည်။

❋❋❋



## အခန်း (၉)

လောက၌ လူတစ်ဦးတစ်ယောက်သည် တစ်ခါမွေးပြီး တစ် ခါသေခွင့်ရှိသည်။ တစ်ခါမွေးပြီး နှစ်ခါသေခွင့် မရှိပေ။

တစ်ခါသေပြီး နှစ်ခါသေခွင့်ရှိသည်ဆိုပါက ထိုသူသည် ပထ မတစ်ကြိမ်သေပြီးနောက် ဒုတိယအကြိမ် အသက်ပြန်ရှင်လာသည့် အဓိပ္ပာယ်ပင်။

သို့မှသာ သူသည် ဒုတိယအကြိမ်သေရမည် မဟုတ်ပါ လား။ ဤသို့ ဒုတိယအကြိမ်ထပ်သေသည့်လူသည် ဤလောက၌ ရှိပါသလော။

ပထမတစ်ကြိမ်သေပြီးနောက် ဒုတိယအကြိမ် အသက်ပြန် ရှင်လာမည့် လူမျိုးကော ဤလောက၌ရှိပါသလော။

အသက်ပြန်ရှင်သန်နိုင်စေသော ဆေးဝါးများသည် လောက၌ အမှန်တကယ်ပင် ရှိနေပါသလော။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဆိုစေ ထန်စန်းအလိုရှိနေသော လူသုံးယောက်၏ အလောင်းသည် မကြာမီ ထန်စန်းထံသို့ ရောက်ရှိလာတော့မည် ဖြစ်သည်။

အကယ်၍သာ ထန်စန်းက ထိုအလောင်းများအား အသက်ပြန်ရှင်သန်လာနိုင်အောင် ပြုလုပ်နိုင်ခဲ့ပါလျှင် သိုင်းလောကတစ်ခုလုံးတွင် တုန်လှုပ်ချောက်ချားဖွယ်ကောင်းသော အဖြစ်အပျက်များ မလွဲမသွေ ပေါ်ပေါက်လာနိုင်မည် မဟုတ်ပါလော။

လောက်ကင်းနှင့်အိလောက်တို့အနေဖြင့် သိုင်းလောကတွင် တုန်လှုပ်ချောက်ချားဖွယ်ကောင်းသော အဖြစ်အပျက်များ ဖြစ်ပေါ်လာမည်ကို မမှုပါချေ။

ထို့ပြင် လူသေအလောင်းများ အသက်ပြန်ရှင်လာနိုင်မလာနိုင်ကိုလည်း စိတ်မဝင်စားပါချေ။

သူတို့စိတ်ဝင်စားသည်မှာ မေးဂူ တာဝန်ပေးလိုက်သည့်အတိုင်း ခေါင်းသုံးလုံးကို ထန်စန်းထံသို့ ချောမောစွာ ပို့ဆောင်ပေးနိုင်ရန်သာ ဖြစ်သည်။

ဤသို့ပို့ပေးနိုင်လျှင် သခင်ကြီးသည် သူတို့အား ငွေကြေးပေါပေါများများပေးလေ့ရှိသည်။ ဆုချလေ့ရှိလေသည်။



သူတို့မှာ ရိုးသားသော ကျေးရွာသားများဖြစ်၍ အလုပ်ကို ကျေပွန်စွာလုပ်ရန်နှင့် ထိုအလုပ်အတွက် အခကြေးငွေ ရရှိရန်ပင် ဖြစ်သည်။

ဤသို့ရရှိပြီးလျှင် မြစိမ်းကျေးရွာသို့ ခေါင်းတစ်လုံးအား ပို့ပေးရဦးမည် မဟုတ်ပါလား။

ထို့ကြောင့် အလုပ်နှစ်ခုပြီးပြတ်ရန်အတွက် ပထမအလုပ် ပြီးပြတ်ရန်လိုသည် မဟုတ်ပါလား။

ယင်းကြောင့် သူတို့သည် မြင်းလှည်းကို ဂရုတစိုက်မောင်းနှင်လာကြလေ၏။

မကြာမီ သူတို့မောင်းနှင်လာသော မြင်းလှည်းသည် ချမ်းမြကျေးရွာသို့ ရောက်ရှိတော့မည် မဟုတ်ပါလား။

❋

ဆယ်ရက် ...။

ဆယ်ရက်ဆိုသောအချိန် ကုန်ဆုံးသွားခဲ့ပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဆယ်ရက်ဟုဆိုသော်လည်း ထန်စန်း၏စိတ်ထဲတွင်မူ ...

ရက်ပေါင်း (၁၀၀) မျှ ကြာမြင့်သည်ဟု ထင်မှတ်ရလေသည်။

တဒင်္ဂအချိန် ကုန်ဆုံးသွားမှုအား သူ လုံးဝ အမှတ်မထားချေ။

သူသည် ဆေးပညာရပ်များအတွင်း၌ စိတ်ကို မြှုပ်နှံထားရင်း အချိန်ကာလများကို ကုန်ဆုံးစေခဲ့သည် မဟုတ်ပါလော။

ယခု ဆယ်ရက်ဆိုသောအချိန်ကာလမှာမူ ...

ထန်စန်းအတွက် အရေးကြီးသောအချိန်များပင် ဖြစ်၏။

အထူးသဖြင့် သူ၏ဘဝတစ်ခုလုံးအတွက် အရေးကြီးသောအချိန်ပင် ဖြစ်သည်။

အကြောင်းကား ...

မေးဝူက အိမ်ကမထွက်မီ သူအလိုရှိနေသော လူသေအလောင်းများအား ဆယ်ရက်အတွင်း ရအောင်ရှာပေးပါမည်ဟု ကတိပေးခဲ့သောကြောင့်ပင် ဖြစ်၏။

ယနေ့ မေးဝူ ချိန်းဆိုထားခဲ့သည့် ဆယ်ရက်ပြည့်မြောက်သည့်နေ့ ဖြစ်သည်။



မေးဝူထံမှပို့လိုက်သော လူသေအလောင်းများ ရောက်ရှိလာမည့်နေ့ ဖြစ်၏။

သို့မဟုတ် ...

မေးဝူ၏အလောင်း ပြန်လည်ရောက်ရှိလာမည့်နေ့ ဖြစ်သည်။ မေးဝူက ကတိပေးခဲ့သည်။

ဆယ်ရက်ကြာလျှင် ထန်စန်းလိုချင်သလို အတွင်းအားကောင်းသည့် သိုင်းသမားသုံးဦး၏အလောင်းများ ရရှိမည်ဟု။

အတွင်းအားကောင်းသည့် သိုင်းသမားများသည် စွမ်းရည်ရှိသော သိုင်းသမားများသာ ဖြစ်သည်။

စွမ်းရည်ရှိသည့် သိုင်းသမားများနှင့် ယှဉ်ပြိုင်သောအခါ မေးဝူသည် သူနိုင်ရမည်ဟု ကျိန်းသေမတွက်ချက်ပေ။

သူလည်း သေချင်သေနိုင်သည်ဟု သူတွက်ချက်သည်။

ဤသည်မှာ မေးဝူ၏သဘောကျသော တွေးခေါ်မှုဖြစ်လေသည်။

ထို့ကြောင့် ထန်စန်းမှာ အေးဆေးငြိမ်သက်စွာ မနေနိုင်ပါချေ။ နံနက်မိုးလင်းသည်မှစ၍ ယခုအချိန်တိုင်အောင် သူသည် စိတ်လှုပ်ရှားစွာဖြင့် ရွာအဝင်လမ်းဆီသို့ စောင့်မျှော်ကြည့်ရှုနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် ...

မြင်းလှည်းတစ်စီးသည် ရွာအဝင်လမ်းဆီမှ တရကြမ်း မောင်းနှင်လာသည်ကို တွေ့လိုက်ရတော့သည်။

ထန်စန်းသည် ရိုးသားသောလူတစ်ယောက် မဖြစ်နိုင်ချေ။

ထို့ပြင် မရိုးသားသော လူတစ်ယောက်ဟုလည်း မပြောနိုင်ပေ။

အကြောင်းကား ...

ရိုးသားခြင်း၊ စိတ်ထားဖြူစင်ခြင်းတို့ကို လူတစ်ယောက်၏ မျက်နှာဟန်မူရာပေါ်တွင် အနည်းအကျဉ်းမျှ မြင်တွေ့ရတတ်သော ကြောင့် ဖြစ်၏။

အလားတူပင် မရိုးသားခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်းတို့ကို လည်း မျက်နှာဟန်မူရာပေါ်တွင် အကဲခတ်၍ ရနိုင်ပေသည်။

သို့သော် ...

ထန်စန်း၏မျက်နှာပေါ်တွင် မည်ကဲ့သို့သော ဟန်မူရာမျိုးမှ မတွေ့ရချေ။

သူ၏မျက်နှာသည် မည်သည့်ဟန်မူရာမျိုးမှ ထွက်ပေါ်မ လာတတ်သည့် လူသေတစ်ယောက်၏မျက်နှာမျိုးဖြစ်၏။



ထိုမျက်နှာမျိုးကို မျက်နှာသေဟု ခေါ်ကြသည်။

မျက်နှာသေ၌ ရယ်ခြင်း၊ ပြုံးခြင်း၊ မဲ့ခြင်း၊ ဝေဒနာခံစားရခြင်းတို့ မပေါ်ပေ။

ယခု ထန်စန်းသည်လည်း မျက်နှာသေပိုင်ရှင် ဖြစ်သည်။ သူ၏ယောက္ခမဖြစ်သော မေးဂူကို မပြောနှင့်။

သူ့ဇနီးကိုပင် ဤမျက်နှာသေကြီးနှင့် ဆက်ဆံတတ်သည်။

မည်သို့ဆိုစေ သူသည် အေးအေးဆေးဆေး နေတတ်သော လူတစ်ယောက်ဖြစ်သည်။

သူက မြင်းလှည်းပေါ်မှ ခေါင်းများကို သယ်ချနေကြသော လောက်ကင်းနှင့် အိလောက်တို့အားကြည့်ကာ မေးလိုက်၏။

"အဖေကော"

လောက်ကင်းက သွက်လက်စွာဖြေလိုက်သည်။

"မိတ်ဆွေတစ်ယောက်နဲ့ အရက်သောက်ဖို့ လိုက်သွားတယ် ဗျ"

ထန်စန်းက မျက်မှောင်ကုတ်လိုက်၏။

"သူက မိတ်ဆွေတစ်ယောက်ကိုပါ ခေါ်ဆောင်သွားတယ် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



အိလောက်က ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူး၊ သခင်ကြီးက လူဆိုးသုံးယောက်ကို အနိုင်ယူပြီးတဲ့အချိန်မှာ လူတစ်ယောက် ရောက်ရှိလာပါတယ်၊ သခင်ကြီးက အဲဒီလူနဲ့ လိုက်သွားတာပါ"

ထန်စန်းက နားမလည်နိုင်စွာဖြင့် မေးလိုက်သည်။

"အဖေက လူဆိုးသုံးယောက်ကို အနိုင်ယူလိုက်တယ် ဟုတ်လား"

လောက်ကင်းက တိုက်ပွဲကို မည်သို့စတင်ပုံ၊ မည်သို့တိုက်ခိုက်ကြပုံ၊ သိုင်းသမားနှစ်ယောက် မည်သို့သေဆုံးပြီး နောက်ဆုံးတစ်ယောက် မည်သို့သေဆုံးပုံတို့ကို အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် ရှင်းပြလိုက်၏။

"သခင်ကြီးမေးဂူက သိုင်းသမားသုံးယောက်ကို အင်မတန်ထူးဆန်းတဲ့ လျှင်မြန်မှုကိုပြပြီး အနိုင်ယူလိုက်တာပါ"

ထန်စန်းက ထပ်မေးလိုက်သည်။

"အဖေက သူတို့သုံးယောက်ရဲ့အလောင်းကို ကျုပ်ဆီ ပို့ခိုင်းလိုက်တယ် ဟုတ်လား"

လောက်ကင်းက ခေါင်းညိတ်လိုက်၏။



"ဟုတ်တယ်၊ အလောင်းတွေကိုတောင် မထိကိုင်စေရပါဘူး"

ထန်စန်းက အခေါင်းများအား တစ်ချက်ကြည့်ကာ မေးလိုက်သည်။

"ဒါဖြင့် အခေါင်းက ဘာကြောင့် လေးလုံးဖြစ်နေရတာလဲ"

အိလောက်က ချိုသာသောမျက်နှာထားဖြင့် ပြောလိုက်၏။

"ဒီအခေါင်းက ကျွန်တော်တို့မိတ်ဆွေရဲ့ဇနီးအခေါင်းပါ၊ ကျွန်တော်တို့မိတ်ဆွေက သေဆုံးသွားတဲ့ သူ့ဇနီးရဲ့အလောင်းကို သူ့ရဲ့ဇာတိကျေးရွာကို ပြန်ပို့ချင်တယ်ဆိုတာနဲ့ ကျွန်တော်တို့က လမ်းကြုံလို့ ပို့ပေးပါ့မယ်ဆိုပြီး ယူလာတာပါ"

ထန်စန်းက မနှစ်မြို့သောဟန်မူရာဖြင့် ပြောလိုက်လေသည်။

"မင်းတို့က ရှုပ်ရှုပ်ယှက်ယှက် လုပ်လာတာကိုး၊ အဖေ သိသွားရင် မကောင်းဘူး"

လောက်ကင်းတို့မှာ ထိတ်လန့်တုန်လှုပ်သွား၏။

သူတို့က ကပျာကယာ တောင်းပန်လိုက်သည်။

www.burmeseclassic.com



"ကျွန်တော်တို့ လမ်းကြုံလို့ ယူလာကြတာပါ ခင်ဗျာ၊ သခင်ကြီးကို ပြန်မပြောပါနဲ့ခင်ဗျာ၊ ကျွန်တော်တို့ကို ဒီတစ်ကြိမ်တော့ ခွင့်လွှတ်ပါခင်ဗျာ"

ထန်စန်းက အနည်းငယ်စဉ်းစားကာ ပြောလိုက်၏။

"ကောင်းပြီလေ၊ မင်းတို့ကို ဒီတစ်ကြိမ်တော့ ခွင့်လွှတ်လိုက်မယ်"

တစ်ဆက်တည်းပင် ...

သူက လက်ဝှေ့ယမ်းကာ ပြောလိုက်သည်။

"ကဲ ... ဒီအခေါင်းတွေကို ကျူပ်အခန်းထဲ သယ်သွားကြပေတော့"

သူ့စကားဆုံးသောအခါ လောက်ကင်းနှင့်အိလောက်တို့သည် ဝမ်းမြောက်ဝမ်းသာ အခေါင်းများကို သယ်ဆောင်ကြလေ၏။ အခေါင်းသုံးလုံးကို ကြိုးဖြင့်ချည်နှောင်၍ ထမ်းကာ ထန်စန်း၏အခန်းထဲသို့ ယူဆောင်သွားကြသည်။ မြင်းလှည်းပေါ်တွင် ...

"ချစ်ခနီး စန်ကွမ်"

ဟု ရေးသားထားသော စာရွက်ကပ်ထားသည့် ခေါင်းတစ်လုံးသာ ကျန်ရှိခဲ့သည်။



ထန်စန်းက ထိုအခေါင်းအား တစ်ချက်ကြည့်လိုက်ပြီး လောက်ကင်းနှင့်အိလောက်တို့၏နောက်သို့ လိုက်ပါသွားလေတော့သည်။

လောက်ကင်းနှင့်အိလောက်တို့သည် ထန်စန်း၏အခန်းရှိရာသို့ ဦးတည်သွားကြသည်။

သူတို့သည် မေးဂူ၏အလုပ်သမားများ ဖြစ်ကြသည့်အလျောက် မေးဂူ၏အိမ်အတွင်း၌ အမြဲတမ်းသွားလာဖူးသည်။

ထို့ကြောင့် မည်သည့်နေရာတွင် မည်သည့်ပစ္စည်း ရှိသည်ကိုပင် သူတို့က သိရှိထားကြ၏။

ထို့ပြင် ...

ထန်စန်းနေထိုင်သည့် နေရာကိုလည်း သိရှိထားသည်။

အလားတူပင် ...

ထန်စန်း ဆေးဝါးများ ဖော်စပ်ချက်လုပ်သော အခန်းကိုလည်း ကောင်းစွာသိရှိထားကြ၏။

သူတို့သည် မည်သည့်နေရာကိုမဆို သွားတတ်ကြသော်လည်း ထန်စန်း၏ဆေးဝါးချက်လုပ်သောအခန်းကိုမူ ဝင်ရောက်ခဲ့ခြင်း မရှိကြပေ။

www.burmeseclassic.com

www.burmeseclassic.com



ယခု ...

ထန်စန်းက အခေါင်းများကို ဆေးဝါးချက်လုပ်သည့်အခန်းသို့ သယ်ဆောင်သွားနိုင်းမှန်း သူတို့ သဘောပေါက်လိုက်သည်။

သူတို့အနေဖြင့် သူ့အခန်းအား သွားလိုစိတ်မရှိပါချေ။

အဘယ်ကြောင့် သွားလိုစိတ် မရှိကြသနည်း။

လူသေကို ရှင်အောင်လုပ်နိုင်သော ဆေးပညာလျှို့ဝှက်ချက်ကို သူတို့ ကြောက်လန့်ကြသည်။

လူသေကို ရှင်အောင်လုပ်နိုင်သည်ဆိုလျှင် လူရှင်ကိုလည်း သေအောင်လုပ်နိုင်သောပညာ မရှိနိုင်ပေဘူးလား။

ထန်စန်း၏အခန်းတွင်းမှ ပစ္စည်းပစ္စယဟူသမျှ လူတို့သေစေနိုင်လိမ့်မည်ဟု သူတို့ ယုံကြည်ကြသည်။

ထို့ကြောင့် ...

သူတို့ ထန်စန်း၏ဆေးပညာ စမ်းသပ်ရာ အခန်းထဲသို့ ဝင်လိုခြင်း မရှိကြခြင်း ဖြစ်သည်။

သို့သော် သူတို့သည် ထန်စန်း၏စကားကို မလွန်ဆန်ဝံ့ကြချေ။

ထို့ကြောင့် ...



အခေါင်းများကိုထမ်း၍ ထန်စန်း၏ဆေးဝါးဖော်စပ်သောအခန်းသို့ ဦးတည်သွားနေလေသည်။

ဆေးဝါးဖော်စပ်သောအခန်း ...။

ထန်စန်း ဆေးဝါးဖော်စပ်သောအခန်းသည် မေးဂူ၏ဂေဟာကြီးအတွင်း၌ ရှိမနေပါချေ။

ဆေးဝါးဖော်စပ်ခြင်း၏ဆန်းပြားသော အလုပ်မျိုးစုံကြောင့် ဂေဟာအတွင်း၌ အနှောင့်အယှက် မဖြစ်စေလိုပေ။

ထို့ကြောင့် ထန်စန်းသည် သူ့ဆေးခန်းကို မေးဂူ၏ခြံဝင်းကျယ်အတွင်းရှိ ဝါးရုံပင်များကြား၌ နှစ်ထပ်အိမ်ငယ်ကလေးတစ်လုံး ဆောက်လုပ်ထားခဲ့သည်။

သူသည် အိပ်ချိန်မှလွဲ၍ ကျန်ရှိသောအချိန်များတွင် ဆေးဝါးများဖော်စပ်သည့် အခန်းတွင်း၌သာ ရှိနေတတ်ပေသည်။

သူသည် အေးဆေးစွာ နေထိုင်တတ်သောလူတစ်ယောက်ဖြစ်ခြင်းကြောင့် သူ၏အခန်းမှာ ချောက်ချားဖွယ်ကောင်းလောက်အောင်ပင် တိတ်ဆိတ်နေသည်။

ယခု တိတ်ဆိတ်နေသော အခန်းထဲသို့ လောက်ကင်းနှင့်အိလောက်တို့ ရောက်ရှိနေကြပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဆေးဝါးဖော်စပ်ရာအခန်းသည် အဆောက်အအုံ၏အပေါ် ထပ်၌ရှိသည်။

အခန်းတစ်ခုလုံးတွင် ...

စားပွဲတစ်လုံးနှင့် ကုလားထိုင်တစ်လုံးမှလွဲ၍ ပရိဘောဂ အသုံးအဆောင်ပစ္စည်းဟူ၍ မရှိပါပေ။

ဆေးဝါးဖော်စပ်သည့်ကိရိယာများ၊ ဆေးဝါးများဖြင့်သာ ပြည့်နှက်နေသည်။

ယင်းကြောင့် ထိုဆေးဝါးဖော်စပ်သည့်အခန်းအတွင်း၌ အသက်ရှူမဝဟု လောက်ကင်းတို့က ခံစားနေရသည်။

"အခေါင်းတွေကို ဟိုနံရံမှီပြီး ထောင်ထားလိုက်"

ထန်စန်း အမိန့်ပေးသည့်အတိုင်း လောက်ကင်းတို့က အခေါင်းများကို နံရံတွင်မှီ၍ ထောင်ထားလိုက်၏။

အခေါင်းသုံးခေါင်းကိုထောင်း၍ ပြီးစီးသွားပေပြီ။

ပြီးသည်နှင့် သူတို့က ထန်စန်းဘက်သို့လှည့်၍ မေးလိုက် ၏။

"ကျွန်တော်တို့ သွားလို့ရပြီလား"

သူက ခေါင်းညိတ်လိုက်သည်။



"အင်း ... သွားလို့ရပြီ၊ ဒါနဲ့ အဖေက ဘယ်တော့ပြန်ရောက် မှာလဲ"

လောက်ကင်းက အနည်းငယ် စဉ်းစားပြောလိုက်လေသည်။

"သူက တစ်ရက်နှစ်ရက်အတွင်း ရောက်လာမှာ သေချာပါ တယ်၊ ကျွန်တော်တို့ကိုတော့ တစ်ရက်လောက်ပဲ ကြာမယ်လို့ မှာ လိုက်ပါတယ်"

သူက ပြုံးလိုက်၏။

"ဟုတ်တယ်၊ သူက ကျုပ်ရဲ့ဆေးစွမ်းကို သိပ်ပြီး ကြည့်ချင် နေတာ"

သူက စကားဆုံးသည်နှင့် လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက် သည်။ ထိုအခါ လောက်ကင်းနှင့်အိလောက်တို့က အခန်းအတွင်းမှ လျှင် မြန်စွာ ထွက်ခွာသွားလေ၏။

သူတို့ထွက်သွားပုံမှာ မပြေးရုံတမယ် ရှိသည်။

သူတို့နှစ်ယောက် အပြင်သို့ရောက်သွားသည်နှင့် ...

ထန်စန်းက အခေါင်းများကို တစ်ချက်အကဲခတ်ကြည့်လိုက် သည်။

ထို့နောက် ...

www.burmeseclassic.com

www.burmeseclassic.com



လသာဆောင်ဘက်သို့ လျှောက်သွား၍ အောက်ဘက်၌ ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာနေသော လောက်ကင်းတို့၏နောက်ကျောကို လှမ်းမျှော်ကြည့်လိုက်သည်။

ရုတ်တရက် မည်သည့် ဟန်မူရာမျိုးမှ ပေါ်ပေါက်မလာခဲ့ဖူးသော ထန်စန်း၏မျက်နှာပေါ်၌ ပြုံးယောင်ယမ်းလာလေ၏။

ထိုအခိုက် ...

သူက ခေါင်းကိုမော့၍ အားရပါးရ ရယ်မောလိုက်၏။

"ဟား ဟား ဟား"

သူ၏ရယ်မောသံသည် ဝါးရုံပင်များဆီသို့ ရိုက်ခတ်သွားလေ၏။

ဝါးရုံပင်များ၌ ခိုနားအိပ်စက်နေကြသော ညဥ့်ငှက်များသည် လန့်ဖျပ်ပျံပြေးကြတော့သည်။

❋❋❋



## အခန်း (၁၀)

မေးဝေ။

အလွန်ချောမောလှပသော အမျိုးသမီးတစ်ယောက်ဖြစ်၏။

သူမသည် မေးဂူ၏သမီးကြီးဖြစ်သည်။

မေးဟုန်။

မေးဟုန်သည် မေးဂူ၏သမီးငယ်၊ မေးဝေ၏ညီမဖြစ်၏။

သူမသည် မေးဝေထက် ပို၍ချောမောသည်ဟု မဆိုနိုင်သော်လည်း မေးဝေထက် မလျော့သောအလှအပကို ပိုင်နိုင်ထားသူဖြစ်သည်။

မည်သူမဆို ...

သူမတို့ညီအစ်မအား တစ်ကြိမ် ကြည့်မိလျှင် နောက်တစ်ကြိမ် ပြန်လည်ကြည့်ချင်လာမည် ဖြစ်၏။

အလားတူပင် ...

www.burmeseclassic.com

www.burmeseclassic.com



သူမတို့၏ သာယာနာပျော်ဖွယ်ကောင်းသော အသံကို ကြားလိုက်ရပါက နောက်ထပ်တစ်ကြိမ် နားထောင်လိုကြမည်သာ ဖြစ်သည်။

သို့သော် … ချမ်းမြကျေးရွာရှိ လူများသည် သူမတို့အား အလွန်ချောမောလှပသည်ဟု မည်သူမျှ မပြောခဲ့ကြပါချေ။

အကြောင်းကား ချမ်းမြကျေးရွာပိုင်ရှင်မှာ မေးဂူ ဖြစ်နေခြင်းကြောင့်ပင် ဖြစ်၏။

သို့သော် လွန်ခဲ့သည့် တစ်နှစ်ခန့်က …

မေးဂူသည် သမီးကြီးဖြစ်သူ မေးဝေအား သူသဘောကျနှစ်သက်သော ထန်စန်းနှင့် သူကိုယ်တိုင် လက်ထပ်ပေးခဲ့သည်။

မေးဂူသည် အဘယ်ကြောင့် မေးဝေနှင့် ထန်စန်းအား လက်ထပ်ပေးခဲ့ပါသနည်း။

လောက်ကင်းနှင့်အိလောက်တို့သည် ထန်စန်း၏ဆေးဝါးဖော်စပ်သော အခန်းမှ ခပ်သုတ်သုတ် ထွက်ခွာလာခဲ့ကြ၏။

ရုတ်တရက် …

ကြည်လင်သာယာသော အသံတစ်ချက် ထွက်ပေါ်လာသည်။



“ရှင်တို့က ဘယ်လိုဖြစ်လာကြတာလဲ”

လောက်ကင်းတို့မှာ ထိတ်လန့်သွားကြ၏။

သူတို့က အသံလာရာဘက်သို့ လှမ်းကြည့်လိုက်သည်။

ထိုအခါ …

နေခြင်းကြောင်တောင်တွင် လမင်းနှစ်စင်းအပြိုင်ထွက်နေသည်ဟု ထင်မှတ်မှားရလောက်အောင် ချောမောလှပသည့် မိန်းကလေးနှစ်ယောက်ကို တွေ့လိုက်ရ၏။

မေးဝေနှင့်မေးဟုန်တို့ပင် ဖြစ်သည်။

လောက်ကင်းတို့၏ပျာယီပျာယာဟန်ကိုကြည့်ကာ မေးဝေက မေးလိုက်ခြင်းဖြစ်သည်။

လောက်ကင်းက သက်ပြင်းတစ်ချက်ချကာ ဖြေလိုက်၏။

“သခင်ကြီးမေးဂူ ပို့ခိုင်းလိုက်တဲ့ အလောင်းကောင်တွေကို သခင်လေးထန်စန်းဆီကို သွားပို့တာပါ သခင်မ”

မေးဝေ၏မျက်လုံးအစုံမှာ ပြူးကျယ်သွားသည်။

“ဘာ အလောင်းကောင်တွေ ဟုတ်လား”

အိလောက်က ခေါင်းညိတ်လိုက်သည်။

“ဟုတ်ပါတယ်၊ အလောင်းသုံးလောင်းပါ”

www.burmeseclassic.com

www.burmeseclassic.com



မေးဝေက မျက်မှောင်ကုတ်လိုက်သည်။

"သူက ဘာလုပ်မလို့လဲ"

လောက်ကင်းနှင့်အိုလောက်တို့က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။

မေးဝေက လေသံတင်းတင်းဖြင့် မေးလိုက်၏။

"ဘာလဲ ထန်စန်းက ဘယ်သူ့ကိုမှ မပြောရဘူးလို့ မှာထားလို့လား"

အိုလောက်က ကပျာကယာ ပြောလိုက်သည်။

"မဟုတ်ပါဘူးဗျာ၊ ဒီအကြောင်းတွေကို သခင်မ သိထားလိမ့်မယ် ထင်လို့ပါ"

မေးဝေက စိတ်ဝင်စားစွာဖြင့် ပြောလိုက်၏။

"ဘာအကြောင်းများလဲ၊ ကျွန်မ ဘာမှမသိရပါလား"

"သခင်မ မသိရင် ကျွန်တော် ပြောပြပါ့မယ်၊ သခင်လေး ထန်စန်းက လူသေကို ပြန်ပြီးအသက်သွင်းနိုင်တဲ့ ဆေးဝါးတစ်မျိုးကို စမ်းသပ်မလို့ပါ၊ ဒါကြောင့် သခင်ကြီးမေးဂူက လူသေအလောင်းတွေ ရှာပေးပြီး ကျွန်တော်တို့ကို လာပို့ခိုင်းတာပါ"

မေးဝေက နှာခေါင်းရှုံ့လိုက်၏။



"အင်း ... ဘယ်လိုလုပ်ပြီး လူသေကို အသက်သွင်းလို့ ရမှာ မလဲ"

"သူ ရူးလို့ပြောတာကို ဖေဖေက အဟုတ်ထင်နေတယ်၊ တော်တော်ခက်တာပဲ"

"ပြောလို့တော့ မကောင်းဘူး၊ ဘုန်းကြီးရူးနဲ့လေ့လူး တွေ့ နေသလိုပါပဲ"

တစ်ဆက်ကည်းပင် ...

သူမက လက်ဖွေ့ယမ်းပြလိုက်ရင်း အမိန့်ပေးလိုက်၏။

"ရှင်တို့ သွားကြတော့"

ချက်ချင်းပင် ...

လောက်ကင်းတို့နှစ်ယောက်သည် ထိုနေရာမှ လျင်မြန်စွာ ထွက်ခွာသွားကြလေတော့သည်။

သူတို့ထွက်ခွာပုံမှာ အပြေးတစ်ပိုင်းပင် ဖြစ်ပါသည်။

ထိုအခါမှ ... မေးဝေက ညီမဖြစ်သူ မေးဟုန်ဘက်သို့လှည့်ကာ မေးလိုက်၏။

"ညီမက ဒီအကြောင်းတွေ သိပြီးပြီလား"

မေးဟုန်က ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စက ချမ်းမြကျေးရွာတစ်ရွာလုံး သိနေကြတဲ့ကိစ္စပဲ၊ ကျွန်မလည်း သိတာပေါ့"

မေးဝေက သဘောကျစွာ ပြုံးလိုက်၏။

"အင်း ... ဟိုရှူးပေါ်ပေါ်လူနှစ်ယောက်က ဒီအကြောင်းတွေကို မမ မသိသေးဘူးလို့ ထင်နေတာ၊ ရယ်စရာမကောင်းဘူးလား"

မေးဟုန်က မျက်မှောင်ကုတ်လိုက်သည်။

"မမက သိရဲ့သားနဲ့ ဘာဖြစ်လို့ မသိဟန်ဆောင်ပြီး မေးရတာလဲ"

မေးဝေက ပြုံးလိုက်၏။

"ဒီလူနှစ်ယောက်က ဖေဖေနဲ့ လိုက်သွားကြတယ်မဟုတ်လား၊ ဒါကြောင့် ဒီပြင် ဘာများသိရဦးမလဲလို့ မေးကြည့်တာပါ၊ ကဲ ... မမ ခေါင်းနည်းနည်းမူးလာလို့ မမကို အခန်းထဲ ပြန်ပို့ပေးပါဦး"

မေးဟုန်က မေးဝေအား ပြောကာ အိမ်၏အတွင်းဘက်သို့ ဖြည်းညင်းစွာ ဝင်ရောက်သွားလေသည်။

မေးဝေ လှပစွာပြုံးလျက် မေးဟုန်၏ဖေးမမှုဖြင့် အိမ်၏အတွင်းဘက်သို့ လိုက်ပါသွား၏။



သူမ၏အပြုံးသည် လျှို့ဝှက်ခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်းတို့ဖြင့် ပြည့်နှက်နေသည်ကို မေးဝေမှလွဲ၍ မည်သူမျှ သိနိုင်မည် မဟုတ်ပါချေ။

မေးဝေသည် မည်မျှပင် ချောမောလှပစေကာမူ ...

ထန်စန်းက ဂရုမစိုက်ချေ။

သူမ၏အလှသည် အခြားသူများအား မည်မျှပင် ဆွဲဆောင်နိုင်ခဲ့သော်လည်း ထန်စန်းအား ဆွဲဆောင်၍ မရနိုင်ပါချေ။

အဘယ်ကြောင့်ဆိုသော် ...

ထန်စန်းသည် အလှအပကို စိတ်ဝင်စားသူတစ်ယောက် မဟုတ်ခြင်းကြောင့်ပေတည်း။

သူသည် သူ၏ဆေးပညာကိုသာ စိတ်ဝင်စားခဲ့၏။

သူသည် ဆေးပညာရပ်များနှင့်သာ အချိန်ကုန်ဆုံးရမည်ဆိုလျှင် ဘဝကို ကျေနပ်နှစ်သိမ့်နိုင်သူဖြစ်၏။

အလှအပကို စိတ်မဝင်စားသော ထန်စန်းသည် ...

အလွန်လှပသော မေးဝေအား လက်ထပ်နိုင်ခဲ့သည်။

ထန်စန်း၏အေးဆေးတည်ငြိမ်သော အနေအထိုင်မျိုးဖြင့် မည်သည့်နည်းဖြင့်မျှ မေးဝေကို ရရှိနိုင်မည် မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ချမ်းမြကျေးရွာပိုင်ရှင် မေးဝှက မေးဝေနှင့် ထန်စန်းအား လက်ထပ်ပေးရန် ဆန္ဒဖြစ်ပေါ်လာသောအခါ ...

ထန်စန်းသည် မေးဝေအား လက်ထပ်ခဲ့ရလေတော့သည်။

ထန်စန်းနှင့်မေးဝေသည် အကြင်လင်မယားဘဝသို့ ရောက်ရှိခဲ့လေတော့သည်။

❋

မေးဝှ၏သားသည် သိုင်းပညာနှင့်သမီးနှစ်ယောက်ပင် ဖြစ်၏။ သူသည် သိုင်းပညာရပ်များကို သူမတူအောင် ကျွမ်းကျင်တတ်မြောက်ခဲ့ပြီဖြစ်သည်။

သူ၏သိုင်းပညာများကိုလည်း သမီးငယ်မေးဟုန်အား အလုံးစုံ ပညာအမွေပေးခဲ့ပြီး ဖြစ်၏။

သူသည် သိုင်းလောက၌ လက်ချိုးရေတွက်နိုင်လောက်သည့် သိုင်းထိပ်သီးပညာရှင်များထဲတွင် တစ်ယောက်အပါအဝင်ဖြစ်၏။



သမီးငယ်ဖြစ်သူ မေးဟုန်မှာလည်း သူ့ဖခင်၏ပညာကို အကုန်အစင် ရရှိထားသည်။

သိုင်းလောကအတွေ့အကြုံ နည်းသည်မှလွဲ၍ သူ့ဖခင်ကဲ့သို့ပင် သိုင်းပညာများကို တတ်မြောက်ထားခဲ့သည်။

သိုင်းလောကအတွေ့အကြုံ နည်းခြင်းမှာလည်း အလွန်လှပသော မေးဟုန်အား သိုင်းလောကအတွင်း စေလွှတ်ခြင်းမရှိသောကြောင့် ဖြစ်သည်။

မိစ္ဆာသုံးဖော်သည် သူမနှင့် တိုက်ခိုက်လျှင် မေဝှုနှင့် တိုက်ခိုက်သကဲ့သို့ သူတို့သာ ရှုံးနိမ့်သွားကြမည် ဖြစ်ပါသည်။

ပရိယာယ်သုံးခြင်းသာ ကွာခြားပါလိမ့်မည်။

သို့သော် သမီးကြီးမေးဝေအတွက်မှ မည်သို့မျှ ပြုလုပ်ပေးနိုင်ခဲ့ခြင်း မရှိချေ။

သူမသည် ငယ်စဉ်ကပင် ကျန်းမာရေး ချို့တဲ့သူတစ်ယောက်ဖြစ်သည်။ မကြာခဏ နေထိုင်မကောင်း ဖြစ်လေ့ရှိ၏။

ထို့ကြောင့် ...

သူမအား ဆေးဆရာထင်စန်းနှင့် လက်ထပ်ပေးခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ခုတ် နှစ်ချက်ပြတ် သူစဉ်းစားခြင်း ဖြစ်သည်။

မေးဝ္ရူသည် သူမက ထန်စန်းအား နှစ်သက်သဘောကျခြင်း ရှိ၊မရှိကို မမေးမြန်းခဲ့ချေ။

အလားတူပင် ...

ထန်စန်းကိုလည်း သူမအပေါ်တွင် မေတ္တာရှိ၊မရှိ မေးမြန်းခြင်း မပြုခဲ့ချေ။

မေးဝ္ရူသည် သူ၏စိတ်အတွင်း ဖြစ်ပေါ်လာသည်ကို မဖြစ်မနေ လုပ်တတ်သော တစ်ဖွတ်ထိုးသမား တစ်ယောက်ပင် ဖြစ်၏။

သူက တစ်ဖွတ်ထိုးလုပ်သဖြင့် သိုင်းလောက၌ ကျင်လည်စဉ်က သဘောနှစ်ကြိမ်ကြုံခဲ့ဖူးသည်။

ထန်စန်းနှင့်မေးဝေတို့၏ မေတ္တာမပါသော အိမ်ထောင်ရေး တစ်ခု ပေါ်ပေါက်ခဲ့ရသည်။

မေတ္တာမပါသော အိမ်ထောင်ရေးသည် မည်သို့ သာယာ ချမ်းမြေ့နိုင်ပါမည်နည်း။

ဆားမပါသောဟင်းကဲ့သို့သာ ရှိပေလိမ့်မည်။

❋



မြင်းလှည်းတစ်စီးသည် မြစိမ်းကျေးရွာသို့သွားသော လမ်းမပေါ်၌ အပြင်းနှင်နေ၏။

ထိုမြင်းလှည်းသည် ခေါင်းလေးလုံး တင်ဆောင်ခဲ့သော မြင်းလှည်းဖြစ်သည်။

ယခုတွင်မူ ...

မြင်းလှည်းပေါ်၌ ခေါင်းတစ်လုံးသာ ကျန်တော့လေသည်။

အခေါင်းသုံးလုံးမှာ ချမ်းမြကျေးရွာရှိ ယန်စန်းထံတွင် ကျန်ရစ်ခဲ့ပြီ မဟုတ်ပါလား။

လောက်ကင်းနှင့်အိလောက်သည် ထန်စန်းထံမှ ထွက်ခွာခဲ့ကြပြီးနောက် ကျန်အခေါင်းတစ်လုံးကို ပို့ပေးရန် မြစိမ်းကျေးရွာသို့ ခရီးပြင်းနှင်ကြခြင်း ဖြစ်သည်။

ထိုအခေါင်းတစ်လုံး ပို့ပြီးလျှင် သူတို့ကိစ္စ သူတို့လုပ်ငန်း ပြီးပြတ်ပေပြီ။

ရုတ်တရက် လမ်းဘေးရှိတောအုပ်ထဲမှ ငှက်တစ်ကောင်၏ အော်မြည်သံကို ကြားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဂီး ဂီး'

လောက်ကင်းမှာ အံ့ဩသွားသည်။

သူက အိလောက်ဘက်သို့လှည့်ကာ ပြောလိုက်၏။

"ကျုပ်တို့ ဒီတောအုပ်ကို မကြာခဏ ရောက်ဖူးတာပဲ၊ သိမ်းငှက်အော်သံကို တစ်ခါမှ မကြားခဲ့ဖူးပါလား"

အိလောက်က မည်သို့မျှ ပြန်မပြောချေ။

သူက အံ့ဩသောမျက်လုံးအစုံဖြင့် လမ်းဘေးရှိ ကြီးမားသော သစ်ပင်တစ်ပင်အောက်သို့ စိုက်ကြည့်နေသည်။

လောက်ကင်းကလည်း သူကြည့်နေသောနေရာသို့ လှမ်းကြည့်လိုက်၏။

ကြီးမားသော သစ်ပင်တစ်ပင်အောက်၌ မြင်းလှည်းတစ်စီး ရပ်တန့်ထားသည်။ မြင်းလှည်း၏အနီး၌ လူတစ်ယောက် ရပ်နေ၏။

သူ၏ပခုံးပေါ်တွင် သိမ်းငှက်တစ်ကောင် နားနေသည်။

"ဟင် ... မိတ်ဆွေကြီးပါလား"

မှန်ပေသည် ...။

ထိုလူသည် လောက်ကင်းတို့အား ခရီးလမ်းကြုံ၍ ခေါင်းတစ်လုံး ပို့ပေးခိုင်းသောလူပင် မဟုတ်ပါလော။



လောက်ကင်းက ထိုလူ၏နံဘေးတွင် မြင်းလှည်း ရပ်တန့်လိုက်၏။

သူက ထိုလူအားကြည့်ကာ တအံ့တဩဖြင့် ပြောလိုက်သည်။

"မိတ်ဆွေကြီးက နောက်ကျမယ်ဆိုပြီးတော့ ဘယ်လိုလုပ်ပြီး ဒီနေရာကို အရင်ရောက်နေတာလဲဗျ၊ ကျုပ်တော့ အတော်ကို အံ့ဩသွားတယ်"

ထိုလူက ပြုံးလိုက်၏။

"အမှန်ဆိုရင်တော့ ကျုပ်က ခင်ဗျားတို့ထက် စောပြီး ဒီကို မရောက်နိုင်ပါဘူး၊ အခုရောက်တာက ကျုပ်တို့ဆောင်ရွက်ရမယ့်ကိစ္စ စောစောပြီးပြတ်သွားလို့ပါ"

သူက ခဏနားပြီး သူ့စကားကို ဆက်လိုက်သည်။

"ခင်ဗျားတို့ ချမ်းမြကျေးရွာကိုလည်း ဝင်နေရသေးတယ် မဟုတ်လား၊ အဲဒီမှာလည်း အထိုက်အလျောက်တော့ ကြာမယ်လေ၊ ဒါကြောင့် ကျုပ်က ဒီကို စောစောရောက်နေခဲ့တာပါ"

လောက်ကင်းသည် လွန်စွာမှ ရိုးသားသူဖြစ်၍ ချမ်းမြကျေးရွာ၌ ထန်စန်းနှင့် ကြုံတွေ့ခဲ့ရသည်များကို ပြန်ပြောပြနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဗျာ၊ ချမ်းမြကျေးရွာကိုရောက်တော့ ရင်တထိတ်ထိတ်ပါပဲဗျာ"

"ဘယ်လိုကြောင့်လဲဗျာ"

"သခင်လေးထန်စန်းက ကျုပ် ခေါင်းတစ်လုံး အပိုတင်လာတဲ့အတွက် သိပ်မကြည်ဘူးဗျာ၊ သူက ကျုပ်တို့ ရှုပ်ရှုပ်ယှက်ယှက် အလုပ်တွေ လုပ်တယ်လို့ ထင်နေတယ်၊ ကျုပ်က ကျုပ်မိတ်ဆွေတစ်ယောက်ရဲ့ဇနီးအလောင်းပါ၊ လမ်းတူလို့ သယ်ခဲ့တာပါလို့ အလျှောက်ကောင်းလို့ သူက ခွင့်လွှတ်လိုက်တာဗျ၊ သူ မကြည်ရင်တော့ ကျုပ်တို့ မလွယ်ကြဗျာ"

"အင်း ... ခင်ဗျားတို့မှာလည်း ဒုက္ခနဲ့ပါလားဗျာ"

"ဒုက္ခဆိုတာတော့ ရှိတာပေါ့ဗျာ၊ ဒါပေမဲ့ ... ပြီးတော့လည်း ပြီးသွားတာပေါ့၊ ဩော် ... ဒါနဲ့"

အိလောက်က ပြုံးပြီး ...

"မိတ်ဆွေကြီးက အခု အခေါင်းကို ယူသွားတော့မလို့လား"

ထိုလူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ခင်ဗျားတို့ သွားပို့ပေးစရာ မလိုတော့ပါဘူး၊ ကျုပ်ပဲ ယူသွားပါတော့မယ်"



အိလောက်က ပြုံးလိုက်သည်။

"အင်း ... ခင်ဗျား ယူသွားမယ်ဆိုတော့လည်း ကျုပ်တို့ အိမ်ကို မြန်မြန်ပြန်ရတာပေါ့ဗျာ၊ ကောင်းတာပါပဲ"

ပြောပြီးသည်နှင့် မြင်းလှည်းပေါ်မှ ခေါင်းကို တစ်ဖက်မြင်းလှည်းပေါ်သို့ ပြောင်းလွှဲ၍ တင်ဆောင်ပေးလိုက်လေသည်။

ထိုစဉ်မှာပင် ...

"ချစ်ဇနီး စန်ကွမ်ရှီ"

ဟု ရေးသားထားသော စာရွက်သည် အခေါင်းမှ ကွာကျသွားသည်။

သိန်းငှက်နှင့်တူသူ၏မျက်နှာမှာ ကွက်ခနဲ ပျက်သွားလေသည်။ သူက အခေါင်းကို သေချာစွာစိုက်ကြည့်ပြီး ပြောလိုက်သည်။

"ခင်ဗျားတို့ လမ်းမှာ တစ်ခုခုဖြစ်လာခဲ့သေးတယ်နဲ့ တူတယ်"

လောက်ကင်းနှင့်အိလောက်တို့မှာ အံ့သြသွားကြလေသည်။

"ဟာ ... ကျုပ်တို့ လမ်းမှာဖြစ်တာတွေကို ခင်ဗျားသိနေတယ် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ခင်ဗျား ကျုပ်တို့ ဒုက္ခရောက်ခဲ့တာကို မြင်တယ်ပေါ့"

ထိုလူက ခေါင်းယမ်း၏။

"မမြင်ပါဘူးဗျာ၊ စိတ်ထင်နဲ့ ပြောတာပါ။ ကျုပ်စိတ်ထဲ ထင်ခနဲဖြစ်သွားလို့ မေးမိတာပါ"

လောက်ကင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်ဗျာ၊ ကျုပ်တို့တွေ ကူမင်းမြို့က ထွက်လာပြီး မကြာခင်မှာ ကျုပ်တို့နောက်ကို လူတစ်စု လိုက်လာကြတယ်၊ ကျုပ်တို့ မြင်းလှည်းကိုရပ်ခိုင်းတယ်၊ တော်တော်များတယ်ဗျို့၊ မြင်းတွေ တစ်ဆယ့်ငါးကောင်လောက် ရှိမယ်ထင်တယ်"

သိန်းငှက်နှင့်လူ၏မျက်နှာမှာ ဝင်းလက်၍သွားလေသည်။

"အင်း ... ဆက်ပြောစမ်းပါဦး"

လောက်ကင်းက ဆက်ပြော၏။

"သူတို့က ကျုပ်တို့မြင်းလှည်းကို ဟန့်တားတယ်၊ ကျုပ်တို့က သိုင်းပညာမတတ်တော့ သူတို့ကို မယှဉ်နိုင်ဘူးပေါ့၊ ကျုပ်တို့ကို ဝိုင်းထားတဲ့သူအားလုံး သိုင်းသမားတွေချည်းပဲဗျ"

သိန်းငှက်နှင့်လူက စကားကို ထောက်ပေးလိုက်လေသည်။



"အဲဒီတော့ ..."

လောက်ကင်းက စကားဆက်လိုက်သည်။

"သူတို့က ကျုပ်တို့ရဲ့အခေါင်းတွေကို ယူချင်လို့ဆိုပြီး အခေါင်းတွေကို လုယူမလို့ဗျ၊ ဒါပေမဲ့ ..."

သိန်းငှက်နှင့်လူက စက်ထန်မာကျောသော လေသံဖြင့် ပြောလိုက်သည်။

"ဒါပေမဲ့ ဘာဖြစ်သလဲ"

အိလောက်က ဝင်ပြောလိုက်သည်။

"ဒါပေမဲ့ သူတို့က အခေါင်းတွေကို ဖွင့်ကြည့်တဲ့အခါမှာ သခင်ကြီးမေးဂူရဲ့လက်ချက်နဲ့ သေဆုံးသွားတဲ့လူတွေရဲ့အလောင်းတွေကို တွေ့ပြီး ကျုပ်တို့ကို ပြန်လွှတ်ပေးလိုက်တယ်၊ ကံကောင်းလို့ဗျာ"

အိလောက်က ဆက်ပြောသည်။

"ဒါနဲ့ ကျုပ်ကလည်း ဒီအလောင်းတွေဟာ အသေးစားအဆိပ်မှုန့်ထိပြီး သေတဲ့လူတွေလို့လည်း ပြောလိုက်ရော သူတို့အားလုံး အခေါင်းကို ကမန်းကတန်း ပိတ်လိုက်ကြရောတာပဲ၊ ကျုပ်တို့ကိုလည်း တောင်းပန်ပြီး ပြန်လွှတ်လိုက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



သိန်းငှက်နှင့်လူမှာ အံ့သြသွားသည်။

"ဘာ ... ပြန်လွှတ်လိုက်တယ် ဟုတ်လား"

အိုလောက်က ခေါင်းညိတ်၏။

"ဟုတ်ပါတယ်၊ ဒါကြောင့် ချမ်းမြကျေးရွာမှာ ခေါင်းသုံးလုံး ချပေးခဲ့ပြီး ကျန်တဲ့ခေါင်းတစ်လုံးကို မိတ်ဆွေကြီးဆီကို လာပို့တာပါ"

သိန်းငှက်နှင့်လူက မျက်မှောင်ကုတ်လိုက်သည်။

အတန်ကြာမှ သူက စိုးရိမ်တကြီးလေသံဖြင့် မေးလိုက်၏။

"ခင်ဗျားတို့က အခေါင်းသုံးလုံးကို မေးဂူရဲ့လက်ထဲကို ထည့် ပေးခဲ့တာလား"

အိုလောက်က ခေါင်းခါလိုက်သည်။

"မဟုတ်ပါဘူး၊ ဒီအခေါင်းတွေက မေးဂူက ပို့ခိုင်းလိုက်တဲ့ ခေါင်းတွေပဲ"

သိန်းငှက်က အလောတကြီး မေးလိုက်၏။

"ဒါဖြင့် ဘယ်သူ့ကို ပေးခဲ့တာလဲ"

လောက်ကင်းက ဝင်ဖြေလိုက်သည်။

"သခင်လေးထန်စန်းရဲ့လက်ထဲကို ပေးခဲ့တာပါ"

သိန်းငှက်နှင့်သူ၏မျက်နှာ၌ စိတ်သက်သာရာ ရသွားသည့်



ဟန်မူရာများ ပေါ်ပေါက်လာ၏။

"မေးဂူ ပြန်ရောက်လာပြီလား"

လောက်ကင်းက ခေါင်းခါလိုက်၏။

"ရောက်မလာသေးဘူး၊ ဘယ်ရောက်ဦးမှာလဲ၊ သူက မိတ်ဆွေတစ်ယောက်နဲ့ ထွက်သွားတာပဲဥစ္စာ"

ထိုလူက ထပ်မေးလိုက်၏။

"သူ ဘယ်တော့လောက် ပြန်ရောက်လာမယ် ထင်သလဲ"

"မနက်ဖြန် နေ့လယ်ပိုင်းလောက်ဆိုရင် ပြန်ရောက်မယ် ထင်တယ်၊ တစ်ရက်လောက်ကြာမယ်လို့ သခင်လေးထန်စန်းကို ပြောခိုင်းလိုက်တာပဲ"

သိမ်းငှက်က မျက်ခုံးပင့်ကာ မေးလိုက်၏။

"ဒါနဲ့ ဆေးဆရာထန်စန်းက မေးဂူနဲ့ အတူနေသလားဗျ"

လောက်ကင်းက ခေါင်းခါလိုက်သည်။

"ကျုပ်စိတ်အထင် အတူတူနေတယ်လို့ မထင်ပါဘူးဗျ၊ ဘာဖြစ်လို့လဲဆိုတော့ သခင်ကြီးက အိမ်ဂေဟာကြီးမှာနေတယ်၊ သခင်လေးက ဝါးတောထဲက သူ ဆေးဝါးစမ်းသပ်တဲ့အိမ်ကလေးမှာနေ တယ်လို့ ထင်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ သူတို့ ခွဲနေတာလဲ"

"သခင်လေးက ဆေးဝါးစမ်းသပ်တာနဲ့ပဲ အချိန်ကုန်နေတာပဲဗျာ၊ ကျွန်တော့်စိတ်ထင် သခင်မလေးနဲ့တောင် အတူအိပ်ရဲ့လား မသိပါဘူး။ သခင်လေးဟာ သူ့ဆေးမှ ဆေးပဲဗျ။ သခင်ကြီးက ဒီလို လူနဲ့ ဘာဖြစ်လို့များ သူ့သမီးကို ပေးစားရတာလဲ မသိပါဘူးဗျာ"

အနက်ဝတ်ထားသူက အနည်းငယ် စဉ်းစားလိုက်လေသည်။

"ခင်ဗျားတို့ အဲဒီခေါင်းတွေကို သွားပို့တဲ့အခါမှာ ခေါင်းတွေကို မေးတွဲ့ရဲ့ဂေဟာကြီးထဲကို ပို့ပေးရတာလား၊ ဒါမှမဟုတ် သခင်လေးရဲ့အိမ်ကလေးထဲကို ပို့ပေးခဲ့ရတာလား"

လောက်ကင်းက ...

"ဟာ ... သခင်ကြီးမေးတွဲ့ရဲ့ဂေဟာမှာ သခင်လေးက ဘာမှ မလုပ်ဘူးဗျ။ သူ့ဆေးဝါးစမ်းသပ်တဲ့ အိမ်ကလေးထဲကို ပို့ခိုင်းခဲ့တာ သိပ်သေချာတဲ့လူဗျ။ ကျုပ်တို့ နောက်ကို တကောက်ကောက်လိုက်ကြည့်နေတာ"

သိမ်းငှက်နဲ့လူက လက်တစ်ချက် ဝေ့ယမ်းပြလိုက်လေသည်။



"ခင်ဗျားတို့ သွားနိုင်ပါပြီ၊ ကျေးဇူးတင်ပါတယ်"

သူ၏စကားဆုံးသည်နှင့် ...

လောက်ကင်းနှင့်အိလောက်တို့က မြင်းလှည်းအပြင်းနှင်ဘာ ထိုနေရာမှ လှည့်ပြန်သွားကြလေသည်။

မြင်းလှည်းမှာ အဝေးသို့ရောက်ရှိသွားပြီ ဖြစ်သော်လည်း သိမ်းငှက်နှင့်လူသည် မြင်းလှည်းကို ငေးကြည့်နေတော့သည်။

"အင်း ... ဒီလူနှစ်ယောက်ရဲ့စကားတွေက အမှန်တွေပဲ၊ သူတို့နှစ်ယောက်ကိုကြည့်ရတာလည်း ရိုးသားပုံရတယ်၊ နောက်ပြီး သိပ်လည်း သတ္တိရှိပုံမရဘူး။ သူတို့လိမ်ပြောရင် ဒီလိုပြောမှာမဟုတ်ဘူး"

ယင်းသို့တွေးလိုက်ပြီး မြင်းလှည်းပေါ်တွင်ရှိနေသော အခေါင်းကို တစ်ချက်ကြည့်လိုက်သည်။

ထိုအခေါင်းသည် သူ၏အခေါင်းမဟုတ်ဘဲ အခေါင်းချင်းမှားလာကြောင်း သိသည်။

လောက်ကင်းတို့ကသာ ပေါ့ပေါ့ဆဆနေကြသဖြင့် အခေါင်းချင်းအတူတူဟု မှတ်နေကြခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူကတော့ အခေါင်းကိုကြည့်ကတည်းက သိနေလေသည်။

"ဘယ်သူက အခေါင်းချင်းလဲလိုက်သလဲ"

သူက သေချာစွာ တွေးတောစဉ်းစားလိုက်သည်လေသည်။

"လမ်းမှာ အာမစ်ရှာနကလူတွေနဲ့ တွေ့ခဲ့တယ်ဆိုပါတော့၊ ငါ ကပ်ထားတဲ့စာရွက်ကို မတော်တဆ ထိမိုက်မိပြီး ကွာကျသွားမယ်၊ ဒီတော့ အခေါင်းချင်းမှားပြီး ကပ်ပေးလိုက်တာဖြစ်မယ်၊ ငါ ကပ်ပေးတာလည်း နည်းနည်းတော့ ပေါ့ဆတယ်"

ထိုသို့တွေးလိုက်မိသည်နှင့် သူ၏မျက်နှာမှာ ဝင်းလက်သွား၏။

"ဟုတ်ပြီ ... ဒါဆို ငါ့ရဲ့အခေါင်းက ထန်စန်းရဲ့လက်ထဲမှာ ရှိနေမယ်"

သူသည် မြင်းလှည်း၌ ချည်နှောင်ထားသော မြင်းတစ်ကောင်အား ဖြုတ်ယူလိုက်သည်။

ထို့နောက် မြင်းပေါ်သို့ ခုန်တက်ကာ ထိုနေရာမှ ထွက်ခွာသွား၏။ ထိုအခါ သူ၏ပခုံးပေါ်မှ သိမ်းငှက်သည် ကောင်းကင်ပေါ်တွင် တောင်ပံနှစ်ဖက်ကို ဖြန့်ကားကာ သူ၏နောက်သို့ လိုက်သွားလေသည်။



ထိုလူသည် သိမ်းငှက်များအား အလွန်ချစ်တတ်သကဲ့သို့ တစ်ကိုယ်တော် စားပြဖြစ်သော သိမ်းငှက်ပင် မဟုတ်ပါလော။

သိမ်းငှက်သည် အာမစ်ရှာနကို လှည့်စားနိုင်ခဲ့သော်လည်း ဘဲကြမ္မာက သူ့ကို ပြန်လှည့်စားနေလေပြီ။

ခေါင်းသုံးလုံး။

ခေါင်းများ၏အဖုံးများ ပွင့်သွားကြပြီဖြစ်၏။

ခေါင်းများ၏နံဘေးတွင် ...

ထန်စန်းသည် အံ့သြခြင်း၊ မယုံကြည်ခြင်းများ ပေါ်ပေါက်နေသော မျက်လုံးအစုံဖြင့် ခေါင်းများအား စိုက်ကြည့်နေသည်။

အဘယ်ကြောင့်ဆိုသော် ...

ခေါင်းနှစ်လုံးတွင် ဖြူဖွေးသော အရိုးစုနှစ်ခု ရှိနေပြီး ကျန်အခေါင်းတစ်လုံးတွင် ကတ္တီပါအိတ်များကို တွေ့ရှိနေရသောကြောင့် ဖြစ်သည်။ သူ အံ့အားသင့်သွားသည်။

အိတ်တိုင်း ကျောက်မျက်ရတနာများ အပြည့်ရှိနေသောကြောင့်ပေတည်း။

သူသည် ရတနာပစ္စည်းများအား အတန်ကြာအောင် ငေးမှိုင်၍ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



မေးဝူသည် ဤရတနာပစ္စည်းများအား မည်သည့်နေရာမှ ရရှိလာပါသနည်း။

သူသည် လောက်ကင်း၏စကားများကို ပြန်လည်ကြား ယောင်လာလေ၏။

"ဒီအခေါင်း ကျွန်တော့်မိတ်ဆွေရဲ့ဇနီးအခေါင်းပါ။ ကျွန် တော့်မိတ်ဆွေက သေဆုံးသွားတဲ့ သူ့ဇနီးအလောင်းကို သူ့ရဲ့ဇာတိ ကျေးရွာကို ပြန်ပို့ချင်တယ်ဆိုတာနဲ့ ကျွန်တော်တို့က လမ်းကြုံပို့ပေး ပါ့မယ်ဆိုပြီး ယူလာတာပါ"

သူသည် နှုတ်မှ တိုးတိုးရေရွတ်လိုက်မိ၏။

"ဟုတ်ပြီ ... ဒါပဲဖြစ်မယ်၊ ဒီကောင်တွေ ဘာမှသိပုံမရဘူး"

သူက ယင်းသို့ရေရွတ်လိုက်ပြီးနောက် အခေါင်းများကို အဖုံးပြန်ပိတ်လိုက်ပြီး ဆေးဝါးဖော်စပ်သည့်အခန်းထဲမှ လျှင်မြန်စွာ ထွက်ခွာသွားလေတော့သည်။

မကြာမီ သူသည် ထိုအခန်းထဲသို့ ပြန်လည်ရောက်ရှိလာ၏။

သူ၏မျက်နှာတစ်ခုလုံးမှာလည်း ပြုံးရီနေပေသည်။

သူသည် မည်သည့်နေရာသို့ သွားရောက်ခဲ့ခြင်း ဖြစ်ပါသ နည်း။



သူ၏မျက်နှာတွင် အဘယ်ကြောင့် သဘောကျကျေန
သော ဟန်မူရာများ ပေါ်ပေါက်နေရပါသနည်း။

သူက ရတနာပစ္စည်းများ ရှိနေသောခေါင်းကို ပြန်လ
ဖွင့်လိုက်ပြီး အတွင်းရှိအိတ်ကလေးများကို ထုတ်ယူလိုက်၏။

ထို့နောက် ...

အိတ်ကြီးတစ်ခုတွင် စုပေါင်းထည့်လိုက်ပြီး ရတနာအိတ်
သေချာစွာ ချည်နှောင်လိုက်သည်။

ပြီးသည်နှင့် နံရံတစ်ဖက်ရှိ ပန်းချီကားဆီသို့ ဦးတ
လျှောက်လှမ်းသွား၏။

ပန်းချီကားမှာ သူ၏ပုံတူပန်းချီကားဖြစ်ပြီး လူတစ်ရပ်
မြင့်မားသည်။

ပန်းချီကားအနီးသို့ ရောက်သည်နှင့် ...

သူက ပန်းချီကားနံဘေးတွင်ရှိသော အံဝှက်ခလုတ်ကို နှ
ချလိုက်၏။

'ချပ်'

အသံတစ်သံ ထွက်ပေါ်လာပြီး ပန်းချီကားချပ်မှာ တံ
သဖွယ် ပွင့်၍သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်တံခါးပေါက်တစ်ခုပင် ဖြစ်၏။

သူက ထိုတံခါးပေါက်ထဲသို့ လှမ်းဝင်လိုက်သည်။

သူ တစ်ဖက်သို့ ရောက်သွားသည်နှင့် …

တံခါးပေါက်မှာ …

'ချပ်'

မြည်သံနှင့်အတူ ပြန်လည်ပိတ်သွားလေတော့သည်။

ပထမပိုင်း ပြီး၏။

ဒုတိယပိုင်း (စာတ်သိမ်း) ဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

## ဝံပုလွေနက်၏လှျို့ဝှက်ချက်

(ဒု-အတွဲသိမ်း)

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

သိမ်းငှက် ...။

သိမ်းငှက်သည် ဝါးရုံပင်များဘေးရှိ သစ်ပင်တစ်ပင်ပေါ်တွင် ရှိနေ၏။

သိမ်းငှက်ဆိုသည်မှာ ငှက်သတ္တဝါကို ဆိုလိုခြင်းမဟုတ်ပေ။

မည်သည့်သိမ်းငှက်ကို ဆိုလိုပါသနည်း။

တစ်ကိုယ်တော်ဓားပြ သိမ်းငှက်ကို ဆိုလိုခြင်းဖြစ်သည်။

ဓားပြသိမ်းငှက်သည် အဘယ်ကြောင့် ထန်စန်း၏ဆေးဝါးဖော်စပ်သည့် အဆောက်အအုံအနီးရှိ သစ်ပင်ပေါ်တွင် ရောက်ရှိနေရပါသနည်း။

သူ ရောက်လာရမည်။

သူ့အသက်နှင့်ရင်း၍ လုယူထားသော ရတနာများသည် ကံကြမ္မာ၏လှည့်စားမှုကြောင့် ချမ်းမြဲကျေးရွာရှိ မေးဝူ၏သမက်

www.burmeseclassic.com

www.burmeseclassic.com



ထန်စန်း၏လက်တွင်းသို့ ရောက်ရှိနေသည် မဟုတ်ပါလော။

ထန်စန်းသာ စေ့စပ်သေချာသူဖြစ်ခဲ့လျှင် ရတနာများသည် သူ၏လက်တွင်းသို့ ရောက်ရှိနေလိမ့်မည်။

မစေ့စပ်မသေချာသူဖြစ်မှသာလျှင် မိမိ၏ရတနာများ ပြန်လည်ရရှိပေလိမ့်မည်။

သူသည် ထန်စန်းတစ်ယောက် မစေ့စပ် မသေချာသူ ဖြစ်ပါစေဟု ဆုတောင်းနေရ၏။

သူသည် ငိုက်မျဉ်းလာသော မျက်လုံးအစုံကို လက်ဖြင့်ပွတ်သပ်လိုက်၏။

ထို့နောက် ဆေးဝါးဖော်စပ်သည့် အခန်းအား လှမ်းကြည့်လိုက်သည်။

အခန်းထဲတွင် မီးရောင်များ ထိန်လင်းနေဆဲဖြစ်၏။

သို့ဆိုလျှင် အခန်းတွင်း၌ ထန်စန်းရှိနေဦးမည် ဖြစ်သည်။

သူသည် ခေါင်းများကိုဖွင့်ပြီး စစ်ဆေးနေလိမ့်မည်။

သို့မဟုတ် ဆေးဝါးများ စမ်းသပ်နေပေလိမ့်မည်။

သိမ်းငှက်သည် မိမိကိုယ်မိမိ ဒေါသချောင်းချောင်း ထွက်နေ၏။



သူသာ လိမ္မာပါးနပ်သူတစ်ယောက် ဖြစ်ခဲ့ပါလျှင် ...

ရတနာပစ္စည်းများသည် သူ၏လက်တွင်းသို့ ရောက်ရှိနေလောက်ပြီ ဖြစ်သည်။

သူတွေးတောနေစဉ်မှာပင် ...

မီးရောင် ဖျတ်ခနဲ ငြိမ်းသွား၏။

မကြာမီ ...

အခ်ဆောက်အအုံထဲမှ ထန်စန်း ထွက်ပေါ်လာသည်။

သူသည် ဝါးရုံပင်များအောက်မှ ဖြတ်ကျော်၍ မေးဂူ၏အိမ်ကြီးဆီသို့ လျှောက်လှမ်းသွားလေတော့သည်။

ထန်စန်း အဝေးသို့ရောက်သွားမှ သိမ်းငှက်က သစ်ပင်ပေါ်မှ ပေါ့ပါးညင်သာစွာဖြင့် ခုန်ပျံလိုက်၏။

သူသည် ကိုယ်ဖော့ပညာကောင်းသူဖြစ်၍ ကြောင်ကျကျ၏။

ထို့နောက် ...

ဆေးဝါးဖော်စပ်သည့်အဆောက်အအုံအနီးသို့ လျင်မြန်စွာ ချဉ်းကပ်သွား၏။

သူသည် ချက်ချင်း ခုန်မတက်သေးချေ။

www.burmeseclassic.com

www.burmeseclassic.com



အသံဗလံများ နားထောင်နေသည်။

သေချာသောအခါမှ ခုန်တက်သွား၏။

သူသည် အဆောက်အအုံအပေါ်ထပ်သို့ ရောက်ရှိသွား၏။

သိမ်းငှက်သည် သက်ပြင်းတစ်ချက် ချလိုက်ပြီး အကျီအိတ်အတွင်းမှ မီးခြစ်ကို နှိုက်ယူလိုက်၏။

ထို့နောက် ...

သတိထား၍ မီးခြစ်ခြစ်လိုက်၏။

မီးရောင်ကို ပြင်ပမှမတွေ့စေရန် လက်ဖြင့် ကာထားသည်။

မီးခြစ်ဆံမှ မီးရောင်က သေးငယ်စွာ ထွက်ပေါ်လာသည်။

သို့သော် ...

ထိုအလင်းရောင်ဖြင့်ပင် နံရံတွင်မှီ၍ ထောင်ထားသော အခေါင်းများကို သိမ်းငှက်က တွေ့မြင်လိုက်၏။

ခေါင်းများကို လိုက်လံစစ်ဆေးသည်။

ထိုအခါ သူ၏မျက်နှာမှာ ပြုံးသွားတော့သည်။

သူ၏ခေါင်းကိုပင် အမှန် တွေ့မြင်လိုက်ရပြီ မဟုတ်လော။

သိမ်းငှက်သည် ထိုအခေါင်းအား အသံမမြည်အောင် ဂရုစိုက်၍ ဖွင့်လိုက်၏။



"ဂွီ ... အီး ... အီး"

အခေါင်းပွင့်သွားသည်။

သူ၏မျက်နှာမှာ မည်းမှောင်ညစ်သွားလေတော့သည်။

အဘယ်ကြောင့်ဆိုသော် ...

အခေါင်းအတွင်း၌ သူသေချာစွာ ထည့်ထားသော ကျောက်မျက်ရတနာအိတ်များ မရှိတော့သောကြောင့်ပေတည်း။

သိမ်းငှက်၏ဦးခေါင်းသည် ချာချာလည်သွား၏။

သူအသက်စွန့်၍ လုယက်ခဲ့ရသော ရတနာများကို မတွေ့ရှိရသောအခါ ကမ္ဘာကြီး ပြိုကျလာသကဲ့သို့ ခံစားလိုက်ရသည်။

သူသည် သူ့ကိုယ်သူ အားပေးလိုက်ရ၏။

"မင်း ... ဖြည်းဖြည်းစဉ်းစား"

"မင်း ... သိပ်ပြီး ဒေါသမကြီးနဲ့"

သူသည် ဖြည်းဖြည်း စဉ်းစားရတော့သည်။

လောက်ကင်းတို့ သူ့ခေါင်းဆိုပြီး လာမေးစဉ်က သူ့ခေါင်း မဟုတ်သည်ကို သူသိလိုက်၏။

ထိုအချိန်က သူ ဖြည်းဖြည်းစဉ်းစားခဲ့သည်။

ဤရတနာများကို ပထမဆုံး တွေ့ရှိမည့်သူမှာ ထန်စန်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ထန်စန်း မစေ့စပ် မသေချာလျှင် သူ့အရိုးစုများကို ပစ်ထားခဲ့ပေမည်။

စေ့စပ်သေချာသူဖြစ်လျှင် အရိုးစုများကို စစ်ဆေးပေမည်။

အရိုးစုတစ်စုကို တွေ့လိုက်ရပြီး ကျုန်ခေါင်းတစ်ခေါင်းတွင် ရတနာများကို တွေ့ရပေလိမ့်မည်။

ထိုအခါ ရတနာများကို တွေ့လျှင် သူ ဘာလုပ်မည်နည်း။

ရတနာများကို လုံခြုံစိတ်ချရသော နေရာသို့ ရွှေ့ပြောင်းထားလိုက်ပေမည်။

သူသည် ထန်စန်း၏မျက်နှာကို မြင်ယောင်လာ၏။

သူသည် အဆောက်အအုံတွင်းမှ အလွန်လျှင်မြန်သော အဟုန်ဖြင့် ပြေးထွက်သွားလေ၏။

❋

လဆန်းသုံးရက် ...။



ကောင်းကင်တွင် လခြမ်းကွေးကလေး ထွက်ပေါ်လာသည်။

လရောင်မှာ မပွင့်လင်းသေးပေ။

ဝိုးတဝါး ဖြစ်နေသည်။

သို့သော် ကြယ်ကလေးများမှာမူ တလက်လက် တောက်ပနေကြသည်။

မိုးသားတိမ်လိပ် ကင်းစင်သော ညတစ်ညပင် ဖြစ်ခဲ့သည်။

ပြတင်းပေါက်မှာ ပွင့်နေ၏။

ထို့ကြောင့် ...

ဖျော့တော့သော လရောင်သည် အခန်းထဲသို့ ဖြာထွက်နေသည်။

အခန်းထဲတွင် ထိုင်နေသော မေးဝေ၏မျက်နှာပေါ်သို့ ကျရောက်နေသည်ဆိုလျှင် ပို၍ မြန်ဆန်ပေလိမ့်မည်။

အလွန်လှပသော မေးဝေသည် လရောင်အောက်တွင် ပို၍ လှပနေသည်ဟု ထန်စန်းက ထင်မှတ်မိ၏။

သူသည် မေဝေး၏အလှအား နောက်မှ ငေးမောနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ...

သူသည် တစ်စုံတစ်ခုကို သတိရလိုက်မိ၏။

ယင်းသို့ သတိရလိုက်မိသည်နှင့် တစ်ပြိုင်နက် ထန်စန်း၏ မျက်နှာမှာ ညအမှောင်ထုကဲ့သို့ မည်းမှောင်သွားလေသည်။

သူက မေဝေအား ငေးမောနေရာမှ သက်ပြင်းတစ်ချက် ချလိုက်၏။

တိတ်ဆိတ်နေသော အခန်းထဲတွင် သူ၏သက်ပြင်းချသံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

မေးဝေမှာ ထိတ်လန့်သွား၏။ သူမက ကပျာကယာ နောက်သို့ လှည့်ကြည့်လိုက်လေသည်။

"ဩော် ... ရှင်ကိုး၊ ရှင် ဘယ်တုန်းက ရောက်နေတာလဲ၊ ကျွန်မဖြင့် ရှင်ရောက်လာတာကို သတိမထားလိုက်မိဘူး"

ထန်စန်းက မည်သို့မျှ ပြန်မပြောချေ။

သူက စားပွဲပေါ်မှ မီးအိမ်မီးစာကို မြှင့်တင်လိုက်လေသည်။

အခန်းထဲတွင် မီးရောင်လင်းထိန်သွားသည်။

မီးရောင်အောက်တွင် ထန်စန်း၏မျက်နှာမှာ ဟန်မူရာ ကင်းနေသည်။



ဤသည်မှာ ထန်စန်း၏နဂိုမျက်နှာပင်။

သူ့မျက်နှာသည် ထာဝရ မျက်နှာသေကြီး ဖြစ်သည်။

စောစောက အမှောင်ထုတွင် ဖြစ်ပေါ်လာခဲ့သော ဝမ်းနည်းကြေကွဲသည့် ဟန်မူရာများမှာ လုံးဝရှိမနေတော့ပါချေ။

သူက မေးဝေအား ကြည့်ကာပြောလိုက်သည်။

"မင်းကို ကျုပ် ပြောစရာရှိတယ်"

မေးဝေက အေးတိအေးစက်လေသံဖြင့် ပြောလိုက်လေသည်။

"ရှင့်ရဲ့ ဆေးဝါးတွေအကြောင်းကို ကျွန်မ စိတ်မဝင်စားဘူး"

ထန်စန်းက ပြုံး၏။

သူက အင်္ကျီအိတ်တွင်းမှ အထုပ်ကလေးတစ်ထုပ်ကို နှိုက်ယူလိုက်သည်။

ထို့နောက် အထုပ်ကိုဖြည်ကာ မေးဝေရှေ့တွင် ချလိုက်သည်။ မေးဝေက အလွန်အံ့သြသွားသည်။

အထုပ်ကလေးထဲတွင် မျိုးစုံသော ရတနာများ ရှိနေသည် မဟုတ်ပါလား။ မေးဝေက တလက်လက်တောက်သော မျက်လုံးအစုံဖြင့် မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဒီပစ္စည်းတွေကို ဘယ်ကရလာတာလဲ"

ထန်စန်းက သဘောကျစွာ ပြုံးလိုက်သည်။

"မင်း သဘောကျနေပြီ မဟုတ်လား"

မေးဝေက သူ့အား မယုံကြည်နိုင်စွာဖြင့် ကြည့်လိုက်သည်။

"ဒါ ရှင့်ပစ္စည်းတွေ ဟုတ်လား"

ထန်စန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်ပစ္စည်းတွေပါ"

သူမက အထုပ်ကိုမယူဘဲ ပုလဲအတွဲကို ကောက်ယူရင်း ပြောလိုက်သည်။

"ကျွန်မ မယုံဘူး၊ ဒီလောက် အဖိုးတန်တဲ့ပစ္စည်းတွေကို ရှင်ပိုင်ဆိုင်တာ မဖြစ်နိုင်ဘူး၊ ရှင့်ဆီမှာ ဒီလိုပစ္စည်းတွေ ဘယ်တုန်းကမှ မရှိခဲ့ဘူး"

ထန်စန်းက ပြုံးလိုက်သည်။

"ဒီလိုပစ္စည်းချည်းပဲပါတဲ့အထုပ် ကျုပ်ဆီမှာ နောက်ထပ် ကိုးထုပ်တောင် ရှိသေးတယ်၊ ဒါတောင် မင်းက မယုံဘူးလို့ ပြောနေသေးတယ်၊ မျက်မြင်ဖြစ်တာတောင် မယုံဘူးဆိုတော့ တော်တော် အံ့ဩစရာကောင်းတာပဲ"



သူမ၏မျက်နှာမှာ ဝေခွဲမရသဖြင့် တွေဝေသွားလေသည်။

သူမသည် အဖိုးတန်သော ကျောက်မျက်ရတနာများကို အလွန်ပင် နှစ်သက်သူဖြစ်သည်။

ထို့ကြောင့် ...

သူမက မျက်နှာကို ချိုသာစွာပြုံးကာ မေးလိုက်လေသည်။

"ရှင် တကယ်ပြောနေတာလား"

သူက ခေါင်းညိတ်လိုက်သည်။

"အတည်ပေါ့"

သူမက လှပစွာ ပြုံးလိုက်သည်။

"ရှင့်ဆီမှာ ဒီပစ္စည်းတွေရှိမှန်း ကျွန်မ မသိဘူးရှင့်"

ထန်စန်းက အေးတိအေးစက် လေသံဖြင့် ပြောလိုက်သည်။

"အခု သိပြီမဟုတ်လား"

သူမက ခေါင်းညိတ်၏။

"သိပါတယ်ရှင်၊ တကယ်တော့ ရှင်က သိပ်ပြီး အဖိုးတန်တဲ့ လူတစ်ယောက်ဖြစ်နေတာကိုး"

ထန်စန်းက ခံပြင်းသောလေသံဖြင့် ပြောလိုက်လေသည်။

"ဒါဖြင့် ... မင်းက ကျုပ်ကို အလကားလူ၊ အသုံးမကျတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆေးဆရာဆိုပြီး ခဏခဏ ကြိမ်းမောင်းနေတာကကော"

မေးဝေ၏မျက်နှာမှာ ကွက်ခနဲပျက်သွားသည်။

ချက်ချင်းပင် ...

သူမက ဣန္ဒြေဆည်ကာ ပြောလိုက်သည်။

"ရှင်က ကျွန်မပြောဆိုခဲ့တာတွေကို မှတ်ထားတာပေါ့လေ၊ ကဲ ... ဒီနေ့ကစပြီး မပြောတော့ပါဘူးရှင်၊ ကျေနပ်ပြီလား"

ထန်စန်းက မဲ့ပြုံး ပြုံး၏။

"ဒါဟာ ကျုပ်ရဲ့ပစ္စည်းတွေကြောင့်ပေါ့ ဟုတ်လား"

သူမက သူ့အား မျက်လုံးတစ်ချက် ဝေ့ယမ်းကြည့်လိုက်သည်။

"ဒီလိုဆိုတော့လည်း ရှင်က ဉာဏ်ကောင်းသားပဲ"

ထန်စန်းသည် သဘောကျစွာဖြင့် ရယ်မောလိုက်လေသည်။

သူမကပါ သူနှင့်အတူရောရှ၍ ရယ်မောလိုက်သည်။

ရုတ်တရက် ထန်စန်း၏ရယ်မောသံ ရပ်သွား၏။

သူက သူမအား ကြည့်ကာ ခံပြင်းသောလေသံဖြင့် ပြောလိုက်သည်။



"ဒီပစ္စည်းတွေကို မင်း ဘယ်လောက် လိုချင်နေတယ်ဆိုတာ ကျုပ် သိပါတယ်ကွာ၊ ဒါပေမဲ့ ... ကျုပ်က မင်းကို မပေးနိုင်တာတော့ ဝမ်းနည်းပါတယ်"

ထိုစကားကြောင့် သူမ၏ခန္ဓာကိုယ်မှာ တုန်ခါသွားသည်။

"ဘာပြောတယ်၊ ရှင်က ကျွန်မကို မပေးနိုင်ဘူး ဟုတ်လား"

သူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

သူမက မျက်မှောင်ကုတ်လိုက်သည်။

"ဘာဖြစ်လို့ ကျွန်မကို မပေးနိုင်ရတာလဲ၊ ကျွန်မက ရှင့်ဇနီးပဲ၊ သူစိမ်းမှ မဟုတ်တာ"

ထန်စန်းက သက်ပြင်းချလိုက်သည်။

"ဒီပစ္စည်းတွေက ကျုပ်ပိုင်ဆိုင်တာ မဟုတ်ဘူး၊ မကြာခင် ပိုင်ရှင်က လာယူတော့မှာ"

သူမသည် ဒေါသဖြင့် အော်လိုက်သည်။

"ရှင့်စကားကို ခုတစ်မျိုး၊ တော်ကြာတစ်မျိုး မပြောနဲ့၊ ဒါ ရှင့်ပစ္စည်းတွေ ဟုတ်လားလို့ မေးတော့ ... ဟုတ်တယ်၊ ကျုပ်ပစ္စည်းတွေလို့ ရှင်ပဲ ပြောခဲ့တာပဲ၊ အခု ဒီပစ္စည်းကို ကျုပ်ပိုင်တာ မဟုတ်ဘူး

www.burmeseclassic.com



ဆိုပြီး ပြောပြန်ပြီး၊ ဘယ်က ပိုင်ရှင်ပေါ် လာရတာလဲ၊ ရှင် ယောက်ျား ပဲ ယောက်ျားစကားပြော"

ထန်စန်း သက်ပြင်းချလိုက်သည်။

"ဟုတ်တယ် မကြာခင် သူ လာယူတော့မှာ"

ယင်းသို့ ပြောလိုက်ပြီး အခေါင်းချင်း မှားလာသည်မှစ၍ ရတနာများ သူ့ဆီသို့ ရောက်လာပုံကို အသေးစိတ် ပြောပြလိုက် လေတော့သည်။

❊❊❊



## အခန်း (၁၂)

ထန်စန်း၏မျက်နှာမှာ တည်ကြည်လေးနက်နေ၏။

သူ့စကားဆုံးသောအခါ မေးဝေမှာ မည်သို့မျှ မပြောနိုင် တော့ပေ။

ထန်စန်းလည်း ငြိမ်သက်၊ သူမလည်း ငြိမ်သက်နေလေ တော့သည်။

အတန်ကြာမှ ...

မေးဝေက သူ့အားကြည့်ကာ မေးလိုက်၏။

"ဒါဖြင့် ဒီပစ္စည်းတွေက အခေါင်းချင်းမှားပြီး ပါလာတာ ပေါ့"

ထန်စန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

မေးဝေက အရောင်တလက်လက် တောက်ပနေသော

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးများဖြင့် ရတနာများကိုကြည့်ကာ ပြောလိုက်၏။

"ကျွန်မတို့ အပိုင်ယူထားလိုက်ရင် မဖြစ်ဘူးလား"

ထန်စန်းက ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ဘူး ... ပိုင်ရှင်က အခေါင်းချင်း မှားတာကိုသိရင် အလောင်းလာတောင်းမှာပဲ၊ ဘယ်သူက ဒီလောက်များတဲ့ ရတနာတွေကို လက်လွှတ်မှာလဲ"

မေးဝေက မျက်မှောင်ကုတ်လိုက်၏။

"ဒီလောက် အဖိုးတန်တဲ့ပစ္စည်းတွေကို သူက ဘာကြောင့် အခေါင်းထဲ ထည့်ပေးလိုက်ရတာလဲ"

ထိုစကားကြောင့် ထန်စန်းမှာ တစ်စုံတစ်ခုကို သတိရသွားသည်။

သူက လက်ဖျစ်တစ်ချက်တီးကာ ပြောလိုက်၏။

"ဟုတ်ပြီ၊ သူ့ပဲ ဖြစ်ရမယ်"

မေးဝေက မေးလိုက်သည်။

"ဘယ်သူလဲ"

ထန်စန်းက လေသံပြတ်ပြတ်ဖြင့် ပြောလိုက်၏။

"သိမ်းငှက်"



မေးဝေမှာ ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ကျွန်မက ရတနာတွေအကြောင်း ပြောနေတာရှင့်၊ သိမ်းငှက်အကြောင်း ပြောနေတာမဟုတ်ဘူး"

ထန်စန်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ ဒီရတနာတွေကို သိမ်းငှက်ဆိုတဲ့လူပိုင်တာ ဖြစ်ရမယ်"

မေးဝေမှာ နားမလည်နိုင်ဘဲ ဖြစ်သွားသည်။

"ကျွန်မတော့ ဘာတစ်ခုမှ နားမလည်နိုင်တော့ဘူး"

ထန်စန်းက သက်ပြင်းတစ်ချက် ချလိုက်၏။

"ဒီပစ္စည်းတွေဟာ ရွှေကျားပျံအာမခံဌာနက ပစ္စည်းတွေ ဖြစ်ရမယ်၊ သိမ်းငှက်က လုယူလာပြီး လောက်ကင်းတို့အခေါင်းထဲ ထည့်ပေးလိုက်တာဖြစ်ရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ရွှေကျားပျံအာမခံဌာနက လူတွေက လိမ်းပိတ်ဆို့ပြီး ရှာနေကြတယ် မဟုတ်လား"

မေးဝေက မျက်မှောင်ကုတ်လိုက်သည်။

"ရှင်က သိမ်းငှက်လို့ ဘာကြောင့် ပြောနိုင်ရတာလဲ"

ထန်စန်းက ပခုံးတွန့်ကာ ပြောလိုက်၏။

"လောက်ကင်းတို့ ပြောစကားအရ အခေါင်းကို ပို့နိုင်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



လူရဲ့ ပခုံးပေါ်မှာ သိမ်းငှက်တစ်ကောင် ပါလာလို့ပေါ့ကွ"

"ရှင့်ကို လောက်ကင်းတို့က ပြောပြလို့လား"

"ပထမပြောတုန်းက သိမ်းငှက်အကြောင်း မပါပါဘူး၊ သူတို့ပြန်လာတော့ ကျုပ်က မေးကြည့်တယ်၊ ဒီလူရဲ့ပခုံးပေါ်မှာ သိမ်းငှက်တစ်ကောင် နားနေတယ်တဲ့၊ တစ်နဲ့တစ်ပေါင်းရင် နှစ်ပေါ့ကွာ"

"သိမ်းငှက်ဆိုတာ တစ်ကိုယ်တော်လှုသတ်နေတဲ့ ဓားပြတစ်ယောက်ပဲ၊ ဒီရတနာတွေရယ်၊ ရွှေကျားပျံအာမခံဌာနကလူတွေ ရှာဖွေနေတယ်ဆိုတဲ့သတင်း ပေါင်းစပ်လိုက်တော့ ဒီပစ္စည်းတွေကို သိမ်းငှက်က ယူလာတယ်ဆိုတဲ့အဖြေ ရတာပေါ့"

မေးဝေက ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်သည်။

"သိမ်းငှက်က သိုင်းပညာ သိပ်ပြီးထက်မြက်သလား"

ထန်စန်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ထက်မြက်တယ်၊ ရွှေကျားပျံအာမခံဌာနကို သူတစ်ယောက်တည်း တိုက်ခိုက်တာကို ကြည့်ရင် သိနိုင်တယ်"

မေးဝေက မဲ့ပြုံးပြုံးလိုက်သည်။

"သူနဲ့ဖေဖေနဲ့ဆို ဘယ်သူသာမလဲ"



ထန်စန်းက အနည်းငယ်စဉ်းစားလိုက်၏။

"မင်းဖေဖေရဲ့ဓားပညာကို ယှဉ်ပြိုင်နိုင်တဲ့လူ မရှိသေးပါဘူး"

မေးဝေ၏မျက်လုံးအစုံမှာ ဝင်းလက်တောက်ပသွားသည်။

"ဒါဖြင့် သိမ်းငှက်က ဖေဖေ့ကို မယှဉ်နိုင်ဘူးပေါ့"

ထန်စန်းက ခေါင်းညိတ်လိုက်ပြန်၏။

"ဟုတ်တယ်"

မေးဝေက ဝမ်းသာအားရဖြင့် ပြောလိုက်သည်။

"ဒါဆိုရင် သူ ဒီကိုလာပြီး ပစ္စည်းတွေ လာတောင်းရဲမှာ မဟုတ်ဘူး"

ထန်စန်းက ပြုံးလိုက်၏။

"ဟုတ်တယ်"

မေးဝေက ပြုံးရွှင်သောမျက်နှာထားဖြင့် ပြောလိုက်သည်။

"ဒါဖြင့် ... ကျွန်မတို့ ယူထားလိုက်ကြတာပေါ့"

ထန်စန်းက ခေါင်းခါယမ်းလိုက်၏။

"မဖြစ်နိုင်ဘူး"

မေးဝေက မျက်မှောင်ကုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

ထန်စန်းက အေးတိအေးစက်လေသံဖြင့် ပြောလိုက်၏။

"ကျုပ်က ဒီပစ္စည်းတွေကို ပြန်ပေးမလို့"

"မပေးရဘူး"

တစ်ဆက်တည်းပင် ...

သူမက ခေါင်းကို သွက်လက်စွာ ခါယမ်းကာ ပြောလိုက်၏။

"ပြန်မပေးရဘူး၊ ဖေဖေပြန်လာရင် အကျိုးအကြောင်း ပြောပြပြီး သိမ်းငှက်ဆိုတဲ့လူကို မောင်းထုတ်ရမယ်၊ နောက်ဆုံး သတ်ပစ်တန် သတ်ပစ်ရမယ်"

ထန်စန်းက သဘောကျစွာ ရယ်မောလိုက်သည်။

"မင်းအဖေက မင်းလိုပစ္စည်းမက်တဲ့လူ မဟုတ်ဘူး၊ သူသာ သိသွားရင် ရွှေကျားပုံအာမခံဌာနကို သူကိုယ်တိုင် သွားပို့ပေးမှာ သေချာတယ်"

မေးဝေ၏မျက်နှာမှာ မည်းမှောင်သွား၏။

သူမ၏မျက်နှာတွင် စိတ်အားလျော့သော အမူအရာများ ပေါ်ပေါက်လာလေသည်။

"ရှင် တကယ်ပဲ ပြန်ပေးမှာလား"



ထန်စန်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ... ပြန်ပေးရမယ်"

မေးဝေက ဒေါသတကြီးဖြင့် အော်လိုက်သည်။

"ရှင် ပြန်ပေးမှာဆိုရင် ဘာဖြစ်လို့ ကျွန်မကို လာပြနေရတာလဲ၊ ပြန်ယူသွား"

သူမသည် အော်ဟစ်ရင်း ထန်စန်းအား ရတနာထုပ်ဖြင့် ပစ်ပေါက်လိုက်သည်။

'ဘုန်း'

ရတနာထုပ်သည် ကြမ်းပြင်ပေါ်သို့ ကျသွားလေ၏။

သူက ရတနာထုပ်ကို ကောက်ယူလိုက်လေသည်။

"ကျုပ်ကလည်း ပြန်ယူသွားမှာပါကွာ"

သူသည် ပြောပြောဆိုဆိုဖြင့် အခန်းထဲမှ ပြန်လည်ထွက်ခွာသွားရန် ခြေလှမ်းပြင်လိုက်လေသည်။

မေးဝေက ဟန့်တားလိုက်သည်။

"ခဏနေဦး"

သူက နောက်ပြန်လှည့်ကြည့်သည်။

"မင်း ဘာပြောမလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



မေးဝေသည် သူ့ကိုကြည့်၍ ပြောလိုက်သည်။

"ရှင့်ပစ္စည်းတွေကို လုံလုံခြုံခြုံ သိမ်းထားဦးနော်၊ တော်ကြာ သူများခိုးသွားလို့ ဒုက္ခရောက်နေဦးမယ်၊ ကိုယ့်ပစ္စည်းလည်း မဟုတ်၊ ပိုင်ရှင်ရောက်လာရင် ကိုယ်က စိုက်လျော်နေရဦးမယ်"

သူက ခေါင်းညိတ်လိုက်၏။

"ကျုပ် သေသေချာချာ သိမ်းထားပါ့မယ်"

မေးဝေက မျက်ခုံးပင့်ကြည့်၍ မေးလိုက်သည်။

"ရှင်က ဘယ်မှာသိမ်းထားမှာလဲ"

သူက ပြုံးလိုက်၏။

"အခေါင်းထဲမှာပဲပေါ့"

မေးဝေက စိုးရိမ်သောလေသံဖြင့် ပြောလိုက်သည်။

"အခေါင်းထဲမှာ စိတ်ချရပါ့မလားရှင်"

သူက ပခုံးတွန့်လိုက်၏။

"အိုး ... သိပ်ပြီးစိတ်ချရတာပေါ့၊ ဘယ်သူက အခေါင်းတွေ ထားတဲ့အခန်းကို လာရဲမှာလဲ"

မေးဝေက ခေါင်းညိတ်လိုက်သည်။

"ရှင်က သိပ်ဉာဏ်ကောင်းတာပဲ၊ ဒါနဲ့ အခေါင်းမှားဦးမယ်"



ထန်စန်းက အားရပါးရ ပြုံးလိုက်၏။

"မမှားပါဘူးကွာ၊ အလယ်က ခေါင်းထဲမှာ ထားမှာပါ"

စကားဆုံးသည်နှင့် ...

သူက အခန်းထဲမှ ချာခနဲ လှည့်ထွက်သွားလေ၏။

ထန်စန်း ပျောက်ကွယ်သွားသောအခါ ...

မေးဝေက ကောက်ကျစ်စဉ်းလဲစွာဖြင့် ပြုံးလိုက်လေသည်။

"အသုံးမကျတဲ့လူ၊ ရှင်ဟာ ... လူနုံ့၊ လူအ‚တစ်ယောက် ပဲ"

သူမသည် အဘယ်ကြောင့် ထန်စန်းအား လူအတစ်ယောက်ဟု ပြောရပါသနည်း။

ထန်စန်းသည် သူမပြောသကဲ့သို့ လူနုံ့၊ လူအ‚တစ်ယောက် ပင်လော။

ထန်စန်းသည် တစ်ယောက်တည်းလည်း တဟားဟား အော်ရယ်ဖူး၏။

သူ၏မျက်နှာသေကြီးမှာ လူအားလုံး၏ကြည့်ရာ၌ တွန့်ခြင်း၊ ရှုံ့မဲ့ခြင်း၊ ဝမ်းသာခြင်း အမူအရာတို့ ပေါ်လွင်လာတော့၏။

မေးဂူမိသားစုက ထင်မှတ်ထားသလို ဘာမှမသိဘဲ ဆေး

www.burmeseclassic.com

www.burmeseclassic.com



ပညာသာ တစိုက်မတ်မတ် စိတ်ဝင်စားနေသော လူရိုးကြီးပင် ဖြစ်ပါသလော။

❋

လဆန်း လေးရက်နေ့။

နေ့လယ်ပိုင်းအချိန်ဖြစ်သည်။

ချမ်းမြကျေးရွာ၏ မင်းလမ်းမအတိုင်း မြင်းနှစ်ကောင် ဒုန်းစိုင်း ဝင်ရောက်လာ၏။

မြင်းများပေါ်တွင် လူနှစ်ယောက် လိုက်ပါလာသည်။

မေးဂူနှင့်ချုန်စွန်တို့ပင် ဖြစ်ပါသည်။

မကြာမီ ...

မြင်းနှစ်ကောင်သည် မေးဂူ၏ခြံဝင်းအတွင်းသို့ ဝင်ရောက်လာကြ၏။

ထန်စန်းက မေးဂူအား ခရီးဦးကြိုပြုရန် ခြံဝင်းထဲသို့ ဆင်းလာ၏။



မေးဂူက မြင်းပေါ်မှ ဆင်းလိုက်ပြီးသည်နှင့် ...

သူနှင့် ပါလာသူဘက်သို့ လှည့်၍ ပြောလိုက်၏။

"ကဲ ငါ့တူ ... ဒါ ကျုပ်အိမ်ပဲ"

ချုန်စွန်က မြင်းပေါ်မှ မဆင်းသေးဘဲ ခြံဝင်းတစ်ခုလုံးအား အကဲခတ်ကြည့်နေ၏။

သူသည် စေ့စပ်သေချာဟန် ရှိ၏။

သူသည် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုပြီးသောအခါ

"အလွန်သာယာတဲ့ နေရာတစ်ခုပါပဲဗျာ"

မေးဂူက ပြုံး၍ ဖိတ်ခေါ်လိုက်သည်။

"ကဲ ... ကျုပ်နဲ့အတူ အိမ်ထဲကို လိုက်ခဲ့ပါဦး၊ ရောက်မှတော့ အိမ်သားလိုပဲ နေပေါ့ဗျာ"

ချုန်စွန်က ခေါင်းညိတ်လိုက်၏။

ထို့နောက် ...

မြင်းပေါ်မှ မြေပေါ်သို့ လွှားခနဲ ခုန်ဆင်းလိုက်သည်။

ထန်စန်းမှာ ထိတ်လန့်သွား၏။

ထိုလူ၏လှုပ်ရှားပုံကို ကြည့်လိုက်သည်နှင့် သိုင်းပညာ အလွန်ထက်မြက်သော လူတစ်ယောက်ဖြစ်ကြောင်း သူက သိရှိ

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည် မဟုတ်ပါလား။

မေးဂူက ချန်စွန်နှင့် ထန်စန်းအား မိတ်ဆက်ပေးလိုက်သည်။

"တူမောင် ... ဒါဟာ ကျုပ်ရဲ့သမက် ထန်စန်းပေါ့ဗျ"

ချန်စွန်က ထန်စန်းအား ဦးညွှတ်လိုက်၏။

"ကျုပ်က ချန်စွန်ပါ"

သူက ပြန်လည် ဦးညွှတ်လိုက်၏။

"အခုလို မိတ်ဆွေနဲ့ သိကျွမ်းရတာ ဝမ်းသာပါတယ်ဗျာ"

တစ်ဆက်တည်းပင် ...

သူက အိမ်ထဲသို့ ဖိတ်ခေါ်လိုက်၏။

"ကဲ ... အိမ်ထဲကို ကြွပါဦးဗျ"

ပြောရင်း အိမ်ထဲသို့ ဦးဆောင်ကာ ဝင်ရောက်သွားသည်။

သူ၏နောက်မှ ...

မေးဂူနှင့်ချန်စွန်တို့က စကားများ ပြောဆိုလျက် လိုက်ပါသွားလေသည်။

မေးဂူသည် ကျော်ကြားသော သိုင်းသမားတစ်ယောက်ဖြစ်၏။



ထို့ပြင် ...

ချမ်းသာကြွယ်ဝသော မိသားစုမှ ဆင်းသက်လာသူတစ်ယောက်လည်း ဖြစ်သည်။

ထို့ကြောင့် ...

သူ၏ဧည့်ခန်းမှာ အလွန်ပင် ကြီးကျယ်ခမ်းနားလွန်းလှသည်။

ဧည့်ခန်းကြီးကျယ်ခမ်းနားသော်လည်း ဧည့်သည်မရှိလျှင် အလကားဖြစ်သည်။

သို့သော် ...

ယခုတော့ ဧည့်ခန်းထဲတွင် ဧည့်သည်ရောက်ရှိနေပြီ ဖြစ်သည်။

ဧည့်သည်မှာ တစ်ယောက်တည်းသာ ဖြစ်သည်။

သို့သော် ...

မေးဂူက ဧည့်သည်တစ်ရာ ရောက်ရှိနေသကဲ့သို့ ဧည့်ခံနေလေသည်။

သူက ထန်စန်းအား ကြည့်ကာ မေးလိုက်သည်။

"ဒါနဲ့ ငါ့သမီးနှစ်ယောက် ဘယ်ရောက်နေကြသလဲ"

www.burmeseclassic.com

www.burmeseclassic.com



ထန်စန်းက ခေါင်းညိတ်၏။

"ရှိပါတယ်၊ မေးဝေ ခေါင်းနည်းနည်းမူးလို့ မေးဟုန်က အနားမှာ စောင့်နေပါတယ်"

မေးဂူက ခေါင်းညိတ်လိုက်သည်။

"ဒါထက် မင်းဆီကို အခေါင်းတွေ ရောက်လာရဲ့လား"

ထန်စန်းက ပြုံးလိုက်သည်။

"ရောက်လာပါတယ်ခင်ဗျာ"

မေးဂူက ထပ်မေးလိုက်သည်။

"ဘယ်နှစ်လုံးလဲ"

ထန်စန်းက လက်သုံးချောင်း ထောင်ပြလိုက်လေသည်။

"သုံးလုံးပါ"

မေးဂူက ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

"အင်း ... လောက်ကင်းနဲ့ အိလောက်က အကြောင်းကြောင်း နိုင်ပေမယ့် ခိုင်းတဲ့အလုပ်ကိုတော့ သေသေချာချာ လုပ်သားပဲ၊ ဒါကြောင့်လည်း အရေးကြီးတဲ့ကိစ္စတွေမှာ သူတို့ကို ခိုင်းရတာ"

ထန်စန်းသည် ထိုစကားကိုကြားသောအခါ စိတ်ထဲမှ ပြုံးလိုက်မိသည်။



"အဖေစိတ်ချတဲ့ အလုပ်သမားနှစ်ယောက်ဟာ မဆိုးပါဘူး။ မဆိုးတာမှ တကယ့်ကို မဆိုးတာပါ၊ သိမ်းငှက် လုယက်ထားတဲ့ ရတနာတွေတောင် ကျူပ်ပိုင်အောင် ကျူပ်ဆီကို ရောက်အောင်လုပ်ခဲ့တဲ့ အလုပ်သမားနှစ်ယောက်ကိုမှ မချီးကျူးရင် ဘယ်သူ့ကို ချီးကျူးမှာလဲ"

မေးဂူက ချန်စွန်ဘက်သို့ တစ်ချက်လှည့်ကာ ပြောလိုက်သည်။

"ဟောဒီက တူမောင်ချန်စွန်က မင်းရဲ့ဆေးပညာကို လေ့လာချင်လို့တဲ့ကွ"

ချန်စွန်ကလည်း ထန်စန်းအား စိုက်ကြည့်ကာ ပြောလိုက်သည်။

"ခင်ဗျားရဲ့ဆေးပညာက တော်တော်အစွမ်းထက်တယ်လို့ ကြားရတယ်ဗျ၊ အဲဒါ ဟုတ်ရဲ့လား"

ထန်စန်းက ပြုံး၏။

"ဒီလောက်တောင်လည်း မဟုတ်သေးပါဘူးဗျာ၊ ခင်ဗျား အကြားမှားတာ ဖြစ်ပါလိမ့်မယ်"

ချန်စွန်က ကပျာကယာ လက်ကာပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အို ... ဘယ်က မဟုတ်ရမှာလဲ၊ လူသေကို ပြန်ပြီးအသက်ရှင်နိုင်အောင် လုပ်နိုင်တဲ့ ဆေးဆရာ လောကမှာ မရှိသေးဘူးဗျ။ ကျုပ်တော့ မကြားဖူးသေးဘူး"

ထိုစကားကြောင့် ထန်စန်းက မေးဝူအား လှမ်းကြည့်လိုက်သည်။

မေးဝူက ခေါင်းညိတ်၏။

"ဒီက တူမောင်ချန်စွန်ကို ငါက ဒီအကြောင်းကို ပထမ ပြောပြခဲ့တာ မဟုတ်ဘူးကွ၊ ငါက မိစ္ဆာသုံးဖော်နဲ့ သူသေကိုယ်သေ မတိုက်ခင် ခင်းအကြောင်းကို ပြောပြကြရတယ်၊ ဒါမှလည်း သူတို့ရဲ့ အလောင်းသုံးလောင်းကို ဘယ်လိုအသုံးပြုမယ်ဆိုတာ သူတို့ သိသွားမှာကိုး။ အဲဒီစကားကို တူမောင်ချန်စွန် ကြားသွားပြီး တိုက်ပွဲပြီးသွားတော့ ငါနဲ့ လာဆွေးနွေးတာပဲ"

တစ်ဆက်တည်းမှာပင် ...

သူက ထန်စန်းအား ကြည့်၍ မေးလိုက်သည်။

"ဒါနဲ့ အလောင်းတွေကို စစ်ဆေးပြီးပြီလား"

ထန်စန်း ခေါင်းညိတ်၏။

"ဟုတ်ကဲ့ ... စစ်ဆေးပြီးပါပြီ"



မေးဝူက ထပ်မေးလိုက်သည်။

"မင်း အခေါင်းသုံးလုံးစလုံး ရရဲ့လား"

ထန်စန်းက ခေါင်းညိတ်လိုက်ပြန်၏။

"ဟုတ်ကဲ့ ရပါတယ်၊ ဘာဖြစ်လို့လဲ"

မေးဝူက ခေါင်းခါလိုက်သည်။

"အခေါင်းတွေထဲက အရိုးစုတွေ လမ်းမှာပျောက်သွားမှာ စိုးလို့ပါ"

ထန်စန်းသည် အခေါင်းသုံးလုံး ရရှိခဲ့သည်မှာ အမှန်ပင် ဖြစ်သည်။

သို့သော် ...

အခေါင်းနှစ်လုံးထဲမှာ အရိုးစုနှစ်ခုသာ ရှိခဲ့သည် မဟုတ်ပါ လော။

ဤသို့ဆိုလျှင် ...

ထန်စန်းက အဘယ်ကြောင့် လိမ်၍ ပြောဆိုလိုက်ရပါသ နည်း။

သူသည် အရိုးစုနှစ်ခုသာ ရရှိကြောင်း ပြောပြသင့်သည်။ လူအများရှေ့တွင်တစ်မျိုး၊ သူတစ်ယောက်တည်းနေလျှင်

www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုး မျက်နှာအမူအရာ ရောနှစ်မျိုးထားခြင်းမှာလည်း သူ့အား ရိုးသားသူတစ်ဦးဟု ပြောရန် ခက်ခဲလှသည်။

မည်သို့ဆိုစေ ...

ထိုအကြောင်းကိစ္စများကို ထန်စန်းတစ်ယောက်သာ သိရှိလိမ့်မည် မဟုတ်ပါလော။

ထိုစဉ်မှာပင် ...

ဆူညံသောအသံများ ထွက်ပေါ်လာလေတော့သည်။

❊❊❊



## အခန်း (၁၃)

ဆူညံသောအသံများ အခန်းအပြင်ဘက်မှ ထွက်ပေါ်လာ၏။

မေးဝူက ထိုင်ရာမှ ထိလိုက်သည်။

သူ့အနေဖြင့် ...

ယခုကဲ့သို့ ညှေ့သည်ရောက်ရှိနေချိန်တွင် မည်သို့သော ဆူညံမှုမျိုးကိုမှ မလိုလားပါချေ။

ဧည့်သည်စိတ်အနှောင့်အယှက်ဖြစ်သွားမည် မဟုတ်ပါလား။

ဧည့်သည်အား စိတ်အနှောင့်အယှက် မဖြစ်စေလိုပေ။

သူက အခန်းအပြင်ဘက်သို့ထွက်ကာ ဆူညံနေသူများကို ဟန့်တားရန် ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် ထရပ်လိုက်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် …

အခန်းထဲသို့ မိန်းကလေးတစ်ယောက် ငိုယိုကာ ပြေးလွှား ဝင်ရောက်လာသည်။

မေးဂူ၏သမီးငယ် မေးဟုန် ဖြစ်ပါသည်။

မေးဂူက သူမအား မေးလိုက်သည်။

"သမီးမေးဟုန် ဒါ ဘယ်လိုဖြစ်လာတာလဲ"

မေးဟုန်က ဖခင်ကို တွေ့သည်နှင့် ရှိုက်ကြီးတငင် ငိုချလိုက်သည်။

"ဖေဖေ … ဖေဖေ"

မေးဂူက အလောတကြီး မေးလိုက်သည်။

"သမီးမေးဟုန် … ဘာဖြစ်သလဲ၊ မြန်မြန်ပြောစမ်း"

မေးဟုန်က တုန်ယင်သောလေသံဖြင့် အထစ်ထစ် အငေါ့ငေါ့ ပြောလိုက်သည်။

"ဖေဖေ … မမ … မမ"

ယခု …

သူ့သမီး အသတ်ခံလိုက်ရပြီဟု သိလိုက်ရသောခဏ၌ သူသည် အရှင်လတ်လတ် မြေမြှုပ်ခံလိုက်ရသကဲ့သို့ ထင်မှတ်သွားမိ



လေသည်။

သူသည် အတန်ကြာမှ ပြောလိုက်သည်။

"ဘာ …"

သူမက ငိုရှိုက်ရင်းမှ ပြောလိုက်သည်။

မေးဂူ၏မျက်နှာတွင် စိုးရိမ်ပူပန်သော အရိပ်အယောင်များ ထွက်ပေါ်လာသည်။

"ပြောစမ်း သမီး … မမ ဘာဖြစ်သလဲ"

မေးဟုန်က ငိုရှိုက်ရင်းမှ ပြောလိုက်သည်။

"မမ … အသတ်ခံလိုက်ရပြီ"

ထိုစကားကြောင့် မေးဂူမှာ ထိတ်လန့်တုန်လှုပ်သွားသည်။

သူသည် သိုင်းလောကထဲ၌ လက်ချိုးပြီးရေတွက်လျှင် ရလောက်သည့် ထိပ်သီးသိုင်းသမားထဲမှ တစ်ယောက်ဖြစ်သည်။

သူ့ကို ရန်ပြုရဲသူမရှိ။

သူ့သမီးများကို ရန်ပြုရဲသူမရှိ။

သူ့ကျေးရွာသားများကို ရန်ပြုရဲသူမရှိဟု ထင်ထားခဲ့သည်။

ထို့ပြင် …

အခေါင်းထဲမှ ရတနာများ ရရှိလာသည့်အကြောင်းကို သူက

www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့် မပြောဘဲ ထိန်ချန်ထားလိုက်ရပါသနည်း။

ဤအကြောင်းနှစ်ချက်ကိုကြည့်ပါက ထန်စန်းသည် ရိုးသားသူဖြစ်သည်ဟု မည်သို့မျှ မပြောနိုင်ချေ။

မေးဝှက သူ့ကျေးရွာသားများကို ရန်ပြုရဲသူမရှိဟု ထင်ထားခဲ့သည်။

ယခု ...

သူ့သမီး အသတ်ခံလိုက်ရပြီဟု သိလိုက်ရသောခဏ၌ သူသည် အရှင်လတ်လတ် မြေမြှုပ်ခံလိုက်ရသကဲ့သို့ ထင်မှတ်သွားမိလေသည်။

သူသည် အတန်ကြာမှ ပြောလိုက်သည်။

"ဘာ ..."

သူမက ငိုရှိုက်ရင်းမှ ပြောလိုက်သည်။

"မမ အသတ်ခံလိုက်ရပြီ"

"မဖြစ်နိုင်ဘူး"

သူက သူမ၏လက်နှစ်ဖက်ကို ဆုပ်ကိုင်ကာ မေးလိုက်သည်။

"သမီးမမ အသတ်ခံလိုက်ရတာ တကယ်လား"



သူမက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

သူက ဒေါသတကြီးဖြင့် မေးလိုက်သည်။

"ဘယ်သူက သတ်သွားတာလဲ"

မေးဟုန်က ထန်စန်းအား လှမ်းကြည့်ကာ ပြောလိုက်သည်။

"အရိုးစုပါ"

ထန်စန်းမှာ အလွန်အံ့အားသင့်သွားသည်။

အလန့်တကြား ပြောလိုက်မိသည်။

"ဘာပြောတယ်"

သူက သူမအား ကြည့်ကာ မေးလိုက်သည်။

"ဒီအရိုးစုက မေးဝေကို သတ်သွားတယ် ဟုတ်လား"

သူမက ခေါင်းညိတ်၏။

"ဟုတ်ပါတယ်"

ဘေးမှ စကားတစ်လုံးမျှ ဝင်မပြောသူ ချန်စွန်သည်ပင် အလွန်အံ့အားသင့်သွားသည်။

"အင်း ... ထူးဆန်းတဲ့ အဖြစ်အပျက်တွေနဲ့တော့ ကြုံတွေ့နေရပြီဗျို့"

www.burmeseclassic.com

www.burmeseclassic.com



မေးဂူ၏မျက်နှာမှာ ဒေါသထွက်လွန်း၍ နီရဲနေ၏။

သူက ထန်စန်းဘက်သို့လှည့်ကာ မေးလိုက်သည်။

"မင်းက အရိုးစုတွေကို ဆေးစမ်းသပ်ပြီးပြီလား"

ထန်စန်းက မျက်နှာငယ်လေးဖြင့် ပြောလိုက်၏။

"ကျွန်တော်က အရိုးစုတွေကို ဆေးနည်းနည်းတော့ စမ်းသပ်ထားပြီးပါပြီ၊ ဒါပေမဲ့ အပြည့်အစုံတော့ မစမ်းသပ်ရသေးပါဘူး"

မေးဂူက အံကို တင်းတင်းကြိတ်လိုက်သည်။

"အင်း ... မင်းရဲ့ဆေးအစွမ်းကြောင့် အရိုးစုတွေ အသက်ပြန်ဝင်လာပြီနဲ့ တူတယ်"

မေးဂူသည် မတ်တတ်ရပ်ရင်း မေးဟုန်အား မေးမြန်းနေခြင်းဖြစ်သည်။ သူသည် စကားဆုံးသည်နှင့် ထန်စန်း၏ဆေးစမ်းသပ်ခန်းဆီသို့သွားရန် ခြေလှမ်းပြင်လိုက်သည်။

"လာ ... သမီး၊ သွားကြည့်မယ်"

သူသည် သမီးငယ်ကိုခေါ်ရင်း ဆေးစမ်းသပ်ခန်းရှိသည့် အိမ်ဆီသို့ ထွက်ခွာသွားလေတော့သည်။

ထန်စန်းနှင့်ချန်စွန်တို့ကလည်း သူ၏နောက်မှ ထက်ကြပ်မကွာ ပြေးလွှားလိုက်ပါသွားကြလေတော့သည်။



မေးဂူသည် အရိုးစုများရှိနေသော ထန်စန်း၏ဆေးဝါး အဆောက်အအုံဆီသို့ ပြေးလွှားလာခဲ့၏။

ဆေးဝါးအဆောက်အအုံအနီးသို့ ရောက်သောအခါ ...

မြေပေါ်တွင် လဲကျသေဆုံးနေသော မေးဝေအား တွေ့လိုက်ရသည်။

မေးဂူက မေးဝေ၏အလောင်းကို တစ်ချက်ကြည့်ကာ ဆေးဝါးအဆောက်အအုံ အပေါ်ထပ်သို့ ပြေးတက်သွားလေသည်။

ဤသည်မှာ မိဘမေတ္တာပင်။ သိုင်းပညာထိပ်တန်းသို့ ရောက်နေသော်လည်း မေးဂူသည် သူ၏အတွင်းစိတ်ကို မဖုံးဖိနိုင်ပါ။

သူ့ရင်အတွင်း၌ သမီးအတွက် သောကရောက်နေလေသည်။

အေးအေးလုပ်ရမည့် ထိုက်စွရုပ်ကိုလည်း အလောတကြီး လုပ်နေမိသည်။

သူသည် ပြေးတက်ရင်း ရေရွတ်သွားလေ၏။

"အရိုးစု ... အရိုးစု"

အရိုးစုသည် အခြားလူများအား ဆက်၍ ရန်မမူနိုင်ရန် သုတ်သင်ပစ်ရဦးမည်ဟု သူဆိုလိုခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်သို့ရောက်သောအခါ မည်သည့်အရိုးစုကိုမျှ မတွေ့ရချေ။

မေးဂူ အံ့သြသွားသည်။

အရိုးစုများ မည်သည့်နေရာသို့ ရောက်ရှိသွားပါသနည်း။

သူ့နောက်မှ ချန်စွန်နှင့်ထန်စန်းတို့ လိုက်ပါလာကြလေသည်။ သူသည် ထန်စန်းကို လှည့်ကြည့်ပြီး မေးလိုက်သည်။

“ငါ့သမီးရဲ့အခြေအနေ ဘယ်လိုရှိသလဲ”

ထန်စန်းက ဝမ်းနည်းကြေကွဲစွာဖြင့် ခေါင်းခါယမ်းပြလိုက်သည်။

မေးဂူ၏ရင်ထဲတွင် ဆို့နင့်သွားသည်။

“သူသေသွားပြီပေါ့ ဟုတ်လား”

သူက ခေါင်းညိတ်ပြလိုက်သည်။

“ဟုတ်ပါတယ်၊ သူ သေဆုံးသွားပါပြီခင်ဗျာ”

မေးဂူက ဒေါသတကြီးဖြင့် မေးမြန်းလိုက်သည်။

“အခေါင်းတွေက ဘယ်မှာလဲ”

သူက အခန်းတစ်ခုအား ညွှန်ပြလိုက်သည်။

“ကျွန်တော် ဆေးဝါးချက်လုပ်တဲ့အခန်းထဲမှာပါ”



သူ၏စကားဆုံးသည်နှင့် ...

မေးဂူက ထိုအခန်းရှိရာသို့ ပြေးလွှားဝင်ရောက်သွားလေတော့သည်။

အခန်းထဲတွင် ဆေးဝါးပစ္စည်းများနှင့် အခေါင်း သုံးလုံးနှင့် မည်သည့်ပစ္စည်းမျှ ရှိမနေပါချေ။

မေးဂူက အခေါင်းများအနီးသို့ လျှောက်သွားလိုက်သည်။

ခေါင်းသုံးလုံးမှာ စီတန်းထောင်ထားသည်။

အနီးသို့ရောက်သောအခါ သူ၏ခန္ဓာကိုယ်မှာ ဆတ်ခနဲ တုန်လှုပ်သွားလေသည်။

သူသည် အခေါင်းတစ်ခုမှာ အဖုံးပွင့်လျက်သား ဖြစ်နေသည်ကို မြင်တွေ့လိုက်ရသည် မဟုတ်ပါလော။ ထန်စန်းများ ဖွင့်လိုက်လေသလား။

အခေါင်းသုံးခုအနက် ခေါင်းနှစ်ခုမှာ သေချာစွာ ပိတ်ထား၏။

အလယ်မှအခေါင်းမှာမူ အဖုံးပိတ်ထားခြင်း မရှိချေ။

“ဟုတ်တယ်၊ ဒါဟာ မယုံကြည်နိုင်စရာ အကောင်းဆုံးကိစ္စပဲ”

www.burmeseclassic.com

www.burmeseclassic.com



ထန်စန်းက ဝင်ပြောလိုက်သည်။

"ဒီကိစ္စဟာ မေးဟုန်ကိုယ်တိုင် မြင်တွေ့ခဲ့ရတာပဲ၊ မေးဟုန်ဟာ သိုင်းပညာလည်း တော်တယ်နော်၊ ခင်ဗျား ... သူ့ကို အထင် မသေးနဲ့"

ချန်စွန် ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ၊ အရိုးစုက လူသတ်တယ်ဆိုရင် ခင်ဗျားတို့ ဘာ လုပ်ကြမလဲ၊ အခုကတော့ ဘာမှမထူးခြားသေးဘူး၊ ထားပါလေ၊ ခင်ဗျားတို့ ဘာလုပ်ကြမှာလဲ"

"အခုတော့ အရိုးစုတွေက မလှုပ်ရှားဘူး၊ သူတို့ ဒီလိုငြိမ် နေမယ်လို့လည်း ဘယ်သူမှ တာဝန်မခံနိုင်ဘူး၊ ထန်စန်းကိုယ်တိုင် ကြောင်တောင်တောင် ဖြစ်နေတယ်၊ ဒီတော့ ကျုပ်အနေနဲ့ ရွာသူရွာ သားတွေကို သတိပေးထားရမယ်"

စကားဆုံးသည်နှင့် သူသည် ...

အခန်းတွင်းမှ လျှင်မြန်စွာ ထွက်ခွာသွားသည်။

လူအားလုံး တိတ်ဆိတ်နေသည်။

ထန်စန်းသည် မေးဝေ၏အလောင်းအား ငေးမော၍နေ၏။

ထိုအချိန်မှာပင် ...



အခန်းထဲသို့ မေးဂူ ပြန်လည်ဝင်ရောက်လာသည်။

"ကျုပ်ကတော့ အရိုးစုကို ရှာဖွေဖို့ လူတွေ လွှတ်လိုက်ပြီ ကွ"

ချန်စွန်က သူ့အားကြည့်ကာ မေးလိုက်သည်။

"ဦးလေးသမီးရဲ့အလောင်းကို အရင်ဆုံးတွေ့တဲ့ မိန်းက လေးက ဘယ်သူလဲဗျ"

မေးဂူက ပြန်ဖြေလိုက်သည်။

"သူက ကျုပ်ရဲ့သမီးငယ်လေ"

ချန်စွန်က တည်ကြည်သောမျက်နှာထားဖြင့် မေးလိုက် သည်။

"ကျွန်တော် သူ့ကို ခဏလောက် တွေ့ချင်တယ်ဗျ"

မေးဂူက မျက်မှောင်ကုတ်လိုက်သည်။

"ဘာဖြစ်လို့လဲ"

ချန်စွန်က တည်ကြည်လေးနက်သော လေသံဖြင့် ပြော လိုက်သည်။

သူ့ကို နည်းနည်းပါးပါး မေးကြည့်ချင်လို့ပါ။ တချို့ကိစ္စတွေ မှာ နားမလည်နိုင်စရာ တော်တော်များတယ်ဗျ၊ ဥပမာ... အရိုးစုက

www.burmeseclassic.com

www.burmeseclassic.com



လူသတ်တယ်ဆိုတာမျိုးပေါ့"

ချန်စွန်သည် ခက်ခဲနက်နဲသောကိစ္စရပ်များကို ဖြေရှင်းဖော်ထုတ်ပေးနိုင်သူတစ်ယောက်ဖြစ်ကြောင်း မေးဝူက ရိပ်မိလိုက်သည်။

ထို့ကြောင့် ...

သူတို့ တုံ့ဆိုင်းမနေတော့ပါချေ။

သမီးငယ် မေးဟုန်အား လူလွှတ်ကာ အခေါ်ခိုင်းလိုက်လေတော့သည်။

❋❋❋



## အခန်း (၁၄)

မေးဟုန်သည် ထန်စန်း၏ဆေးချက်လုပ်သော အခန်းထဲသို့ မဝင်လိုပါချေ။

သို့သော် သူ့ဖခင်၏အမိန့်ကိုမူ သူ မလွန်ဆန်ဝံ့ပါချေ။

ထို့ကြောင့် ...

အခေါ်လွှတ်သော လူနှင့်အတူ သူမ၏ဖခင် မေးဝူနှင့်ညီ့သည် ချန်စွန်ရှေ့သို့ ရောက်ရှိလာရလေ၏။

မေးဝူက သူမနှင့် ချန်စွန်အား မိတ်ဆက်ပေးလိုက်သည်။

"ဒါက ကျုပ်သမီးငယ် မေးဟုန်ပါ၊ သမီး သူက ဖေဖေ့မိတ်ဆွေ ချန်စွန်ပါ၊ သူမေးတဲ့ မေးခွန်းကို သမီး သေသေချာချာ စဉ်းစားပြီးဖြေပါ၊ ဒီကိစ္စမှာ သူ တရားခံဖော်ချင်ဖော်နိုင်မယ်"

မေးဟုန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



ချန်စွန်က သူမအားကြည့်ကာ မေးလိုက်သည်။

"ခင်ဗျားရဲ့အစ်မက ဒီအခန်းထဲကို ဘာလာလုပ်တာလဲ"

သူမက ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မ မသိပါဘူး"

ချန်စွန်က မျက်မှောင်ကြုတ်လိုက်၏။

"စောစောက မင်း သူ့အနားမှာ ရှိနေတယ် မဟုတ်လား"

သူမက သက်ပြင်းချလိုက်သည်။

"ကျွန်မက မမအနားမှာ အမြဲတမ်းလိုလို ရှိပါတယ်ရှင်၊ အခုလည်း သူ ဒီအဆောက်အအုံဘက် ထွက်လာတော့ ကျွန်မ လိုက်လာခဲ့မိသေးတယ်၊ ဒါပေမဲ့ သူက မလိုက်ခဲ့ဖို့ ပြောပါတယ်"

ဟောကြည့်။

စောစောကတော့ အရိုးစုက သူ့အစ်မကို သတ်သည်ဟု ပြောဆိုခဲ့သည်။

အခု တကယ်တွေ့တွေ့ဆိုင်ဆိုင် မေးသောအခါတွင် သူ့အစ်မက မခေါ်သဖြင့် သူ မလိုက်ခဲ့ပါဟု ပြောပြန်သည်။

ချန်စွန်က မျက်မှောင်ကြုတ်လိုက်၏။

"မင်းက လိုက်မသွားဘူးဆိုပါတော့"



မေးဟုန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ..."

ချန်စွန်က စကားထောက်မေးလိုက်၏။

"ဒါပေမဲ့ ... ဘာဖြစ်သလဲ၊ မင်း ဘယ်နည်းဘယ်ပုံ သတ်လိုက်တယ်ဆိုတာကို ကျုပ်ကို အပြည့်အစုံ ပြောပြပါလား"

မေးဟုန်က ဆက်ပြောလိုက်သည်။

"မမနောက်ကို လုံးကွေ လိုက်သွားပါတယ်"

ချန်စွန်၏မျက်လုံးအစုံမှ အရောင်တောက်ပလာ၏။

"လုံးကွေဆိုတာ ဘယ်သူလဲ"

မေးဟူက ဝင်ပြောလိုက်သည်။

"ကျုပ်ရဲ့ တပည့်တစ်ယောက်ပါ"

ချန်စွန်က ခေါင်းတဆတ်ဆတ်ညိတ်ကာ မေးဟုန်ဘက်သို့ ပြန်လှည့်လိုက်၏။

"နေပါဦး၊ မင်းက ဘာကြောင့် မေးဝေနောက်ကို လုံးကွေ လိုက်သွားတယ်လို့ ပြောနိုင်ရတာလဲ၊ မင်း တွေ့လိုက်ရလို့လား"

မေးဟုန်က သက်ပြင်းချလိုက်သည်။

"ဒီလိုပါ ... မမက ကျွန်မကို မလိုက်ခဲ့ဖို့ ပြောပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက သူ့ကို စိတ်မချပါဘူး၊ ဒါကြောင့် သူ့နောက်ကနေ တိတ်တဆိတ်လိုက်သွားပါတယ်၊ ဝါးရုံပင်တွေနားရောက်တော့ မမနောက်ကို လုံးကွေ့ အပြေးလိုက်လာတာကို တွေ့ရပါတယ်"

ချန်စွန်က ခေါင်းတစ်ချက်ညိတ်လိုက်သည်။

"ဆက်ပြောပါဦး"

မေးဟုန်က ဆက်ပြောလိုက်၏။

"လုံးကွေ့ ပြေးလိုက်လာတာတွေ့လို့ ကျွန်မလည်း ပုန်းနေခဲ့ရပါတယ်၊ ဝါးရုံပင်တွေကြားမှာ ပုန်းလိုက်တာ၊ ဒါပေမဲ့ … မမက လုံးကွေ့ကိုလည်း မောင်းထုတ်လိုက်ပါတယ်"

ချန်စွန်က မျက်မှောင်တစ်ချက် ကြုတ်လိုက်သည်။

"လုံးကွေ့က ထွက်သွားသလား"

မေးဟုန်က ခေါင်းခါယမ်းလိုက်၏။

"လုံးကွေ့ဟာ ခေါင်းမာတယ်၊ သူ့ကို မမက မလိုက်နဲ့ထွက်သွားလို့ ပြောပေမယ့်လည်း သူက ထွက်မသွားပါဘူး၊ မမနဲ့ တစ်ယောက်တစ်ခွန်း စကားများနေပါတယ်၊ မမက ဘယ်လိုပြောလိုက်လို့လည်း မသိဘူး သူ စိတ်ဆိုးမာန်ဆိုးနဲ့ ထွက်သွားပါတယ်"

ချန်စွန်၏မျက်နှာမှာ တည်ကြည်လေးနက်သွားသည်။



"လုံးကွေ့နဲ့ မေးဝေတို့က ဘာကြောင့် စကားများရတာလဲ"

မေးဟုန်မှာ နှုတ်ဆိတ်သွား၏။

အတန်ကြာမှ …

သူမက သက်ပြင်းချကာ ပြောလိုက်သည်။

"လုံးကွေ့က မမကို ကျင်းလုံဆီကို မလာဖို့ ပြောလို့ပါ"

ချန်စွန်က သူမအား စိုက်ကြည့်ကာ မေးလိုက်၏။

"မေးဝေက ဘာပြန်ပြောသလဲ"

မေးဟုန်က ပြန်ဖြေလိုက်သည်။

"မမက သူ့ကို မောင်းထုတ်လိုက်ပါတယ်"

ချန်စွန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ သူ စိတ်ဆိုးပြီး ထွက်သွားပါတယ်"

"မေးဝေကကော"

ချန်စွန်က သူမအား စိုက်ကြည့်ကာ မေးလိုက်၏။

မေးဟုန်က ချက်ချင်းပင် ပြန်ဖြေလိုက်သည်။

"မမကတော့ ဝါးရုံပင်လမ်းကလေးကတစ်ဆင့် ဒေးဝါးဖော်စပ်တဲ့ အိမ်ကလေးဘက်ကို ထွက်သွားပါတယ်"

ချန်စွန်က ဆက်မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အမှုဖော်ရာ၌ ဤသို့ပင် မေးမြန်းရသည်။

"ဒါနဲ့ မင်းက ပြန်လာခဲ့သလား"

မေးဟုန်က ခေါင်းခါယမ်းလိုက်သည်။

"ဟင့်အင်း ... ကျွန်မက မမနောက်ကို ဆက်လိုက်သွားမလို့ ပုန်းနေရာက ထွက်လာခဲ့ပါတယ်"

မေးဝူမှာလည်း စိတ်ဝင်စားလာ၏။

"ဆက်ပြောစမ်း သမီး"

မေးဟုန်က ဆက်ပြောလိုက်သည်။

"ကျွန်မက မမ ထွက်သွားတဲ့လမ်းအတိုင်း နောက်က လိုက်သွားခဲ့ပါတယ်၊ အဲဒီမှာပဲ မမရဲ့ အော်သံကြားလို့ ကျွန်မလည်း ကူညီရအောင် ပြေးသွားခဲ့ပါတယ်"

ထန်စန်းက ဝင်မေးလိုက်သည်။

"နောက်တော့ ဘာဖြစ်သလဲ"

မေးဟုန်က ဝမ်းနည်းကြေကွဲသော မျက်နှာထားဖြင့် ပြောလိုက်သည်။

"ကျွန်မ ပြေးသွားတော့ မမဟာ အပေါ်ထပ် ဝရန်တာက အောက်ကို ပြုတ်ကျတာကို တွေ့ရပါတယ်၊ ကျွန်မ မမကို ပွေ့ချီ



လိုက်တဲ့အချိန်မှာပဲ မမဟာ သေဆုံးသွားပါတယ်၊ သူ့ အကျမကောင်းဘူး၊ နို့မို့ဆိုရင် ကျိုးပဲ့ရုံလောက် ဖြစ်မှာပါ"

ချန်စွန်က အနည်းငယ် စဉ်းစားလိုက်သည်။

"သူ မသေဆုံးမီ တစ်ခုခုပြောသွားခဲ့သေးသလား"

သူမက ခေါင်းခါယမ်းလိုက်သည်။

"ဘာမှမပြောပြနိုင်ခဲ့ပါဘူး၊ ဒါပေမဲ့ ... မမဟာ ထိတ်လန့်တုန်လှုပ်တဲ့မျက်လုံးအစုံနဲ့ အပေါ်ထပ်ဝရန်တာကိုကြည့်နေလို့ ကျွန်မက မမကြည့်နေတဲ့ ဝရန်တာကို မော့ကြည့်လိုက်ပါတယ်"

ချန်စွန်က အလောတကြီး မေးလိုက်သည်။

"ဝရန်တာမှာ မင်း ဘာတွေ့သလဲ"

သူမက ထိတ်လန့်တုန်လှုပ်သောလေသံဖြင့် ပြောလိုက်သည်။

"ဝရန်တာမှာ အရိုးစုကြီးကို မြင်လိုက်ရတော့ ကျွန်မလည်း မမကိုချပြီး ထွက်ပြေးခဲ့တာပဲ"

မေးဝူက ဝင်မေးလိုက်သည်။

"မေးဝေက ဘာဖြစ်လို့ ကျင်းလုံဆီကို သွားရတာလဲ"

ထိုစကားကြောင့် မေးဟုန်၏မျက်နှာမှာ ကျက်သရေ ပျက်

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

"သမီး မသိပါဘူး"

ချန်စွန်က သူမအား နှစ်သိမ့်လိုက်သည်။

သူမ သက်ပြင်းချလိုက်သည်။

သူမ မတတ်သာတော့ပါ။

ပြောရပါတော့မည်။

"ကောင်းပါပြီ၊ ကျွန်မ ပြောပါ့မယ်"

သူမက မေးဂူနှင့်ထန်စန်းတို့အား တစ်လှည့်စီ ကြည့်လိုက်ပြီး ခေါင်းငုံ့ကာ ပြောလိုက်သည်။

"မမနဲ့ကျင်းလုံတို့ဟာ ချစ် ... ကြိုက်"

ထန်စန်းက ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။

"ဘာပြောတယ်"

မေးဂူ၏မျက်နှာမှာ မည်းမှောင်သွားသည်။

"ဒါကို နင်က ခုမှဖွင့်ပြောရတာလဲ"

သူမက မျက်နှာငယ်လေးဖြင့် ပြောလိုက်သည်။

"မမက ဘယ်သူ့ကိုမှ ဖွင့်မပြောရဘူး ဆိုလို့ပါ"

ချန်စွန်က မေးဂူအား ကြည့်လိုက်သည်။



"သူ့မှာ အပြစ်မရှိပါဘူးဗျာ၊ အပြစ်ရှိတယ်လို့ ထင်ရတာက လုံးကွေနဲ့ကျင်းလုံပါ၊ သူတို့ကို မလွှတ်ပါစေနဲ့"

သူ၏စကားဆုံးသည်နှင့် ...

မေးဂူမှာ အပြင်သို့ လှစ်ခနဲ ပြေးထွက်သွားလေတော့သည်။

❋

အခန်းတွင်းသို့ မေးဂူ ပြန်လည်ရောက်ရှိလာပြီဖြစ်လေသည်။

သူသည် လုံးကွေနှင့်ကျင်းလုံတို့အား အမြန်ဆုံး ဖမ်းဆီးရန် လက်ရွေးစင်သိုင်းသမားများအား အမိန့်ပေးပြီး ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်။

အခန်းထဲတွင် မေးဟုန် ရှိမနေတော့ပါ။

ချန်စွန်က ပြန်လွှတ်လိုက်ပြီဖြစ်သည်။

မေးဂူက အခန်းထဲသို့ ပြန်ရောက်လာသည်နှင့် ချန်စွန်က ဆီးမေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ အရိုးစုက မသတ်ဘူးဆိုရင် ကျွန်တော်တို့ ဘာလုပ်ကြမလဲ"

မေးဝှက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်လေသည်။

"ကျုပ်တော့ ဘာမှမလုပ်တတ်တော့ပါဘူးဗျာ"

တစ်ဆက်တည်းပင် ...

သူက ချန်စွန်အား အားကိုးတကြီး ကြည့်လိုက်လေသည်။

"မင်းတော့ တတ်နိုင်လိမ့်မယ် ထင်တယ်"

ချန်စွန်က လေးလေးနက်နက် စဉ်းစားလိုက်သည်။

အတန်ကြာမှ ...

သူက အခေါင်းများအနီးသို့ လျှောက်သွားရင်း ပြောလိုက်သည်။

"မေးဝေ အသတ်ခံရတာ ဒီအခေါင်းတွေက စတယ်ဆိုတော့ ကျုပ်တို့ ဒီအခေါင်းတွေကစပြီး လေ့လာရမှာပဲ"

စကားဆုံးသည်နှင့် အခေါင်းများအား စူးစူးစိုက်စိုက် ကြည့်လိုက်သည်။

ရုတ်တရက် ...

သူသည် တစ်စုံတစ်ခုကို သတိပြုမိဟန်ဖြင့် မေးလိုက်လေသည်။



"အခေါင်းတွေကို ဘယ်သူဖွင့်ပေးသလဲဗျ"

ထန်စန်းက ကပျာကယာ ပြောလိုက်သည်။

"ဆေးစမ်းသပ်ဖို့အတွက် ကျုပ် ဖွင့်ထားတာပါ"

"မဟုတ်သေးဘူးဗျ၊ ဒီအခေါင်းတွေကို လူတစ်ယောက်က ကြမ်းကြမ်းတမ်းတမ်း ဖွင့်ထားပုံရတယ်"

သူက အခေါင်းများတွင် အနည်းငယ် ပွန်းပဲ့နေသောနေရာများကို ညွှန်ပြ၍ ပြောလိုက်ခြင်းဖြစ်သည်။

ထန်စန်းမှာ မနေနိုင်တော့ပါချေ။

လောက်ကင်းနှင့်အိလောက်တို့ လမ်းတွင် ကြုံတွေ့ရသော အကြောင်းများကို ပြောပြလိုက်သည်။

ချန်စွန်က မေးဝှဘက်သို့ လှည့်လိုက်သည်။

"ကျွန်တော်တို့ လမ်းမှာကြားတဲ့သတင်းက မှန်နေပြီ ထင်တယ်"

တစ်ဆက်တည်းပင် ...

သူက မေးဝှဘက်သို့လှည့်ကာ မေးလိုက်သည်။

"လောက်အင်းနဲ့ အိလောက်တို့က ဘယ်မှာနေကြလဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



မေးဂူက လက်ဝှေ့ယမ်းပြလိုက်သည်။

"သူတို့က ဒီရွာထဲမှာပဲ နေကြပါတယ်"

ချွန်စွန်က အဓိပ္ပာယ်ရှိစွာ ပြုံးလိုက်သည်။

"ဒီအခေါင်းတွေကို သေသေချာချာ စစ်ဆေးပြီးရင် ကျွန်တော် သူတို့ကို သွားတွေ့ရဦးမယ်"

မေးဂူက ခေါင်းညိတ်လိုက်၏။

"ကောင်းပါပြီဗျာ၊ ကျုပ်လိုက်ပို့ပေးပါ့မယ်၊ လုပ်ပါ၊ မင်းလိုအပ်သမျှကို စစ်ဆေးပါ၊ မေးပါ၊ မြန်ပါ၊ ကျုပ် အားလုံးခွင့်ပြုတယ်"

ချွန်စွန်သည် မည်သို့မျှပြန်မပြောဘဲ ခေါင်းများအား သေချာစွာ စူးစိုက်ကြည့်နေလေသည်။

ရုတ်တရက် ...

သူ၏မျက်လုံးအစုံမှာ ထူးဆန်းသည့် အရာဝတ္ထုလေးများကို တွေ့မြင်လိုက်ရလေတော့သည်။

သူ၏မျက်လုံးအစုံမှာ နဖူးပြင်ပေါ်သို့ မြင့်တက်သွား၏။

သူက မေးဂူအား လှမ်းကြည့်ကာ မေးလိုက်၏။

"ဒီပစ္စည်းတွေက ဘယ်သူ့ပစ္စည်းတွေလဲ"



မေးဂူမှာ သူ၏လက်ထဲမှ ပစ္စည်းကိုကြည့်ကာ အံ့ဩသွား၏။

အဘယ်ကြောင့်ဆိုသော် ...

သူ၏လက်ထဲတွင် ကိုင်ထားသော ပစ္စည်းများမှာ ခြောက်ထောင့်ကြယ်ပုံသဏ္ဍာန် လက်နက်ပုန်းများ ဖြစ်သောကြောင့်တည်း။

မေးဂူ၏မျက်နှာမှာ မည်းမှောင်သွား၏။

"ဒါ ကျုပ်သမီး မေးဝေရဲ့လက်နက်ပုန်းတွေပါ"

သူက မှတ်ချက်ချလိုက်သည်။

"ဒါ သိပ်ပြီးထက်မြက်တဲ့ လက်နက်ပုန်းတွေပဲ"

မေးဂူက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ သမီးကြီးက ကျန်းမာရေးမကောင်းလို့ သိုင်းပညာ သိပ်ပြီးထူးချွန်အောင် သင်မပေးနိုင်တာနဲ့ လက်နက်ပုန်းပစ်ပညာကိုပဲ သင်ပေးထားရတယ်"

သူက လက်နက်ပုန်းကလေးများအား စိုက်ကြည့်လိုက်သည်။

"မေးဝေက ဘာကြောင့် လက်နက်ပုန်းတွေနဲ့ ပစ်တာလဲ"

မေးဂူက ပါးစပ်ပိတ်ထားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထန်စန်းက ကပျာကယာဖြင့် အရိုးစုအနီးသို့ ပြေးလွှားသွားသည်။

အရိုးစုအနီးသို့ ရောက်သည်နှင့် သူက အော်ပြောလေ၏။

"တွေ့ပြီဗျို့၊ ဟောဒီမှာ"

ချက်ချင်းပင် ...

မေးဝှနှင့်ချန်စွန်တို့က ထန်စန်းအနီးသို့ ခုန်ပေါက်ရောက်ရှိသွား၏။

ထန်စန်းက အရိုးစု၏လက်နှင့်ခြေထောက်များကို ညွှန်ပြလိုက်၏။

"ဟောဒီမှာတွေ့လား"

မှန်ပါသည်။

အရိုးစု၏လက်နှင့်ခြေထောက်များတွင် လက်နက်ပုန်းကလေးများ လေးငါးခုခန့် စိုက်ဝင်နေသည် မဟုတ်ပါလား။

❋❋❋



## အခန်း (၁၅)

မေးဝှနှင့်ချန်စွန်တို့သည် ထန်စန်းပြသသည့် လက်နက်ပုန်းများကို ဝိုင်းဝန်းကြည့်ရှုကြသည်။

ထိုအခါ ထန်စန်းက ရှင်းပြသည်။

"မေးဝေက ဒီအခန်းထဲကို ရောက်လာလိမ့်မယ်၊ သူက အရိုးစုတွေ အသက်ပြန်ရှင်လာမယ်ဆိုတာ မယုံကြည်လို့ ခေါင်းတစ်လုံး ဖွင့်ကြည့်လိုက်မယ်၊ ဒီအချိန်မှာ အရိုးစုက အသက်ဝင်လာပြီး ခုန်အုပ်လိုက်မယ်၊ ဒီအခါမှာ မေးဝေက ကြောက်လန့်တကြားနဲ့ နောက်ကို ခုန်ဆုတ်ပြီး လက်နက်ပုန်းနဲ့ ပစ်လိုက်လိမ့်မယ်၊ နောက် သူက အရှိန်လွန်ပြီး ဝရန်တာအောက်ကို လိမ့်ကျသေဆုံးသွားတာ ဖြစ်ရမယ်"

သူက သူ၏ထင်မြင်ချက်ကို ပြောပြနေခြင်းဖြစ်သည်။

မေးဝေက ထောက်ခံလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဖြစ်နိုင်တယ်၊ နည်းလမ်းလည်း ကျတယ်"

ချန်စွန်က တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားနေ၏။

အတန်ကြာမှ ...

သူက မေးဂူအား မေးလိုက်သည်။

"မေးဝေက ဘာကိုမှမကြောက်တတ်တဲ့ မိန်းကလေးလား"

မေးဂူက ခေါင်းခါယမ်းလိုက်၏။

"မင်းမေးတာ မှားနေပြီ ငါ့တူ၊ မေးဝေ ဘယ်လောက်ကြောက်တတ်တဲ့ မိန်းကလေးလဲလို့ မင်းမေးသင့်တာ၊ ကျုပ်သမီးအကြောင်း ကျုပ်သိတာပေါ့။ မေးဟုန်နဲ့ အဖြူနဲ့အမည်းကို ကွာခြားတယ်၊ မေးဟုန်က မကြောက်တတ်သလောက် မေးဝေက ကြောက်တတ်တယ်၊ သူ့ကို သိုင်းပညာ သင်မပေးတာဟာ သူ မကျန်းမာလို့တင် မဟုတ်ပါဘူး၊ ကြောက်တတ်လို့လည်း ပါတယ်၊ လက်နက်ပုန်းပစ်တဲ့ပညာတောင် သက်စောင့်ပညာအဖြစ် သင်ပေးရတာပါ၊ ဒီလောက်ကြောက်တတ်တဲ့ မိန်းကလေးဟာ ဘာကြောင့် အရိုးစုထည့်ထားတဲ့ခေါင်းကို ဖွင့်ကြည့်ရတာလည်း မသိဘူး"

ချန်စွန်၏မျက်လုံးအစုံမှာ အရောင်လက်သွားသည်။



"ဟုတ်ပြီ၊ မေးဝေက အခေါင်းတွေ လာဖွင့်ကြည့်တာ အကြောင်းရှိရမယ်"

ထန်စန်းက ခေါင်းခါယမ်းလိုက်၏။

"သူက အရိုးစုတွေ ပြန်ပြီး အသက်ရှင်လာတယ်ဆိုတာ မယုံလို့ လာဖွင့်ကြည့်တာပဲ ဖြစ်ရမယ်"

ချန်စွန်က ခေါင်းခါယမ်းကာ တစ်စုံတစ်ခု ပြောရန် ဟန်ပြင်လိုက်သည်။

ထိုအခိုက် ...

အခန်းထဲသို့ လူတစ်စု ဝင်ရောက်လာသည်ကို မြင်တွေ့လိုက်ရ၏။

ခန္ဓာကိုယ် သန်မာထွားကျိုင်းသူတစ်ယောက်အား လူလေးငါးယောက်က ဝိုင်းရံလျက် ဝင်ရောက်လာခြင်းဖြစ်သည်။

ခန္ဓာကိုယ် ထွားကျိုင်းသန်မာသောလူက မေးဂူရှေ့ ဒူးထောက်လိုက်၏။

"ကျွန်တော်လုံးကွေ ရောက်လာပါပြီ သခင်ကြီး"

မေးဂူက သူ့အား စေ့စေ့ကြည့်ကာ မေးလိုက်သည်။

"မင်း မေးဝေအကြောင်း သိပြီးပြီလား"

www.burmeseclassic.com

www.burmeseclassic.com



လုံးကွေက ခေါင်းညိတ်လိုက်၏။

"ဟုတ်ကဲ့ ... သိပြီးပါပြီ"

မေးဝ္ဂက မျက်မှောင်ကြုတ်လိုက်သည်။

"မင်းက သူ့ကို ဘာအကြောင်းနဲ့ သွားတွေ့ရတာလဲ၊ မှန်မှန်ပြောစမ်း"

လုံးကွေက ခေါင်းငုံ့လိုက်သည်။

"ကျောင်းလုံဆီကို မလာလို့ သတိသွားပေးတာပါ"

မေးဝ္ဂ၏မျက်နှာမှာ နီရဲသွားသည်။

"သူ ကျောင်းလုံဆီသွားတာ မင်း ဘယ်လိုလုပ်သိသလဲ"

လုံးကွေက လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

"ကျောင်းလုံနဲ့ကျွန်တော်ဟာ ညီအစ်ကိုလို ချစ်ကြတဲ့ သူငယ်ချင်းတွေပါ၊ ဒီကိစ္စကို ကျောင်းလုံကိုယ်တိုင် ပြောပြတာပါ"

မေးဝ္ဂ၏ခန္ဓာကိုယ်မှာ တုန်ခါသွားသည်။

ချုန်စွန်က ဝင်မေးလိုက်သည်။

"မေးဝေက မင်းကို မောင်းထုတ်လိုက်တော့ မင်းက ပြန်သွားတယ်ပေါ့ ဟုတ်လား"

သူက ခေါင်းညိတ်လိုက်သည်။



"ဟုတ်ပါတယ်"

ချုန်စွန်က လက်ဝှေ့ယမ်းပြလိုက်သည်။

"ကောင်းပြီ၊ ဒီလိုဆိုရင် တရားခံဟာ မင်းမဖြစ်နိုင်တော့ဘူး၊ မင်း သွားလို့ရပြီ"

သူ၏စကားဆုံးသည်နှင့် ...

လုံးကွေသည် မေးဝ္ဂကို ဂါရဝပြုပြီး မြားတစ်စင်းပမာ အခန်းတွင်းမှ ပြေးလွှားထွက်ခွာသွားလေတော့သည်။

❊

အမှောင်ထုမှာ တစ်စထက်တစ်စ ချဉ်းနင်းဝင်ရောက်လာလေပြီ။

ဆေးဝါးများ ဖော်စပ်သော အဆောက်အအုံထဲတွင် မီးများ ထွန်းညှိထားပြီးဖြစ်သည်။

အခန်းထဲတွင် လူနှစ်ယောက်ရှိနေ၏။

မေးဝ္ဂနှင့်ထန်စန်းတို့ပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်သည် မေးဝေ၏အလောင်းအား ဝမ်းနည်းကြေကွဲစွာဖြင့် ကြည့်နေကြ၏။

ယင်းအခိုက် ...

အခန်းထဲသို့ ချန်စွန် ဝင်ရောက်လာလေ၏။

သူက မေးဂူတို့အနီးသို့ လျှောက်သွားကာ ပြောလိုက်၏။

"ကျွန်တော် လောက်ကင်းတို့နဲ့ တွေ့ခဲ့ပြီးပြီ"

မေးဂူက သူ့အားကြည့်ကာ ပြောလိုက်သည်။

"သူတို့က မင်းမေးတာကို ကောင်းကောင်းမွန်မွန် ဖြေကြရဲ့လား"

သူက ခေါင်းညိတ်လိုက်၏။

"သူတို့က ကောင်းကောင်းဆက်ဆံကြပါတယ်၊ သူတို့ဟာ အင်မတန် ရိုးသားတဲ့ အလုပ်သမားတွေပဲ"

သူက ထန်စန်းကို ကြည့်လိုက်၏။

"ခင်ဖျားရဲ့ဆေးတွေက လူသေကို အသက်ပြန်ရှင်တယ် မဟုတ်လား"

ထန်စန်းက ခေါင်းခါယမ်းလိုက်၏။

"ကျွန်တော် သေသေချာချာ မပြောနိုင်ဘူး၊ ဘာဖြစ်လို့လဲ



ဆိုတော့ စမ်းသပ်ချင်လို့ အလောင်းတွေ ယူတာပါ"

သူက ပြုံးလိုက်သည်။

"ဒါဖြင့် အရိုးစုက အသက်ဝင်လာပြီး လူသတ်တာကျတော့ ကော"

ထန်စန်းက သက်ပြင်းချလိုက်၏။

"ဒါလည်း ကျုပ် သေသေချာချာ မပြောနိုင်ပါဘူး"

သူက ခေါင်းညိတ်လိုက်သည်။

"ဒါတွေ ထားလိုက်ပါတော့လေ၊ အခု ခင်ဖျားရဲ့ဆေးစွမ်းကြောင့် အရိုးစုက အသက်ပြန်ရှင်လာပြီး မေးဝေကို သတ်သွားတယ် မဟုတ်လား"

ထန်စန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်လေ"

သူက သဘောကျစွာ ပြုံးလိုက်၏။

ထန်စန်းက လက်ဖျစ်တစ်ချက် တီးလိုက်သည်။

"ဟုတ်တယ်၊ ဒါကို ကျုပ် မေ့နေတယ်"

မေးဂူမှာလည်း ဝမ်းသာသွား၏။

"ဟုတ်သားပဲ၊ ကျုပ်တို့ ဘာကယ့်အချက်ကိုမေ့နေတာကိုး၊

www.burmeseclassic.com

www.burmeseclassic.com



ငါ့တူ မင်း သတိရတာကို ကျေးဇူးတင်ပါတယ်ကွာ"

ထန်စန်းက ချက်ချင်းပင် ထိုင်ရာမှ ထလိုက်သည်။

ထို့နောက် ...

မေးဝေ၏အလောင်းကို ပွေ့ချီကာ စားပွဲခုံတန်းပေါ်သို့ တင်ထားလိုက်၏။

မေးဝူက သူ၏လှုပ်ရှားမှုများအား မျက်တောင်မခတ်ကြည့်ကာ မေးလိုက်သည်။

"ကျုပ်သမီး တကယ်ပဲ အသက်ပြန်ရှင်လာမှာလား၊ မင်း တကယ်ပဲ လုပ်နိုင်သလား"

ထန်စန်းက အနည်းငယ် စဉ်းစားလိုက်၏။

"ဒါတော့ သေသေချာချာ မပြောနိုင်ဘူး။ သူက အတွင်းအား သိပ်ပြီးနည်းနေတာကိုး။ သူ သိုင်းပညာမတတ်တာလည်း ကျုပ်အတွက် အခွင့်အလမ်း နည်းပါတယ်၊ အဖေ့ကို ကျွန်တော် တောင်းခဲ့တဲ့ အလောင်းကောင်တွေဟာ အတွင်းအား ကောင်းရမယ်လို့ ပြောခဲ့တယ် မဟုတ်လား"

မေးဝူက ပါးစပ်ပိတ်ထားလိုက်သည်။

မှန်သည်။



သူသည် ထိုသို့ပင် ပြောခဲ့သည်။

သူက ဘေးဗီရိုကိုဖွင့်ကာ ဆေးပုလင်းအချို့ကို ထုတ်ယူ လိုက်၏။

ထို့နောက် ...

ဆေးများကို အချိုးကျစပ်လိုက်ပြီး မေးဝေ၏ပါးစပ်ထဲသို့ လောင်းထည့်လိုက်သည်။

တစ်ဆက်တည်းပင် ...

အခေါင်းမှပါရှိသော အပ်ဖြင့် ဆေးရည်များကို စုပ်ယူလိုက်ပြီး မေးဝေ၏အကြောထဲသို့ ထိုးသွင်းပေးလိုက်၏။

သူ၏လုပ်ပုံကိုင်ပုံမှာ ဇွေစပ်သည်။

သေချာသည်။

လူနာတစ်ယောက်ကို သမားတော်တစ်ယောက်က ပြုစု ကုသပေးနေပုံမျိုး ဖြစ်သည်။

ယခု ...

မေးဝေသည် အသက်ပြန်လည်ရှင်သန်လာမည့် ဈေး၀ါး များ ရရှိထားပြီးဖြစ်သည်။

ဤသို့ဆိုလျှင် ...

www.burmeseclassic.com

www.burmeseclassic.com



သူမသည် မည်သည့်အချိန်၌ အသက်ပြန်လည်ရှင်သန်လာမည်နည်း။

ဖယောင်းတိုင်နှစ်တိုင်မှ ကုန်ဆုံးသွားပြီဖြစ်သည်။

သို့သော် ...

မေးဝေမှာ ယခုထက်ထိ အသက်ပြန်လည်ရှင်သန်လာနိုင်ခြင်း မရှိသေးချေ။

မေးဂူ၏မျက်နှာတွင် စိုးရိမ်ပူပန်သော အမူအရာများ ပေါ်ပေါက်လာ၏။

အလားတူပင် ...

ထန်စန်း၏ခန္ဓာကိုယ်တစ်ခုလုံးတွင် ချွေးများဖြင့် စိုနစ်နေသည်။

သို့သော် ...

ချန်စွန်၏အမူအရာမှာ အေးဆေးတည်ငြိမ်နေ၏။

ယင်းအခိုက် ...

တံခါးခေါက်သံ ထွက်ပေါ်လာလေသည်။

'ဒေါက် ... ဒေါက်'

မေးဂူ စိတ်ဆိုးသွားလေ၏။



တစ်အိမ်လုံး ဗျာများသောကရောက်နေစဉ် တံခါးကို တဒေါက်ဒေါက်ခေါက်နေသည်။

သောကဗျာပါဒများနေစဉ်မှ ဤသို့လာခေါက်ရသည်။

မေးဂူက ဒေါသဖြင့် အော်ဟစ်၍ မေးလိုက်သည်။

"ဘယ်သူလဲ"

အခန်းအပြင်ဘက်မှ စကားသံထွက်ပေါ်လာသည်။

"ကျွန်တော်ပါ သခင်ကြီး၊ သခင်ကြီးတို့အတွက် စားစရာလာပို့တာပါ"

မေးဂူက သက်ပြင်းတစ်ချက် ချလိုက်၏။

သူ၏အမိန့်သံဆုံးသည်နှင့် ...

အခန်းတွင်းသို့ လူတစ်ယောက် ဝင်ရောက်လာလေသည်။

မေးဂူ၏အိမ်ဖော်တစ်ယောက် ဖြစ်သည်။

သူသည် မေးဂူတို့၏ စားရေးသောက်ရေးကို တာဝန်ယူရသူဖြစ်သည်။

ထိုလူသည် စားသောက်ဖွယ်ရာများကို အခန်းထဲ၌ သွားချထားပေးခဲ့ပြီးသည်နှင့် ပြန်လည်ထွက်ခွာသွားသည်။

ချန်စွန်သည် စားသောက်ဖွယ်ရာများကို မြင်တွေ့လိုက်ရမှ

www.burmeseclassic.com

www.burmeseclassic.com



သူ၏ဝမ်းဗိုက်မှာ ဆာလောင်နေပြီဖြစ်ကြောင်း သတိပြုမိလိုက်၏။

သူက မေးဂူအား တစ်ချက် လှမ်းကြည့်လိုက်ပြီး စားသောက်ဖွယ်ရာများကို အားရပါးရ စားသောက်လိုက်လေတော့သည်။

မေးဂူမှာမူ သူ့အား ငေးကြည့်နေ၏။

သူသည် ...

သမီးဖြစ်သူ အသတ်ခံလိုက်ရသဖြင့် ပူပင်သောကရောက်နေသောကြောင့် ချုန်စွန်အပေါ်တွင် စည့်ဝတ်ကျေပွန်နိုင်ခြင်း မရှိချေ။

စားပါ သောက်ပါဟု လောကဝတ်ဖြင့် ဖော်ဖော်ရွေရွေ စည့်ခံစကား မပြောနိုင်တော့ပေ။

သို့သော် ချုန်စွန်ကမူ နားလည်မှုရှိသည်။

ထို့ကြောင့် ...

သူက မေးဂူ၏စည့်ဝတ်ပြုခြင်းကို မစောင့်တော့ဘဲ စားသောက်ဖွယ်ရာများကို ယူငင်စားသောက်နေခြင်း ဖြစ်သည်။

မေးဂူက သူ့ကို အားနာသောမျက်လုံးများဖြင့် ကြည့်နေသည်။

သူကမူ အားရပါးရ စားသောက်နေ၏။



သူ စားသောက်နေသည်ကိုကြည့်၍ မေးဂူက ကျေနပ်နှစ်သိမ့်နေပါ၏။

သူသည် လူ့အလိုကို အလိုက်အထိုက်သိသော လူငယ်ပေတကား။

သို့သော် မေးဂူကိုယ်တိုင် စားသောက်ခြင်း မပြုနိုင်ပါချေ။

အဘယ်ကြောင့်ဆိုသော် ...

ရင်တွင်း၌ သောကရှိနေသူသည် အဘယ်မှာလျှင် စားသောက်ချင်စိတ် ရှိပါမည်နည်း။

အလားတူပင် ...

ထန်စန်းမှာလည်း စားသောက်ခြင်း မပြုနိုင်ပါချေ။

သူသည် မေးဝေ၏အလောင်းကို စိုက်ကြည့်၍ အရာရာကို မေ့လျော့နေသည် မဟုတ်ပါလား။

အမှောင်ထုသည် တစ်စထက်တစ်စ ကြီးစိုးလာခဲ့လေသည်။

ချမ်းမြကျေးရွာသည် ယခင်နေ့များနှင့်မတူဘဲ ထူးထူးခြားခြား တိတ်ဆိတ်နေ၏။

တစ်ရွာလုံး ငြိမ်သက်နေခြင်းဖြစ်ရာ အဝ်ကျသံပင် ကြားရလောက်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အရိုးစုလူသတ်ကောင်ကို ရှာဖွေရန် ထွက်သွားကြသော သိုင်းသမားများ ပြန်လည်ရောက်ရှိလာပြီ ဖြစ်၏။

သူတို့သည် သခင်ကြီးမေးဂူကို အစီရင်ခံနေကြ၏။

သူတို့ကိစ္စ အောင်မြင်ခဲ့ပါ၏လော။

မအောင်မြင်ခဲ့ကြပါ။

သူတို့သည် အရိုးစုလူသတ်ကောင်ကို ရှာဖွေမတွေ့နိုင်ခဲ့ကြချေ။

ကျင်းလုံကို သွားရောက်ဖမ်းဆီးသော သိုင်းသမားများလည်း ပြန်လည်ရောက်ရှိလာကြခြင်း မရှိသေးပါ။

သမီးဖြစ်သူနှင့် ဖောက်ပြန်နေသော ကျင်းလုံကိုလည်း မေးဂူက အပြစ်ပေးလိုသည်။

သို့သော် သူတို့သည် ကျင်းလုံကို မဖမ်းဆီးနိုင်သေးချေ။

အဘယ်ကြောင့်ဆိုသော် ...

ကျင်းလုံသည် ချမ်းမြကျေးရွာမှ မြစိမ်းကျေးရွာသို့ အလည်အပတ် သွားရောက်နေခြင်းကြောင့်ပင်တည်း။

သိုင်းသမားများသည် မြစိမ်းကျေးရွာသို့ အလျှင်အမြန် လိုက်သွားကြ၏။



ယင်းကြောင့် ...

သူတို့သည် ဇနေဝင်သွားသည့်တိုင် ပြန်လည်ရောက်ရှိလာခြင်း မရှိခြင်းပင် ဖြစ်သည်။

ချမ်းမြကျေးရွာ၏ရွာဝင်တံခါးများ အားလုံးပိတ်ထားကြပြီ ဖြစ်၏။

တစ်ရွာလုံးတွင် ကင်းစောင့်သူမှအပ လှုပ်ရှားနေသူဟူ၍ တစ်စုံတစ်ယောက်မျှ မရှိပါချေ။

ထို့ကြောင့် ...

ချမ်းမြကျေးရွာတစ်ရွာလုံး ချောက်ချားဖွယ်ကောင်းလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်နေလေတော့သည်။

❋❋❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

ညမှာ တဖြည်းဖြည်း နက်ရှိုင်းလာ၏။

အလင်းရောင် ပျောက်သောအခါ အမှောင်ထုကြီးစိုးလာခြင်းမှာ သဘာဝပင်။

ပုရစ်သံကလေးများ ဆူညံနေခြင်းမှာလည်း တောသဘာဝပင်။

ဝန်းကျင်တစ်ခုလုံးမှာ မှောင်မည်းနေသည်။

ပုရစ်သံများ တိတ်မနေပါ။

ဆူညံနေပါသည်။

သို့သော် ...

ကျောင်းရိုမှာမူ ငြိမ်သက်စွာ မနေနိုင်ပါချေ။

သူသည် ရွာတံခါးအနီးတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက် ရှိနေ၏။



သူ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေခြင်းမှာ သူ၏ငြီးငွေ့မှုကို အပန်းဖြေနေခြင်းပင် ဖြစ်ပါသည်။

ကျောင်းရိုသည် မည်သည့်အတွက်ကြောင့် ရွာတံခါးအနီးတွင် လှုးလာခေါက်တုံ့ လမ်းလျှောက်နေရပါသနည်း။

အဘယ်ကြောင့်ဆိုသော် ...

ကျောင်းရိုသည် ကင်းသမားတစ်ယောက်ဖြစ်သောကြောင့်ပင် ဖြစ်သည်။

ယခု ...

သူသည် ချမ်းမြေ့ကျေးရွာ၏အရှေ့ဘက် တံခါးတွင် တာဝန်ကျနေခြင်း ဖြစ်၏။

အမှန်တွင် ...

ကင်းစခန်းတစ်ခုလျှင် လူနှစ်ယောက်စီ တာဝန်ကျခြင်းဖြစ်သည်။

သို့သော် ...

ရွာ၏အရှေ့ဘက် ကင်းစခန်းတွင်မူ ကျောင်းရို တစ်ဦးတည်းသာ ရှိသည်။

ဤသို့ဆိုလျှင် ...

www.burmeseclassic.com

www.burmeseclassic.com



ထိုကင်းစခန်းတွင် အဘယ်ကြောင့် ကျင်းရှိ တစ်ဦးတည်း ရှိနေပါသနည်း။

အမှန်တွင် ကင်းစခန်းတစ်ခုတွင် ကင်းစောင့်တာဝန်ယူရသည်မှာ လူနှစ်ယောက်ပင် ဖြစ်၏။

သို့သော် ကျင်းရှိ၏အဖော်ကင်းသမားသည် အရိုးစု လူသတ်သမားကို ကြောက်ရွံ့၍ ကင်းမစောင့်ဝံ့ချေ။

အဖော်ကင်းသမားသည် သတ္တိကြောင်သူဖြစ်သည်။

အိမ်၌ အပေါ့အပါးသွားလျှင်ပင် အိမ်သားများကို နှိုးပြီး အပေါ့အပါးသွားသူ ဖြစ်သည်။

သူ၏ကြောက်တတ်လွန်းခြင်းအတွက် ကျင်းရှိက သူ့အား အပြစ်တင်ရှုတ်ချခဲ့သည်။

ကျင်းရှိ မည်မျှပြောဆိုသော်လည်း ထိုလူမှာ ကင်းစောင့်ဝံ့ခြင်း မရှိချေ။

သူသည် အကြောက်လွန်နေသဖြင့် သူ့အား မည်သို့မျှ ဖျောင်းဖျ၍မရဘဲ ရှိသည်။

သို့ရာတွင် မေးဂူကို ကြောက်လန့်ခြင်းလည်း ရှိသဖြင့် မတတ်သာဘဲ ကင်းစောင့်ရတော့မည် ဖြစ်သည်။



သူသည် ကင်းမစောင့်ရဲပါ၏

ထို့ကြောင့် အသပြာငွေငါးလုံးကို ကျင်းရှိအား ပေးလာဘ်ထိုးခြင်းဖြင့် သူ၏ကင်းစောင့်ခွင့်ကို လွတ်ကင်းခွင့် ရယူလိုက်ပါသည်။

ကျင်းရှိမှာ သဘောကျသွားသည်။

သူသည် အလွယ်တကူ ကြောက်လန့်တတ်သူ မဟုတ်ချေ။

ကြောက်ရွံ့ထိုက်ကြောက်ရွံ့သင့်သည်ကိုသာ ကြောက်တတ်သူ ဖြစ်သည်။

ထို့ကြောင့် ...

ငွေငါးလုံးကိုယူ၍ကာ တစ်ယောက်တည်း ကင်းစောင့်နေခြင်း ဖြစ်၏။

သူ့အနေဖြင့် ...

ပျင်းရိညည်းငွေ့ဖွယ်ကောင်းသော အိပ်ခန်းထဲတွင် နေရသည်ထက်စာလျှင် ရွာထိပ်ကင်းစခန်းတွင်နေရသည်က ကောင်းသေးသည်ဟု တွေးထင်မိသည်။

တကယ်လည်း သူသည် လှုပ်ရှားမှုကိုအစ စိတ်ဝင်စားသည်။

ထို့စဉ် ...

www.burmeseclassic.com

www.burmeseclassic.com



သူ၏အတွေးထဲသို့ အရိုးစုလူသတ်ကောင်ဟူသော အတွေးတ ဝင်ရောက်လာ၏။

ယခုအချိန်သာ ...

အရိုးစုလူသတ်ကောင် ဝင်ရောက်လာပါက သူ့အနေနှင့် မည်သို့ပြုလုပ်ရမည်နည်း။

အရိုးစုလူသတ်ကောင်ဆိုသည်မှာ နာနာဘာဝ ဝိနာဘာဝ လို မကောင်းဆိုးဝါး လူသတ်ကောင်ဖြစ်သည်။

သို့သော် ...

သူသည် မေးဂူ၏တပည့်တစ်ဦး ဖြစ်သည်။

သိုင်းပညာအနည်းငယ် တတ်မြောက်ထား၏။

သူက ခါးတွင် ချိတ်ဆွဲထားသော ဓားမှ ဓားရိုးကို ဆုပ်ကိုင်ရင်း ...

"ဟင်း ... အရိုးစုလူသတ်ကောင်နဲ့တွေ့ရင် ကျုပ်ဓားရဲ့ အစွမ်းကို ထုတ်ပြလိုက်မယ်"

သူသည် ကြုံးဝါးလိုက်သည်။

ထိုစဉ်မှာပင် ...

သူ၏မျက်လုံးအစုံသည် ရွာတံခါး၏မနီးမဝေး သစ်ပင်



အောက်၌ လူတစ်ယောက် ထိုင်နေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ချမ်းမြကျေးရွာမှ ရွာသူရွာသားများသည် ...

ညချမ်းအချိန်အခါများ၌ ရွာတံခါးအနီး သစ်ပင်များ၊ လှေကားထစ်များတွင် လာရောက်လေညင်းခံတတ်၏။

ကျင်းရိုသည် ထိုင်နေသောလူအား ကြည့်ကာ စိတ်ပူသွားသည်။

"ခက်ပါပြီ၊ ဒီလူတော့ ခက်ပါပြီ၊ အရိုးစုလူသတ်ကောင် လွတ်ထွက်သွားပါတယ်လို့ သခင်ကြီးမေးဝူက ကြေညာထားတဲ့ အချိန်မျိုးမှာမှ ဒီလူ လာလေညင်းခံနေတယ်၊ ဟင်း ... ဒီလူကတော့ သေချင်နေပြီ၊ လူသတ်ကောင်နဲ့ တွေ့မယ်ဆိုတာ ရိုးရိုးလူသတ်ကောင်နဲ့ တွေ့မှာမဟုတ်ဘူး၊ သရဲတစ္ဆေလို အရိုးစုလူသတ်ကောင်နဲ့ တွေ့မှာ၊ ဒီလူတော့ ဒုက္ခရောက်တော့မယ်"

ဤသို့ တွေးတောလိုက်ပြီး ...

"ဟေ့လူ ... ဒီအချိန်က လေညင်းခံလို့ ကောင်းတဲ့အချိန် မဟုတ်ဘူး၊ မင်းပြန်ရင်ကောင်းမယ်"

သူသည် အော်ဟစ်သတိပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

ထိုလူကမူ ထိုင်ရာမှ ထသွားခြင်း မရှိပါချေ။

ထို့ကြောင့် သူသည် ထပ်မံအော်ဟစ် သတိပေးလိုက်ပြန်၏။

"ဟေ့လူ ... ကျုပ် ကောင်းကောင်း ပြောနေတယ်၊ ခင်ဗျား ပြန်မလား၊ မပြန်ဘူးလား၊ တော်ကြာ ငယ်သံပါအောင် အော်ပြီး ပြေးနေတာကို မြင်ရဦးမယ်"

ကျင်းရိုမှာ ဒေါသထွက်သွား၏။

သူက မီးအိမ်ကို ကောက်ယူကာ ထိုလူအား ကြိမ်းမောင်းရန် သစ်ပင်အောက်၌ ထိုင်နေသူထံသို့ လျှောက်သွားသည်။

ထိုလူ၏အနီးသို့ ရောက်သောအခါ ...

ကျင်းရိုမှာ အံ့သြသွား၏။

အကြောင်းကား ...

ထိုင်နေသောလူမှာ လှုပ်ရှားမှု မရှိခြင်းကြောင့်ပင် ဖြစ်သည်။

"အိပ်ပျော်နေသလား မသိဘူး"

ယင်းသို့ တွေးတောမိလိုက်သည်နှင့် ...



ကျင်းရိုက ထိုလူ၏ပခုံးကို ပုတ်လိုက်၏။

"ဟေ့လူ"

ထိုအခါ ...

ထိုင်နေသူမှာ မြေပေါ်သို့လဲကျသွားလေသည်။

ကျင်းရိုမှာ အံ့အားသင့်သွားသည်။

သူက ထိုလူအား သေချာစွာ ကြည့်လိုက်သည်။

ထိုလူမှာ အညိုရောင်အင်္ကျီရှည်ကို ဝတ်ဆင်ထား၏။

ခေါင်းစွပ်တစ်ခုကို စွပ်ထားသည်။

သို့သော် သူ့မျက်နှာကိုမြင်လိုက်သောအခါ ကျင်းရို၏မျက်လုံးအစုံမှာ ပြူးကျယ်သွားလေတော့သည်။

အဘယ်ကြောင့်ဆိုသော် ...

ထိုင်နေသောလူမှာ ဖြူဖေးသောအရိုးစုတစ်ခု ဖြစ်နေကြောင်း တွေ့လိုက်ရခြင်းကြောင့်ပေတည်း။

မျက်နှာ၊ လက်နှင့်ခြေထောက်များမှာ ဖြူဖွေးသော အရိုးမှ ဖြစ်နေပေသည်။

ထို့ပြင် အရိုးစု၏ပုံသဏ္ဌာန်မှာ ကျင်းရိုအား သဲကျနေရာမှ ခုန်အုပ်တော့မည်သဏ္ဌာန် ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ဆိုတော့ ...

ကျင်းရှိမှာ ကြက်သေ သေသွားမိသည်။

သူသည် အရိုးစုလူသတ်ကောင်နှင့် ရင်ဆိုင်ကြုံတွေ့နေပြီဟု နားလည်လိုက်၏။

ထို့ကြောင့် ...

လက်ထဲမှ မီးအိမ်ကို လွှတ်ချလိုက်ပြီး အသံကုန်အော်ဟစ်ကာ တင်ပါးနှင့်ဖဝါး တစ်သားတည်းကျအောင် လှည့်ပြေးလေတော့သည်။

သူသည် တော်ရုံတန်ရုံနှင့် ကြောက်တတ်သူ မဟုတ်ပါ။

သူ့ကိုယ်သူလည်း အတော်အတန် သတ္တိရှိသူဟု ယူဆပါသည်။

ယခု မမျှော်လင့်ဘဲ ကြုံတွေ့လိုက်ရသောအခါ သူသည် လိပ်ပြာလွင့်မတတ်ဖြစ်သွားပြီး လက်ထဲမှ ဓားအိမ်ကိုပင် မကိုင်နိုင်တော့ဘဲ ထွက်ပြေးသွားမိတော့သည်။

သူ မည်မျှကြောက်လန့်နေသနည်း။

ပထမအော်ဟစ်လိုက်သောအသံမှာ ထွက်ပေါ်မလာဘဲ အာခေါင်ခြစ်သံသာ ထွက်ပေါ်နေခဲ့သည်။



ဒုတိယအကြိမ် အော်ဟစ်လိုက်သောအခါမှ အသံထွက်လာသည်။

"အရိုးစုလူသတ်ကောင် လာနေပြီဗျို့ ... အရိုးစုလူသတ်ကောင်"

သူသည် ပြတ်တောင်း ပြတ်တောင်း အော်ဟစ်နေလေသည်။

သူ၏အော်သံမှာ ချမ်းမြေ့ကျေးရွာတစ်ခုလုံးသို့ ပျံ့လွင့်သွားသည်။

ကြောက်အားလန့်အားဖြင့် အော်လိုက်သည့်အသံကြီးလည်း တစ်ရွာလုံးကို ဖုံးလွှမ်းသွားသည်။

"အရိုးစုလူသတ်သမား လာနေပြီ၊ ကယ်ကြပါ ... ကယ်ကြပါ"

ထိုအသံမှာ ထပ်တလဲလဲ ထွက်ပေါ်နေတော့သည်။

ထိုအသံမှာ ...

ရွာအရှေ့ဘက်မှ ထွက်ပေါ်လာခြင်းဖြစ်သည်။

ထိုအသံကို မေးဝှ၊ ချန်စွန်နှင့် ထန်စန်းတို့ သုံးယောက်လည်း ကြားသည်။

www.burmeseclassic.com

www.burmeseclassic.com



အလန့်တကြား အော်လိုက်သည့်အသံမှန်းလည်း သိကြသည်။

မေးဂူ ထိုင်ရာမှ ဆတ်ခနဲထရပ်လိုက်သည်။

အလားတူပင် ...

ချန်စွန်သည်လည်း စားသောက်နေရာမှ ထရပ်လိုက်သည်။

မေးဂူက ထန်စန်းအား လှမ်းကြည့်ကာ ပြောလိုက်သည်။

"မင်း ဒီမှာပဲနေခဲ့"

တစ်ဆက်တည်းပင် ...

ချန်စွန်အား လှည့်ပြောလိုက်သည်။

"ကျုပ်တို့ဆီတော့ လာနေပြီဗျ၊ တွေ့ကြသေးတာပေါ့"

ချန်စွန်က ခေါင်းညိတ်လိုက်သည်။

သို့သော် ...

သူကတော့ စဉ်းစဉ်းစားစား ရှိသည်။

သူသည် ...

ထိုင်ရာမှထကာ မေးလိုက်သည်။

"အခုအော်သံက ဘယ်နေရာက လာတာလဲဗျ"

မေးဂူက အရှေ့ဘက်ကို ညွှန်ပြလိုက်သည်။



"ရွာရဲ့အရှေ့ဘက်မှာ ရောက်နေပြီထင်တယ်"

စကားဆုံးသည်နှင့် ...

အခန်းတွင်းမှ ပြေးလွှားထွက်ခွာသွားလေတော့သည်။

ချန်စွန်ကလည်း အချိန်ဆွဲမနေတော့ပါ။

မေးဂူက နောက်မှ ပြေးလွှားလိုက်ပါသွားလေတော့သည်။

❋❋❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

ထန်စန်းမှာ အံ့အားသင့်သွားသည်။ သူ ဘာကိုအံ့အားသင့်သွားသနည်း။

အရိုးစုလူသတ်သမား လာပြီဆိုသည့်အသံကို သူ အံ့ဩသွားခြင်းတည်း။

အမှန်မှာ ...

သူသည် အရိုးစုနှစ်ခုသာ လက်ခံရရှိခဲ့သည်။

သို့သော် ...

သူက အရိုးစုသုံးခုစလုံး လက်ခံရရှိခဲ့သည်ဟု မေးဂူအား လိမ်ညာခဲ့သည်။

ရတနာများ ရရှိခြင်းကိုလည်း ဖုံးကွယ်ခဲ့သည်။

ယခု ...

နောက်ထပ် အရိုးစုတစ်ခု ပေါ်ထွက်လာပြန်လေပြီ။



ဤသို့ဆိုလျှင် ...

ထိုအဖြေကို တွေးတောရန် မခက်လှပါ။

ထန်စန်းသည် တစ်စုံတစ်ခုကို တွေးတောမိလိုက်လေသည်။

သူသည် အဆက်အစပ်များကို တွေးမိပါသည်။

သူ့ထံ၌ အရိုးစုနှစ်ခုရောက်ရှိပြီး အရိုးစုအစား ရတနာထည့်ထားသော ခေါင်းတစ်ခု ရောက်ရှိလာသည်။

အစားဝင်လာသော ရတနာခေါင်းအစား အပြောင်ထွက်သွားသည့် ခေါင်းတစ်ခုသည် မြစိမ်းကျေးရွာသို့ ရောက်ရှိသွားသည်။

ယခု ...

အရိုးစုတစ်ခု ရောက်ရှိလာပေပြီ။

သူ၏မျက်နှာမှာ ကွက်ခနဲ ပျက်သွားသည်။

"အင်း ... ဒါပဲ ဖြစ်ရမယ်"

ယင်းသို့ တွေးတောနေစဉ်မှာပင် ...

ဝါးရုံပင်များထက်မှ လှုပ်ရှားမှုတစ်ခုကို တွေ့လိုက်ရလေသည်။

ထန်စန်းက အော်ငေါက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လဲကွ"

တစ်ဆက်တည်းပင် ...

သူသည် ပြတင်းပေါက်မှ ခုန်ထွက်လိုက်သည်။

ဝါးရုံပင်များအနီးသို့ ရောက်ရှိသွားသည်နှင့် ...

လူတစ်ယောက်ကို တွေ့မြင်လိုက်ရသည်။

ထိုလူသည် အနက်ရောင်ကိုယ်ကျပ်အင်္ကျီကို ဝတ်ဆင်ထားသည်။

ထို့ပြင် ...

သူ၏ပခုံးတွင် ငှက်တစ်ကောင်ရှိနေ၏။

ထိုငှက်ကို တွေ့လိုက်ရသည်နှင့် ...

ထန်စန်း၏မျက်နှာ ပျက်သွားပြန်လေတော့သည်။

အဘယ်ကြောင့်ဆိုသော် ...

အနက်ရောင်ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသူ၏ ပခုံးပေါ်တွင် ရှိနေသောငှက်မှာ သိမ်းငှက်တစ်ကောင်ပင် မဟုတ်ပါလော။

❋



ချမ်းမြကျေးရွာ၏အရှေ့ဘက်တံခါး ...

ဝန်းကျင်တစ်ဝိုက်တွင် မီးရောင်များ ထိန်လင်းနေ၏။ မီးပုံးငါးဆယ်ခန့် ထွန်းညှိထားလေရာ မလင်းဘဲ အဘယ်မှာလျှင် ခံနိုင်ပါတော့မည်နည်း။

မေးဂူ၏လက်ရွေးစင်သိုင်းသမားနှစ်ဆယ်ခန့်က အရိုးစုအား ဝိုင်းရံထားကြသည်။

အရိုးစုသည် လဲကျလျက် ရှိနေ၏။

သို့သော် သူတို့သည် အရိုးစုအနီးသို့ ချဉ်းကပ်ခွင့်ခြင်း မရှိကြချေ။ ခပ်လှမ်းလှမ်းမှ ဝိုင်းရံထားကြခြင်း ဖြစ်၏။

ထိုစဉ်မှာပင် ...

ထိုနေရာသို့ မေးဂူနှင့် ချန်စွန်တို့ ရောက်ရှိလာကြသည်။

သူတို့နှစ်ယောက်ကို မြင်တွေ့လိုက်ရသည်နှင့် ...

ဝိုင်းရံထားသော သိုင်းသမားများမှာ အားတက်သွားကြ၏။

သူတို့၌ ရှိမထားသော သတ္တိများ ဝင်လာသည်။

မေးဂူက ဝိုင်းရံထားသော လူများကို ဖယ်ရှားစေ၍ ရှေ့သို့ တိုးဝင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု ...

သူသည် အရိုးစုလူသတ်ကောင်အား မြင်တွေ့လိုက်ရပြီ ဖြစ်၏။

သို့သော် ...

အရိုးစုလူသတ်ကောင်သည် ငြိမ်သက်မြဲ ငြိမ်သက်နေလေသည်။

မေးဂူက ချန်စွန်အား လှည့်ကြည့်လိုက်၏။

ချန်စွန်၏မျက်နှာမှာ တည်ကြည်လေးနက်နေသည်။

မေးဂူက အရိုးစုဘက်သို့လှည့်ကာ ပြောလိုက်သည်။

"မတ်တတ်ရပ်လိုက်ပါ"

အရိုးစုဆိုသည်မှာ လူသားများ သေဆုံးပြီးနောက် အသားအကြောများ ပါးလျားပြုန်းတီးသွားပြီးနောက် ကျန်ရစ်ခဲ့သည့် အရိုးစုသာ ဖြစ်ပါသည်။

ပထမဦးဆုံး သူသည် အသတ်ခံလိုက်ရသည်။

ထို့နောက် အရိုး၊ အကြော၊ အသားအရေများ ပါးလျားပြုန်းတီးသွားသည်။

ထို့နောက် ...



အရိုးစုချည်းသာ ကျန်ရစ်ခဲ့သည်။

အရိုးစုသည်လည်း နှစ်ပရိစ္ဆေဒ ကြာမြင့်သောအခါ ကြေပျောက် မြေကြီးဖြစ်ရမည်သာ။

ထိုအရိုးစုသည် မည်သို့လှုပ်ရှားနိုင်ပါမည်နည်း။

မိုးနတ်မင်း၏ တန်ခိုးကဏ္ဍပါတ်နှင့် ဖန်ဆင်းလိုက်လျှင်တော့ မည်သို့ဖြစ်လာမည် မသိပေ။

အရိုးစုမှာ ငြိမ်သက်မြဲ ငြိမ်သက်နေသည်။

မေးဂူက ခါးမှဓားကို ဆွဲထုတ်လိုက်၏။

"ဒီကနေ့ မင်းမသေရင် ငါသေဖို့ပဲရှိတယ်"

ပြောရင်း အရိုးစုအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ချန်စွန်က ဟန့်တားလိုက်သည်။

"ဦး ... ခဏနေပါဦး"

မေးဂူက နားမလည်နိုင်စွာဖြင့် မေးလိုက်သည်။

"ဘာဖြစ်လို့လဲ"

ချန်စွန်က အရိုးစုအားကြည့်ရင်းမှ ပြောလိုက်သည်။

"ဒီအရိုးစုက လုံးဝအသက်မရှိဘူးထင်တယ်၊ သူ့ကို တိုက်ခိုက်နိုင်စွမ်းရှိမယ့် လူတစ်ယောက်လို့ ထင်ရင် ဦးမှားသွားမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



မေးဂူမှာ အံ့ဩသွားသည်။

"မဟုတ်ဘူးလေ"

ချန်စွန်က ပြောလိုက်၏။

"ကျွန်တော်လည်း သေသေချာချာ မပြောတတ်ဘူးဗျ။ ကျွန်တော် တွက်ဆထားတာတွေ လွဲချော်ကုန်ပြီလားလို့ တွေးနေမိတယ်"

မေးဂူမှာ စိတ်ဝင်စားသွားသည်။

"ဘာများလဲ"

ချန်စွန်က အနည်းငယ် စဉ်းစားလိုက်၏။

"နောက်မှ အေးအေးဆေးဆေး ပြောပြပါ့မယ်၊ အခုတော့ ဒီအရိုးစုကို အရင်ရှင်းပစ်မှပဲ ကောင်းပါတယ်"

ချန်စွန်သည် စိတ်ပြောင်းသွားဟန်ဖြင့် သူ၏ခါးမှဓားကို ဆွဲထုတ်လိုက်သည်။

အရောင်မှာ ဖွေးခနဲ ဝင်းလက်သွား၏။

ချန်စွန်က ဓားဖြင့် အရိုးစုအား လျှပ်ပြက်သကဲ့သို့ ခုတ်ချလိုက်သည်။

'ရွမ်'



အလင်းရောင် ပြိုးပြက်ဝင်းလက်သွားသည်။

လျင်မြန်လှသော ဓားချက်ပါပေ။

လက်ရွေးစင်သိုင်းသမားမှာ ဓားချက်၏လျင်မြန်လှပုံကို အံ့အားသင့်သွားကြသည်။

မေးဂူကလည်း တုံ့ဆိုင်းမနေပါချေ။

သူက လက်တစ်ဖက်ကို လှုပ်ရှားလိုက်၏။

သူသည် အလွန်ကျော်ကြားသော ဓားသမားတစ်ယောက်ဖြစ်သည်။

သူ၏ဓားကွက်များသည် လျင်မြန်သွက်လက်ပြီး အလွန်ကြောက်မက်ဖွယ်ရာကောင်းသည့် ဓားကွက်များ ဖြစ်ကြ၏။

ယခု ...

သူက အကျော်ကြားဆုံး ဓားကွက်ဖြစ်သော ပန်းချွေလေပြင်းဖြင့် အရိုးစုအား ခုတ်ချလိုက်ခြင်းဖြစ်သည်။

ဓားသည် အရှိန်ပြင်းစွာဖြင့် အရိုးစုထံသို့ တိုးဝင်သွား၏။

'ထန်'

အရိုးနှင့်ဓား ထိတွေ့သံသည် တိတ်ဆိတ်သောညတွင် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ချန်စွန်၏အားကလည်း အရိုးစုအား ခုတ်ချမိသွား၏။

ယခု ...

အရိုးစုသည် ဓားနှစ်လက်ဖြင့် ခုတ်ချခြင်းခံလိုက်ရပြီ ဖြစ်သည်။

မေးဝူ ခုတ်ချသဖြင့် အရိုးစု၏လက်တစ်ဖက်မှာ ပြုတ်ထွက်သွား၏။

အလားတူပင် ...

ချန်စွန်၏ခုတ်ချချက်ကြောင့် ခြေထောက်နှစ်ဖက်သည်လည်း ဒူးဆစ်မှ ပြုတ်ထွက်သွားသည်။

သို့သော် ...

အရိုးစုသည် ညည်းညူခြင်း မရှိပါချေ။

နာကျင်သည်ဟု ထမအော်ပါချေ။

ဓားချက်ကိုယ်စီ ထုတ်ကြပြီးနောက် ...

မေးဝူ အံ့အားသင့်သွားသည်။

ချန်စွန်က ပြုံးလိုက်သည်။

"အရိုးစုက လူသတ်တယ်ဆိုရင်တောင် အခုတော့ ကြောက်စရာ မလိုတော့ပါဘူးဗျ"



မေးဝူက ခေါင်းညိတ်လိုက်ပြီး အရိုးစု၏ ပြုတ်သွားသော ခြေထောက်နှစ်ဖက်ကို ကြည့်လိုက်၏။

သူသည် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်သွားသည်။

ထို့နောက် ...

သက်ပြင်းတစ်ချက်ချကာ ပြောလိုက်၏။

"အင်း ... ကျုပ်က အသက်နည်းနည်း ကြီးသွားပြီဗျာ"

ချန်စွန်မှာ ကြောင်အမ်းအမ်းဖြစ်သွား၏။

"ဦးလေး ဘာကိုဆိုလိုတာလဲ၊ ဘာဖြစ်လို့ ဒီလိုပြောတာလဲ"

မေးဝူက မချိပြုံးပြုံးလိုက်သည်။

"ကျုပ်ရဲ့ဓားချက်က အရိုးစုရဲ့ လက်တစ်ဖက်ကို ဖြတ်ပစ်နိုင်ခဲ့တယ်၊ ဒါပေမဲ့ ..."

ချန်စွန် မျက်မှောင်ကုတ်လိုက်သည်။

"ဒါပေမဲ့ ... ဘာဖြစ်သလဲ"

မေးဝူက သက်ပြင်းချလိုက်သည်။

"ဒါပေမဲ့ မင်းက ဓားချက်တစ်ချက်တည်းနဲ့ အရိုးစုရဲ့ ခြေထောက်နှစ်ဖက်လုံးကို ဖြတ်ပစ်နိုင်ခဲ့တာပဲ"

ချန်စွန်မှာ မျက်နှာမထားတတ်အောင်ပင် ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် မေးဂူ ဤသို့တွေးလိမ့်မည်ဟု မထင်ခဲ့ပါ။

မေးဂူသည် အရိုးစုကို အသက်ရှိနေသည်ဟု ထင်မှတ်နေသူဖြစ်သည်။

ထို့ကြောင့် မေးဂူ၏အလိုဆန္ဒကို ဖြည့်စွမ်းပေးသည့်အနေဖြင့် အရိုးစုကို ဓားဖြင့် ခုတ်ချပေးခြင်း ဖြစ်ပါသည်။

သူသည် မည်သို့မျှ ဂရုမထားဘဲ ဓားချက်ထုတ်လိုက်ခြင်း ဖြစ်ပါသည်။

ယခု …

မေးဂူသည် ထိုဓားချက်ကို သတိထားနေလေပြီ။

"အို … ဒါတော့ဗျာ"

သူသည် ဒါပဲ ပြောနိုင်ပါသည်။

မေးဂူက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူး၊ မင်းရဲ့ဓားချက်က သိပ်ပြီးလျင်မြန်တာပဲ"

သူက ပြုံးလိုက်၏။

"မဟုတ်သေးပါဘူးဗျာ၊ ဦးလေးရဲ့ ဓားချက်ကလည်း လျင်မြန်ပါတယ်"

မေးဂူက မဲ့ပြုံးပြုံးလိုက်သည်။



"ကျုပ်ရဲ့ဓားချက် လျင်မြန်တာမှန်ပေမယ့် အကျိုးသက်ရောက်မှုတော့ ကွာခြားပါတယ်၊ ကျုပ်ရဲ့ဓားချက်က တစ်နေရာတည်း တိုက်ခိုက်နိုင်ပေမယ့် မင်းရဲ့ဓားချက်ကတော့ နေရာနှစ်ခုကို တိုက်ခိုက်နိုင်ခဲ့တယ်၊ အဲဒီတော့ …"

သူက မျက်မှောင်ကုတ်လိုက်သည်။

"အဲဒီတော့ ဘာဖြစ်သလဲ"

မေးဂူက မချိပြုံးပြုံးလိုက်သည်။

"ကျုပ်က မင်းနဲ့ယှဉ်ပြိုင်ရရင် ကျိန်းသေရှုံးမှာပဲ"

ထိုစကားကြောင့် သူက အားတုံ့အားနာ ဖြစ်သွားသည်။

သူသည် မေးဂူနှင့် စားစားသောက်သောက် သွားသွားလာလာ အတူနေပြီးနောက် မေးဂူ၏စိတ်သဘောထားကို တဖြည်းဖြည်း သိလာမိသည်။

တကယ်တော့ သိုင်းသမားကြီးသည် တစ်ခါတစ်ရံ ဖွတ်တရွတ်နိုင်ပြီး စိတ်ထင်သည်ကို လုပ်တတ်သည်မှတစ်ပါး စိတ်ကောင်းရှိသူ အထက်လမ်း သိုင်းသမားတစ်ယောက်ဖြစ်ကြောင်း သိလာသည်။

သူသည် မေးဂူနှင့် အတူနေစဉ်အတွင်း မေးဂူ၏စိတ်နေ

www.burmeseclassic.com

www.burmeseclassic.com



သဘောထားကို စေ့စေ့စပ်စပ် လေ့လာနေခဲ့သည်။

မေးဂူသည် ဟန်ဆောင်မှုကင်းသည်။

ပွင့်လင်းသူတစ်ယောက် ဖြစ်သည်။

သူ့ကို ဆက်ဆံခြင်းကိုလည်း သတိထားသည်။

သူသည် မိမိအား သိုင်းပညာနှင့်ပတ်သက်၍ အမြဲတမ်း ချိန်ထိုးနေသည်ကို ယခု ဓားချက်ခုတ်သောအခါမှ သတိထားမိတော့သည်။

မည်သို့ပင်ဖြစ်စေ ...

စိတ်ထားကောင်းသူ သိုင်းသမားကောင်းတစ်ယောက်နှင့် ဘာကြောင့် မိမိယှဉ်ပြိုင်ရမည်နည်း။

သူသည် မေးဂူနှင့်သိုင်းပညာယှဉ်ပြိုင်ခြင်းမပြုရန် ဤချမ်းမြကျေးရွာသို့ ရောက်မလာမီအချိန်ကပင် ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။

သူသည် လက်နှစ်ဖက်ကိုဆုပ်ပြီး မေးဂူးအား ဦးညွတ်ဂါရဝ ပြုလိုက်သည်။

"ကျွန်တော်က အစက ဘာမှမသိသေးလို့ ဦးလေးနဲ့ ဓား ချင်းယှဉ်ပြိုင်ဖို့ စိတ်ကူးမိတာပါဗျာ၊ အခုဆိုရင် ဦးလေးနဲ့ကျွန်တော် နဲ့က အရင်းနှီးဆုံးမိတ်ဆွေတွေ ဖြစ်ကြပြီဆိုတော့ ဘယ်လိုယှဉ်ပြိုင်



မှုမျိုးမှ ပြုလုပ်စရာမလိုတော့ဘူးပေါ့"

ထိုစကား ကြားလိုက်ရသောအခါ ...

မေးဂူမှာ ဝမ်းသာလွန်းသောကြောင့် တုန်တုန်ယင်ယင်ပင် ဖြစ်သွား၏။

ယခု ...

သူသည် သမီးတစ်ယောက် ဆုံးရှုံးသွားရသော်လည်း အကောင်းဆုံးမိတ်ဆွေတစ်ယောက် ရရှိလိုက်ပြီ မဟုတ်ပါလား။

မေးဂူက ချန်စွန်အား စူးစိုက်ကြည့်နေသည်။

ချန်စွန်က သူ့အား ပြုံးပြလိုက်၏။

"ကဲ ... ဒီအရိုးစုကို ဘယ်လိုလုပ်ကြမလဲ"

မေးဂူက အရိုးစုအား တစ်ချက်ကြည့်လိုက်သည်။

"သူသေသွားပြီ ထင်တယ်၊ မသေသေးဘူးဆိုရင်လည်း ကြောက်စရာမလိုတော့ပါဘူး၊ ဒီတော့ သူ့ကို ထန်စန်းဆီကို ယူသွားကြမယ်"

စကားဆုံးသည်နှင့် ဝိုင်းရံထားသော သိုင်းသမားများအား လက်တစ်ချက် ဝှေ့ယမ်းပြလိုက်၏။

ထိုအခါ ...

www.burmeseclassic.com

www.burmeseclassic.com



သိုင်းသမားက အရိုးစုအား သယ်ဆောင်သွားကြလေတော့သည်။

လူသတ်ကောင်သည် အမှန်တကယ်ပင် သေဆုံးသွားလေပြီလော။

❋❋❋



## အခန်း (၁၀)

လေပြင်းတစ်ချက် ဝှေ့ယမ်းတိုက်ခတ်လာသည်။

ဝါးရွက်များ အရှင်းချင်းရိုက်ခတ်သံ တရှဲရှဲ ထွက်ပေါ်လာ၏။

ထန်စန်း၏ရင်ထဲတွင် အေးစိမ့်သွား၏။

သူက အနက်ရောင်ဝတ်ဆင်ထားသူအား ကြည့်ကာ မေးလိုက်သည်။

"သိမ်းငှက်လား"

အနက်ရောင်ဝတ်ဆင်ထားသူထံမှ မသဲမကွဲအသံတစ်ချက်ထွက်ပေါ်လာ၏။

ထန်စန်းက ဓားရိုးကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်သည်။

သိမ်းငှက်လိုလူမျိုးနှင့်တွေ့လျှင် ဓားကို အသင့်ပြင်ထားမှ

www.burmeseclassic.com

www.burmeseclassic.com



တန်ကာကျပေလိမ့်မည်။

သူက ထပ်မေးလိုက်၏။

"မင်းက သိမ်းငှက်မဟုတ်ဘူးလား"

အနက်ရောင်ဝတ်လူက သူ၏ပခုံးပေါ်တွင်ရှိသော သိမ်းငှက်ကို လက်ညှိုးထိုးပြလိုက်သည်။

"ဒီငှက်ကို မြင်တာနဲ့ ကျုပ် ဘယ်သူဘယ်ဝါဆိုတာ ခင်ဗျား သိဖို့ကောင်းတာပေါ့"

ထန်စန်း၏ခန္ဓာကိုယ်မှာ အေးစက်တောင့်တင်းသွား၏။

သို့သော် ...

သူက ချက်ချင်းပင် ဣန္ဒြေဆည်လိုက်သည်။

ပြီးမှ ဟန်မပျက်ပင် ပြန်မေးလိုက်သည်။

"သိမ်းငှက် ... မင်း ဘာအကြောင်းနဲ့ ဒီကိုရောက်လာတာလဲ"

ထိုစကားကြောင့် ...

သိမ်းငှက်က သဘောကျစွာ ရယ်မောလိုက်သည်။

"ဟား ... ဟား ... ဟား"

ထန်စန်း ဒေါသထွက်လာသည်။



"ဘာရယ်တာလဲ"

သိမ်းငှက်က ရယ်မောနေရာမှ ရပ်လိုက်သည်။

"မိတ်ဆွေက တော်တော်မေ့တတ်ပါလား"

ထန်စန်းက ဘာမှနားမလည်ဟန်ဖြင့် မေးလိုက်၏။

"ကျုပ်က ဘာကိုမေ့ရမှာလဲ"

သိမ်းငှက်က မဲ့ပြုံး ပြုံးလိုက်သည်။

"အရိုးစုလူသတ်သမားလေ"

ထိုစကား ကြားလိုက်ရသည်နှင့် ...

ထန်စန်း၏မျက်နှာ ကွက်ခနဲပျက်သွား၏။

သိမ်းငှက်က ပြုံးလိုက်သည်။

"ကျုပ်က အရိုးစုလူသတ်ကောင်ကို ရွာရဲ့အရှေ့ဘက်တံခါးမှာ ထားခဲ့တယ်၊ ဒါကို ခင်ဗျား သိဖို့ကောင်းတာပေါ့"

ထန်စန်း၏မျက်နှာမှာ မည်းမှောင်သွား၏။

သူက သိမ်းငှက်အား စိုက်ကြည့်ကာ မေးလိုက်သည်။

"မင်းက ဘာသဘောနဲ့ ကျုပ်အလုပ်မှာ ဝင်ရှုပ်ရတာလဲ"

သိမ်းငှက်က လှောင်ပြုံး ပြုံးကာ ပြောလိုက်၏။

"ကျုပ်က ခင်ဗျားရဲ့အလုပ်ကို ဝင်ရှုပ်တာ မဟုတ်ပါဘူးဗျာ၊

www.burmeseclassic.com

www.burmeseclassic.com



အကူအညီပေးတာပါ”

ထန်စန်းက အနည်းငယ်စဉ်းစားလိုက်သည်။

ပြီးမှ ...

မျက်မှောင်ကြုတ်ကာ ပြောလိုက်၏။

“မင်းလုပ်ခဲ့တာက ကျုပ်ကို အကူအညီပေးသလိုတော့ ဖြစ်ပါတယ်၊ ဒါပေမဲ့ ... ဘာကြောင့် ကျုပ်ကို အကူအညီပေးရတယ် ဆိုတာတော့ ...”

သူက စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်သည်။

သိမ်းငှက်က သဘောကျစွာ ရယ်မောလိုက်၏။

“ဒါကို ခင်ဗျား သိပါလိမ့်မယ်”

ထန်စန်းက နားမလည်နိုင်သည့်ဟန်ဖြင့် ပြောလိုက်သည်။

“ကျုပ် ဘာမှနားမလည်ဘူးဗျ”

သိမ်းငှက်က ရယ်မောရာမှ ရပ်လိုက်၏။

သူ့မျက်နှာသည် တည်ကြည်လေးနက်သွားသည်။

သူက ထန်စန်းအား စိုက်ကြည့်ကာ ပြောလိုက်သည်။

“ခင်ဗျား လိမ်ပြောတာပဲ”

ထန်စန်းက လှောင်ပြုံး ပြုံးလိုက်သည်။



“ကျုပ်က ဘာကြောင့် ခင်ဗျားကို လိမ်ပြောရမှာလဲ”

သိမ်းငှက်သည် ဤလူအား လှုပ်လှုပ်နှင့်ဆက်ဆံ၍ မရဆိုသည်ကို သဘောပေါက်သွားသည်။

“အင်း ... ခင်ဗျားရဲ့ အကြံအစည်တွေကိုတော့ ကျုပ်က သိထားပြီးပါပြီဗျာ၊ ဒီတော့ ကျုပ်ရဲ့ပစ္စည်းတွေကိုသာ ပြန်ပေးပါ။ ကျုပ် အေးအေးဆေးဆေး ပြန်သွားပါ့မယ်”

ထန်စန်းက သဘောကျစွာ ရယ်မောလိုက်သည်။

“မင်းရဲ့ပစ္စည်းတွေ ဟုတ်လား၊ ဘာပစ္စည်းတွေများလဲ”

သိမ်းငှက်က ဒေါသထွက်လွန်းသဖြင့် ခန္ဓာကိုယ်ပင် တုန်ယင်လာသည်။

“ရွှေကျားပျံအာမခံဌာနက ကျုပ်လုလာတဲ့ပစ္စည်းတွေပေါ့ ဒီ ရတနာပစ္စည်းတွေဟာ သူ့အလို ခြေထောက်ပေါက်ပြီး ခေါင်းထဲ ရောက်မလာဘူးဗျ”

ထန်စန်းက ခေါင်းခါယမ်းလိုက်သည်။

“ကျုပ် မသိဘူး”

သိမ်းငှက်က သူ့အား စူးစူးစိုက်စိုက် ကြည့်လိုက်လေသည်။

“ခင်ဗျားက ဒီပစ္စည်းတွေကို အပိုင်သိမ်းမလို့လား၊ ဒီ

www.burmeseclassic.com

www.burmeseclassic.com



လောက်လည်း လောဘမကြီးရဘူးလေ”

ထန်စန်းက ပါးစပ်ပိတ်ထားလိုက်သည်။

သူ့အမူအရာကိုကြည့်ပြီး သိမ်းငှက်က ဒေါသထွက်လာသည်။

သိမ်းငှက်က ...

“ကျုပ်ဆီကို လောက်ကင်းတို့ အခေါင်းချင်းမှားပြီး လာပို့တဲ့နေ့က ချက်ချင်းပဲ ကျုပ် ဒီကိုလိုက်လာခဲ့တယ်၊ ဒါပေမဲ့ ... ဒီကိုရောက်တော့ ပစ္စည်းမတွေ့ရတော့ဘူး။ ဒီအခေါင်းတွေကို ခင်ဗျားတစ်ယောက်တည်းပဲကိုင်တာ၊ ဒါကြောင့် ခင်ဗျားကလွဲပြီး ဘယ်သူမှယူမှာမဟုတ်ပါဘူး။ ကျုပ်က ခင်ဗျားဆီမှာ ပြန်တောင်းဖို့ လုပ်နေချိန်မှာပဲ အရိုးစုလူသတ်သမားဆိုတာ ထွက်ပေါ်လာတာပဲ၊ ကျုပ်က အရိုးစုလူသတ်သမား ထွက်ပေါ်လာတာနဲ့ ကျုပ် ဒီအကြောင်းကို နားလည်သဘောပေါက်လိုက်ပြီးသားပဲ၊ ဒါကြောင့် ခင်ဗျားက ကျုပ်ကို ပစ္စည်းတွေသာ ပြန်ပေးပါ၊ ကျုပ်က ဓားပြတစ်ယောက်ဆိုပေမယ့် ကတိတည်တဲ့လူမျိုးပါ။ ခင်ဗျား ကျုပ်ပစ္စည်းကို ပြန်ပေးမယ်ဆိုရင် ကျုပ်က အေးအေးဆေးဆေး ထွက်သွားမှာပါ။ ခင်ဗျား ဘာမှမဖြစ်စေရဘူး”



ထန်စန်းက ခေါင်းခါယမ်း၏။

“ကျုပ်ဆီမှာ ဘာမှမရှိဘူး၊ ဒါကြောင့် ဘာပစ္စည်းမှ မပေးနိုင်ဘူး”

ဤလူသည် ဆက်ဆံရခက်ခက်မည့်လူဆိုသည်ကိုတော့ သိမ်းငှက် သိပြီးဖြစ်သည်။

သို့သော် ...

ဤသို့ခက်မည်လို့တော့ မသိခဲ့ပေ။

သူသည် ပစ္စည်းအားလုံးကို အပိုင်သိမ်းလိုသော အလွန်လောဘကြီးသည့်လူ ဖြစ်နေသည်။

“ကဲ ... ရတနာတချို့တစ်ဝက်ကို ကျုပ် ဒီမှာထားခဲ့မယ်၊ ခင်ဗျား သဘောတူသလား”

သိမ်းငှက်က ဈေးစပ်လိုက်သည်။

သူက ခေါင်းခါယမ်းလိုက်သည်။

“ကျုပ်ဆီမှာ ဘာမှမရှိဘူးလို့ ပြောပြီးပြီပဲ”

ဤလူကား ...

ပါးစပ်နှင့်ပြောမရ၊ လက်နှင့် ပြောမှရမည့်သူသာတည်း။

သိမ်းငှက်က သူ့အား စတင်တိုက်ခိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သိမ်းငှက်သည် ...

သိုင်းပညာ အလွန်အဆင့်မြင့်သော ဓားပြတစ်ယောက် ဖြစ်သည်။

သူသည် တော်ရုံတန်ရုံ သိုင်းသမားများအား မမှုပါချေ။

သူ၏သိုင်းပညာမှာ ...

ခန့်မှန်း၍ မရအောင်ပင် ဆန်းပြားပြီး ထက်မြက်လှသည်။

သူသည် မေးဂူကိုပင် ကြောက်လန့်သော လူတစ်ဦး မဟုတ်ပါချေ။

မေးဂူကိုပင် သူ၏ယှဉ်ပြိုင်ဘက်အဖြစ် သဘောထားသည်။

သို့သော် ...

သူသည် သိုင်းပညာဖြင့် ယှဉ်ပြိုင်တိုက်ခိုက်ရမည်ကို မနှစ်သက်ပေ။

ထို့ကြောင့် ...

အာမခံဌာနများအား လုယက်သည့်အခါတိုင်း ဖြတ်ထိုးဉာဏ်သုံး၍ လုယူသည်က များ၏။

ယှဉ်ပြိုင်တိုက်ခိုက်ပြီး လုယူသည်က နည်းပါလှပေသည်။



သူသည် မေးဂူကဲ့သို့သော သိုင်းသမားကိုပင် သူ့ပြိုင်ဘက်ဟု သဘောထားလေရာ ထန်စန်းကဲ့သို့ ဆေးဆရာတစ်ယောက်ကိုမူ အသေးအဖွဲ့ကလေးဟု သဘောထားသည်။

ယခု ...

သူသည် ထန်စန်းအား ပြင်းထန်စွာ တိုက်ခိုက်လိုက်ပြီ ဖြစ်သည်။

သိမ်းငှက်၏လက်နှစ်ဖက်သည် အရှိန်ပြင်းစွာဖြင့် ထန်စန်းထံသို့ တိုးဝင်လာ၏။

ထန်စန်းက မဲ့ပြုံး ပြုံးလိုက်သည်။

သူက ခါးမှ ဓားကို လျှပ်တစ်ပြက် ဆွဲထုတ်လိုက်လေသည်။

ထို့နောက် ...

ဝင်ရောက်တိုက်ခိုက်လာသော သိမ်းငှက်အား ခုတ်ချလိုက်သည်။

သူ၏ဓားဆွဲထုတ်ပုံနှင့် ဓားခုတ်ချက်တို့မှာ ထိပ်တန်းသိုင်းသမားတစ်ယောက်ဖြစ်ကြောင်း သိမ်းငှက် သိလိုက်ရသည်။

မည်သို့ဖြစ်သွားသနည်း။

ထန်စန်းသည် ဆေးဆရာတစ်ယောက်သာ မဟုတ်ပါ

www.burmeseclassic.com

www.burmeseclassic.com



လော။

သိမ်းငှက်မှာ ထိတ်လန့်သွားသည်။

သူ့အနေဖြင့် ...

ထန်စန်းအား ဆေးဆရာတစ်ယောက်အဖြစ်သာ သိရှိထား၏။

ယခု ...

ထန်စန်းမှာ ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်နေသည်ကို သိရှိလိုက်ရသောအခါ သူ၏ဓားသည် သိမ်းငှက်ပခုံးအား ခုတ်ချလိုက်ပြီး ဖြစ်နေသည်။

သိမ်းငှက်မှာ ရင်ထိတ်သွား၏။

သူက ရှောင်တိမ်းရန် ကြိုးစားလိုက်သော်လည်း အချည်းနှီးပင် ဖြစ်သွား၏။

ထန်စန်း၏ဓားက လေကဲ့သို့ လျှင်မြန်လှသည်။

'ရွှစ်'

'ဝှစ်'

"ဟာ"

သူ၏ဓားသည် သိမ်းငှက်၏ပခုံးအား ခုတ်ချလာသည်။



သိမ်းငှက် ရှောင်တိမ်းရန် နောက်ကျပြီဖြစ်ကြောင်း သိလိုက်၏။

'ဂီး'

သူ၏ဓားသည် သိမ်းငှက်၏ပခုံးပေါ်မှ တိရစ္ဆာန်သိမ်းငှက်အား လျှပ်တစ်ပြက် ခုတ်ချသွားသည်။

သိမ်းငှက်သည် နှစ်ပိုင်းပြတ်သွားလေ၏။

'ဘုတ်'

တိရစ္ဆာန် သိမ်းငှက် အသေကောင်သည် မြေပြင်သို့ ပြုတ်ကျသွား၏။

သိမ်းငှက်၏တစ်ကိုယ်လုံးတွင် သွေးများဖြင့် စိုနင့်လာသည်။

သူသည် မယုံကြည်နိုင်သော မျက်လုံးအစုံဖြင့် ထန်စန်းအား စိုက်ကြည့်နေ၏။

သိမ်းငှက်သည် ...

နာမည်ကျော်ကြားခြင်း မရှိသော လူတစ်ယောက်ကို ရှုံးနိမ့်သွားခဲ့ပြီ ဖြစ်၏။

ထန်စန်းသည် သူ့အား သတ်ပစ်မည်မှာ သေချာနေသည်။

သူသည် မိမိ၏ရတနာများကို ပြန်ယူရန် လာသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ရတာနာများ ပြန်မရနိုင်တော့ချေ။

ယခု သူ့အသက်ပင် ပေးခဲ့ရတော့မည်။

သူက အံကို တင်းတင်းကြိတ်လိုက်သည်။

"ခင်ဗျားက ကျုပ်ကို သတ်ပစ်မယ် ... ဟုတ်လား"

ထန်စန်းက ခေါင်းညိတ်လိုက်၏။

"မင်း သိထားတာတွေက သိပ်များနေတယ်၊ ကျုပ်က အဲဒီလောက် သိနေတဲ့လူကို ဒီလောကထဲမှာ အသက်ရှင်လျက် မထားချင်ဘူး"

သိမ်းငှက်က ခံပြင်းစွာဖြင့် ပြောသည်။

"ကျုပ်ကို လုံးဝပြန်မလွှတ်နိုင်တော့ဘူးပေါ့"

သူက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

သိမ်းငှက်က မချိပြုံး ပြုံးလိုက်သည်။

"ခင်ဗျား ဒီလောက် သိုင်းပညာ ထက်မြက်နေလိမ့်မယ်လို့ ကျုပ် မတွေးခဲ့မိဘူး"

သူက အေးတိအေးစက် လေသံဖြင့် ပြောလိုက်လေ၏။

"ကျုပ်ရဲ့သိုင်းပညာကို မင်းတင်မဟုတ်ဘူး၊ ဘယ်သူမှ



မတွေ့မိကြပါဘူး"

သိမ်းငှက်က ခေါင်းညိတ်လိုက်သည်။

"ကျုပ်ရှုံးနိမ့်သွားလို့ ခင်ဗျားက ကျုပ်ကို သတ်မယ်ဆိုတာ ကျုပ် သိပါတယ်၊ ဒါပေမဲ့ ကျုပ်ကိုယ်ကျုပ်သာ သတ်သေပါရစေဗျာ"

သူက ပြုံးလိုက်၏။

"ရှုံ့နဲ့လုပ်တဲ့ ကြောင်ရုပ်ပဲဖြစ်ပါစေ၊ ကြွက်သေဖို့သာ လိုရင်းပဲ၊ မင်း ဘယ်နည်းဘယ်ပုံ သေတာဟာ ငါ့အတွက် လုံးဝအရေးမပါဘူး၊ မင်း ဒီလောကကြီးထဲမှာ မရှိရင် ပြီးတာပဲ၊ ဘယ်လိုသေသေ သေဖို့သာ လိုရင်းပဲ"

သူ၏စကား ဆုံးသွားသည်နှင့် ...

သိမ်းငှက်က အင်္ကျီထဲမှ ဓားမြှောင်တစ်လက်ကို ဆွဲထုတ်၍ ရင်ဝသို့ စိုက်ချလိုက်သည်။

အမှန်တွင် ...

သိမ်းငှက်က သူ၏ရင်ဝသို့ ဓားမြှောင်ဖြင့် စိုက်လိုက်ခြင်းဟုတ်ချေ။

သူက စိုက်ချဟန်ဆောင်ပြီး ကိုယ်ကို ချာခနဲ လှည့်လိုက်၏။

တစ်ဆက်တည်းပင် ...

www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှ ဓားမြှောင်ဖြင့် ထန်စန်းအား ပစ်ပေါက်လိုက်ခြင်း ဖြစ်သည်။

ဓားမြှောင်သည် သူ၏ရင်ဝသို့ အရှိန်ပြင်းစွာဖြင့် ဝင်လာသည်။

ထန်စန်းက မျက်နှာကို တစ်ချက်မဲ့လိုက်ပြီး လက်ထဲတွင် ကိုင်ဆောင်ထားသောဓားဖြင့် ရိုက်ထုတ်လိုက်၏။

သူ့လှုပ်ရှားမှုမှာ လေကဲ့သို့ လျင်မြန်လှသည်။

သိမ်းငှက်၏လျှင်မြန်မှုမှာ သူ့လျင်မြန်မှုနှင့် နှိုင်းစာသောအခါ နှေးကွေးသွား၏။

ထန်စန်း၏ဓားမြှောင်ကို ရစ်ပတ်ပြီး ရိုက်ထုတ်ပစ်လိုက်သည်။

'ရွှမ်း'

ဓားမြှောင်မှာ မြေပေါ်သို့ လွင့်စဉ်ကျသွား၏။

သူ၏တိုက်ခိုက်မှုမှာ မအောင်မြင်သည်ကို တွေ့လိုက်ရသည်နှင့် သိမ်းငှက်သည် နောက်သို့ ခုန်ဆုတ်ပြီး ထိုနေရာမှ ပြေးလွှားထွက်သွားလေ၏။

ထန်စန်းက ကပျာကယာ ဟန့်တားလိုက်၏။



"ရပ်လိုက်"

တစ်ဆက်တည်းပင် ...

လက်ထဲမှ ဓားဖြင့် သိမ်းငှက်အား ပစ်ပေါက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် ...

ဆူညံစွာ ထွက်ပေါ်လာသောအသံများကို ကြားလိုက်သောကြောင့် သူ၏ဓားကို ကပျာကယာ ရုပ်သိမ်းလိုက်ရသည်။

လူစိမ်းများရှေ့၌ မိမိတို့ ရန်ဖြစ်နေကြောင်း ထန်စန်း မပြသလိုပေ။

"သိမ်းငှက်ရယ် ... မင်း ငါ့လက်က ပြေးလို့ မလွတ်ပါဘူးကွာ"

သူက ရေရွတ်ကြုံးဝါးလိုက်လေတော့သည်။

***

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

ဆူဆူညံညံအသံများသည် မေးဂူနှင့်ချန်စွန်တို့လူစု ပြန်လည်ရောက်ရှိလာသောကြောင့် အသံဗလံများ ထွက်ပေါ်လာခြင်းဖြစ်သည်။

ထိုအသံများသည် သိမ်းငှက်၏အသက်ကို ကယ်တင်လိုက်ခြင်းဖြစ်သည်။

ထန်စန်း၏ဓားချက်များမှာ သိမ်းငှက်ထက် အပြတ်အသတ်သာလွန်နေသဖြင့် သိမ်းငှက်မှာ သေဖို့သာ ရှိတော့သည်။

ချန်စွန်သည် လူအုပ်ကြားထဲ၌ ရောနှောနေလိုက်သည်။

သူတို့နောက်မှ လက်ရွေးစင်သိုင်းသမားများ ပါလာသည်။

စောစောက ဒေါသထွက်နေသည့် ထန်စန်းသည် ကိုယ်ရှိန်သတ်လိုက်သည်။

ထိုလူစုကိုကြည့်ကာ အပေါ်ထပ် ဆေးဝါးဖော်စပ်ရာအခန်း



သို့ ပြန်လည်ဝင်ရောက်လိုက်သည်။

မရှေးမနှောင်းမှာပင် မေးဂူ ဝင်ရောက်လာ၏။

ချန်စွန်တော့ ပါမလာပေ။

သို့သော် မည်သူမျှ သတိမပြုမိကြပေ။

သူက ထန်စန်းအား ပြုံးကြည့်လိုက်သည်။

"ငါတို့ အရိုးစုလူသတ်ကောင်ကို ခေါ်လာခဲ့ပြီကွ"

ထန်စန်းက အံ့ဩသွားဟန်ဖြင့် မေးလိုက်၏။

"ဟုတ်လား၊ သူ အသက်ရှိနေသေးလား"

မေးဂူက ခေါင်းခါယမ်းလိုက်သည်။

"သူ အသက်မရှိတော့ပါဘူးကွာ"

တစ်ဆက်တည်းပင် ...

သူက ပြုံးကာ ပြောလိုက်၏။

"တကယ်လို့ အသက်ရှိတယ်ဆိုရင်တောင်မှ နောက်လူမသတ်နိုင်တော့ပါဘူး"

ယင်းသို့ပြောလိုက်ပြီး ...

အရိုးစုအား သယ်ဆောင်လာကြသော လူများအား ညွှန်ပြလိုက်သည်။

www.burmeseclassic.com



အရိုးစုအား သယ်ဆောင်လာကြသူများသည် အရိုးစုအား ထန်စန်း၏ရှေ့တွင် ချလိုက်ကြ၏။

သူက မျက်မှောင်ကုတ်လိုက်သည်။

"သူက မခုခံဘူးလား"

မေးဂူက ခေါင်းညိတ်လိုက်၏။

ပြီးမှ စိတ်ကြည်မသာစွာ ပြောလိုက်သည်။

"သူ့ကို တို့တွေ့တော့ တုံးလုံးလဲနေတဲ့အတိုင်းပဲ၊ သူ ဘယ်လိုလှုပ်ရှားတယ်ဆိုတာတော့ ဘယ်သူမှ မမြင်ပါဘူး၊ သူ့ကို ဓားနဲ့ခုတ်တော့လည်း ဘာမှပြန်မလှုပ်ရှားပါဘူး၊ သစ်တုံးကြီးအတိုင်းပါပဲကွာ၊ ခုလည်း မခုခံဘူး၊ များများလည်း မခုတ်ရပါဘူး၊ တစ်ချက်နှစ်ချက်လောက်ပါပဲကွာ"

ထန်စန်းက ဝေခွဲမရဟန်ဖြင့် တွေဝေနေလေသည်။

မေးဂူက လိုက်ပါလာကြသော သိုင်းသမားများဘက်သို့ လှည့်ကာ လက်ဝှေ့ယမ်းပြလိုက်၏။

"မင်းတို့ ပြန်နိုင်ကြပြီ"

သူ၏စကားဆုံးသည်နှင့် သိုင်းသမားများသည် အခန်းထဲမှ ထွက်ခွာသွားကြလေသည်။



အခန်းတွင်း၌ မေးဂူနှင့် ထန်စန်းတို့က ကျန်ရှိနေခဲ့၏။

ဤသို့ဆိုလျှင် ...

ချန်စွန်သည် မည်သည့်နေရာသို့ သွားရောက်နေပါသနည်း။

သူသည် မေးဂူနှင့် အတူတကွ ပြန်လည်ရောက်ရှိလာသည် မဟုတ်ပါလော။

သူသည် မည်သည့်နေရာတွင် ကျန်နေရစ်ခဲ့ပါသနည်း။

ဤသည်ကို ထန်စန်းက တွေးမိသည်။

သူ၏မျက်နှာမှာ မည်းမှောင်သွား၏။

ထန်စန်းသည် တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် ရုတ်တရက် မေးလိုက်လေ၏။

"အဖေ ... ချန်စွန် ဘယ်မှာကျန်နေရစ်ခဲ့သလဲဗျ"

ယခုမှပင် ...

ချန်စွန် ပါမလာသည်ကို မေးဂူက သတိပြုမိလိုက်၏။

"သူ ဘယ်မှာကျန်ခဲ့သလဲ ငါလည်း သတိမပြုမိဘူးကွ"

ထန်စန်းက အံကို တင်းတင်းကြိတ်လိုက်၏။

"ကျွန်တော် အပြင်ခဏသွားဦးမယ်"

မေးဂူက ခေါင်းခါယမ်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်း မေးဝေကို ထားပစ်ခဲ့ပြီး သွားလို့မရဘူး၊ အခုသေတာက မင်းမိန်းမကွ"

ထန်စန်းက ခေါင်းညိတ်လိုက်သည်။

"ကျွန်တော် အခုသွားမှာက မေးဝေအတွက် လိုအပ်တဲ့ ဆေးဝါးပစ္စည်းတစ်မျိုး သွားယူမလို့ပါ၊ ဒီဆေးဝါးတွေမရှိရင် မဖြစ်လို့ပါ အဖေ"

မေးဂူမှာ နားမလည်နိုင်အောင် ဖြစ်သွား၏။

ယခု ဤနေရာ၌ ရှုပ်ထွေးပွေလီသော ပြဿနာအမျိုးမျိုး ဖြစ်နေသည်။

ဤပြဿနာများကို သူလည်း မဖြေရှင်းနိုင်ပါ။

ချန်စွန်ကတော့ ဖြေရှင်းပေးရန် ကြိုးစားနေပုံရသည်။

ဤနေရာမှမထွက်ခွာဘဲ တစ်ယောက်တည်း ကျန်နေသင့်သူမှာ ထန်စန်းသာ ဖြစ်သင့်သည် မဟုတ်ပါလော။

ချန်စွန်သည်လည်း ဤနေရာ၌ မလိုအပ်ပါ။

ဖခင်ဖြစ်သော မိမိသည် မလိုအပ်ပါ။

လုပ်သင့်လုပ်ထိုက်သည်များကို ဖခင်တစ်ယောက်အနေဖြင့် ဆောင်ရွက်ရပါသည်။



လုပ်ဆောင်ရမည့်ကိစ္စပေါ်လာလျှင် မိမိသာ ထွက်ခွာသွားသင့်သည်။

ယခုတော့ ...

ထန်စန်းက သူ့အား ပြုံးပြလိုက်သည်။

"ခဏလေးပါ၊ ကျွန်တော် မကြာပါဘူး"

ပြောပြီးသည်နှင့် ...

အခန်းထဲမှ လှစ်ခနဲ ထွက်သွားလေတော့၏။

မေးဂူမှာ အံ့အားသင့်သွားသည်။

ထန်စန်း၏နောက်ကျောကိုကြည့်ကာ မျက်မှောင်ကုတ်လိုက်၏။

သူ၏လှုပ်ရှားပုံသည် အလွန်လျင်မြန်ဖျတ်လတ်သော သိုင်းသမားတစ်ယောက်၏ဟန်ပန်ဖြစ်နေသည်ကို မဟုတ်ပါလား။

သာမန် ဆေးဆရာတစ်ယောက်သည် ဤသို့လျင်မြန်စွာ မလှုပ်ရှားနိုင်ပေ။

အမှန်တွင် ...

ထန်စန်းမှာ သိုင်းပညာမတတ်သော ဆေးဆရာတစ်ယောက်ဖြစ်သည်ဟု မေးဂူ နားလည်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု သူ့အထင်မှားခဲ့ပြီလော။

သူ တွေဝေစဉ်းစားနေစဉ်မှာပင် ...

အဝေးမှ ဆူညံစွာထွက်ပေါ်လာသော မြင်းခွာသံများကို ကြားလိုက်ရလေတော့သည်။

မြင်းများသည် အရှိန်ပြင်းစွာဖြင့် ဒုန်းစိုင်းနှင်လာခြင်း ဖြစ်၏။

မကြာမီ ...

မြင်းများသည် မေးဂူ၏အိမ်ဂေဟာရှေ့တွင် ရပ်တန့်သွားသည်။

မေးဂူမှာ အံ့အားသင့်သွား၏။

ယခုကဲ့သို့ အချိန်မတော်ကာလမျိုးတွင် ...

မည်သူများ ရောက်ရှိလာကြပါသနည်း။

သူက တစ်စုံတစ်ခုကို တွေးမိလိုက်သည်။

ထိုအခါ ...

သူ၏မျက်နှာမှာ တင်းမာသွား၏။

ဤလူစုသည် ...

ကျင်းလုံကို သွားရောက်ခေါ်ဆောင်လာသော လက်ရွေးစင်



သိုင်းသမားများပင် ဖြစ်ရမည်။

ထိုစဉ်မှာပင် ...

လက်ရွေးစင်သိုင်းသမားများသည် လူငယ်တစ်ယောက်အား ပိုင်းရံ၍ခေါ်ဆောင်လာသည်ကို တွေ့လိုက်ရလေတော့သည်။

ကျင်းလုံသည် နားမလည်နိုင်သော မျက်လုံးအစုံဖြင့် မေးဂူအား ကြည့်လိုက်၏။

သူသည် ...

ယနေ့ နံနက်ပိုင်းကပင် မြစိမ်းကျေးရွာကို သွားရောက်ခဲ့သည်။

ညနေပိုင်းသို့ ရောက်ရှိလာသောအခါ ချမ်းမြကျေးရွာမှ လိုက်လာသောလူတစ်စုကို တွေ့လိုက်ရ၏။

ထိုလူစုသည် ...

မေးဂူ၏လက်ရွေးစင်သိုင်းသမားများ ဖြစ်ကြသည်။

မေးဂူသည် ...

ယင်းလက်ရွေးစင် သိုင်းသမားများအား သေရေးရှင်ရေး ကိစ္စရပ်များတွင်သာ အသုံးပြုတတ်၏။

ယခု ...

www.burmeseclassic.com

www.burmeseclassic.com



ထိုလူစုသည် မည်ကဲ့သို့သောကိစ္စမျိုးဖြင့် မြစိမ်းကျေးရွာသို့ ရောက်ရှိလာရပါသနည်း။

သူက ယင်းသို့တွေးတောနေစဉ်မှာပင် ...

သိုင်းသမားများ၏ခေါင်းဆောင်က သူ့အား မေးဂူက အမြန်ဆုံး လိုက်လာခဲ့ရန် မှာကြားလိုက်ကြောင်း လာပြောခဲ့၏။

ကျန်းလုံမှာ အံ့အားသင့်သွားသည်။

သူသည် မည်သို့မျှ နားမလည်နိုင်ဘဲ ချမ်းမြကျေးရွာသို့ အမြန်ဆုံးပြန်၍ လိုက်လာခဲ့ခြင်း ဖြစ်၏။

ကျင်းလုံသည် ယခုအထိ သိုင်းသမားများက ချမ်းမြကျေးရွာသို့ ဘာကြောင့် ပြန်ခေါ်ခဲ့သည်ကို မသိရသေးပေ။

သူ့ထံသို့ မေးဝေလာသည်မှန်သော်လည်း သူကတော့ မေးဝေထံသို့ တစ်ကြိမ်တစ်ခါမျှ မသွားခဲ့ချေ။

ထို့အတွက် သူသည် စိတ်အနှောင့်အယှက် မဖြစ်ပေ။

ယခု ...

သူသည် ထန်စန်း၏ဆေးဝါးချက်လုပ်သော အခန်းထဲသို့ ရောက်ရှိလာသောအခါ သူ၏မျက်လုံးအစုံမှာ ပြူးကျယ်သွားလေ၏။

အဘယ်ကြောင့်ဆိုသော် ...



စားပွဲပေါ်တွင် မေးဝေ၏အလောင်းကို တွေ့လိုက်ရခြင်း ကြောင့်ပေတည်း။

သူက မေးဂူအား နားမလည်နိုင်စွာဖြင့် ကြည့်လိုက်သည်။

"သခင်မလေးမေးဝေ သေဆုံးသွားပြီ မဟုတ်လား"

မေးဂူက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ သေသွားပြီ"

ကျင်းလုံ၏ခန္ဓာကိုယ်မှာ တုန်တုန်ယင်ယင် ဖြစ်လာသည်။

"သူ ဘာဖြစ်လို့ သေဆုံးသွားရတာလဲ"

မေးဂူက အေးတိအေးစက်လေသံဖြင့် ဖြေလိုက်၏။

"သူ အသတ်ခံလိုက်ရတာပါ"

ထိုစကားကို ကြားလိုက်ရသောအခါ ...

ကျင်းလုံမှာ ဒေါသခြောင်းခြောင်း ထွက်သွားသည်။

"ဘယ်သူသတ်တာလဲ"

သူ၏အသံမှာ ခက်ထန်မာကျောနေ၏။

ဒေါသသံဖြင့် မေးသည်ကတော့ အမှန်ပင်။

မေးဂူက လှောင်ပြုံးပြုံးလိုက်သည်။

"မင်း တကယ်မသိဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းလုံက ခေါင်းခါယမ်းလိုက်၏။

"သတ်တဲ့လူကို ပြောပြပါ၊ ကျွန်တော် အခုချက်ချင်း သွားပြီး သုတ်သင်ပါ့မယ်"

ထိုစကားကို ကြားလိုက်ရသောအခါ ...

မေးဝှက သဘောကျစွာ ရယ်မောလိုက်သည်။

"ဟား ... ဟား ... ဟား"

"ဟား ... ဟား ... ဟား"

ထိုစဉ်မှာပင် ...

သူ၏နောက်မှလည်း ရယ်သံတစ်ခု ထွက်ပေါ်လာ၏။

"ဟား ... ဟား ... ဟား"

သူက ရယ်မောခြင်းကို ရပ်လိုက်သည်။

သူ အံ့ဩသွားသည်။

အဘယ်ကြောင့် နောက်ထပ်ရယ်သံ ပေါ်လာရပါသနည်း။

သူသည် ဒေါသဖြင့် ချာခနဲလှည့်ကြည့်လိုက်သည်။

မိမိ၏ကျေးရွာသူကျေးရွာသားတစ်ယောက်သာ ဖြစ်ခဲ့လျှင် မှတ်လောက်သားလောက်အောင် ဆုံးမလိုက်မည်ဟု တွေးလိုက်မိသည်။



သူ တွေ့လိုက်ရလေပြီ။

ရယ်မောသူကို တွေ့ရပါပေပြီ။

သဘောကျစွာ ရယ်မောနေသူမှာ ဤကျေးရွာ၏ညွှန့်သည် ဖြစ်သော ချန်စွန်ပေတကား။

မေးဝှမှာ အံ့အားသင့်သွား၏။

"မင်းက ဘာကိုရယ်တာလဲ"

ချန်စွန်က ရယ်မောရာမှရပ်လိုက်ပြီး ပြန်မေးလိုက်သည်။

"ဦးလေးကကော ဘာကိုသဘောကျလို့ ရယ်တာလဲ"

မေးဝှမှာ မည်သို့ပြန်ဖြေရမှန်းမသိ ဖြစ်သွားသည်။

ချန်စွန်သည် ဤအဖြစ်အပျက်၌ သူ့အနေဖြင့် လုံးဝရယ်စရာ မရှိပါ။

သို့သော် ...

သူက တမင်ရယ်လိုက်ခြင်း ဖြစ်ပါသည်။

အဘယ်ကြောင့်ပါနည်း။

သူသည် မေးဝှက ကျင်းလုံအားကြည့်ပြီး လှောင်ရယ် ရယ်နေခြင်းကို လုံးဝမကြိုက်ပါ။ မကြိုက်သည်ကတော့ လုံးဝမကြိုက်ပါ။

သို့သော် ...

www.burmeseclassic.com

www.burmeseclassic.com



သူက ညှို့သည်ဖြစ်နေသည်။

မေးဂူကို မရယ်ပါနှင့်ဟု သူမ မပြောနိုင်ချေ။

သူက ညှို့သည်မဟုတ်ပါလား။

မေးဂူ ရယ်နေခြင်းကို ရပ်တန့်သွားစေမည့်လုပ်ရပ်တစ်ခု တည်းသာ ရှိသည်။

ဤသည်မှာ သူနှင့်အပြိုင် ရယ်မောခြင်းသာတည်း။

မှန်သည် ...။

သူ့လုပ်နည်းလုပ်ဟန် မှန်သွားသည်။

မေးဂူ ချက်ချင်း အရယ်ရပ်သွားသည်။

အတန်ကြာမှ မေးဂူက သက်ပြင်းချကာ ပြောသည်။

"ကျုပ်က ကျုပ်သမီးကို သတ်တဲ့တရားခံကို တွေ့ပြီလေ၊ ဒါကြောင့် ရယ်တာပါ"

ချန်စွန်၏မျက်လုံးများ ပြူးကျယ်သွား၏။

"ဟုတ်လား၊ ဘယ်သူလဲဗျ၊ တရားခံတွေ့တာ မြန်လှချည်လား"

မေးဂူသည် ကျင်းလုံကို လက်ညှိုးထိုးပြလိုက်လေသည်။

"သူပဲ"



ချန်စွန်က သက်ပြင်းချလိုက်သည်။

ကျင်းလုံမှာလည်း မျက်လုံးပြူးသွားသည်။

ချန်စွန်က ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းကာ ပြောလိုက်လေသည်။

"သူ မဟုတ်ဘူးဗျ"

"ဒါဖြင့် ဘယ်သူလဲ"

မေးဂူက မေးလိုက်ခြင်း မဟုတ်ပါချေ။

ချန်စွန်နောက်မှ လူတစ်ယောက်က ဝင်မေးလိုက်ခြင်း ဖြစ်ပါသည်။

ချန်စွန်က နောက်သို့ လှည့်ကြည့်လိုက်သည်။

ထိုအခါ ...

အခန်းထဲသို့ ထန်စန်း ပင်ရောက်လာသည်ကို တွေ့လိုက်ရလေတော့သည်။

❊❊❊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

ထန်စန်းသည် အခန်းထဲမှ ထွက်လာသည်နှင့်တစ်ပြိုင်နက် ဝါးရုံပင်များဆီသို့ ဦးတည်၍ ပြေးလွှားသွားလေသည်။

ထိုဝါးရုံပင်များအောက်ဆီ၌ မည်သည့်အဖြစ်အပျက်များ ဖြစ်ပွားခဲ့သနည်း။

ထိုနေရာကား သိမ်းငှက်ဆိုသောလူနှင့်သူ တိုက်ပွဲဖြစ်ပွားခဲ့ပေသည်။

သိမ်းငှက်ဆိုသောလူ၏ ချစ်မြတ်နိုးသော တိရစ္ဆာန်သိမ်းငှက်သည် သူ့ဓားချက်ဖြင့် ကိုယ်နှစ်ခြမ်း ပြတ်ခဲ့သည့်နေရာပင် မဟုတ်ပါလော။

သိမ်းငှက်နှင့် တိုက်ပွဲဖြစ်ခဲ့သည့်နေရာသို့ ရောက်သောအခါ ...

သူက ရပ်တန့်ကာ ဝန်းကျင်တစ်ပိုက်ကို အကဲခတ်၍ ကြည့်လိုက်သည်။



သူသည် တစ်စုံတစ်ခုကို ရှာဖွေနေခြင်း ဖြစ်သည်။

သူ့မျက်လုံးများသည် ကြီးကန်းတောင်းမှောက် ဖြစ်နေ၏။

ဤသို့ဆိုလျှင် ...

ထန်စန်း မည်သည့်အရာရာကို ရှာဖွေနေသနည်း။

သူရှာဖွေနေသည့်အရာမှာ တခြားမဟုတ်ချေ။

သေဆုံးနေသော သိမ်းငှက်တစ်ကောင်ကိုပင် ဖြစ်ပါသည်။

သူသည် ပိုက်စိပ်တိုက်ရှာဖွေ၏။

သူသည် မြေပေါ်သို့ သေရှာစွာစိုက်ကြည့်ကာ သိမ်းငှက်ကို ရှာဖွေလေသည်။

သို့သော် ...

သူ လိုချင်သော သိမ်းငှက်သေမှာ ရှိမနေတော့ပါချေ။

သူ ရင်ထိတ်သွားသည်။

သိမ်းငှက်သေအား မည်သူက ယူဆောင်သွားပါသနည်း။

သူ အနည်းငယ် စဉ်းစားလိုက်သည်။

“ဒီသိမ်းငှက်အသေကောင်ကို ဘယ်သူ ယူသွားနိုင်သလဲ”

“သိမ်းငှက်”

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင် ဒီနေရာကို ပြန်လာပြီး ပြန်ယူရုံမှာ မဟုတ်ဘူး၊ ဒီမှာရှိတဲ့လူတွေအားလုံးကို သူ ရင်မဆိုင်ရဲဘူး၊ အားလုံးကို သူ ဖြေရှင်းပြနေရမယ်"

သူသည် သိမ်းငှက်မဖြစ်နိုင်ဟု ပယ်ချလိုက်သည်။

"ဒါဖြင့် ဘယ်သူလဲ"

သူ့အနေဖြင့် ...

မည်သို့မျှ မတတ်နိုင်တော့ပါချေ။

သိမ်းငှက်သေကို မတွေ့ခြင်းသည် ပြဿနာကို သူပို၍ ဖြေရှင်းရတော့မည်ဟု သိလိုက်မိ၏။

ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ယမ်းကြည့်ရှုလိုက်လေသည်။

ထို့နောက် ...

သက်ပြင်းချကာ အိမ်ကလေးဆီသို့ ပြန်လာရလေတော့သည်။

❋



ထန်စန်း၏ မျက်လုံးအစုံမှာ နီရဲနေသည်။

ထိုမျက်လုံးများမှ အခိုးအငွေ့တို့ ထွက်နေသကဲ့သို့ပင် ထင်မှတ်ရသည်။

ကျင်းလုံအား မျက်တောင်မခတ် စိုက်ကြည့်နေလေသည်။

ကျင်းလုံက သူ့အားကြည့်၍ ခေါ်လိုက်၏။

"သခင်လေး"

သူက လက်ကာပြလိုက်၏။

"မင်း ငါ့ကို ခေါ်စရာမလိုပါဘူး"

ကျင်းလုံမှာ အံ့အားသင့်သွားသည်။

"ဗျာ"

သူသည် ...

ညှိုးမည်းသော ထန်စန်း၏မျက်နှာကိုကြည့်၍ မျက်နှာပျက်သွား၏။

မေးဂူက ပြုံးလိုက်သည်။

"မင်းက ဘာမှ နားမလည်နိုင်ဘူး ဟုတ်လား"

ကျင်းလုံက ပါးစပ်ပိတ်ထား၏။

သူသည် အခြေအနေကို နားလည်လိုက်လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



မေးဂူ၏ပြောပုံဆိုပုံများနှင့် ထန်စန်း၏အကြည့်ကြောင့် သူတို့သည် ဖြစ်ပုံပျက်ပုံများကို သိရှိသွားပြီဖြစ်ကြောင်း ရိပ်မိလိုက်၏။

သို့သော် မေးဝေ လာနေသည်ကို သူကလည်း တားဆီးခဲ့ပါသည်။

တားမှမရဘဲ သူ မည်သို့တတ်နိုင်ပါမည်နည်း။

ထိုစဉ် မေးဂူက မေးဝေ၏အလောင်းအား လက်ညှိုးညွှန်ပြလိုက် ၏။

"မင်းက သူ မသေစေချင်ဘူး မဟုတ်လား"

ကျင်းလုံက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ ကျွန်တော် မသေစေချင်ပါဘူး"

မေးဂူက ဒေါသတကြီးဖြင့် အော်လိုက်၏။

"ဒါပေမဲ့ ... သူသေသွားပြီကွ၊ သူ့ကို ဘယ်သူသတ်သလဲ"

ကျင်းလုံက ခေါင်းခါယမ်းလိုက်၏။

"ကျွန်တော် မသိဘူး၊ ဒါတော့ ယုံပါ၊ သခင်ကြီး စဉ်းစားကြည့်ပါ၊ ကျွန်တော်က သခင်မလေးကို ဘာလို့သတ်ရမှာလဲ"

မေးဂူက လှောင်ပြုံး ပြုံးလိုက်သည်။



"မင်း တကယ်မသတ်ဘူးလား"

ကျင်းလုံက ခေါင်းညိတ်၏။

"ဟုတ်ပါတယ်၊ ကျွန်တော် မသတ်ပါဘူး၊ ကျွန်တော် မသတ်တာကို မိုးနတ်မင်း သိပါတယ်"

ချန်စွန်က ကြားဖြတ်ပြောလိုက်သည်။

"သူ မဟုတ်ဘူးဆိုတာတော့ ကျိန်းသေတယ်ဗျ"

ထိုစကားကြောင့် မေးဂူ မျက်လုံးအစုံမှာ ပြူးကျယ်သွား၏။

"မင်းက ကျိန်းသေ ပြောနိုင်လို့လား"

သူက ပြုံးလိုက်သည်။

"ဦးလေး နားလည်အောင် ရှင်းပြပါ့မယ်၊ အကြောင်းတွေ ထောက်ကွက်တွေက ဒီလိုရှိပါတယ်"

ထို့နောက် ...

ချန်စွန်က သူသံသယဝင်သည့် အကြောင်းများကို ပြောပြလိုက်လေသည်။

"မေးဝေ ဒီအခန်းထဲကို လာတယ်၊ ဘာအကြောင်းကြောင့် လာသလဲ၊ လာပြီး ခေါင်းတလားကို ဖွင့်တယ်၊ ဘာကြောင့် ဖွင့်ရသလဲ၊ အဲဒီအချက်ဟာ ဒီပြဿနာရဲ့အရေးကြီးဆုံး အချက်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



ချန်စွန်သည် သူ၏ရှင်းပြချက် နိဒါန်းကို ဤသို့ဖွင့်လိုက်၏။

မေးဂူသည် အံကြိတ်ပြီး နားထောင်နေ၏။

ချန်စွန်က ဆက်၍ ရှင်းပြသည်။

"ဒီအချက်ကို ကျုပ် အင်မတန် သိချင်တယ်၊ ဒါကြောင့် လောက်ကင်းနဲ့ အိလောက်ဆီသွားပြီး သူတို့ ခေါင်းပို့တဲ့ ခရီးစဉ်လမ်းမှာ ဖြစ်ပျက်တဲ့ အဖြစ်အပျက်၊ သူတို့သွားခဲ့တဲ့ ခရီးဆုံး၊ အဲဒါတွေ မေးခဲ့တော့ ..."

သူသည် စကားရပ်လိုက်၏။

သူသည် နားထောင်သူများ၏သိချင်စိတ်ကို နှိုးဆွပေးလိုက်သည့်အလား စကားပြောတတ်သည်။

မေးဂူက မေးလိုက်၏။

"မင်း ဘာတွေသိခဲ့သလဲ"

"သူတို့ကို ရွှေကျားပုံအာမခံဌာနက သိုင်းသမားတွေ လာ ရှာတယ်ဆိုတဲ့သတင်း၊ သူတို့ဆီကို လူတစ်ယောက်က ခေါင်းတစ်လုံး ပို့ပေးဖို့ လာအပ်တဲ့သတင်း၊ အဲဒီ လာအပ်တဲ့လူကို မြစိမ်းကျေးရွာမှာ တွေ့တော့ သူ့ပခုံးပေါ်မှာ သိမ်းငှက်တစ်ကောင် ရှိနေတယ်ဆိုတဲ့ သတင်း ... စတဲ့သတင်းတွေကို ကျွန်တော် ရခဲ့တယ်"



ချန်စွန်က စကားကို ရပ်လိုက်၏။

ထို့နောက် ...

မေးဂူအား တစ်ချက်ကြည့်၍ မေးလိုက်၏။

"ကျွန်တော်ပြောတာတွေကို ခင်ဗျား နားလည်သလား"

မေးဂူက အနည်းငယ် စဉ်းစားလိုက်၏။

"ရွှေကျားပုံအာမခံဌာနရဲ့ပစ္စည်းတွေကို လုယူသွားခဲ့တဲ့လူရဲ့ လုပ်ဆောင်ချက်ဟာ သိမ်းငှက်ဆိုတဲ့ ဓားပြရဲ့လုပ်ဆောင်ချက်နဲ့ သိပ်တူတာပဲ"

ချန်စွန်က လက်ဖျစ်တစ်ချက် တီးလိုက်သည်။

သူသည် မေးဂူ သဘောပေါက်သည်ကို သိလိုက်သဖြင့် အားတက်သွား၏။

"ဟုတ်ပြီ၊ သိမ်းငှက်က ရတနာပစ္စည်းတွေကို လုယူ၊ နောက်ပြီး အခေါင်းထဲကို ထည့်ပြီး လောက်ကင်းတို့ကို ပို့ခိုင်းလိုက်တယ်"

မေးဂူမှာ တွေဝေသွား၏။

"အဲဒီကျောက်မျက်ရတနာတွေနဲ့ ကျုပ်သမီး သေဆုံးတာနဲ့ ဘာဆိုင်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



သူက ပြုံးလိုက်သည်။

"ဆိုင်တာပေါ့ဗျ၊ မေးဝေဟာ ကျောက်မျက်ရတနာပစ္စည်းကို နှစ်သက်တယ် မဟုတ်လား၊ ကျုပ် သူ့ညီမကို မေးပြီးပြီ၊ သူ့ညီမကလည်း ဖန်ခံတယ်"

မေးဂွကခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ကျောက်မျက်ရတနာဆိုရင် သူ အင်မတန်နှစ်သက်တာဗျ"

ချန်စွန်က သက်ပြင်းချလိုက်သည်။

"ဒါကြောင့်လည်း သူ သေဆုံးသွားရတာပေါ့ဗျာ"

မေးဂွက မျက်မှောင်ကြုတ်လိုက်၏။

"မင်း ... ဘာကိုဆိုလိုတာလဲ၊ ဘာသက်သေရှိလို့လဲ"

ချန်စွန်က ပြုံးလိုက်သည်။

"ဒီလိုလေဗျာ ... ရှေးကျားပုံအာမခံဌာနက ကျောက်မျက်ရတနာတွေဟာ သိမ်းငှက်ရဲ့လှည့်ကွက်ကြောင့် လောက်ကင်းတို့က သယ်ဆောင်လာမယ်၊ ပြီးတော့ ..."

ချန်စွန်က စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်တန့်ထားကာ ထန်စန်းအား ကြည့်လိုက်သည်။



မေးဂွက စိတ်ဝင်စားစွာ မေးလိုက်သည်။

"ပြီးတော့ ... ဘာဖြစ်သလဲ"

ချန်စွန်က ဆက်ပြောလိုက်၏။

"ပြီးတော့ ... ဒီရတနာတွေက အခေါင်းချင်းမှားပြီး ထန်စန်းဆီကို ရောက်လာရမယ်"

ထိုစကားကြောင့် ...

ထန်စန်း၏မျက်နှာမှာ ကွက်ခနဲပျက်သွားသည်။

ချန်စွန်သည် သိုင်းသမားကောင်းတစ်ယောက် ဖြစ်သည့်သာမက နေ့စပ်သော စုံစမ်းစစ်ဆေးသူလည်း ဖြစ်နေပုံရသည်။

သူသည် ဖြစ်ပုံပျက်ပုံအခြေအနေများကို တစ်ခုချင်း ချပြလိုက်သောအခါ မေးဂွ ရိပ်ဖမ်းသံဖမ်း သိရှိလာတော့သည်။

မေးဂွသည် အခြေအနေအရပ်ရပ်ကို နားလည်သဘောပေါက်စ ပြုလာပြီဖြစ်သည်။

ထို့ကြောင့် ...

သူက ထန်စန်းအားကြည့်ကာ မေးလိုက်သည်။

"အဲဒီရတနာပစ္စည်းတွေက မင်းဆီမှာလား"

ထန်စန်းမှာ မငြင်းသာတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ချစ်စွန်၏စကားက စေ့စပ်သေချာလှသည် မဟုတ်ပါလား။

ထို့ကြောင့် ...

သူက ခေါင်းညိတ်ပြလိုက်ရလေတော့၏။

"ဟုတ်ပါတယ်"

ထိုစကားကြောင့် ...

မေးဂူမှာ အံ့အားသင့်သွားသည်။

သူက သေချာစေ့စပ်ရန် ထပ်မံ၍ မေးမြန်းလိုက်၏။

"ရတနာပစ္စည်းတွေကို မင်းယူထားသလား"

ထန်စန်းက ထပ်မံ၍ ခေါင်းညိတ်လိုက်သည်။

"ယူထားပါတယ်"

မေးဂူမှာ ဒေါသခြောင်းခြောင်း ထွက်လာလေ၏။

ဒေါသထွက်လွန်း၍ သူ၏ခန္ဓာကိုယ်မှာ တုန်တုန်ယင်ယင် ဖြစ်သွားသည်။

"ဒါဖြင့် ... မင်း ... မင်း ... မင်း"

သူ၏စကားမှာ တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားသည်။

အဘယ်ကြောင့်ဆိုသော် ...

ထန်စန်းက လက်ကာပြလိုက်ခြင်းကြောင့်ပေတည်း။



ထန်စန်းသည် စားပွဲပေါ်မှ မေးဝေ၏အလောင်းအား စိုက်ကြည့်လိုက်ပြီး ...

"စကားကို သိပ်ကျယ်ကျယ်မပြောပါနဲ့ ခင်ဗျားလူက အသက် ပြန်ဝင်လာနေပြီဗျ"

ထိုစကားကြောင့် အားလုံးသောလူများမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

သူတို့က မေးဝေ၏အလောင်းအား ဝိုင်း၍ကြည့်ကြသည်။

လှုပ်ရှားလာလေမလား ... လှုပ်ရှားလာလေမလား ... ဟူသောအသိဖြင့် ကြည့်ကြခြင်းဖြစ်သည်။

မေးဝေ၏အလောင်းသည် စားပွဲပေါ်၌ ငြိမ်သက်စွာရှိနေ၏။

ထန်စန်းက မေးဝေ၏လက်တစ်ဖက်ကို စမ်းသပ်ကြည့်လိုက်သည်။

"ဟုတ်ပြီ ... သူ အသက်ပြန်ရှူလာပြီဗျ"

သူ၏စကားကြောင့် မေးဝေမှာ ဝမ်းသာအားရဖြစ်သွား၏။

ဖခင် မဟုတ်ပါလား။

သမီး အသက်ပြန်ရှင်လာသည်ဆိုတော့ အလွန်တရာ ဝမ်း

www.burmeseclassic.com

www.burmeseclassic.com



သာမိမည်ပေါ့လေ။

"ဟင် ... ဟုတ်လား"

ထန်စန်းက မေးဝေ၏အလောင်းအား မျက်တောင်မခတ် စိုက်ကြည့်ရင်း ...

"သူ သိပ်ပြီးအားနည်းနေတယ်ဗျ၊ သူ့ကို အတွင်းအား နည်းနည်းလောက် သွင်းပေးမှဖြစ်မယ်"

အသက် တကယ်ပြန်ရှင်လာပြီဟူသော အတွေးကြောင်း မေးဝေ၏ခန္ဓာကိုယ်မှာ အနည်းငယ် လှုပ်ရှားလာသည်ဟုပင် မေးဂူက ထင်မှတ်လိုက်မိ၏။

တကယ်တော့ မေးဝေ လှုပ်ရှားသည်မဟုတ်ပါ။

သူသည် ...

မေးဝေ၏အလောင်းအနီးသို့ ချဉ်းကပ်သွားပြီး လက်နှစ်ဖက်ကို အတွင်းအား စုစည်းကာ မေးဝေ၏ဦးခေါင်းမှ သွေးကြောများဆီသို့ ပို့ဆောင်ပေးလိုက်သည်။

ချန်စွန်မှာလည်း မနေနိုင်တော့ပါချေ။

သူက မေးဝေ၏ခြေထောက်နှစ်ဖက်ကို လက်ဖြင့် ဆုပ်ကိုင်လိုက်ပြီး အတွင်းအားများကို ထုတ်လွှတ်လိုက်ရလေတော့သည်။



ထန်စန်းသည် မဟုတ်ရာလုပ်ရာတွင် တကယ် အကြံကောင်း ဉာဏ်ကောင်းပြီး ပြည့်စုံသူဖြစ်သည်။

မေးဂူနှင့်ချန်စွန်တို့ကို အာရုံလွှဲမည်ဆိုလျှင် တော်တော်တန်တန်ကိစ္စနှင့် အာရုံလွှဲ၍မရပါ။

ဒီတော့ မေးဝေ၏အလောင်းနှင့် အာရုံလွှဲမှသာ ရမည်ကို သူသိသည်။

သူသည် အလွန်ဉာဏ်ကောင်းသူဖြစ်၍ မေးဝေအသက် ပြန်ဝင်လာပြီဟု စကားစပြီး အာရုံလွှဲလိုက်သည်။

သူ ထင်ထားသည့်အတိုင်း မေးဂူက ပထမဆုံး သူ့ထောင်ချောက်ထဲ ဝင်လာသည်။

ချန်စွန်က သူ့ထောင်ချောက်ထဲဝင်သည့် ဒုတိယလူပင်ဖြစ်သည်။

ထိုအချိန်အတွင်းမှာပင် ...

မည်သို့မျှ မျှော်လင့်မထားသော လှုပ်ရှားမှုမျိုးကို ထန်စန်းက ပြုလုပ်လိုက်လေ၏။

ရုတ်တရက် ...

ထန်စန်း၏လက်တစ်ဖက်မှာ မြောက်တက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်းမှာပင် ...

အလင်းရောင်တန်းကလေးသုံးခုသည် ကျင်းလုံထံသို့ လွင့်ပျံသွားလေတော့သည်။

ဤသည်မှာ ချန်စွန်ရော၊ မေးဝူပါ မမျှော်လင့်သည့် လှုပ်ရှားမှုဖြစ်သည်။

ချန်စွန်ရော ...

မေးဝူပါ ကြက်သေသေသွားကြသည်။

မေးဝူကတော့ မည်သို့မျှ မလှုပ်ရှားနိုင်သော်လည်း ...

ချန်စွန်၏လက်နှစ်ဖက်မှာ လျှပ်ပြက်သကဲ့သို့ လှုပ်ရှားသွား၏။

သူက ဓါးမှာများကို ဆွဲထုတ်လိုက်ပြီး ကျင်းလုံထံသို့ ပစ်လွင့်သွားသော လက်နက်ပုန်းကလေးများအား ရိုက်ချလိုက်သည်။

'ထန်း ... ထန်း'

အသံနှင့်အတူ ...

ဓါးပါးလေးနှစ်လက်မှာ အောက်သို့ လွင့်စဉ်ကျသွားသည်။

သို့သော် ...

ကျန်ဓါးပါးတစ်လက်မှာမူ ...



ကျင်းလုံ၏ရင်ဘတ်သို့ တည့်မတ်စွာ စိုက်ဝင်သွား၏။

'ဒုတ်'

'အွန့်'

ကျင်းလုံ၏မျက်နှာမှာ ရှုံ့မဲ့သွားလေသည်။

သူက ထန်စန်းအား မယုံကြည်နိုင်စွာဖြင့် ကြည့်လိုက်၏။

"ခင် ... ခင်ဗျား"

သူက စကားကိုပင် ဆုံးအောင် မပြောနိုင်တော့ချေ။

အရုပ်ကြိုးပြတ် လဲကျသေဆုံးသွားလေတော့သည်။

ချန်စွန်က ဓါးပါးကလေးများကို ဓါးနှင့်ရိုက်ထုတ်ရာ၌ နှစ်လက်သာ ရိုက်ထုတ်နိုင်ပြီး တစ်လက်ကို ရိုက်မထုတ်နိုင်ခဲ့ချေ။

ဤသည်မှာ မေးဝေ၏ခြေထောက်ကိုကိုင်ပြီး အတွင်းအား သွင်းပေးလိုက်သောကြောင့်ဖြစ်သည်။

ထန်စန်း၏ထောင်ချောက်အတွင်း ဝင်မိသွား၍ ဓါးတစ်လက်ကို ရိုက်မထုတ်မိခြင်းဖြစ်သည်။

ထန်စန်းသည် ...

လဲကျသေဆုံးသွားသော ကျင်းလုံအား ကြည့်ကာ အားရပါးရ ရယ်မောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ဟား ... ဟား"

သူ၏ရယ်သံတွင် ...

ဝမ်းသာခြင်း၊ စိတ်ပြင်းခြင်းများ ရောယှက်ပါဝင်နေသည်ဟု ချွန်စွန်က ရိပ်မိလိုက်သည်။

တစ်ဆက်တည်းမှာပင် ...

သူက ထန်စန်းကိုကြည့်ကာ ပြောလိုက်လေ၏။

"ခင်ဗျားဟာ အလွန်ဉာဏ်ကောင်းတဲ့ လူတစ်ယောက်ပါဗျာ"

သူ၏ချီးကျူးစကားသည် ချွန်စွန်၏နားထဲသို့ သံရေပူလောင်းထည့်သကဲ့သို့ စီးဝင်လာလေတော့၏။

❊❊❊



## အခန်း (၂၁)

အဖြစ်အပျက်မှာ လျင်မြန်လွန်းလှ၏။

မေးဂူမှာ နားမလည်နိုင်ဘဲ ဖြစ်သွားသည်။

သူသည် လဲကျသေဆုံးနေသော ကျင်းလုံအား ကြည့်လိုက်၏။

ထို့နောက် ...

ထန်စန်းဘက်သို့လှည့်ကာ မေးလိုက်သည်။

"မင်း သူ့ကိုသတ်လိုက်တယ် ဟုတ်လား"

ထန်စန်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ... ကျုပ် သတ်လိုက်တယ်"

ထန်စန်း၏လေသံသည် ပြောင်းသွား၏။

မေးဂူကိုပင် လေးစားမှု မရှိတော့ပေ။

မေးဂူ မျက်မှောင်ကြုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက သူ့ကိုလေးစားသည်၊ မလေးစားသည်ကို ဂရုစိုက်ပါ။

"ဘာဖြစ်လို့ သတ်လိုက်ရတာလဲ"

ထန်စန်းက သဘောကျစွာ ရယ်မောလိုက်၏။

"သူဟာ သေသင့်တဲ့ လူတစ်ယောက်ဆိုတာ ခင်ဗျား သိပါတယ်"

မေးဂူက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး၊ သူက ဘာကြောင့် သေသင့်ရမှာလဲ"

ထန်စန်းက မျက်နှာကိုမဲ့လိုက်၏။

"သူဟာ သစ္စာမရှိတဲ့လူတစ်ယောက်ပဲ"

မေးဂူက သက်ပြင်းချလိုက်သည်။

သူသည် အမှန်တရားကို သိမြင်သူဖြစ်သည်။

"မင်း သူ့ကိုမသတ်သင့်ဘူး"

"ခင်ဗျားက ကျုပ်ကို ဒီလိုပြောရက်သလား"

"သူ သစ္စာမဲ့တယ်ဆိုတာ ငါ့သမီးက သူ့ဆီ သွားလို့ကွ၊ သူက စပြီး စည်းဖောက်တာမဟုတ်ဘူး၊ သူက စပြီး ဖျားယောင်း သွေးဆောင်တာ မဟုတ်ဘူး၊ ငါ့သမီးရဲ့ရုပ်ရည် ဘယ်လိုရှိတယ်ဆိုတာ တစ်ရွာလုံး သိကြတာပဲ၊ ငါ့သမီးကစပြီး စည်းဖောက်တော့ သူလည်း ဘယ်ခံနိုင်မှာလဲ"



ထန်စန်း၏မျက်နှာမှာ ခက်ထန်သွားသည်။

"ဘာပဲဖြစ်ဖြစ် သူ သေကိုသေရမယ်၊ ကျုပ် သူ့ကို ခွင့်မလွှတ်ဘူး၊ သူသေမှ ကျုပ် ကျေနပ်နိုင်မယ်ဗျ"

မေးဂူက ထပ်မံခေါင်းခါယမ်းလိုက်၏။

"မဟုတ်ဘူး၊ မေးဝေ ဒီလိုသစ္စာဖောက်နေတာကို မင်းက သိထားတယ် မဟုတ်လား၊ အခု ငါ သဘောပေါက်လာပြီ၊ မင်း တားနိုင်လျက်သားနဲ့ မတားဘဲ ဒီအတိုင်းကြည့်နေတယ်"

ထန်စန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ် သိထားတာကြာပြီ"

မေးဂူက မျက်မှောင်ကြုတ်လိုက်သည်။

"ဒါဖြင့် မင်းက ဘာဖြစ်လို့ ကျုပ်ကို မပြောရတာလဲ"

ထန်စန်းက မဲ့ပြုံး ပြုံးလိုက်သည်။

"ခင်ဗျားကို ပြောပြရင်လည်း ဘာအကြောင်းထူးမှာလဲ၊ မေးဝေကို ခင်ဗျားက သိပ်ပြီး အသနားပိုနေတာဆိုတော့ သူ့ကို ခင်ဗျားက သတ်မှာမဟုတ်ဘူး၊ ဒီလိုဆိုရင် ကျွင်းလုံ့လည်း ဘယ်မှာ သေစရာအကြောင်း ရှိတော့မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



မေးဂူက မျက်မှောင်ကြုတ်ပြီး မေးလိုက်သည်။

"ဒါဖြင့် မင်းက မေးဝေကို သတ်ပစ်လိုက်တယ်ပေါ့"

ထန်စန်းက ဇလေသံပြတ်ပြတ်ဖြင့် ပြောလိုက်သည်။

"ဟုတ်တယ်၊ ကျုပ်က သူ့ကို သတ်ပစ်လိုက်တယ်"

ထိုစကားများသည် ...

နားတွင်းသို့ သံရည်ပူများ စီးဝင်သွားသကဲ့သို့ မေးဂူ ခံစားလိုက်ရ၏။

ယခု ...

သူသည် အခြေအနေအရပ်ရပ်ကို နားလည်သဘောပေါက်လာခဲ့လေပြီ။

"အသက်ရှင်လာအောင် လုပ်နိုင်တယ်ဆိုတာကရော"

ထန်စန်းက သဘောကျစွာ ရယ်လိုက်၏။

"ဟား ဟား ဟား"

"ခင်ဗျားဟာ သိုင်းပညာတော်သလောက် အဲဒီဘက်မှာတော့ အတော်ညံ့တယ်၊ ခင်ဗျား ဘယ်မှာ ကြားဖူးသလဲ၊ လူသေက အသက်ပြန်ရှင်တယ်လို့၊ ခင်ဗျား အမြဲတမ်း မှတ်ထား၊ လောကမှာ သေပြီးတဲ့လူဟာ ဘယ်တော့မှ ပြန်မရှင်ဘူးဗျ"



ချန်စွန်က ဝင်ရောက်ထောက်ခံလိုက်၏။

"ဟုတ်တယ်၊ ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စကို ဦးက ယုံနေတယ်"

မေးဂူက အံကို တင်းတင်းကြိတ်လိုက်၏။

"ဒါဖြင့် မင်းက ငါ့ကို ဘာကြောင့် လိမ်ပြောရတာလဲ"

သူ၏မျက်နှာမှာ တည်ကြည်လေးနက်သွားသည်။

"ကျုပ်က ဒီလိုမှ လိမ်မပြောရင် ခင်ဗျားက ဘယ်လိုလုပ်ပြီး ယုံကြည်မှာလဲ"

မေးဂူက မျက်မှောင်ကုတ်လိုက်၏။

"ကျုပ်က မင်းပြောတာကို ယုံကြည်ပါပြီတဲ့၊ အဲဒါဟာ ဘာအကျိုးထူးမှာလဲ"

သူက ချန်စွန်အား ဒေါသတကြီးဖြင့် ကြည့်လိုက်လေသည်။

"သူသာ ပါမလာဘူးဆိုရင် သိပ်ပြီး အကျိုးထူးတာပေါ့ဗျာ"

ချန်စွန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ကျုပ်သာပါမလာရင် ခင်ဗျားရဲ့အရိုးစုဟာ အသက်ပြန်ရှင်ပြီး လူသတ်တယ်ဆိုတာကို အားလုံးက ယုံကြည်နေကြဦးမှာပဲ၊ ဒီလိုဆိုရင် သူ့အကြံအစည်က အောင်မြင်သွားပြီပေါ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



သူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ခင်ဗျားဟာ အရာရာကို နားလည်သဘော ပေါက်နိုင်စွမ်းရှိတဲ့ လူတစ်ယောက်ပါပဲ၊ ခင်ဗျားဟာ သိပ်ပါးနပ်တယ်၊ အရာရာမှာ သိပ်ပါးနပ်ရင် မကောင်းဘူး"

ချန်စွန်က ခေါင်းခါယမ်းလိုက်၏။

"ဒီလိုလည်း မဟုတ်သေးပါဘူး၊ ကျုပ်က ထူးဆန်းတဲ့အဖြစ်အပျက်မျိုးကိုသာ စိတ်ဝင်စားတာပါ၊ နောက်ပြီး သူများပြောတိုင်းလည်း မယုံကြည်တတ်လို့ပါ"

မေးဝူက နောင်တရသလို ပြောသည်။

"အဲဒါ ကျုပ်ရဲ့အမှားပဲ၊ ကျုပ်ဟာ ကျုပ်သမီးနဲ့ မပေးစားခင်ကတည်းက သူ့ကို ယုံကြည်မိခဲ့တယ်၊ လူတစ်ဦးကို ယုံကြည်မိရင် အရမ်းယုံကြည်မိတာဟာ ကျုပ်ရဲ့အမှားပဲ၊ သူပြောခဲ့သမျှကို ယုံကြည်မိတာ သူ့အလုပ်ကို မဆန်းစစ်မိတာ သံသယမရှိတာ ကျုပ်ရဲ့အမှားတွေပေါ့ဗျာ"

စိတ်မကောင်းခြင်း ကြီးစွာဖြင့် ပြောကြားလိုက်လေသည်။

မေးဝူ၏ပြောစကားကြောင့် ချန်စွန်သည် စိတ်ထိခိုက်သွားသည်။



မေးဝူကို နှစ်သိမ့်မှုပေးရန် လိုအပ်ကြောင်း သူသဘောပေါက်သည်။

"အဲဒီလိုတော့ မပြောပါနဲ့ ဦးလေးရယ်၊ လိမ်ဖို့ကြံစည်ထားတဲ့လူဟာ အားလုံး ပိပိရိရိလိမ်တတ်တာပဲ၊ ဦးလေးတင်မဟုတ်ဘူး ကျုပ်လည်း ဦးလေးနေရာရောက်ရင် အလိမ်ခံရနေတယ်ဆိုတာသိရင် အချိန်မီ ပြန်ပြင်နိုင်တာပါပဲ"

"ကျုပ်လည်း စောစောကမှ ရိပ်မိတာပါ"

"ဘယ်အချိန်ကလဲဟင်"

"သူ အပြင်ထွက်မယ်ဆိုတဲ့ အချိန်ကလေး၊ သူ့လှုပ်ရှားမှုဟာ ဆေးဆရာတစ်ယောက်ရဲ့လှုပ်ရှားမှုနဲ့ မတူဘူး၊ သိုင်းသမားရဲ့ လှုပ်ရှားမှုနဲ့ တူတယ်လို့"

မေးဝူက ထန်စန်းအား တင်းမာခက်ထန်သော မျက်နှာထားဖြင့် ကြည့်၍ ပြောလိုက်၏။

"ဘာပဲဖြစ်ဖြစ် ငါ့သမီးကိုတော့ သတ်ပစ်ဖို့ မကောင်းဘူးကွ"

ထန်စန်းက မဲ့ပြုံး ပြုံးလိုက်၏။

"ကျုပ်က သတ်ချင်တာ မဟုတ်ပါဘူး ခင်ဗျားသမီးက သစ္စာ

www.burmeseclassic.com

www.burmeseclassic.com



မဲ့တာကိုးဗျ။ ကျုပ်က ဆေးဆရာတစ်ယောက်ဆိုတော့ ဘယ်အရာကိုမဆို သန့်သန့်ရှင်းရှင်းမှ ကြိုက်နှစ်သက်တယ်၊ ကျုပ်မိန်းမကလည်း ကျုပ်အပေါ် သန့်သန့်ရှင်းရှင်း ချစ်နေရမယ်"

မေးဝှုက အေးတိအေးစက် လေသံဖြင့် ပြောလိုက်သည်။

"မင်းကရော သူ့ကို နွေးနွေးထွေးထွေး ချစ်ခင်ဆက်ဆံလို့လား"

"မင်းက သူများအသက်ကို သတ်လိုက်တယ်ဆိုတော့ မင်းသေဖို့ စဉ်းစားမိရဲ့လား"

ထန်စန်းက ပခုံးတွန့်လိုက်၏။

"ကျုပ်က ဘာမဆို စဉ်းစားပြီးမှ လုပ်တာပဲဗျ။ ဒါပေမဲ့ ကျုပ်သေဖို့ကိုတော့ မစဉ်းစားဘူး"

ထိုစကားကြောင့် ...

မေးဝှု၏မျက်နှာမှာ တင်းမာခက်ထန်သွားလေတော့သည်။

"ဒီကနေ့ မင်းမသေရင် ငါသေဖို့ပဲ ရှိတယ်၊ နှစ်လမ်းထဲက တစ်လမ်းပဲဖြစ်မယ်"

ပြောပြီးသည်နှင့် ...

ဓါးမှားကို ဆွဲထုတ်ရန် ဟန်ပြင်လိုက်၏။



ရုတ်တရက် ... ချန်စွန်က ဟန့်တားလိုက်သည်။

"နေဦး၊ သူ့ကိုသတ်လို့ မဖြစ်သေးဘူးဗျ"

မေးဝှု မျက်မှောင်ကုတ်လိုက်၏။

"ဘာဖြစ်လို့လဲ"

ချန်စွန်က တည်ကြည်သောလေသံဖြင့် ပြောလိုက်သည်။

"သူသေသွားရင် ရွှေကျားပျံအာမခံဌာနက ရတနာပစ္စည်းတွေ ဘယ်မှာရှိသလဲဆိုတာ မသိရဘဲ ဖြစ်သွားမှာပေါ့၊ ရွှေကျားပျံဌာန ဆုံးရှုံးမှာပေါ့"

မေးဝှု ခေါင်းညိတ်၏။

"ဟုတ်တယ်၊ ဒီအချက်ကို ငါမေ့နေတယ်၊ ရွှေကျားပျံအာမခံဌာန မဆုံးရှုံးစေရဘူး၊ သူ့ပိုင်ရှင်တွေ မနစ်နာစေရဘူး"

တစ်ဆက်တည်းပင် ...

သူက ထန်စန်းဘက်သို့လှည့်၍ မေးလိုက်၏။

"ရတနာတွေ ဘယ်မှာလဲ"

ထန်စန်း မဲ့ပြုံး ပြုံးလိုက်၏။

"ရတနာတွေက ကျုပ်ခေါင်းထဲမှာ ရှိတယ်၊ ခင်ဗျားတို့ လိုချင်ရင် ကျုပ်ခေါင်းကို ဖြတ်ယူမှရမယ်၊ ကျုပ်ခေါင်းကိုလည်း ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



တို့ ဖြတ်နိုင်မှာမဟုတ်ဘူး"

ပြောပြောဆိုဆိုပင် ...

ဓားအိမ်ထဲမှဓားကို ဆွဲထုတ်လိုက်သည်။

ထို့နောက် ...

မေးဂူက တစ်ဟုန်ထိုး တိုက်ခိုက်လေတော့သည်။

မေးဂူကလည်း လျင်မြန်သည်။

ဓားဆွဲပြီး ခုခံသည်။

'ချွမ်း'

'ချွမ်း ... ချလန်း ... ချလန်း'

ဓားဓားချင်း ထိလိုက်သောအခါ မီးပွင့်များ ထွက်လာတော့သည်။

ဤအချက်ကိုကြည့်ပါက သူ့ကို မည်မျှ အင်အားသုံးကြောင်း သိရှိနိုင်သည်။

ဓားရောင်များ ဝင်းလက်သွားလေ၏။

မေးဂူသည် ...

ဓားကိုဆွဲထုတ်ကာ ထန်စန်း၏တိုက်ကွက်ကို ခုခံသော်လည်း အခြေအနေကတော့ မဟန်ပေ။



သူသည် အံကိုတင်းတင်းကြိတ်လိုက်ပြီး နောက်ဆုတ်ခုခံနေရသည်။

သူသည် ထန်စန်းအပေါ် ခန့်မှန်းချက်များ မှားပြီးရင်း မှားခဲ့သည်။

သူက ထန်စန်းအား မယုံကြည်နိုင်သော မျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်သည်။

"မင်း ... မင်း"

ထန်စန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ကျုပ်က သိုင်းသမားတစ်ယောက်ပဲ"

မေးဂူက ဒေါသတကြီးဖြင့် ပြောလိုက်၏။

"မင်းက တစ်ချိန်လုံး သိုင်းပညာ လုံးဝမတတ်ဟန်ဆောင်နေခဲ့တယ်၊ အဲဒါ သိုင်းသမားလား"

ထန်စန်းက ပြုံးလိုက်သည်။

"ဒီလိုဟန်ဆောင်နေမှလည်း ကျုပ်ရဲ့ဘဝ သာယာအေးချမ်းမယ် မဟုတ်လား"

မေးဂူက နားမလည်နိုင်စွာဖြင့် မေးလိုက်၏။

"မင်းက ဘာကိုဆိုလိုတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ထန်စန်း၏မျက်လုံးများတွင် ဖော်မပြနိုင်သော ဟန်အမူအရာများ ထွက်ပေါ်လာသည်။

"ကျုပ်က ထန်စန်းဆိုတဲ့ ဆေးဆရာအဖြစ်နဲ့ အေးအေးချမ်းချမ်း နေထိုင်ဖို့ပါပဲ၊ ဒါပေမဲ့ မေးဝေက ကျုပ်ကို သစ္စာမဲ့တော့ ကျုပ်က ရက်စက်ရတော့တာပေါ့"

ထိုတိုက်ပွဲကို ချန်စွန်သည် ဘေးမှ အကဲခတ်နေ၏။

မေးဝူ၏သိုင်းပညာသည် ထိပ်တန်းသိုင်းပညာဖြစ်သော်လည်း ယခု ထန်စန်းကို အသေအလဲခုခံနေရသဖြင့် ထန်စန်း၏သိုင်းပညာကို ခန့်မှန်းနိုင်သည်။

'ရှူမ်း'

ထိုစဉ် ထန်စန်းသည် ဓားကွက်တစ်ကွက်ကို ထုတ်လိုက်၏။

ထိုအခါ ...

ချန်စွန်၏မျက်လုံးများသည် ဝင်းလက်တောက်ပသွားလေတော့၏။

သူသည် ထန်စန်းအသုံးပြုလိုက်သော ဓားကွက်ကို မှတ်မိလိုက်ပြီ မဟုတ်ပါလား။

သူက ထန်စန်းကိုစိုက်ကြည့်ကာ ပြောလိုက်၏။



"ကျုပ် သိပြီ၊ မင်းက သိုင်းလောကရဲ့ ဆူးပြောင့်ခလုတ်ဖြစ်တဲ့ ဝံပုလွေနတ်ပဲ"

ထန်စန်း၏ခန္ဓာကိုယ်မှာ တုန်ခါသွားသည်။

သူက ချန်စွန်အား စိုက်ကြည့်လိုက်၏။

"မင်းက ငါ့ကို သိသွားပြီဆိုတော့ မင်းကို ငါ သတ်တော့မယ်"

မေးဝူ၏မျက်လုံးများမှာ ပြူးကျယ်သွားလေသည်။ တစ်ကိုယ်တော် ဓားပြဝံပုလွေနတ်၏အကြောင်းကို သူက ကောင်းစွာကြားဖူးထား၏။

ထန်စန်းသည် အမှန်တကယ် ဝံပုလွေနတ်ဟူသော ဓားပြဖြစ်နေပါသလော။

ဝံပုလွေနတ်ဟူသော နာမည်၏နောက်ကွယ်၌ ရက်စက်ကြမ်းကြုတ်ခြင်း၊ သွေးဆာခြင်း၊ ကြီးကျယ်သော လုယက်တိုက်ခိုက်ခြင်းများနှင့် ကပ်ငြိနေသည်။

ဒီဝံပုလွေနတ်ကို သိုင်းလောကမှ သိုင်းသမားများအားလုံးလိုလိုက မနှစ်သက်ကြပေ။

ဝံပုလွေနတ်၏သိုင်းပညာကို မယှဉ်ပြိုင်နိုင်၍သော လက်

www.burmeseclassic.com

www.burmeseclassic.com



ဝိုက်ကြည့်နေကြရခြင်း ဖြစ်သည်။

ချန်စွန်က ထန်စန်းအား ပြုံး၍ကြည့်နေ၏။

သို့သော် …

ထန်စန်းကမူ ချန်စွန်အား မှုန်းတီးစွာ ကြည့်နေသည်။

သူက ချန်စွန်အား မေးမြန်းလိုက်၏။

"ကျုပ်က ဝံပုလွေနက်ဆိုတာ မင်း ဘယ်လိုသိသလဲ"

ချန်စွန်က ပြုံးလိုက်သည်။

"မင်းရဲ့ဓားကွက်ကြောင့်ပဲ"

သူက မျက်မှောင်ကြုတ်လိုက်၏။

"ငါ့ရဲ့ဓားကွက်ကို မင်းက မြင်ဖူးလို့လား"

ချန်စွန်က ခေါင်းညိတ်လိုက်သည်။

"မြင်ဖူးတယ်"

သူက အံ့အားသင့်သွား၏။

သိုင်းသမားများသည် အများအားဖြင့် သူတိုက်ခိုက်မှုကို မမြင်ဖူးကြပေ။

"ဘယ်မှာ မြင်ဖူးခဲ့တာလဲ"

ချန်စွန်က တစ်ခွန်းချင်း ပြောလိုက်သည်။



"ဝမ်းကြည်စိန်ရွှေရတနာရောင်းဝယ်ရေးဆိုင်မှာ"

သူ၏မျက်ခုံးများ နဖူးပေါ်သို့ မြင့်တက်သွား၏။

"ဟင် … ဒါဖြင့်"

ချန်စွန်က ကြားဖြတ်ပြောလိုက်သည်။

"မင်း အံ့သြနေတယ် မဟုတ်လား၊ သိုင်းသမားတွေကတော့ မင်း လုယက်မယ့်အချိန်ကို မသိကြတော့ မင်းရဲ့ဓားကွက်ကို ဘယ်မြင်ဖူးမလဲ၊ ငါကတော့ မြင်ဖူးတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့ရဲ့တပည့်သားသုံးယောက်ကို မင်း ရက်ရက်စက်စက် သတ်သွားတာကို ငါ တွေ့လိုက်ရတာကိုး၊ ငါဟာ ချန်စွန်လို့ အမည်ခံထားတဲ့ လုံခြုံရေးတာဝန်ခံ ယန့်ထိုက်ပေပဲကွ"

ထိုစကားကြောင့် မေးဂူမှာ အံ့အားသင့်သွား၏။

ထန်စန်းသည် မဖုံးကွယ်နိုင်တော့ပေ။

မထူးတော့သည့်အဆုံး၌ သူ၏မျက်နှာဖုံးကို ဆွဲချွတ်လိုက်သည်။

သားရေပြားအတု မျက်နှာဖုံးကို တပ်ဆင်ထားသည်။

အသက်သုံးဆယ်ခန့်ရှိပြီး ရုပ်ရည်သင့်တင့်သော လူတစ်ယောက်၏မျက်နှာ ပေါ်ပေါက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



မေးဂူမှာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

သူက တအံ့တသြဖြင့် ပြောလိုက်သည်။

ထန်စန်းက ပြုံးလိုက်သည်။

"ခင်ဗျားဟာ ကျုပ်အပေါ်မှာ တော်တော်ကောင်းခဲ့တဲ့ လူတစ်ယောက်ပါ။ ဒီတော့ ခင်ဗျားကို ကျုပ်မသတ်ချင်ပါဘူး၊ ခင်ဗျား ထွက်သွားပါ"

မေးဂူက ခေါင်းခါယမ်းလိုက်၏။

"ကျုပ် မသွားနိုင်ဘူး"

ထန်စန်း၏မျက်နှာ တင်းမာသွားသည်။

"ကျုပ် ခင်ဗျားကို မသတ်ချင်လို့ ခွင့်လွှတ်ခဲ့တယ်၊ ခင်ဗျား ထွက်သွားမှ ခင်ဗျား အသက်ရှင်မယ်၊ အသက်ရှင်ရင် ခင်ဗျား ဒီချမ်းမြကျေးရွာရဲ့ သိုင်းသခင်ကြီးဖြစ်နေဦးမယ်၊ ခင်ဗျား မိုက်မိုက်မဲမဲ ကျုပ်နဲ့ ဆက်တိုက်လို့ကတော့ ဘယ်လိုမှ အသက်မရှင်နိုင်ဘူးဆိုတာ ကျုပ် ပြောရဲတယ်"

မေးဂူက မချိုပြုံးပြုံးလိုက်သည်။

"ငါနာမည် မေးဂူတဲ့ကွ၊ ဘယ်အောက်လမ်း သိုင်းသမား ကိုမှ ဒူးမထောက်အညံ့မခံခဲ့ဘူး၊ မေးဂူဟာ သူ့ထက် သိုင်းပညာ



ကောင်းတဲ့ အထက်လမ်းသိုင်းသမားကိုမှ ဒူးမထောက်ခဲ့ဖူးဆိုတဲ့ နာမည်သာ ကျန်ခဲ့စေရမယ်၊ မင်းဟာ ဝံပုလွေနက်ဆိုတဲ့ ဒုစရိုက်သမား ဖြစ်နေမှတော့ ငါက ပိုပြီး ဒူးမထောက်နိုင်သေးတယ်၊ ငါ့အသက် သေချင်သေပါစေ ... မင်းကို ငါ ရင်ဆိုင်မယ်ကွ"

စကားဆုံးသည်နှင့် ...

သူက ဓားကိုဝှေ့ယမ်းကာ ထန်စန်းအား တရကြမ်း တိုက်ခိုက်လိုက်သည်။

သူ၏တိုက်ကွက်များမှာ ပြင်းထန်လှ၏။

အသက်ကို ပမာနမထားဘဲ တိုက်ခိုက်ခြင်းကြောင့် ဤသို့ တိုက်ကွက်များ ပြင်းထန်ခြင်းဖြစ်သည်။

ထို့ကြောင့် ...

ထန်စန်းမှာ နောက်သို့ တဖြည်းဖြည်း ဆုတ်နေရလေသည်။

သူက ခုခံရင်း ပြောလိုက်၏။

"ခင်ဗျားကို ကျုပ်မသတ်ချင်ဘူး၊ ခင်ဗျား ဘေးဖယ်ပေးပါ"

သူက အော်ဟစ်ဟန့်တားနေသော်လည်း မေးဂူက နောက်မဆုတ်ပါချေ။

သူသည် ထန်စန်းကိုသာ တရကြမ်း တိုက်ခိုက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထန်စန်းက အံကို တင်းတင်းကြိတ်လိုက်သည်။

"ကောင်းပြီ … ခင်ဗျားက သေချင်တော့လည်း ကျုပ်က ခင်ဗျားရဲ့ဆန္ဒကို ဖြည့်ပေးရမှာပေါ့"

ပြောပြောဆိုဆိုဖြင့် လက်တစ်ချက် ဝှေ့ယမ်းလိုက်၏။

ထိုအခါ …

ဓားပါးလေးသုံးလက်သည် မေးဂူထံသို့ လွင့်ပျံလာသည်။

တစ်ဆက်တည်းပင် …

ထန်စန်းက ရှေ့သို့ ခုန်ထွက်လိုက်ပြီး မေးဂူ၏ရင်ဝသို့ ဓားဖြင့် ထိုးသွင်းလိုက်၏။

ချန်စွန်က လျှင်မြန်စွာ လှုပ်ရှားလိုက်သည်။

မေးဂူထံသို့ ပစ်လွှင့်သွားသော ဓားပါးကလေးများမှာ ချန်စွန်၏ဓားရိုက်ချက်ကြောင့် အောက်သို့ လွင့်စဉ်ကျသွားကြ၏။

'ချွမ်း'

'ချွမ်း'

သို့သော် မေးဂူမှာမူ အခြေအနေမဟန်ပါချေ။

ထန်စန်း၏ပြင်းထန်သော တိုက်ခိုက်မှုကြောင့် နောက်သို့သာ ဆုတ်နေရပေသည်။



ထန်စန်း၏ဓားသည် မေးဂူ၏ဓားကို ခုတ်ချလိုက်သည်။

သူ၏ဓားခုတ်ချက်မှာ လွန်စွာလျှင်မြန်လှသည်။

'ချွမ်း'

မေးဂူ၏ဓားမှာ အောက်သို့ လွတ်ကျသွားသည်။

ထန်စန်း သဘောကျစွာ ပြုံးလိုက်၏။

"ကျုပ်စကား နားမထောင်တဲ့အတွက် ခင်ဗျား နောင်တရတော့ဗျို့"

ယင်းသို့ ပြောလိုက်ပြီးသည်နှင့် လက်ထဲမှဓားဖြင့် မေးဂူ၏ရင်ဝသို့ ထိုးသွင်းရန် ဟန်ပြင်လိုက်သည်။

ချန်စွန်သည် ထင်စန်း၏ပုံပန်းကိုကြည့်၍ ထင်စန်း ဘာလုပ်မည်ကို ကြိုတင်သိရှိထားသည်။

သူသည် မေးဂူကို အသေသတ်တော့မည်။

"ဟေ့ … ခဏနေဦး"

ထန်စန်းက ချန်စွန်ဘက် လှည့်မေးလိုက်၏။

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ မင်းက ငါ့ကို တိုက်ကြည့်ဦးလို့ ပြောခဲ့လို့"

www.burmeseclassic.com

www.burmeseclassic.com



သူသည် တိုက်ပွဲစည်းအတွင်းသို့ ဝင်ရောက်လာပြီး ထန်စန်းကို အပြင်းအထန် ထိုးခုတ်တိုက်ခိုက်လေတော့၏။

❋❋❋



## အခန်း (၂၂)

ယန့်ထိုက်ပေ။

သိုင်းပညာ အဆင့်မြင့်မားပြီး ဉာဏ်ပညာ ထက်မြက်သော လုံခြုံရေးတာဝန်ခံတစ်ယောက် ဖြစ်၏။

သူသည် ...

တိုက်ပွဲပေါင်းများစွာနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ဖူးသည်။

ဒုစရိုက်မှုများစွာကို ကြုံတွေ့ခဲ့ဖူးသည်။

ဒုစရိုက်သမားများနှင့်လည်း တိုက်ခိုက်ဖူးသည်။

တစ်ကြိမ်တစ်ခါမျှ ရှုံးနိမ့်ခဲ့ဖူးခြင်း မရှိချေ။

မည်သို့ဆိုစေ ...

ယခု သူသည် ကြောက်မက်ဖွယ်ရာကောင်းသော သိုင်းပညာကျွမ်းကျင်သောဝံပုလွေနက်နှင့် ရင်ဆိုင်တိုက်ခိုက်နေရပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဝံပုလွေနက်အား အနိုင်ယူ တိုက်ခိုက်နိုင်ပါမည်လော။

ဝံပုလွေနက်၏ဓားရိပ်သည် ယန့်ထိုက်၏ခန္ဓာကိုယ်တစ်ခုလုံးကို လွှမ်းခြုံထား၏။

ယန့်ထိုက်ပေ၏ဝဲဘက်နှင့် ဝမ်းဗိုက်တို့တွင် ...

ဓားဒဏ်ရာတစ်ချက်စီ ရရှိထားခဲ့ပြီဖြစ်သည်။

ထန်စန်းတွင်လည်း ဒဏ်ရာဒဏ်ချက်များ ရရှိထားသည်။

သို့သော် ယန့်ထိုက် အားမလျှော့ချေ။

ဆက်လက်၍ ပြင်းထန်စွာ တိုက်ခိုက်နေ၏။

ဤတိုက်ပွဲတွင် ...

သူ ရှုံးနိမ့်သွား၍ မဖြစ်ပါချေ။

အကယ်၍ ...

ဝံပုလွေနက်သာ သေဆုံးခြင်းမရှိက ...

နောက်ထပ် လူပေါင်းများစွာ သေဆုံးသွားနိုင်သည်မဟုတ်ပါလော။

သူသည် ဒုစရိုက်မှုများစွာကို ထပ်မံကျူးလွန်ဦးမည်မဟုတ်ပါလား။



ဝံပုလွေနက်က ယန့်ထိုက်ပေ၏လည်ပင်းဆီသို့ ဓားဖြင့်ခုတ်ချလိုက်သည်။

ဓားချက်မှာ အားမာန်အပြည့်ပါပြီး လျင်မြန်လွန်းလှ၏။

ထို့ကြောင့် ...

ယန့်ထိုက်အနေဖြင့် ရှောင်တိမ်းရန် မဖြစ်နိုင်တော့ပါချေ။

ယန့်ထိုက်ပေ ရင်ထိတ်သွားသည်။

ထိုတခဏအချိန်အတွင်းမှာပင် ...

ယန့်ထိုက်က ဝံပုလွေနက် မျှော်လင့်မထားသည့် လှုပ်ရှားမှုကို ပြုလုပ်လိုက်၏။

သူ၏ခန္ဓာကိုယ်ကို နောက်သို့ ချာခနဲလှည့်လိုက်သည်။

ဤသည်မှာ ဝံပုလွေနက်အတွက် ဟာကွက်ထုတ်ဖော်ပေးလိုက်ခြင်း ဖြစ်သည်။

ကျောပြင်ကြီးသည် သူ၏ကြီးစွာသော ဟာကွက်ဖြစ်၏။

ဤသို့ကြီးမားသော ဟာကွက်မျိုးတို့တွေ့လျှင် ရန်ဘက်အားသည် ကြီးစွာသတိထားပြီး တိုက်ခိုက်ရမည်ဖြစ်သည်။

ထိပ်သီးသိုင်းပညာရှင်ချင်း ယှဉ်ပြိုင်လျှင် သေသေယံသောဟာကွက်၊ မသိသာသော ဟာကွက်များသာ ဖြစ်ပေါ်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟာကွက်ကြီးကြီးမားမား တွေ့လာလျှင် ထိုလူသည် မိမိကို ထောက်ချောက်ဆင်ခြင်း ဖြစ်မည်ဟု သိအပ်၏။

ယခု ဟာကွက်ကြီးကို တွေ့သောအခါ ထန်စန်းသည် ဝမ်းသာအားရ ခုတ်ချမိသည်။

သို့သော် ယန့်ထိုက်က သူ၏ဓားကို နောက်ပြန် ထိုးသွင်းလိုက်တော့သည်။

"အား"

"အင့်"

နှစ်ဦးစလုံး ဓားချက်များ အထိခံရသဖြင့် အော်လိုက်ကြသည်။

ယန့်ထိုက်ကတော့ သေကွင်းကို မထိပေ။

ကျောကိုသာ အစိုက်ခံရသည်။

ထန်စန်းကတော့ ရင်ဝသို့ ဓားအထိုးခံရ၏။

သူကတော့ သေကွင်းကို အထိုးခံလိုက်ရခြင်း ဖြစ်လေသည်။

ယန့်ထိုက်ပေ၏ခန္ဓာကိုယ်တစ်ခုလုံးတွင် သွေးများဖြင့် နီရဲနေသည်။



ဝံပုလွေနက်၏ရင်ဘတ်တွင်လည်း သွေးများ စိုနစ်နေသည်။

ဝံပုလွေနက်က မယုံကြည်နိုင်စွာဖြင့် ယန့်ထိုက်ပေအား စိုက်ကြည့်နေ၏။

သူက အေးတိအေးစက် လေသံဖြင့် မေးလိုက်၏။

"မင်းက ကျုပ်ကို ဖမ်းမယ် ဟုတ်လား"

ယန့်ထိုက်က ခေါင်းညိတ်၏။

"ဟုတ်တယ်၊ မင်းကို သေရင်တောင် ခွင့်မလွှတ်ဘူး၊ မင်းဟာ တရားဥပဒေကို အကြိမ်ကြိမ် ချိုးဖောက်နေတဲ့လူပဲ"

"ကျုပ်က ဒဏ်ရာရသွားပေမယ့် အဖမ်းခံမှာ မဟုတ်ဘူးဗျ"

မေးဝူက မဲ့ပြုံး ပြုံးလိုက်၏။

"အဖမ်းမခံလို့ ပြေးလို့ လွတ်မှာလားကွ"

ဝံပုလွေနက်၏အနီးသို့ ချဉ်းကပ်သွားသည်။

ဝံပုလွေနက်က သူ့အား စိုက်ကြည့်၏။

"မင်းက ကျုပ်ကို သတ်မလို့လား"

မေးဝူ အံကြိတ်၍ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ မင်းက ငါ့သမီးကို သတ်တဲ့ လူသတ်သမားပဲ၊ နောက်ပြီး ကျွင်းလုံ့ကို သတ်တဲ့ လူသတ်သမား၊ မင်းအပြစ်က သိပ်ကြီးနေပြီ၊ မင်းကို သတ်သင့်တယ်"

ဝံပုလွေနက်က ပခုံးတစ်ချက် တွန့်လိုက်၏။

"ခင်ဗျား ကျုပ်ကို သတ်နိုင်မယ်ဆိုရင်တော့ ကျုပ်သေဖို့ အဆင်သင့်ပါပဲဗျာ"

စကားဆုံးသည်နှင့် ...

သူက ခေါင်းငုံ့ချလိုက်၏။

တစ်ဆက်တည်းပင် ...

လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်၏။

ဓားပါးကလေး သုံးချောင်းသည် မေးဂူထံသို့ လွင့်ပျံလာသည်။

ထိုတဒင်္ဂအချိန်အတွင်းမှာပင် ...

ဝံပုလွေနက်သည် ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ ခုန်ထွက်သွားလေ၏။

သူသည် ဉာဏ်အလွန်ကောင်းသူတစ်ယောက် ဖြစ်လေသည်။



ထောင့်စေ့အောင် စဉ်းစားတတ်သူ ဖြစ်၏။

သူ လုံးဝရှုံးနိမ့်သွားလျှင် ထွက်ပြေးနိုင်ရန် မြင်းနှစ်ကောင်ကို အဆင်သင့် ပြင်ဆင်ထားခဲ့သည်။

တစ်ကောင် အဆင်မသင့်လျှင် တစ်ကောင်းသုံးရန် ပြင်ဆင်ထားခြင်း ဖြစ်သည်။

သူသည် ...

ပြတင်းပေါက်မှ ခုန်ထွက်လိုက်ပြီး မြေပေါ်သို့ရောက်ရှိသွားသည်နှင့်တစ်ပြိုင်နက် ဝါးရုံပင်များကို ကွေ့ပတ်၍ အနောက်ဖက် လမ်းကြားကလေးအတိုင်း ပြေးလွှားသွားလေ၏။

လမ်းကလေး ဆုံးသွားသည်နှင့် သူမြင်းများထားရာသို့ ရောက်ရှိသွားသည်။

သူမြင်းများကို တွေ့လျှင် ဤနေရာမှ ဝေးရာကို ထွက်ပြေးသွားလိုက်ရုံပင်။

သူထွက်ပြေး လွတ်မြောက်နိုင်ရန် အခွင့်အရေး ရှိခဲ့ပြီမဟုတ်ပါလော။

သူက မြင်းများထားရာသို့ရောက်အောင် အားစိုက်ပြေးနေခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဝံပုလွေနက်မှာ မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

အဘယ်ကြောင့်ဆိုသော် ...

မြင်းနှစ်ကောင်မှာ ထူးဆန်းစွာ ပျောက်ဆုံးနေခြင်းကြောင့်ပင်တည်း။

ဝံပုလွေနက်မှာ ရင်ထိတ်သွားသည်။

သူက ဝန်းကျင်တစ်ဝိုက်သို့ ဝေ့ယမ်းကြည့်၍ မြင်းနှစ်ကောင်ကို ရှာဖွေလိုက်၏။

အနီးတစ်ဝိုက်တွင် ...

မြင်းနှစ်ကောင်၏အရိပ်အယောင်ကိုမျှ မမြင်ရပါချေ။

သူနှင့်မနီးမဝေး သစ်ပင်အောက်တွင် ရပ်နေသော အနက်ရောင်ဝတ်စုံနှင့်လူကိုတော့ မြင်တွေ့လိုက်ရလေ၏။

အနက်ရောင်ဝတ်ဆင်ထားသူသည် သစ်ပင်အောက်၌ ငြိမ်သက်စွာ ရပ်နေ၏။

သူသည် မလှုပ်ရှားပေ။

ဝံပုလွေနက်၏လှုပ်ရှားမှုကိုသာ စောင့်ကြည့်နေလေသည်။

ဝံပုလွေနက်က ငြိမ်သက်စွာ မနေနိုင်ပါချေ။

"သိမ်းငှက်"



ဟု အော်ခေါ်ရင်း ထိုလူအနီးသို့ ပြေးသွားလေတော့သည်။

မှန်ပေသည်။

ထိုလူမှာ ရွှေကျားပျံအာမခံဌာနမှ ရတနာပစ္စည်းများအား လုယူခဲ့သော သိမ်းငှက်ပင် ဖြစ်၏။

သိမ်းငှက်သည် များစွာ နာကြည်းခဲ့၏။

သူ့အသက်စွန့်၍ လုယက်ခဲ့သော ရတနာပစ္စည်းများသည် ကံကြမ္မာ၏လှည့်စားမှုကြောင့် ဝံပုလွေနက်၏ လက်ထဲသို့ ရောက်ရှိသွားခဲ့သည်။

သူသည် ထိုက်သင့်သလောက်သော ရတနာများကိုယူ၍။

သူအသက်စွန့် တိုက်ခိုက်လုယက်ခဲ့သော ရတနာများကို ပြန်ပေးပါဟု တောင်းပန်ခဲ့သော်လည်း ဝံပုလွေနက်သည် အလွန်လောဘကြီးစွာ ရတနာအားလုံးကို အပိုင်ယူပြီး သူ့အား သတ်ရန်ကြိုးစားခဲ့၏။

သူသည် သိုင်းပညာ ကွာခြားသဖြင့် အရှုံးပေးထွက်ပြေးခဲ့ရ၏။

သူ့ရတနာများကို ပြန်ယူရန်နှင့် ဝံပုလွေနက်ကိုပြန်လည်လက်စားချေရန်ကိုမူ လက်လျှော့ထားခြင်း မရှိချေ။

www.burmeseclassic.com

www.burmeseclassic.com



ဝံပုလွေနက်၏ဟာကွက်ပျော့ကွက်များကို စောင့်ဆိုင်းကြည့်ရှုနေခဲ့သည်။

ယခုတော့ ဝံပုလွေနက် ဘာတတ်နိုင်တော့သနည်း။

သိမ်းငှက်က သူ့အနီးသို့ ဝံပုလွေနက် ပြေးလွှားလာနေသည်ကို တွေ့သောအခါ ...

သူက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်လေသည်။

"ခင်ဗျားက ဒဏ်ရာရနေပြီဗျ၊ ကျုပ်ကို ဖမ်းမိနိုင်မှာ မဟုတ်ဘူး၊ ကျုပ်ရဲ့သိုင်းပညာဟာ ခင်ဗျားကို မယှဉ်နိုင်ပေမယ့် ခုချိန်မှာတော့ ကျုပ်ကို ခင်ဗျား မတိုက်နိုင်ဘူး"

စကားဆုံးသည်နှင့် ...

သစ်ပင်အောက်မှ ပြေးလွှားထွက်ခွာသွား၏။

ဝံပုလွေနက်က ကမ္ဘာကယာ ဟန့်တားလိုက်သည်။

သိမ်းငှက်က ခြေလှမ်းရပ်တန့်လိုက်၏။

သူက ဝံပုလွေနက်အား ပြုံးကြည့်ကာ မေးလိုက်သည်။

"ခင်ဗျားရဲ့ မြင်းတွေကို ပြန်လိုချင်နေတယ် မဟုတ်လား"

ဝံပုလွေနက်က ပါးစပ်ပိတ်ထားလိုက်ပြီး သူသည် ယခုအချိန်၌ မြင်းများကို တကယ်လိုအပ်နေပါပြီ။



သိမ်းငှက်က ပြုံးလိုက်သည်။

"ခင်ဗျားရဲ့မြင်းတွေက ခုချိန်မှာ ရတနာတွေထက် အဖိုးတန်တယ်ဆိုတာ တကယ်လိုအပ်နေပါပြီ"

ဝံပုလွေနက်က သက်ပြင်းချလိုက်၏။

"ဟုတ်တယ်"

သိမ်းငှက်က သူ့အားကြည့်ကာ မေးလိုက်သည်။

"ဒါဖြင့် ရတနာပစ္စည်းတွေကော ဘယ်မှာလဲ"

သူက ပြန်မေးလိုက်၏။

"မြင်းတွေကော ဘယ်မှာလဲ"

သိမ်းငှက်က ခေါင်းညိတ်လိုက်သည်။

"မြင်းတွေ ရှိပါတယ်"

သူက ပြုံးလိုက်သည်။

"ရတနာပစ္စည်းတွေလည်း ရှိပါတယ်"

သိမ်းငှက်က ပခုံးတွန့်လိုက်သည်။

"ရတနာတွေကသာ မြင်းရှိတဲ့နေရာကို သိတာဗျ၊ ကျုပ်က မသိဘူး"

သူက တုံ့ပြန်ပြောဆိုခြင်း မပြုတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



အကျႌအိတ်တွင်းသို့ လက်နှိုက်လိုက်သည်။

သူ၏လက်ထဲတွင် အထုပ်တစ်ထုပ် ရှိနေပြီဖြစ်၏။

သူက အထုပ်လေးကို သိမ်းငှက်ထံသို့ ပစ်ပေးလိုက်သည်။

သိမ်းငှက်က လျင်မြန်စွာ ဖမ်းယူကာ ပြောလိုက်သည်။

"မြင်းတွေက ထိုသစ်ပင်တွေရဲ့အနောက်ဘက်မှာ ရှိတယ်ဗျ"

သူသည် ဒဏ်ရာရနေလျက်မှ ဤမျှအထိ ရယ်မောနေနိုင်ပေသေးသည်။

သူသည် ရယ်မောပြီး သိမ်းငှက်ကို ကြည့်လိုက်သည်။

သိမ်းငှက်သည် မျက်နှာတစ်ခုလုံး ညိုမည်းလာပြီး မြေပေါ်သို့ လဲကျသေဆုံးသွား၏။

သူသည် ကောက်ကျစ်စဉ်းလဲစွာ ပြုံးလိုက်သည်။

"အထုပ်မှာ အဆိပ်တွေရှိနေတာ မင်းမှမသိဘဲကိုး၊ ငါဘာလုပ်လုပ် သေချာမှ လုပ်တတ်တာကွ"

သူသည် ရတနာအထုပ်ကလေးအား ကောက်ယူလိုက်၏။

သူ၏လက်တွင် လက်အိတ်များ စွပ်ထားသည်ကို တွေ့မြင်လိုက်ရသည်။



သူသည် အထုပ်ကလေးအား ကောက်ယူပြီးသည်နှင့် မြင်းများရှိနေသော တောအုပ်ကလေးထဲသို့ ပြေးလွှားသွား၏။

သိမ်းငှက်သည် သူ့ကဲ့သို့ပင် ညစ်ပတ်မည်လော။

သူသည် မြင်းနှစ်ကောင်အား အမှန်တကယ်ပင် တွေ့မြင်လိုက်ရပါလေ၏။

❋❋❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

သစ်ပင်တစ်ပင်အောက်တွင် ဝံပုလွေနက်၏မြင်းနှစ်ကောင် ရှိနေ၏။

သို့သော် မြင်းများကို မြင်တွေ့လိုက်ရသောအခါ သူ၏ခန္ဓာကိုယ်တစ်ခုလုံး တောင့်တင်းသွားသည်။

မြင်းနှစ်ကောင်မှာ ပြေးလွှားခြင်း မပြုနိုင်ကြတော့ချေ။

အကြောင်းကား ...

သေဆုံးပြီးသော မြင်းများသည် ပြေးလွှားခြင်းမပြုနိုင်ကြတော့ပြီ မဟုတ်ပါလော။

မြင်းသေနှစ်ကောင်အနီး၌ သိမ်းငှက်အသေတစ်ကောင်ကိုပါ တွေ့လိုက်ရ၏။

သိမ်းငှက်သည် လွယ်လွယ်နှင့် အလိမ်ခံမည့်သူ မဟုတ်ချေ။



ဝံပုလွေနက်သည် လွန်စွာ ကောက်ကျစ်စဉ်းလဲသည်ကို သူ သိရှိပြီးဖြစ်သည်။

တစ်စုံတစ်ခု ကောက်ကျစ်ယုတ်မာသည်ဆိုလျှင် သူကလည်း တစ်စုံတစ်ခု တုံ့ပြန်ရမည်ဖြစ်သည်။

သူသည် ...

ဝံပုလွေနက်အတွက် မြင်းနှစ်ကောင်ကို ကတိအတိုင်း ပေးခဲ့သည်။

ထိုမြင်းများမှာ မြင်းသေများသာ ဖြစ်၏။

ဝံပုလွေနက်က အံကို တင်းတင်းကြိတ်လိုက်သည်။

သူ့အနေဖြင့် ...

ထွက်ပြေးရန် မဖြစ်နိုင်တော့ပါချေ။

သူသေကိုယ်သေ တိုက်ခိုက်ရန်သာ ရှိတော့၏။

မေးဂူနှင့်ချန်စွန်တို့ လိုက်လာကြတော့မည်။

ထိုစဉ် ...

အဝေးမှ လူနှစ်ယောက် ပြေးလွှားလာနေသည်ကို မြင်တွေ့လိုက်ရသည်။

ထိုလူနှစ်ယောက်မှာ ...

www.burmeseclassic.com

www.burmeseclassic.com



မေးဂူနှင့်ယန့်ထိုက်တို့မှလွဲ၍ မည်သူများ ဖြစ်နိုင်ပါမည်နည်း။

✲

ထင်ချူ ...။

ထင်ချူသည် မြင်းကို ဒုန်းစိုင်းမောင်းနှင်နေ၏။

သူ၏စိတ်အလျဉ်သည် ...

သူစီးနင်းလာသော မြင်းထက်ပင် ပို၍လျင်မြန်နေသည်။

သူသည် ...

ပျောက်ဆုံးသွားသော ရတနာများအား ကူမင်းမြို့တွင် ပိုက်စိပ်တိုက် ရှာဖွေခဲ့၏။

အရိပ်အယောင်မျှပင် မတွေ့ရပါချေ။

ဤသို့ဆိုလျှင် ...

ရတနာပစ္စည်းများသည် မည်သည့်နေရာသို့ ရောက်ရှိသွားပါသနည်း။



ရတနာများ လုယက်ခံပြီးမှ ...

မြို့ပြင်သို့ ထွက်ခွာသွားကြသူမှာ မေးဂူ၏လူနှစ်ယောက်သာရှိ၏။

မေးဂူ၏သတင်းအချို့ကိုမူ ကူမင်းမြို့၏အရက်ဆိုင်တစ်ဆိုင်မှတစ်ဆင့် ကြားသိခဲ့ရသည်။

ကြားသိခဲ့ရသော သတင်းအရ ...

မေးဂူသည် မိစ္ဆာသုံးဖော်ကို တိုက်မိုက်အနိုင်ယူသွားသည်ဟု သိခဲ့ရလေ၏။

သူတို့လူစုကလည်း မိစ္ဆာသုံးဖော်၏အခေါင်းများကို တွေ့ခဲ့ရသည်။

သို့သော် ခေါင်းနှစ်လုံးကိုသာ ရှာခဲ့ပြီး ခေါင်းနှစ်လုံးကို မရှာခဲ့ပေ။ သူတို့သည် အောက်မှခေါင်းနှစ်လုံး ရှာဖွေရမည်။ ဤသည်မှာ သူတို့၏အမှားပင် ဖြစ်သည်။

ထင်ချူမှာ မနေနိုင်တော့ဘဲ ချမ်းမြကျေးရွာသို့ လိုက်ရပါတော့သည်။

✲

www.burmeseclassic.com

www.burmeseclassic.com



ဝံပုလွေနက်၏ရင်ဝ ဓားဒဏ်ရာမှ ...

သွေးများသည် မြေပြင်ပေါ်သို့ တစ်စက်ချင်းကျရောက်နေ၏။

မိမိအသက်ကို သေဆုံးသွားရန် ဆုံးဖြတ်ထားသူနှင့် တိုက်ခိုက်ရန်မှာ မလွယ်ကူကြောင်း ကောင်းစွာနားလည်ထားသည် မဟုတ်ပါလား။

သူသည် တိုက်ပွဲများစွာ ကြုံတွေ့ခဲ့ဖူးသည်။

ထိုတိုက်ပွဲများတွင် အနိုင်မခံ အရှုံးမပေး တိုက်ခိုက်သူများနှင့် ကြုံတွေ့ခဲ့ရသည်။

သူတို့သည် မရှုံးလိုသောကြောင့် သူတို့ကို အနိုင်ယူရန် ဟာကွက်များကို တွေ့ရှိခဲ့ရသည်။

အသေခံပြီး တိုက်ခိုက်ရန် ဆုံးဖြတ်သူများ တိုက်ရန်မှာ လွန်စွာခက်ခဲပင်ပန်းလှသည်။

မေးဂူက သက်ပြင်းတစ်ချက် ချလိုက်၏။

"မင်းကသာ မေးဝေကို မသတ်ခဲ့ဘူးဆိုရင် ငါကလည်း



မင်းကိုသတ်ဖို့ စိတ်ကူးမိမှာ မဟုတ်ဘူး၊ မင်းကို အကောင်းထင်ထားတဲ့ ငါက မင်းကို ခွင့်လွှတ်ဦးမှာပါပဲ"

ဝံပုလွေနက်က ပြုံးလိုက်သည်။

"တကယ်တော့ ကျွန်တော်ကလည်း သူ့ကို မသတ်ရက်ပါဘူးဗျာ၊ ဒါကြောင့် သူ့ကိုလန့်ပြီး သေဆုံးသွားအောင် လုပ်ခဲ့တာပါ"

မေးဂူက နှုတ်ခမ်းကိုမဲ့လိုက်၏။

"ဘာပဲဖြစ်ဖြစ် ... မင်း သူ့ကိုသတ်လိုက်တာပဲ၊ မဟုတ်ဘူးလား"

ဝံပုလွေနက်က ပါးစပ်ပိတ်ထားလိုက်သည်။

သူက လက်ထဲမှဓားဖြင့် မေးဂူအား စတင်၍ တိုက်ခိုက်လိုက်၏။

ဝံပုလွေနက်သည် ...

ဒဏ်ရာပြင်းထန်စွာ ရရှိထားပြီးဖြစ်သည်။

သူ၏တိုက်ခိုက်မှုမှာ အားမာန်လျော့နည်းနေ၏။

မေးဂူက ခေါင်းခါယမ်းလိုက်သည်။

"ဒီတစ်ခါတော့ မင်းကို မိုးနတ်မင်းတောင် မကယ်နိုင်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



မေးဝှနှင့် ဝံပုလွေနက်တို့၏တိုက်ပွဲမှာ ပြင်းထန်လာတော့သည်။

ယန်နိုက်သည် ...

ဒဏ်ရာပြင်းထန်စွာ ရထားသဖြင့် မေးဝှကို ဝင်ကူရန် မဖြစ်နိုင်တော့ချေ။

သူကူနိုင်လျှင်လည်း ကူလိမ့်မည်မဟုတ်ပါ။

သူသည် သိုင်းလောကသားမဟုတ်သော်လည်း သိုင်းလောက၏ ဓလေ့ထုံးစံကိုကား အလေးထားသည်။

နံဘေးမှသာ တိုက်ပွဲအား ငေးမောကြည့်ရှုနေသည်။

မေးဝှက ပြင်းထန်စွာ တိုက်ခိုက်နေ၏။

မေးဝှမှာ ဒဏ်ရာမရချေ။

ဝံပုလွေနက်မှာသာ ဒဏ်ရာရထားသည်။

ဝံပုလွေနက်သည် အံကို တင်းတင်းကြိတ်ကာ ပြန်လည် တိုက်ခိုက်နေတော့သည်။

သိုင်းကွက်ပေါင်း (၃၀) ကျော်လာသည်အထိ ...

မည်သူမျှ အသာစီး မရနိုင်သေးပါချေ။

ဝံပုလွေနက်၏သိုင်းပညာမှာ အံ့ဩဖွယ်ကောင်းလောက်



အောင် အဆင့်အတန်း မြင့်နေသည်။

သူ၏ဓားချက်များသည် ...

တစ်စထက်တစ်စ အားမာန်လျော့ပါးလာသည်ဟု မေးဝှ သိရှိလိုက်၏။

အံကို တင်းတင်းကြိတ်လိုက်ပြီး ...

"ယား"

သူသည် ဖြာသံပေး၍ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်သည်။

သူက သူ၏အကျော်ကြားဆုံးသော ပန်းကြွေလေပြင်းတိုက်ကွက်ဖြင့် တိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

ယန်နိုက် ရိပ်မိလိုက်၏။

ထိုသိုင်းကွက်မှာ အလွန်ပြင်းထန်သည်။

သူသည် မိစ္ဆာသုံးဖော်ကို ထိုသိုင်းကွက်ဖြင့်ပင် တိုက်ခိုက်ခဲ့၏။

ယင်းအခိုက် အဝေးမှ မြင်းခွာသံများ ထွက်ပေါ်လာလေ၏။

'ခွပ် ခွပ် ခွပ်'

www.burmeseclassic.com

www.burmeseclassic.com



'ခွပ် ခွပ် ခွပ်'

ဝံပုလွေနက်မှာ ထိတ်လန့်သွား၏။

မည်သူများနည်း။

သူ့ကို ကူညီမည့်လူများတော့ မဖြစ်နိုင်ပေ။

ဒုက္ခပေးမည့်လူများသာ ဖြစ်နိုင်သည်။

သူ၏တိုက်ခိုက်မှုမှာ နှေးကွေးသွား၏။

ထိုတဒင်္ဂအချိန်အတွင်းမှာပင် ...

မေးဂူ၏ဓားက သူ၏ရင်ဝသို့ ထိုးသွင်းမိလိုက်လေ၏။

"အား"

စူးရှသော အော်သံနှင့်အတူ ...

ဝံပုလွေနက်မှာ မြေပေါ်သို့ လဲကျသွားတော့သည်။

သူသည် ဆန့်ငင် ဆန့်ငင်ဖြင့် အသက်ထွက်သွား၏။

မေးဂူသည်လည်း အရေးယူခြင်း ခံရတော့မည်။

သူ့အား မည်သူမှ အသက်ရှင်အောင် လုပ်မပေးနိုင်တော့ချေ။

သူလည်း သူများကို လိမ်လည်ပြီး အသက်ရှင်သန်လာအောင် လုပ်ပေးနိုင်သည်ဟု ဆိုခဲ့သည်။



ယခု လူကိုတော့ မည်သူကမျှ အသက်ရှင်သန်အောင် ပြန်လုပ်ပေးမည်ဟု လိမ်လည်၍ပင် မပြောကြတော့ချေ။

ဝံပုလွေနက်၏ဘဝသည် နိဂုံးချုပ်သွားလေသည်။

မေးဂူ၏နဖူးပေါ်တွင် ...

ချွေးများ စီးဆင်းကျနေ၏။

ဝံပုလွေနက်အား အနိုင်ရလိုက်ပြီ ဖြစ်သည်။

သိုင်းလောကတွင် ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းသော တိစ္ဆရပ်များ ပြီးဆုံးသွားပြီဖြစ်၏။

မေးဂူ၏ရင်ထဲ၌ ဖြစ်ပေါ်နေသော ဝမ်းနည်းကြေကွဲမှုသည် မည်သည့်အခါမျှ ပျောက်ကွယ်သွားလိမ့်မည် မဟုတ်ပါချေ။

ယန့်ထိုက်၏မျက်လုံးများတွင် ထူးဆန်းသော အရိပ်အယောင်တချို့ ထွက်ပေါ်လာသည်။

သူသည် ဝံပုလွေ၏အလောင်းကို ကြည့်၍ ထိုနေရာမှ ချာခနဲ လှည့်ထွက်သွားလေတော့သည်။

ယန့်ထိုက်သည် ...

သူ၏ခံစားချက်ကို နားလည်လိုက်၏။

မေးဂူသည် ထန်စန်းအပေါ် များစွာယုံကြည်စိတ်ချခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အားကိုးအားထားရာ လူတစ်ယောက်အဖြစ်လည်း သတ်မှတ်ခဲ့၏။

သူအားကိုးယုံကြည်ခဲ့ရသူက မိမိ၏သမီးအား သတ်ဖြတ်သွားခဲ့သောအခါ ...

သူ့ကို ယန်ထိုက် လွန်စွာ ကရုဏာသက်မိသည်။

❋

မေးဂူသည် တစွတ်ထိုးစိတ်ရှိသူတစ်ယောက်ဖြစ်၏။

ယင်းကြောင့် ...

ထန်စန်းနှင့်မေးဝေတို့၏မေတ္တာပါသော အိမ်ထောင်ရေးကို ဖန်တီးခဲ့သည်။

မေတ္တာမပါသော အိမ်ထောင်ရေးသည် ပျက်စီးခဲ့ရသည်။

ထန်စန်းသည် သူ၏အားကိုးယုံကြည်မှုကို အလွဲသုံးစား ပြုလုပ်သွားသောအခါ သူ၏စိတ်နှလုံးမှာ ကွဲကြေပျက်ပြုန်းခဲ့ရ၏။

လူသည် အကျင့်ကို စွန့်လွှတ်နိုင်ခဲ့သည်။



ဒုစရိုက်သမား လူဆိုးများသည်လည်း သူတို့၏အကျင့်ဆိုးကြောင့် လုံခြုံရေးတာဝန်ခံများက သဲလွန်စရသွားပြီး သူတို့အား ဖမ်းဆီးနိုင်ခဲ့သည်။

လူကောင်းသည်လည်း သူတို့၏အကျင့်ကို စွန့်လွှတ်ခဲ့၏။

ယခု မေးဂူကို ကြည့်ပါတော့။

သူ၏တစ်ဇွတ်ထိုးအကျင့်ဖြင့် သူ့သမီးလေး မေးဟုန်၏ အိမ်ထောင်ကြင်ဖက်ကို ရွေးချယ်ပေးပြန်သည်။

ယခု ရွေးချယ်ပေးခဲ့သော ကြင်ဖော်မှာ လုံခြုံရေးတာဝန်ခံ ယန်ထိုက်ပေမှလွဲ၍ မည်သူဖြစ်နိုင်ပါမည်နည်း။

သို့သော် ယန်ထိုက်သည် ထန်စန်းကဲ့သို့ လူဆိုးမဟုတ်ပါ။ စိတ်ထားကောင်းသူ၊ တာဝန်သိသူ လူငယ်တစ်ဦးသာ ဖြစ်ပါသည်။

ဤတစ်ကြိမ်တွင်တော့ သူ့အား စိတ်ချမ်းသာမှုကို ပေးစွမ်းနိုင်ပေလိမ့်မည်။

ယန်ထိုက်သည် ဝံပုလွေနက်ကို လိုက်၍စုံစမ်းရေး ချမ်းမြကျေးရွာ၌ မေးဟုန်နှင့် တွေ့ဆုံခဲ့သည်။

မေးမြန်းစုံစမ်းရင်း အကြိမ်ကြိမ် ထိတွေ့ကြုံကြိုက်ခဲ့သည်။

www.burmeseclassic.com



သူတို့သည် မျက်ဝန်းချင်း စကားပြောခဲ့သည်။

ထို့ကြောင့် သူတို့သည် သာယာသော အိမ်ထောင်ရေးကို ထူထောင်နိုင်မည်မှာ မုချမလွဲ သေချာလှပေတော့သည်။

BURMESE CLASSIC

တက္ကသိုလ်နေလင်းအောင်

www.burmeseclassic.com